တက္ကသိုလ်

# နေဝင်းအောင်

## ဓားဘုရင်၏အတ္တုပ္ပတ္တိ



## အခန်း (၁)
## သိုင်းလောကပုံပြင်တစ်ပုဒ်

ဥယျာဉ်ထဲတွင် မီးတုတ်များ ထွန်းညှိလိုက်၍ မကြာမီ လင်းလင်းကျင်းကျင်း ဖြစ်လာသည်။ လင်းထိန်သော မီးရောင်အောက်၌ ထန်နိုင်ချုန်း၏မျက်နှာမှာလည်း သွေးမရှိ၊ ရှန့်ရှောင်ဖုန်း၏ မျက်နှာမှာလည်း သွေးမရှိဘဲ ဖြူရော်နေသည်။ တကယ်တော့ ကျားနှင့်ဆင်လယ်ပြင်မှာ တွေ့ကြပြီ မဟုတ်ပါလား။

ရှန့်ရှောင်ဖုန်းသည် အဖြစ်အပျက်များကို လျှင်မြန်စွာ သုံးသပ်လိုက်သည်။

ရုတ်တရက်အားဖြင့်တော့ သူ့၌ အမှားအယွင်း မရှိဟု ဆုံးဖြတ်လိုက်သည်။

"ငါ ပြန်လာလိမ့်မယ်လို့ မင်း သေသေချာချာ သိနေတယ် မဟုတ်လား ...."

ရှန့်ရှောင်ဖုန်းက ထန်နိုင်ချုန်းအား မေးလိုက်ခြင်း ဖြစ်သည်။

ထန်နိုင်ချွန်းက ရေငုံနှုတ်ပိတ် နေလိုက်သည်။ ဆိတ်ဆိတ်နေပြလိုက်ခြင်းဖြင့် ဝန်ခံလိုက်ခြင်းသာ ဖြစ်သည်။

ရှန်ရှောင်ဖုန်းက ဆက်ပြော၏။

"ငါ စကားတွေ အများကြီး ကြားခဲ့ရတယ် .... "

"ပုံပြင်တွေ ဆိုပါတော့ .... "

"သိုင်းလောကပုံပြင်တွေပဲ၊ ဒီပုံပြင်တွေထဲမှာ ဟာကွက်ရှိနေလိမ့်မယ် .... ဒီဟာကွက်တွေကို ငါ တွေ့ရှိသွားလိမ့်မယ်လို့ ယုံကြည်နေတယ်မဟုတ်လား .... "

ထန်နိုင်ချွန်းက ခေါင်းညိတ်လေရာ ရှန်ရှောင်ဖုန်းက ဆက်တိုက်ပင် မေးလိုက်လေ၏။

"ဘာဖြစ်လို့လဲ .... "

"ဘာဖြစ်လို့လဲ ဟုတ်လား၊ ဒါ ပြောနေစရာ လိုလို့လား"

"လုအပ်ပါတယ် .... "

"ဒါဖြင့် ပြောမယ်၊ ခင်ဗျားဟာ ရှန်ရှောင်ဖုန်း ဖြစ်နေလို့ပဲဗျာ"

ရှန်ရှောင်ဖုန်း မျက်နှာမပျက်ပါ။ ဘဝင်လည်း မြင့်မသွားပါ။ သူ၏ ကြီးမြင့်သော ဂုဏ်ပုဒ်ကို သိုင်းလောကသားများသည် ဤသို့ပင် ဘောင်းလန်အောင် ချီးကျူးခဲ့ဖူးပါသည်။ သူ့အဖို့ ရိုးနေပါပြီ။

ထန်နိုင်ချွန်းက ....

"သိုင်းလောကက ဓားဘုရင်ကြီးဟာ ဓားကွက်တွေရဲ့ အဆက်အစပ် ကြားအပြတ်၊ ကြားအဟပ်ကို ရှာဖွေတတ်လို့ ရှာဖွေနိုင်စွမ်းရှိလို့ ရန်သူတွေအပေါ် ဒီလောက် အောင်မြင်ခဲ့တာပေါ့ .... ဘာမဟုတ်တဲ့ သိုင်းလောကပုံပြင်တစ်ပုဒ်ကို ဘာမှမစဉ်းစားဘဲ ယုံလိမ့်မယ်လို့ ဘယ်လူဗိုက်ကမှ မျှော်လင့်မှာ မဟုတ်ပါဘူး .... "



သူက အေးဆေးစွာ ဆက်ပြော၏။

"ကျုပ် သိနေတယ်လေ၊ ခင်ဗျားဟာ ရှန်ရှောင်ဖုန်းပဲဆိုတာ"

ထန်နိုင်ချွန်းက နိဂုံးချုပ်လိုက်၏။ သူက ပမာမခန့် ပြောခြင်း မဟုတ်ပါ။

ရှန်ရှောင်ဖုန်းဆိုတာ ဟူသည့်စကားကို ရိုသေလေးစားစွာ ပြောကြားလိုက်ခြင်း ဖြစ်ပါသည်။ သူသည် ရန်သူကတခြား၊ လေးစားမယ့်ပုဂ္ဂိုလ်ကတခြား ဖြစ်သည်ကို ခွဲခြားနားလည်သူ ဖြစ်ပါသည်။

ရှန်ရှောင်ဖုန်းက ခေါင်းညိတ်လိုက်၏။

"မင်း ငါ့ကို အရက်တိုက်သင့်တယ်လို့ မသတ်မှတ်ဘူးလား"

ထန်နိုင်ချွန်းက ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

"ကျုပ်ဟာ ဘယ်တော့မှ အရက်သောက်လေ့မရှိပါဘူး .... ငယ်စဉ်ကတည်းက အရက်မသောက်ခဲ့ဘူးဆိုပါတော့၊ ဒီတော့ ခင်ဗျားကိုလည်း မတိုက်နိုင်ပါဘူး .... "

"ဒါဆိုရင် ငါဒီနေရာက ထွက်ခွာသွားသင့်ပြီပေါ့ .... "

"ခင်ဗျား ဘာဖြစ်လို့ ဒီအတွေးမျိုး ဝင်လာရတာလဲ .... "

"ကိစ္စအားလုံးပြီးပြီပဲ .... "

"ဘယ်သူက ပြောသလဲ ပြီးပြီလို့ .... "

"ငါပြောတယ် .... "

"ဟင့်အင်း မပြီးသေးပါဘူး၊ တကယ်လို့ ခင်ဗျား ဒီကထွက်သွားချင်တယ်ဆိုရင် ပစ္စည်းနှစ်ခု ထားပြီးမှ ထွက်သွားလို့ရမယ်"

ရှန်ရှောင်ဖုန်း၏ မျက်ခုံး မြင့်တက်သွား၏။

"မင်းက အမိန့်ပေးနေတာလား .... "

"သိုင်းလောကရဲ့ ဓားဘုရင်ကြီးကို ကျုပ်က ဘယ်အမိန့်ပေး

နိုင်မလဲဗျာ .... မပြီးပြတ်တဲ့ အလုပ်အတွက်သာ ကျုပ် ပြောရတာပါ"

"ငါက ဘယ်ပစ္စည်းတွေ ထားခဲ့ရမှာလဲ .... "

"ပုလဲဆံထိုးလေ .... "

"ပုလဲဆံထိုးမှာပါတဲ့ အဖိုးတန်ပုလဲတွေတော့ ပြုတ်ကုန်ပြီ"

"ကိစ္စမရှိပါဘူး .... ကျန်တဲ့ဆံထိုးကိုပဲ ပေးပါ .... "

"ဒီပစ္စည်းဟာ လှုံ့ငွေသုံးရာတောင် ပေးဝယ်ထားရတဲ့ အမှတ်တရပစ္စည်းဗျ .... ခင်ဗျားကို လက်ဆောင်အဖြစ် မပေးလိုက်နိုင်ပါဘူး"

ထိုစကားကို ကြားလိုက်ရသောအခါ ရှန့်ရှောင်ဖုန်း အံ့အားသင့်သွား၏။ ထန်ရီ ပြောဆိုခဲ့သည့် ပုံပြင်ကလေးထဲတွင် ထိုပုလဲဆံထိုးကို ထင်ပေါင်ရွှေဆိုင်မှ လှုံ့ငွေသုံးရာဖြင့် ဝယ်ခဲ့ကြောင်းလည်း ပါဝင်သည်။

"မင်း တကယ်ပြောတာလား .... "

"ဘာကိုလဲ .... "

"ဒီဆံထိုးကို လှုံ့ငွေသုံးရာနဲ့ ထန်ရီကို ဝယ်နိုင်းတယ်ဆိုတာ"

"ဟုတ်တယ်လေ .... ကျုပ်ကိုယ်တိုင် ဝယ်နိုင်းခဲ့တာပဲ"

"ငါဟာ ရှန့်ကျန်ဂေဟာကလူတွေ အဖိုးတန်ပစ္စည်းအသုံးအဆောင်တွေကို အများကြီး သုံးခဲ့ဖူးတယ်၊ တန်ဖိုးကိုလည်း နားလည်တယ် .... ဒီပုလဲဆံထိုးဟာ အနည်းဆုံး လှုံ့ငွေရှစ်ရာတန်တယ် .... ဘယ်နည်းနဲ့မှ လှုံ့ငွေသုံးရာထဲနဲ့ မရနိုင်ဘူး .... "

ထန်နိုင်ချန်းက မပြုံးစဘူး အပြုံးထူးစွာ ပြုံးလိုက်၏။

"အကြောင်းက ရိုးတာကိုးဗျ၊ ထင်ပေါင်ရွှေဆိုင်သူဌေးဟာ တံခွန်နီအာမခံဌာနရဲ့ အဖွဲ့ဝင်တစ်ယောက်ပဲ .... ဒါကြောင့် သူဟာ ဒီဈေးနဲ့ ကျုပ်ကို ရောင်းလိုက်တယ်၊ ဒီလိုရောင်းလို့လည်း ရှုံးတယ်လို့



မထင်ပါနဲ့၊ ရတနာအရောင်းအဝယ်လုပ်ငန်းဆိုတာ မတန်တဆ အမြတ်ရတဲ့ လုပ်ငန်းပါ .... သုံးရာလောက်ဟာ အရင်းလောက်ပဲ ရှိပါတယ်၊ ထင်ပေါင်ရွှေဆိုင်ဟာ အရင်းလောက်နဲ့ ရောင်းလိုက်တဲ့သဘောပါပဲ"

ရှန့်ရှောင်ဖုန်း တစ်ကိုယ်လုံး အေးစက်သွား၏။ သူက ထန်ရီ၏ စကားများထဲ၌ ဟာကွက်နှစ်ခုကို ထောက်ခဲ့သည်။ အနည်းဆုံး လှုံ့ငွေရှစ်ရာမျှ ကျနေသည့် ဆံထိုးကို ငွေသုံးရာနှင့် ဝယ်သည်ဟု ပြောသဖြင့် မဖြစ်နိုင်ဟု ဆုံးဖြတ်ခဲ့သည်။ ယခု ဤအချက်ကား မှားယွင်းခဲ့လေပြီ။

နောက်တစ်ချက်သာ မှားယွင်းခဲ့လျှင် ထန်ရီသည် ဟာကွက်မရှိသောပုံပြင်ကို ပြောသွားသူ ဖြစ်လိမ့်မည်။ မိမိလည်း လူမှားသတ်မိသူကဲ့သို့ အဖြစ်ကျရောက်တော့သည်။ မိမိသည် ထန်ရီကို ထန်နိုင်ချင်း၏လက်ထဲ ဝကွက်အပ်ခဲ့မိသည် မဟုတ်ပါလား။

"ထားပါတော့ ဆံထိုးကတော့ မင်းဆံထိုးကိုတော့ ထားခဲ့ရမှာပေါ့ .... နောက်ထပ် ဘာပစ္စည်း ထားခဲ့ရဦးမှာလဲ .... "

ထန်နိုင်ချန်းက ပြတ်သားစွာ ပြောချလိုက်သည်။

"နောက်တစ်ခု ထားခဲ့ရမှာကတော့ ခင်ဗျားရဲ့သွေးပဲ"

ရှန့်ရှောင်ဖုန်း လန့်မသွားပါ။ သိုင်းလောကဆိုသည်မှာ သွေးနှင့်ဓားနှင့် သံသရာလည်နေသည့် လောကပေပဲ။

ထန်နိုင်ချန်းက မတုန်မလှုပ် ရပ်နေသည့် ရှန့်ရှောင်ဖုန်းကို ရှင်းပြသည်။

"တကယ်တမ်းဆိုရင် ကျုပ်မှာ ပြောစရာတွေ အများကြီးရှိပါတယ်၊ ဒါပေမယ့် ကျုပ် ရှည်ရှည်ဝေးဝေး မပြောလိုတော့ဘူး .... ကျုပ်တို့ရဲ့ အလံကို ချိုးဖက်ခဲ့တဲ့ ဖျက်လိုဖျက်ဆီး အပြုအမူအတွက်

ခင်ဗျားပဲ ပြစ်ဒဏ်စီရင်ခဲ့တယ်၊ ဒီပြစ်ဒဏ်အတွက် ခင်ဗျားပဲ ခံယူမယ်လို့ ပြောခဲ့တယ်၊ နောက်ပြီး ခင်ဗျားပဲ ပြေးထွက်သွားခဲ့တယ်၊ တခြားပယောဂတစ်ခု မိုကပ်နေတဲ့အတွက် အဲဒီအပြစ်ဒဏ်ရဲ့ ဆုံးဖြတ်ချက်ကို ကျုပ်က ချေပစ်လိုက်ပါတယ်၊ ဒါပေမယ့် .... "

ထန်နိုင်ချုန်းက အလံများ ဖြုတ်ချထားသည့် မြင်းရထားများကို ညွှန်ပြလိုက်ပြီး ....

"တွေ့လား .... ဟိုသူငယ် စော်ကားသွားတဲ့အတွက် ကျုပ်တို့အဖွဲ့ဟာ အကြီးအကျယ် သိက္ခာကျခဲ့ပါတယ်၊ ဒီအဖြစ်ကို ကျုပ်တို့ ဘယ်လိုမှ မမေ့မပျောက်နိုင်ပါဘူး၊ ခင်ဗျားရဲ့သွေးနဲ့ ကျုပ်တို့ရဲ့ တံခွန်တွေကို ဆေးကြောလျှော်ဖွတ်ပြီးမှသာ ကျုပ်တို့ တံခွန်တွေဟာ ကျုပ်တို့ရဲ့လုပ်ငန်းတွေမှာ တလူလူ ပြန်လည်ဝင့်ကြွားလာမှာ ဖြစ်ပါတယ်"

သူက ချောင်းတစ်ချက် ဟန့်လိုက်ပြီး ....

"အင်း .... ကျုပ် မှားချင်လည်း မှားသွားမှာပေါ့၊ ခင်ဗျားရဲ့ သွေးနဲ့ချည်း ဆေးရမယ်လို့ ဆိုလိုတာမဟုတ်ဘူး၊ ကျုပ်ရဲ့သွေးလည်း ဖြစ်ချင်ရင် ဖြစ်နေမှာပေါ့ဗျာ .... "

ဥယျာဉ်ထဲ၌ သေမင်း၏လက်တံသည် အုပ်မိုးလာပြန်၏။ ယခု ထန်နိုင်ချုန်း ပြောသည့်စကားက ပြတ်သားလှသည်။ ရှန့်ရှောင်ဖုန်းက ရှောင်တိကိုယ်စား သူ့ဘာသာ အဆုံးစီရင်မည်ဆိုသည့် ကတိစကားကို သူ မေ့ပစ်မည်ဖြစ်ပြီး တံခွန်နီကို စော်ကားမှုအတွက် ရှန့်ရှောင်ဖုန်းသည် သူနှင့် ဓားချင်းယှဉ်ပြိုင်ရမည်ဟု အဆိုသစ် တင်လိုက်ခြင်းသာ ဖြစ်ပါ၏။

ထန်နိုင်ချုန်းကား ခေါင်းဆောင်ထိုက်သော လူငယ်ပါပေ။ သူသည် ပြတ်ပြတ်သားသား ပြောသည်။ ပြတ်ပြတ်သားသား ဆုံးဖြတ်



သည်။ ပြတ်ပြတ်သားသား လုပ်သည်။ သူသည်အပိုစကား တစ်ခွန်းမှ မပြောဘဲ ပြောသည့်အတိုင်း လုပ်တတ်သည့် ခေါင်းဆောင်သာတည်း။

ရှန့်ရှောင်ဖုန်းမှာ သိုင်းလောက၏ ပြိုင်ဘက်ကင်းဓားဘုရင်ကြီးဖြစ်၏။ သူ၏ပြိုင်ဘက်ဆို၍ တစ်ယောက်မျှ မပေါ်သေးပေ။ ပြိုင်ဘက်ဖြစ်အောင် ဖြစ်နိုင်သည့် ဓားသမားတစ်ယောက် ပေါ်ထွက်လာသော်လည်း တိမ်မြုပ်ပျောက်ကွယ်သွားခဲ့သည်။

ဤသို့သော ဓားဘုရင်ကြီးကို ယှဉ်ပြိုင်ရန် စိန်ခေါ်ဝံ့သည့်သတ္တိမှာ လက်ဖျားခါလောက်သည့်သတ္တိ ဖြစ်ပါသည်။ သေမည်ကို သိလျက်နှင့် စိန်ခေါ်ရဲသည့် သွေးသည် သူရဲကောင်းသွေး ဖြစ်ပါသည်။ သူသည် ရှန့်ရှောင်ဖုန်း၏ ကတိစကားကိုပင် လျှော့ပစ်ခဲ့ပေးသေးသည်။

"မင်းဟာ အင်မတန် ဉာဏ်ကောင်းတဲ့ သူပေပဲ .... "

"ဉာဏ်ကောင်းတဲ့လူတွေ အများကြီးပေါ့ဗျာ .... "

"မင်းကို ငါ မသတ်ချင်ဘူး .... "

ထန်နိုင်ချုန်းက ပြုံးလိုက်၏။

"ခင်ဗျား ဘာများပြောလိုက်တာလဲဗျာ .... "

"မင်းကို ငါ မသတ်ချင်ဘူးလို့ ပြောလိုက်တာ .... "

"အင်း .... ပြောင်းပြန်ပဲ"

"မင်းက ဘာကိုဆိုလိုတာလဲ .... "

"ကျုပ်ကတော့ ခင်ဗျားကို သတ်ချင်နေပါတယ်"

"ရန်ကြွေးကတော့ တံခွန်ဖျက်ဆီးတဲ့ ရန်ကြွေးပဲပေါ့"

ရှန့်ရှောင်ဖုန်းက ဤမေးခွန်းကို မေးခြင်းမှာ အကြောင်းရှိပါသည်။ မုယုံချူးထိ၏ လက်တံသည် အလွန်ရှည်လျားလှသဖြင့် တံခွန်နီ အာမခံဌာနသည်လည်း မုယုံချူးထိ၏လက်တံတစ်ခု ဖြစ်နေ

မည်ကို စိုးရိမ်သောကြောင့် ဖြစ်ပါသည်။

"ဆယ်သက် ဆယ်ကမ္ဘာ မကျေနိုင်တဲ့ ရန်ငြွေးပေါ့ဗျာ .... သူတစ်ပါး ဦးခွန်းကို ဖျက်လိုဖျက်ဆီး လုပ်တယ်ဆိုတာ မလုပ်အပ်တဲ့ ကိစ္စပဲ .... "

"မင်းကို ငါ မေးစရာရှိတယ် .... "

"ရပါတယ်၊ ကြိုက်သလို မေးနိုင်ပါတယ် .... "

"ဆရာကြီးထန်ဟာ မင်းရဲ့ ဖခင်အရင်း ဟုတ်ရဲ့လား"

"မဟုတ်ပါဘူး .... "

"သူ ဘယ်လိုသေခဲ့ရသလဲ .... "

ထန်ခိုင်ချန်း၏ မျက်နှာ ရုတ်ခြည်းပင် တင်းမာခက်ထန်သွား၏။

"ဘယ်သူမဆို ကိုယ့်ကိစ္စပဲ ကိုယ်ဆောင်ရွက်သင့်ပါတယ်၊ ကျုပ်ဖခင်ကြီး သေတဲ့ကိစ္စဟာ ခင်ဗျားနဲ့ ဘာမှမဆိုင်ပါဘူး .... ခင်ဗျားနဲ့ လုံးဝမပတ်သက်ပါဘူး .... "

ရှန့်ရှောင်ဖုန်း ဘာမျှမပြောသာတော့ပေ။ ဤကိစ္စမှာ သိုင်းလောကနှင့် သက်ဆိုင်သော ကိစ္စလည်း မဟုတ်ပေ။ တံခွန်နီအာမခံဌာန၏ အတွင်းရေးကိစ္စသာဖြစ်၍ သူ့အနေဖြင့် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိပေ။

ထန်ခိုင်ချန်းသည် သူ့လက်ထောက် တစ်ဦးဆီသို့သွားပြီး လက်ဖြန့်လိုက်ရာ ထိုလက်ထောက်က သူ့လက်ထဲသို့ အနက်ရောင် ပိုးစည်းနှစ်ခု ချည်နှောင်ထားသော ဓားနှစ်လက်ကို လက်ထဲသို့ ထည့်ပေးလိုက်၏။

ဓားနှစ်လက်မှာ အသွေးတူ အဆင်တူ အရောင်တူပုံသဏ္ဌာန်



လုပ်ထားသည့် အချက်ကလွဲ၍ အခြား ထူးခြားချက်မရှိပါ။ သာမန် ဓားနှစ်လက်သာ ဖြစ်ပါသည်။ အနက်ရောင်ပိုးကြိုးကလေးတစ်ခုစီ ချည်နှောင်ထားခြင်းကပင် တူညီနေသဖြင့် ဓားနှစ်လက်ကို ခွဲခြားရန် အတော်ကလေး ခက်ခဲပါသည်။

ထန်ခိုင်ချန်းက ဓားနှစ်လက်ကို မြေသို့ ပစ်စိုက်လိုက်ရာ ဓားလက်ကိုင် ဓားရိုးသည် တုန်ခါလှုပ်ယမ်းနေလေ၏။

ရှန့်ရှောင်ဖုန်းကမူ ထန်ခိုင်ချန်း၏ အပြုအမူများကိုသာ စောင့်ကြည့်နေပါသည်။

ထန်ခိုင်ချန်းက ....

"ဒီဓားနှစ်လက်ဟာ ပန်းပဲဖိုတစ်ခုတည်းက ထုလုပ်လိုက်တဲ့ ဓားနှစ်လက်ပဲ၊ ပန်းပဲဆရာကလည်း တစ်ယောက်တည်းပဲ .... ဓားညီနောင် ဆိုပါတော့ .... "

"အင်း .... ခွဲခြားဖို့တော့ အခက်သားပဲ"

"အမြင်မှာတော့ ကွဲပြားဘူး၊ ဒါပေမယ့် ဓားနှစ်လက်ကို ပန်းပဲဆရာကြီးက ကွဲပြားအောင်တော့ လုပ်တတ်တယ် .... "

ချက်ဆို နားခွက်က မီးတောက်သော ရှန့်ရှောင်ဖုန်းက

"ဘာလဲ .... ဓားရဲ့အလေးချိန်တွေ ကွာခြားနေသလား"

"မှန်တယ် .... မသိမသာ ကွာခြားနေတယ် .... "

"မင်းသုံးနေကျဓားဟာ ဘယ်ဓားလဲ .... "

ထန်ခိုင်ချန်းက, ထိုအချက်ကို မဖြေပေ။

"ဒီဓားတွေနဲ့ ပြိုင်တူ ဓားခုနှစ်လက်ကို ထုတ်လုပ်ခဲ့ဖူးတယ်၊ ဓားနှစ်လက်နဲ့ မတိမ်းမယိမ်းတွေ ဆိုပါတော့၊ အဲဒီဓား ခုနစ်လက်စလုံးကို ကျုပ် ဇလေ့ကျင့်ဖူးတယ် .... ဓားတွေဟာ ကြည့်လိုက်ရင်တော့

လူမြိန်းကိုင်တဲ့ ဓားတွေလို့ပဲ ထင်ရပါတယ်၊ ဒါပေမယ့် ကိုင်ကြည့်လိုက်တဲ့အခါမှ ပန်းပဲဆရာကြီးဟာ ဓားတွေကို အကောင်းဆုံး သွန်းလုပ်ခဲ့တယ်ဆိုတာ သိနိုင်ပါတယ် ...."

ထန်ခိုင်ချန်းက ဓားနှစ်လက်ကို စိုက်ကြည့်လိုက်ပြီး ....

"ဒီဓားနှစ်လက်ကို မကိုင်ဘူးလို့ ခင်ဗျားမေးတဲ့ မေးခွန်းကို ကျုပ်ဖြေဖို့ မလိုပါဘူး၊ ဒါပေမယ့် ဒီဓားနှစ်လက်နဲ့ ဆင်တူတဲ့ ဓားတွေကို ကျုပ်က ကိုင်ဖူးတော့ 'ခင်ဗျားထက် အခွင့်အရေးနည်းနည်းသာတယ်လို့ ဆိုရပါမယ် .... ဒါပေမယ့် တခြားတစ်ဘက်မှာ ခင်ဗျား သာနေတဲ့ အချက်လည်း ရှိပါသေးတယ် .... "

ရှန့်ရှောင်ဖုန်းက ထန်ခိုင်ချန်းကို စိုက်ကြည့်ရင်း ....

"ငါက ဘာ သာသလဲ .... "

"ခင်ဗျားသာတဲ့အချက်က အတော်လေး သာသာတိုးတိုး ရှိပါတယ် .... "

"ဘာများပါလိမ့် .... "

"သိုင်းလောကရဲ့ ဓားဘုရင်ကြီးဆိုတာလေ"

ရှန့်ရှောင်ဖုန်း နှုတ်ဆိတ်သွား၏။

ထန်ခိုင်ချန်းက ဆက်၍ပြော၏။

"ကျုပ်ရဲ့ ဓားသိုင်းက လျှင်မြန်မှုကို ဦးစားပေးပါတယ်၊ ဒါပေမယ့် အဆင့်မြင့် ဓားသိုင်းပညာရှင်တွေအဖို့တော့ လျှင်မြန်မှုဟာ အဓိက မဟုတ်တော့ပါဘူး .... ဓားရဲ့အလေးချိန်ဟာ အဓိက ဖြစ်လာပါတယ် .... "

"ငါ လက်ခံပါတယ် .... "

ထိုအချက်သည် အဓိက အရေးကြီးသည့်အချက်ပင် ဖြစ်ပါသည်။ ထိုအချက်ကို မသိလျှင် သိုင်းလောက၏ ပြိုင်ဘက်ကင်း ဓားဘုရင်ကြီး အဘယ်သို့ ဖြစ်လာနိုင်ပါမည်နည်း။



သာမန်လူများအဖို့မူ လေးသောဓားနှင့် ပေါ့ပါးသောဓားကို ချပေးလျှင် ပေါ့ပါးသောဓားကိုသာ ရွေးပါလိမ့်မည်။ လှုပ်ရှားမှုလွယ်ခြင်း၊ ရှေ့ရှည်ကိုင်နိုင်ခြင်းတို့မှာ ပေါ့ပါးမှုကို အခြေခံပါသည်။ လေးသောဓားသည် မည်သို့မျှ လွယ်လွယ်မလှုပ်ရှားနိုင်ပါ။ ရှေ့ရှည်ကိုင်ရာတွင် လက်အံသေပါသည်။

အဆင့်မြင့် ဓားသိုင်းပညာရှင်တို့အတွက် ဓားလေးလံမှုမှာ အရေးပါ,ပါသည်။ လေးပင်မှုကို အတွင်းအားဖြင့်ထိန်းပြီး လိုအပ်သလို အသုံးချနိုင်ပါသည်။ အလေးချိန်စီးသောဓားသည် တစ်ပန်းသာပါသည်။

ယခု မြေကြီးထဲတွင် စိုက်ဝင်နေသော ဓားနှစ်လက်သည် အတို အရှည် ဖျက် တက်ကိုင် အားလုံးတူညီပါသည်။ အလေးချိန်သာ ကွာခြားပါသည်။ ပို၍လေးသောဓားကို ရရှိသူသည် ပေါ့သောဓားကို ရရှိသူထက် အခွင့်အရေး ပိုသာပါသည်။ ဓား၏အလေးချိန်သည် အရှုံးအနိုင်ကို အဆုံးအဖြတ်ပေးကြောင်း သိုင်းသမားတိုင်း သိကြပါသည်။

ထန်ခိုင်ချန်း ဓားနှစ်လက်ကိုကြည့်ပြီး ဖြေ၏။

"ကျုပ် ဓားတွေကို အသုံးပြုသော်လည်း ဒီဓားနှစ်လက်ကိုတော့ အသုံးမပြုခဲ့ပါဘူး၊ ကျုပ်အနေနဲ့ ဒီဓားနှစ်လက်ကို အသုံးပြုဖို့ လိုအပ်ကောင်း လိုအပ်မယ်လို့ မျှော်လင့်ထားတဲ့အတွက် အသင့်ဆောင်ထားတာပါ .... ဒါပေမယ့် ဒီဓားနှစ်လက်အပေါ်မှာ ဘာလျှို့ဝှက်အမှတ်အသားကိုမှ မှတ်သားထားခြင်း မပြုပါဘူး .... "

"ငါ ယုံပါတယ် .... "

"ကျုပ်အနေနဲ့ ကိုင်ချင်ရင် အလေးချိန်စီးတဲ့ ဓားကိုပဲ ကိုင်

ချင်ပါတယ် .... ခင်ဗျားကိုတော့ အဲဒီဓား ပေးမကိုင်ချင်ပါဘူး၊ ဒါပေမယ့် တိုက်ပွဲယှဉ်ပြိုင်တဲ့အခါမှာတော့ ကံတရားရဲ့ အဆုံးအဖြတ်အတိုင်းပဲ လိုက်နာလိုပါတယ် .... "

ထန်နိုင်ချန်းသည် သူ့ဆန္ဒကိုလည်း ပြောသည်။ ကံတရားအပေါ် ယုံကြည်မှုကိုလည်း ပြောသည်။

ရှန့်ရှောင်ဖုန်းသည် ဓားများကို ကြည့်သော်လည်း ဓားများကို မမြင်တော့ချေ။ ထန်နိုင်ချန်း၏ မျက်လုံးများကိုသာ မြင်လာသည်။ ထိုမျက်လုံးများသည် တည်ကြည်လေးနက်နေပေသည်။

ရှန့်ရှောင်ဖုန်း တွေးနေ၏။

"ဒီသူငယ်ဟာ ဘယ်လိုလူစားမျိုးပါလိမ့် .... ငါလိုလူမျိုးနဲ့ ယှဉ်ပြိုင်ရာမှာတောင် သူက ဘာအကြောင်းမှ မလိုချင်ဘူးလို့ ပြောနေသေးတယ်၊ ဟကယ်တော့ သူဟာ မာနကြီးတဲ့လူ၊ ယုံကြည်ချက် ကြီးမားတဲ့ လူငယ်ပဲ .... သူဟာ မြို့မထားဘူး၊ အလေးချိန်စီးတဲ့ဓားကို သူ လိုချင်ကြောင်း၊ ငါ့ကို မပေးချင်ကြောင်း အမှန်အတိုင်းပဲ ပြောတယ်၊ သူယူမယ်ဆိုရင်လည်း ငါက လိုက်လျောမိမှာပါ၊ ဒါမှ သူ့ဘက်က နည်းနည်းပါးပါး အလေးတင်းပေးသလို ဖြစ်သွားမှာပေါ့ .... "

လူဆိုသည်မှာ အတ္တသမားဖြစ်သည်။ ထိုအတ္တသမားများထဲတွင် မှူတသော အတ္တသမားများ ပါရှိတတ်လေရာ ထန်နိုင်ချန်းသည် ထိုကဲ့သို့ မှူတသော အတ္တသမားဟု ရှန့်ရှောင်ဖုန်း ယုံကြည်လိုက်သည်။ ထို့အပြင် ပွင့်ပွင့်လင်းလင်းလည်း ပြောပြသည်။ ဤသို့သောလူမျိုးသည် ကောက်ကျစ်ယုတ်မာသူ၊ ရက်စက်ကြမ်းကြုတ်သူ ဖြစ်နိုင်ပါမည်လား။

ရှန့်ရှောင်ဖုန်းသည် လက်တွေ့ကြုံရမည့် အချက်အလက်များကို သုံးသပ်ပြီး ထန်နိုင်ချန်းအပေါ် ကောက်ချက်ဆွဲနေရသည်။



ထိုစဉ် ထန်နိုင်ချန်းက ဓားနှစ်လက်ရှိရာ လက်ဖြန့်ပြလိုက်ပြီး "ကြွပါ .... ကြိုက်ရာဓားတစ်လက်ကို ခင်ဗျား အရင်ရွေးပါ၊ ကျန်တဲ့ဓားဟာ ကျုပ်အတွက်၊ .. "

ဒါလည်း မှူတသည့် အပြု... ပဲ။ ဓားနှင့်ပတ်သက်၍ ထန်နိုင်ချန်း မရိုးမသား ဘာမျှမပြုလုပ်ကြောင်း သည်အချက်က သက်သေပြနေပါသည်။

တစ်ပုံစံတည်း တူညီနေသော ဓားနှစ်လက်အနက် မည်သည့်ဓားက ပိုလေးမည်ဟု ခန့်မှန်း၍မရပါ။ ရှန့်ရှောင်ဖုန်းအနေဖြင့် ဓားပညာ အလွန်ကျွမ်းကျင်သော ဓားပညာရှင်ဖြစ်သော်လည်း ပုံစံတူ ဓားနှစ်လက်အနက် မည်သည့်ဓား ပိုလေးမည်ဆိုသည်ကိုတော့ သိနိုင်စွမ်းမရှိပါ။ အကယ်၍ သွန်းလုပ်ခဲ့သည့် ပန်းပဲဆရာကြီး ရောက်လာပြီး ရွေးလျှင်တောင်မှ မည်သည့်ဓားပိုလေးမည်ကို သိနိုင်မည်မဟုတ်ပါ။

ရှန့်ရှောင်ဖုန်းသည် ဓားတစ်လက်၏ လက်ကိုင်ရိုးပေါ် အုပ်ကိုင်လိုက်ပါသည်။ ဓားကို မြေကြီးထဲမှ ဆွဲထုတ်ခြင်း မပြုပါ။ ထန်နိုင်ချန်းကို စောင့်နေခြင်း ဖြစ်ပါသည်။

ဓားနှင့်လူ ထိနေပြီဆိုသည်နှင့် အန္တရာယ်အငွေ့အသက်များလည်း ပျံ့နှံ့လာပြီ ဖြစ်ပါသည်။

ရှန့်ရှောင်ဖုန်းက ခါးကိုင်း၍ ဓားကိုင်ထားပုံ ပစ်စလက်ခတ် အနေအထားမဟုတ်ပါ။ ကိုယ်ကို အနည်းငယ် စောင်းထားပြီး ဦးခေါင်းကိုလည်း လုံးဝငုံ့ထားသည်မဟုတ်ပါ။ လက်တစ်ဖက်မှာ ကိုယ်တစ်ခြမ်းနှင့် ကပ်ထားပြီး တစ်ဘက်လူက သူ့လက်အား လုံးဝခုကွမပေးနိုင်သည့် အနေအထားပင် ဖြစ်ပါသည်။ ဝိရိယသေသပ်သော ဓားဘုရင်ကြီး၏ သတိအနေအထားပင် ဖြစ်ပါတော့သည်။

မည်သည့်ရန်သူသည် သူ့အား မည်သို့ ဒုက္ခပေးမည်နည်း။ သူသည် ဓားကို လျင်မြန်စွာ ဆွဲထုတ်နိုင်သကဲ့သို့ သူ့တစ်ကိုယ်လုံးအား ဓားပေါ်စိုက်ပြီး တစ်ပတ်ကျွမ်းထိုး ထွက်သွားနိုင်ရန်လည်း အသင့်ဖြစ်နေပါသည်။

ဓားနှင့်လူသည် တစ်ကြောသွယ်တည်း တစ်သားတည်း ကျနေသဖြင့် ထိုဟန်ပန်ကပင် ရန်သူများအား ထိတ်လန့်ချောက်ချားစေပါသည်။

ထန်နိုင်ချန်းသည် ရှန့်ရှောင်ဖုန်းအား မမိတ်မသုန် ကြည့်နေပါသည်။ သူ၏ မျက်စိသူငယ်အိမ်များကို ကျုံ့၍ပင် ကြည့်နေပါသည်။ ထိုသို့ ကြည့်ရင်း ကြည့်ရင်း ရှန့်ရှောင်ဖုန်း၏ ပုံသဏ္ဍာန်သည် မှုန်ဝါးပျောက်ကွယ်သွားသည်။

ထိုပျောက်ကွယ်သွားသည့် နေရာတွင် အခြားလူတစ်ဦး၏ ရုပ်သဏ္ဍာန် ပေါ်လာသည်။ သူ ရှိသေလေးစားသော ပုဂ္ဂိုလ်ကြီး၊ အလွန့် အလွန်ကြည်ညိုလေးစားသော ပုဂ္ဂိုလ်ကြီး။ သာမန် လူလတ်ပိုင်းတစ်ယောက်သာ ဖြစ်သော်လည်း ထန်နိုင်ချန်း၏ မျက်စိထဲတွင် အလွန့်အလွန် ကြီးမားခန့်ထည်သော ပုဂ္ဂိုလ်ကြီး။ သဘာဝကျကျ တွေးခေါ်တတ်ပြီး ရိုးရိုးသားသား ပြောဆိုတတ်သော ပုဂ္ဂိုလ်ကြီး။ ထန်နိုင်ချန်းသည် ထိုပုဂ္ဂိုလ်ကြီးကို ကြည်ညိုမြတ်နိုးစိတ်များဖြင့် မြင်ယောင်လာတော့သည်။

အခန်း (၂)

## ဝိညာဉ်လိပ်ပြာ

သေလာမြောင်ကြီး ပိတ်ဆို့တားဆီးထားသော မဟာမြိုင်။ လျှိုမြောင်းချောက်ကြား ခဲရာခဲဆစ်သွားရသော သစ်တောကြီး။ မိုးထိမြင့်မားသော သစ်ပင်ကြီးများ၏ ပင်စည်လုံးပတ်ကြီးများကယောကျ်ားကြီး ခြောက်ယောက်ပင် ဖက်၍ အနိုင်နိုင်။ သစ်မြစ်ပုံပါးပျဉ်းကြီးကပင် လူတစ်ကိုယ်မက မြင့်မားနေသည်။ သစ်နွယ်အမျှင်တုန်းများကလည်း ပင့်ကူမျှင်များ ရှက်နွယ်သည်သို့ တွဲလောင်းကျနေ၏။

ထိုမှ သစ်ရိပ်တစ်ရိပ်မိုးထားသဖြင့် နေပြောက်ပင်မထိုးနိုင်သည့် မဟာမြိုင်သို့ မည်သည့်လူသား ဝင်ရောက်နိုင်ပါအံ့နည်း။ သို့သော် ထိုမဟာမြိုင်အတွင်း လူသားတစ်ယောက် ရောက်ရှိနေပါ၏။ ထိုလူသားထံသို့ အခြားလူသားတစ်ဦးကလည်း ရောက်အောင် သွားခဲ့ပြန်သေးသည်။ ထိုလူသားများကို ချီးကျူးစရာကောင်းသည်။ မိုးရွာပြီဆိုလျှင် မိုးလုံးမှောင်ပြီး ဘာကိုမျှမမြင်ရအောင် ပိန်းပိတ်မှောင်သည့် သစ်တောထဲသို့ ထိုလူသားရောက်အောင်သွားခဲ့သည်။

တောပျော်ကြီးကား လူသားနှင့်ပင် မတူတော့။ မုတ်ဆိတ်ကျင်စွယ်များရှည်လျား ထူထပ်စွာပေါက်နေသဖြင့် မျောက်တစ်ကောင်နှင့် တူနေသည်။ ထိုပုဂ္ဂိုလ်ကြီးသည် လူငယ်အားမရဏစေးသိုင်း ဆယ့်သုံးကွက်ကို သင်ကြားပေးခဲ့ပေ၏။

တောပျော်ကြီးဟု ဆိုသော်လည်း သူကား ပျော်ရွှင်နေသူမဟုတ်ပါ။ အမြဲတမ်း မှိုင်ငေးနေသူဖြစ်၏။ သူ့အတွက် ဘဝဟူသည် အဓိပ္ပာယ်ရှိပုံ မပေါ်။ သို့သော် သူသည် ဓားသိုင်းပညာ သင်ပေးသည့်အခါတွင်မူ လုံးဝပြောင်းလဲသွား၏။ သူသည် ဂိတ်ဝင်စားစွာ သင်ကြားပြသပေးခဲ့ပါသည်။

ထူးဆန်းလှပါသည်။ အလွန့်အလွန်ကိုပဲ ဆန်းလှပါသည်။ လူသူအရောက်အပေါက် နည်းလှသော ဘောကြီးအတွင်းသို့ ဤပုဂ္ဂိုလ်ကြီးရောက်နေသည်ကို အံ့ဩရခြင်းထက် ဤပုဂ္ဂိုလ်ကြီးက သိုင်းလောကမှ လူတစ်ယောက်ကို သိရှိနေခြင်းက ပို၍ထူးဆန်းလှပါသည်။

သူသည်သိုင်းလောကမှ .... ဓားဘုရင်ကြီး ရှန့်ရှောင်ဖုန်းအကြောင်းကို ကောင်းကောင်းကြီး ဘိနေပါသည်။ ထိုပုဂ္ဂိုလ်ကြီးသည် ရှန့်ရှောင်ဖုန်းအကြောင်းကို လူငယ်အား ပြောပြခဲ့၏။ ထိုပုဂ္ဂိုလ်ကြီးသည် ရှန့်ရှောင်ဖုန်းနှင့်တစ်ကြိမ်တစ်ခါမျှ မတွေ့ဆုံဘူးပါဘဲလျက် ရှန့်ရှောင်ဖုန်းအကြောင်း ခရေစေ့တွင်းကျ သိနေသည်။ ဤလောကတွင် ရှန့်ရှောင်ဖုန်းအကြောင်း အသိဆုံးလူတစ်ဦးတစ်ယောက်ရှိသည်ဆိုပါလျှင် ဤပုဂ္ဂိုလ်ကြီးပဲ ဖြစ်ပါလိမ့်မည်။

သူသည် ဓားသိုင်းသင်ပေးရင်း သိုင်းလောကအတွေ့အကြုံများ ဆောင်ရန် ရှောင်ရန်များကို ဇာတ်သုတအဖြစ် ပြောပြလေ့ရှိ၏။ သူ့အတွေးအခေါ်များသည် ဆန်းပြားခြင်းမရှိပါ။ သူသည် အားလုံးကို



ရိုးရိုးပဲ တွေးပါသည်။

"သိုင်းလောကဆိုတာ 'လူ့လောကပါပဲ၊ ဒါပေမယ့် ဒီလူတွေဟာ ဓားကိုင်ကြတယ် .... အဲဒါထူးပါတယ် .... သူတို့မှာ လောဘ၊ ဒေါသ၊ မောဟတွေ ရှိကြတယ်၊ အရပ်သူ အရပ်သားတွေက လောဘ၊ ဒေါသ၊ မောဟကြောင့် ပေါက်ပွားလာတဲ့ပြဿနာတွေကို ငွေကြေးနဲ့ တရားဥပဒေနဲ့ ဖြေရှင်းကြတယ်၊ သိုင်းလောကလူတွေကတော့ ဓားနဲ့ ဖြေရှင်းကြတယ် ဒါပါပဲ .... "

သူသည် ရိုးရိုးအမြင်ဖြင့် သိုင်းလောကကို မြင်ပါသည်။ ဓားကိုင်ကြတဲ့အတွက် သိုင်းပညာ အသစ်အဆန်းကို မျှော်လင့်ကြတယ်၊ သိုင်းပညာ အသစ်အဆန်းကို မက်မောကြတယ်၊ သိုင်းပညာ အသစ်အဆန်းနဲ့တဘက်ကင်းတဲ့ သိုင်းပညာရှင်ဖြစ်ချင်ကြတယ် .... ။

သူက သည်အတိုင်းပဲ ပြောပါသည်။ သူ့စိတ်ထဲရှိသောအရာကို သူက ရိုးရိုးပဲ ပြောပါသည်။ သူ့တွင် အကြီးဆုံးသောဆန္ဒကြီးရှိခဲ့ပါသည်။ ရှန့်ရှောင်ဖုန်းဆိုသော ဓားပညာရှင်ကို ဓားပညာချင်းယှဉ်ပြိုင်ပြီး တိုက်ခိုက်အနိုင်ယူရန်တည်း။

သူ၏ ဆုံးမသြဝါဒများကို သူငယ်တစ်သက်လုံးမမေ့ပါ၊ လုံးဝမမေ့နိုင်ပါ။ အာရုံတစ်ခုတည်းထားပြီး အပြင်းအထန် လေ့ကျင့်နိုင်သော ဓားသမားသည်သာ ထူးချွန်အောင်မြင်သော ဓားသမားဖြစ်လိမ့်မည်။

ရှန့်ရှောင်ဖုန်းတည်းဟူသော ဓားပညာရှင်သည် ဤဓားသမားမျိုးဖြစ်သည်ဟု ဥပမာပေးသည်။ ထိုပုဂ္ဂိုလ်သည် သူ့ကိုယ်သူ မည်သည့်အခါမျှ စံထားပြီး ဥပမာပေးလေ့ မရှိပေ။

ရှန့်ရှောင်ဖုန်းသည် ရန်သူကို မည်သည့်အခါမျှ လျှော့မတွက်ပါ၊ ရန်သူသည် ငယ်သည်၊ အားပျော့သည်၊ နွမ်းနယ်သည် ဗိုန်လိုသည်

ခေါသကြီးသည်၊ စိတ်တိုသည်ဟူ၍ ပျော့ကွက်ရှိမည့်အရာကို လိုက်မတွေးပါ။ တိုရန်သူကို ငါမသတ်နိုင်လျှင် ရန်သူက ငါ့ကို သတ်သွားလိမ့်မည်ဟူသော တစ်သမတ်တည်း အားအင်စိုက်ထုတ်ပြီး လိုက်သကဲ့သို့ဖြင့် ရှန့်ရှောင်ဖုန်း တိုက်ခိုက်တတ်ပါသည်။ သူသည် ရန်သူနှင့်ယှဉ်ပြိုင်တိုက်ခိုက်သောအခါ သူတွင်ရှိသမျှသော ပညာအားလုံးကို အိတ်သွန်ဖားမှောက်တိုက်ခိုက်တတ်ပါသည်။ ဖုံးဖိထားခြင်း၊ လျှို့ထားခြင်း လုံးဝမရှိပါ။ ရှန့်ရှောင်ဖုန်းကို စံနမူနာထားပြီး တိုက်ခိုက်ပါဟု သူက လူငယ်အား သွန်သင်ဆုံးမသည်။

သူသည် ရှန့်ရှောင်ဖုန်းနှင့်တစ်ကြိမ်မျှ မတွေ့ဘူးပါဘဲလျက် တိုက်ခိုက်စဉ် ပြုမူတတ်သော ရှန့်ရှောင်ဖုန်း၏အလေ့အကျင့်အားလုံးကိုလည်း သိနေသည်။ အံ့ဖွယ်ရာပါတကား။

"ဒီနေရာမှာ ဟာကွက်တစ်ကွက်ပေါ်လာလိမ့်မယ်၊ မင်းဘယ်တော့မှ မတိုက်နဲ့၊ ဒါဟာ သူ့ပညာရဲ့ဟာကွက်မဟုတ်ဘူး။ ဟာကွက်လို့ထင်အောင် တမင်ပြုလုပ်ထားတဲ့ထောင်ချောက်၊ သင်ခုန်းစားသွားပေါ်က ဖျားရည်စက်ကို လျှာနဲ့သွားမလျက်နဲ့ ...."

သူ မသိသည့်အရာ ဘာမျှမရှိပါ။ သိုင်းလောက၌လည်း သူမသိသည်မှာ ဘာမျှမရှိပါ။ လူငယ်သည် အံ့သြငေးမောရုံသာ ငေးကြည့်ရုံသာ တတ်နိုင်ပါသည်။

✻

ထန်ခိုင်ချွန်း၏မျက်လုံးထဲမှ ဧရာမပုလ္လိုလ်ကြီးသည် တဖြည်းဖြည်း ပျောက်ကွယ်သွား၏။ ရှန့်ရှောင်ဖုန်း၏ ပုံသဏ္ဌာန်သည် ပြန်ပေါ်လာ၏။ သူသည် ရှန့်ရှောင်ဖုန်းအား အလွန်ရှိသေလေးစားစွာကြည့်မိ၏။

သူတစ်ကိုယ်လုံးမှ သွေးများသည် ပွက်ပွက်ဆူထလာ၏။ အဘယ်ကြောင့်ဆိုသော် သူတစ်သက်တွင် သိုင်းလောက စားဘုရင်ကြီးဟု အမည်တွင်သော တစ်ခေတ်တွင် တစ်ယောက်စားပညာရှင်ကြီးနှင့် စားပညာချင်းယှဉ်ပြိုင်ခွင့်ရတော့မည်ဖြစ်သောကြောင့်တည်း။

အကယ်၍ သူ အောင်မြင်ခဲ့လျှင် မကြုံစဖူး ထူးကဲသော ပီတိကို ခံစားရပါမည်။ တံခွန်နီပေါ်မှ ဂုဏ်သိက္ခာကျစေသည့်အစွန်းအထင်းများကိုလည်း သုတ်သင်ဆေးကြောပြီး ဖြစ်သွားပါလိမ့်မည်။

ထန်ခိုင်ချွန်း၏ စားသည် လျှပ်ပြက်သကဲ့သို့ ထွက်ပေါ်လာပြီး ရှန့်ရှောင်ဖုန်းအား တိုက်ခိုက်တော့သည်။ သူ့အား အထပ်ထပ်ဆုံးမထားသော ဩဝါဒများအရပင် သူသည် ရန်သူအား လုံးဝအထင်သေးခြင်း မရှိဘဲ စတိုက်ကတည်းက မီးကုန်ယမ်းကုန် အစွမ်းကုန် တိုက်စစ်ဆင်ပါတော့သည်။

ဖေးချိုနိုင်းကျန်ဟူသော စားသိုင်းပညာသည် သိုင်းလောက၌ နာမည်တစ်လုံးနှင့် ထင်ရှားသော သိုင်းပညာဖြစ်သည်။ ထိုစားသိုင်းသည် လှေကားထစ်များနှင့် အလားသဏ္ဌာန်တူပေသည်။ ထိုစားသိုင်းကို ထုတ်လျှင် တစ်ကွက်ပြီးတစ်ကွက် မြင့်တက်သွားသည်။ တစ်ကွက်ထက်တစ်ကွက် ပိုပြီးအစွမ်းထက်ပေသည်။

ရန်သူသည် တဖြည်းဖြည်းမြင့်တက်သွားသည့် စားစွမ်းကို မည်မျှ ခံနိုင်မည်နည်း။ ဖေးချိုနိုင်းကျန်၏ စားကွက်များမှာ စုစုပေါင်း တစ်ရာသုံးဆယ့်နှစ်ကွက်ရှိသဖြင့် လွန်စွာအဆင့်မြင့်သော စားသိုင်းပညာရပ်သာ ဖြစ်ပါသည်။

လှုပ်တစ်ပြက်အတွင်း ထန်နိုင်ချိန်းသည် အကွက်ပေါင်းနှစ်ဆယ့်တစ်ကွက်ကို တစ်ပြိုင်နက်တည်း ထိုးထုတ်တိုက်ခိုက်လိုက်သည်။ တိုက်ကွက်တစ်ကွက်တွင် အပြောင်းအလဲ နှစ်ဆယ့်တစ်ခု ပါဝင်လေရာ လွန်စွာလျှင်မြန်သော ဓားသိုင်းဖြစ်ပါသည်။ ထန်နိုင်ချန်းနှင့်တွေ့ကြုံခဲ့ဖူးသော ရန်သူများသည် ပထမသိုင်းကွက်နှစ်ဆယ့်တစ်ကွက်အတွင်းမှာပင် ရှုံးနိမ့်ခဲ့ကြသည်။

ယခုသော် ဓားချင်းရိုက်သံလည်း လုံးဝမပေါ်ပါ။ အလွန်လျှင်မြန်ရှုပ်ထွေးသော လှုပ်ရှားမှုတစ်ခုသာ အားလုံးမြင်တွေ့နေကြပါသည်။

တကယ်တော့ ရှန်ရှောင်ဖုန်းလက်ထဲတွင် ဓားမရှိပါချေ။ မည်းနက် တောက်ပြောင်သော ပိုးကြိုးတစ်ချောင်းသာ ရှိပါသည်။ ထိုပိုးကြိုးမှာ ဓား၏လက်ကိုင်ရိုးပေါ်တွင် ချည်နှောင်ထားသော ပိုးကြိုးသာ ဖြစ်ပါသည်။ ရှန်ရှောင်ဖုန်းသည် ဓားကိုဆွဲနှုတ်မယူဘဲ ဓားလက်ကိုင်ပေါ်မှ ပိုးကြိုးကို ဖြုတ်ယူကာ ထန်နိုင်ချန်းအား တိုက်ခိုက်ခြင်းဖြစ်ပါသည်။ သူသည် ထန်နိုင်ချန်းနှင့် ဘက်ညီသွားစေရန် တတ်နိုင်သမျှ သူ့ကိုယ်သူ လျှော့ချလိုက်ခြင်းသာ ဖြစ်ပါ၏။

သို့သော် ပိုးကြိုးတစ်ချောင်းဆိုသဖြင့် လုံးဝလျှော့တွက်ခြင်းတော့ မပြုပါလေနှင့်။ ရှန်ရှောင်ဖုန်း၏ လက်ထဲသို့ ရောက်သွားလျှင် ပိုးကြိုးသည်လည်း လူသတ်နိုင်သော လက်နက်ဖြစ်သွားသည်သာ။

ထိုအချက်ကို သာမန်ဓားသမားမဟုတ်သော ထန်နိုင်ချန်းကလည်း သိရှိပါသည်။ တိုက်မိပြီဆိုသောအခါ နောက်ဆုတ်၍မရတော့ပါ။ ရှေ့ကိုသာတိုးပြီး တစ်ဟုန်ထိုး တိုက်ခိုက်ရပါတော့မည်။ လေးညို့မှ လွတ်ထွက်သွားသော မြားသည် လေးကိုင်းကို ကျော်လွန်သွားပြီး



နောက် ထိုမြားတံကိုလိုက်ဖက်ခြင်းငှာ မစွမ်းနိုင်သကဲ့သို့ ရှန်ရှောင်ဖုန်းသည်လည်း မတိုက်၍ မရတော့ပါ။ ဆိုလိုသည်မှာ နှစ်ဦးစလုံး အစွမ်းကုန် တိုက်ခိုက်ကြရသည့်အခြေအနေသို့ ဆိုက်ရောက်နေပြီဖြစ်ကြောင်း ဆိုလိုခြင်းပါတည်း။

နောက်ထပ် ဓားသိုင်းဆယ့်နှစ်ကွက် ပေါ်လာပြန်၏။ ဖေးချိုနိုင်းကျန် ဓားသိုင်းထဲမှ နောက်ဆုံးဆယ့်နှစ်ကွက်ဖြစ်သည့် 'တွမ်ကုန်းဆဲ' ဟူသော ဓားသိုင်းကွက်ပင်တည်း။ ထိုသိုင်းကွက်တွင်လည်း အပြောင်းအလဲ နှစ်ဆယ့်တစ်ကွက်ပါသည်သာ။

ထူးခြားသောအချက်မှာ ထိုနောက်ဆုံး ဆယ့်နှစ်ကွက်သည် ဖေးချိုနိုင်းကျန် ဓားသိုင်း၏ အနှစ်ချုပ်ပင် ဖြစ်သည်။ ထိုသိုင်းကွက်များသည် လျှင်မြန်သည့်အပြင် အစွမ်းလည်းထက်လှ၏။ ဥပမာအားဖြင့် ပြောရမည်ဆိုလျှင် ရှေ့ပိုင်း သိုင်းကွက်များသည် မြင်းသည်တော်တစ်ဦး ချင်းလာသည်ဆိုပါက ထိုနောက်ဆုံး ဆယ့်နှစ်ကွက်သည် မြင်းသည်တော် တပ်စုကြီးတစ်ခုလုံး ချီတက်လာသည်နှင့်တူသည်ဟု တင်စားရပေမည်။

ထိုသိုင်းကွက်များသည် ဆရာကြီး ထန့်ကျူးချိ၏ တိုက်ကွက်များပင်တည်း။ သူသည် သိုင်းလောကထဲတွင် တိုက်ကွက်ပေါင်း တစ်ရာကျော် တိုက်ခိုက်ခဲ့သည်။ အာမခံဌာန သိုင်းဆရာကြီးဖြစ်၏။

သူသည် တရုတ်ပြည် တစ်နံတစ်လျားခရီးထွက်ပြီး သိုင်းသမားပေါင်းစုံနှင့် ရင်ဆိုင်တိုက်ခိုက်ခဲ့ရသဖြင့် သူ့အတွေ့အကြုံများသည် အလွန်တကယ် တန်ဖိုးရှိလှပေ သည်။ သူသည် တစ်ဦးချင်း တိုက်ပွဲများကို တိုက်ခိုက်ခဲ့သလို အုပ်စုချင်းတိုက်ပွဲများကိုလည်း တိုက်ခိုက်ခဲ့၏။

မည်သို့ပင် ကိုက်ခိုက်စေ သူ့ဘဝသက်တမ်းတစ်လျှောက်လုံး

၌ သူ၏စားသိုင်းတစ်ရာသုံးဆယ့်နှစ်ကွက်နှင့် ထိုက်တန်သော ရန်သူဟူ၍ သူ မကြုံဘူးခဲ့ပေ။

သူ အများဆုံးထုတ်သုံးခဲ့ရသည့် သိုင်းကွက်မှာ ရှစ်ဆယ့်ကိုးကွက်သာ ရှိခဲ့သည်။ သူ၏သိုင်းကွက်ရှစ်ဆယ့်ကိုးကွက်တွင် ပြိုင်ဘက်ရန်သူသည် မရှုမလှသေဆုံးရသည့်အခြေသို့သာ ဆိုက်လေတော့သည်။

ထိုအချက်ကိုအခြေခံပြီး ကောက်ချက်တစ်ခုဆွဲနိုင်ပေသည်။ ဖေးချိုနိုင်းကျန် သိုင်းကွက်လေးဆယ်အတွင်း ယှဉ်ပြိုင်နိုင်သူမှာ သာမန်အဆင့် သိုင်းသမားဟု သတ်မှတ်နိုင်ပြီး ရှစ်ဆယ့်ကိုးကွက်အတွင်း တိုက်ခိုက်နိုင်သူကို ထိပ်သီးအဆင့်ဟု သတ်မှတ်နိုင်သည်။ ထို့ထက် ကျော်လွန်အောင် တိုက်ခိုက်နိုင်သူအား ထိပ်သီးအဆင့်လွန်ပညာရှင်ဟု သတ်မှတ်နိုင်ပေသည်။

ယခုကား အကွက် ကိုးဆယ့်ရှစ်ကွက်ကျော်လွန်သွားခဲ့လေပြီ။ သည်အတွက်တော့ အံ့သြစရာမရှိပါချေ။ ထန်နိုင်းချန်း တိုက်ခိုက်နေရသူမှာ သာမန်စားသမားမဟုတ် သိုင်းလောက၏ စားဘုရင်ကြီး ရှန့်ရှောင်ဖုန်း မဟုတ်ပါလား။

တိုတောင်းသောအချိန်အတွင်း သိုင်းကွက်နှစ်ဆယ့်တစ်ကွက် ပေါ်ပေါက်လာသည်။ ရန်သူကို တုံးခနဲ လဲကျစေနိုင်သော်လည်း ရှန့်ရှောင်ဖုန်းမှာ မသေပေ။

ပင်လယ်ထဲသို့ ကျောက်ခဲတစ်လုံး ပစ်ချလိုက်သကဲ့သို့ ထန်နိုင်ချန်း၏စားကွက်များသည်လည်း အချည်းအနှီးဖြစ်ကုန်သည်။ ဤသို့ဖြစ်လာရခြင်းမှာ နိမိတ်ကောင်းမဟုတ်ပေ။ ဖေးချိုနိုင်းကျန် တိုက်ကွက်နောက်ဆုံးတိုက်ကွက်များ ကုန်ဆုံးသွားလျှင် ထိုသူ၌ ထပ်မံထုတ်စရာ သိုင်းကွက်ရှိတော့သဖြင့် အသက်ပေးရန်သာ ရှိတော့သည်။



ထန်ကျုံးချိနှင့် နှစ်ပေါင်းများစွာ လက်တွဲလုပ်လာဖူးသူ အာမစ်သိုင်းဆရာများသည် ထန်နိုင်ချန်းက နောက်ဆုံးသိုင်းကွက်များ ထုတ်သုံးသည်ကို မြင်လိုက်ရသောအခါ အလန့်တကြား အော်လိုက်ကြလေတော့သည်။ သူတို့မအော်ဘဲ မနေနိုင်ချေ။ ထန်ကျုံးချိသည် မည်သည့်အခါမျှ ထိုနောက်ဆုံးသိုင်းကွက်များကို ထုတ်မသုံးခဲ့ချေ။ ယခု ထန်နိုင်ချန်း ထုတ်သုံးနေပြီ .... ။ အခြေအနေမကောင်းတော့ပြီ ဖြစ်ကြောင်း အားလုံးပင် သိလိုက်ကြရပြီ မဟုတ်ပါလား။

ထန်နိုင်ချန်း သေဆုံးတော့မည်လား။

အားလုံး ရင်တထိတ်ထိတ် အသည်းတဖိုဖို ဖြစ်နေကြရလေပြီ။

ထိုစဉ် ထန်နိုင်ချန်း၏ သိုင်းကွက်များသည် ရုတ်တရက် ပြောင်းလဲသွားလေတော့၏။ ထိုသိုင်းကွက်ပြောင်းလဲပုံမှာ လွန်စွာထူးခြားလှ၏။ မိုးမှောင်ကြီးကျနေစဉ် .... ထိုအမှောင်ထုကြီးသည် ရုတ်တရက် ပြိုကွဲကျဆင်းသွားပြီးနောက် ရွှေရောင် ငွေရောင်တပြောင်ပြောင် နန်းတော်ကြီးပေါ်ပေါက်လာသကဲ့သို့တည်း။

လျှင်မြန်သော စားကွက်မှာ ပေါ့ပါးသော သိုင်းကွက်သို့ ပြောင်းလဲသွားသည်။ စွမ်းရည်ပမာဏသည် ပြောင်းလဲသွားသည်။ အရာဝတ္ထုတစ်ခုကို သစ်သားလွှဖြင့် တိုက်ဖြတ်နေရာမှ သံမဏိလွှဖြင့် တိုက်ဖြတ်သကဲ့သို့ ပြောင်းလဲသွားခြင်းမျိုး ဖြစ်ပေသည်။

ရှန့်ရှောင်ဖုန်းသည် အနက်ရောင်ပိုးကြိုးဖြင့် တိုက်ခိုက်ရာတွင် ပင်ပင်ပန်းပန်း တိုက်ခိုက်နေရခြင်းမျိုး မဟုတ်ပါ။ သတိဝီရိယထားသော်လည်း သက်သက်သာသာ တိုက်ခိုက်နေခဲ့ရပါသည်။ ယခု စားကွက်မှာမူ သူ့အား ဖြန်းစားကြီး အထိတ်တလန့် ဖြစ်စေခဲ့ပေသည်။

သူ အံ့ဩသွားသည်။ ပါးစပ်မှပင် လွှတ်ခနဲ အော်မိသည်။

"တယ်ကောင်းတဲ့ ဓားကွက်ပါလား ...."

ရှန့်ရှောင်ဖုန်းကို မည်သူသည်ဤသို့ထိတ်လန့်စေခဲ့ဖူးသနည်း။ ရှန့်ရှောင်ဖုန်း၏ ပါးစပ်မှ ဤသို့ အထိတ်တလန့် ထွက်လာအောင် မည်သူ ဖန်တီးနိုင်ခဲ့သနည်း။ မည်သူတစ်ဦးတစ်ယောက်ကမျှ မဖန်တီးနိုင်ခဲ့ပါ။ ရှန့်ရှောင်ဖုန်း ချီးမွမ်းမည်ဆိုကလည်း ချီးမွမ်းလောက်ပါသည်။

ထိုတစ်နှစ်အတွင်း ဓားကွက်လေးကွက်ပေါ်လာရာ ရှန့်ရှောင်ဖုန်းမှာ ရှေ့မတိုးရဲအောင် ဖြစ်သွားရသည်။ ထိုဓားသိုင်းမှာ အပြောင်းအလဲ မရှိသယောင်ယောင် အလွန်ရိုးသားသော ဓားသိုင်းဖြစ်သယောင်ယောင် ထင်မှတ်ရသော်လည်း အပြောင်းအလဲ ထောင်သောင်းရှိ‌နေ...ည်ဟု မြင်နေရပြန်၏။ အလွန်ပေါ့ပါးသည်၊ ကြောက်စရာကောင်းသည်ဟု ထင်မှတ်နေချိန်တွင် ထန်နိုင်ချန်း၏ဓားသည် လေးလံနှေးကွေးသွားပြန်ကြောင်း တွေ့ရပြန်သည်။ ထို့ကြောင့် ထိုဓားသိုင်းကွက်ကို သစ်ရွက်ကြွေလား၊ လိပ်ပြာလား၊ သံကျောက်တောင်လား၊ကျောက်စိုက်လားဟု ခွဲခြမရအောင် အကဲခတ်ရခက်ခဲလှတော့၏။

ရှန့်ရှောင်ဖုန်းသည် တုံ့ပြန်တိုက်ခိုက်ခြင်းမရှိပါ။ ခုခံရင်း ရှောင်တိမ်းရင်း သိုင်းကွက်များကို မှတ်သားနေပါသည်။ ရှန့်ရှောင်ဖုန်းက ရှောင်တိမ်းခဲ့သဖြင့် ထန်နိုင်ချန်း၏ ဓားကွက်လေးကွက်သည် ရှန့်ရှောင်ဖုန်းအား ထိခိုက်ဒဏ်ရာ မရစေပါ။

ရှန့်ရှောင်ဖုန်းက တစ်ချိန်လုံး နောက်ဆုတ်နေသဖြင့် ထန်နိုင်ချန်း အလွန်အံ့ဩနေသည်။

သူသုံးသည့် ဓားသိုင်းကွက်၏ စွမ်းရည်ကိုလည်း ပိုမိုယုံကြည်အားကိုးလာသည်။



ပို၍တိုက်လေလေ ရှန့်ရှောင်ဖုန်း ပို၍ နောက်ဆုတ်လေလေ ...င်။ သူ့ဓားသည် ရှန့်ရှောင်ဖုန်း ရင်ခွင်ထဲ တိုးဝင်သွားသည်ဟုထင်လိုက် ...သည်။ သို့သော် တကယ်တမ်းတွင် ဤသို့ မဖြစ်ခဲ့ပေ။ ဓားသည် ...ွဲချော်သွားသည်။ ပွက်ကာသီကာ လွဲချော်သွားသည်။ သူ့ဓားသည် ...ရှန့်ရှောင်ဖုန်း၏ လည်မျိုထဲသို့ စိုက်ဝင်သွားသည်ဟု ထင်သည်။ သို့ ...သော် ပွတ်ကာသီကာ လွဲချော်သွားပြန်သည်။ သူ့ဓားသည် ကြာသော် ...ထန်နိုင်ချန်းဦးနှောက်ခြောက်လာ၏။ ဤသို့ပင် လွဲချော်နေမည် ...လားဟုပင် စိုးရိမ်ပူပန်လာသည်။

ထန်နိုင်ချန်း၏ ဓားကွက်များကို ရှန့်ရှောင်ဖုန်းက ကြိုတင် ...သိနေသလိုရှိနေ၏။ သူသည် အချိန်မီပွတ်ကာသီကာ ရှောင်တိမ်းသွား ...နိုင်ခဲ့သည်ချည်းပင်။

ထိုစဉ် ထန်နိုင်ချန်း၏ ဓားသိုင်းသည် ရုတ်တရက်နှေးကွေး ...သွား၏။ ဓားကလည်း ဟိုယမ်း သည်ယမ်း ဖြစ်လာသည်။ ပုံပျက် ...ပန်းပျက် ဓားသိုင်းဖြစ်လာ၏။ အလွန်ကောင်းလှသည့် ဓားသိုင်းသည် ...ဘာကြောင့် ပုံပျက်ပန်းပျက် ဖြစ်သွားရပြန်ပါသနည်း။ အလွန်တရာ ...ညံ့ဖျင်းသော သိုင်းကွက်ပါပေ။

ဖျတ်ခနဲကြည့်လိုက်၍ သိုင်းကွက်ကို အလွယ်တကူ ဖယ်ရှား ...နိုင်လိုက်နိုင်သည်ဟု ထင်စရာရှိသည်။ အကယ်၍ ပြိုင်ဘက်၏စိတ်ထဲ၌ ...နည်းငယ်ကလေး အထင်သေးစိတ် ပေါ်လိုက်သည်နှင့် ထိုလူ ဧဝိန် ...ကြွမည်မှာ သေချာလှသည်။

ရှန့်ရှောင်ဖုန်းဆိုသည့် ဓားဘုရင်ကြီးသည် တစ်ဘက်ရန်သူ ...၊ မည်သည့်အခါမျှ အထင်သေးလေ့မရှိဟု သူ၏ ပိုးကြိုးဖြင့် အပြင်း ...ထန် တိုက်ခိုက်လိုက်၏။ ထိုအခါ ထန်နိုင်ချန်း၏ ဓားသိုင်းသည်

အရပ်ဆယ်မျက်နှာဖြာကြသည့် ရေပန်းသဖွယ် သူ့အပေါ် အုပ်မိုးကျလ
လေတော့၏။

ထိုဓားရိပ်များထဲ၌ သက်တန့်ရောင်စဉ် ခုနစ်ခု ဖြစ်ပေါ်လ
သကဲ့သို့ ဓားရိပ်ခုနစ်ရိပ်လည်း ပေါ်လာသည်။ ကြောက်မက်ဖွယ်
အကောင်းဆုံး ဓားချက်များပေတည်း။

"ရွှမ်း .... ရွှမ်း .... ရွှမ်း"

ထိုအခါ ရှန့်ရှောင်ဖုန်းသည် သူ၏ပိုးကြိုးကို အပြင်းထန်ဆုံ
အလျင်မြန်ဆုံး လှုပ်ရှားခါယမ်းလိုက်ရာ အနက်ရောင်ကမ္ဘာကြီးသည
လူနှစ်ဦးအား ကာခြားလိုက်သလို ဖြစ်သွားလေ၏။ ထန်နိုင်ချန်း
ဓားရိပ်ခုနစ်ရိပ်လည်း ပျောက်ကွယ်ရပ်ဆိုင်းသွားလေတော့သည်။

ထန်နိုင်ချန်း မသေပါ။ သို့သော် နဖူး၌ ဆီးသီးကင်းခန့် ချွေ
သီး ချွေးပေါက်ကြီးများ သီးလာသည်။

ရှန့်ရှောင်ဖုန်းက ....

"ဒါ ယန်ဆယ်စန်းရဲ့ မရဏဓားသိုင်း ဆယ့်သုံးကွက်မဟုတ်
လား .... "

ထန်နိုင်ချန်းမျက်နှာတစ်ပြင်လုံး သွေးဆုတ်ဖြူရော်နေသည်
စကားတစ်လုံးမျှ မပြောတော့ပေ။

"သိပ်ကောင်းတဲ့ ဓားသိုင်းပဲ .... "

"ဘာကောင်းတာလဲ .... "

"သိပ်ကောင်းတယ်၊ ငါတစ်သက်မှာ ဒီလိုဓားသိုင်းမျိုးတစ်
မှ မတွေ့ဖူးသေးဘူး၊ အတော် ကြောက်စရာကောင်းတာပဲ .... "

"ခင်ဗျား နိုင်တာတောင် ကြောက်စရာကောင်းတုန်းပဲလား
သေလုမြောပါး တိုက်ခိုက်ပြီးမှ နိုင်တာကိုမှ ကြောက်စရာ



ကောင်းတယ်လို့ မပြောရင် ဘယ်ဟာမျိုးကို ပြောရမှာလဲ .... "

"နိုင်နေမှတော့ ဘာမှ ပြောစရာမလိုတော့ပါဘူးဗျာ၊ ခင်ဗျား
ပြောတာက လှောင်ပြောင်သလို ဖြစ်နေတယ် .... "

ရှန့်ရှောင်ဖုန်း၏မျက်နှာပေါ် အုံ့ညိုသွားသည့် အရိပ်အယောင်
များ ပေါ်လာ၏။

"သိုင်းပညာနဲ့ပတ်သက်ရင် ငါ ဘယ်တော့မှ မလှောင်ပါဘူး၊
ဒီဓားသိုင်းမှာ တစ်ဆယ့်လေးကွက်မြောက် သိုင်းကွက်သာ ရှိခဲ့ရင် ငါ
သေပြီကွ .... "

သည်တစ်ကြိမ် အုံ့ညိုရသူက ထန်နိုင်ချန်း ဖြစ်သည်။ သူသည်
နဖူးမှ ချွေးသီးချွေးပေါက်များကို လက်ဖြင့် သုတ်လိုက်ပြီး ....

"ဘယ်လို .... တစ်ဆယ့်လေးကွက်မြောက် သိုင်းကွက်
ဟုတ်လား .... "

"ဟုတ်တယ် .... ဆယ့်လေးကွက်မြောက်သိုင်းကွက် .... "

"ရှိမှ မရှိဘဲ .... သူ့ဓားသိုင်းဟာ နဂိုကတည်းက တစ်ဆယ့်
သုံးကွက်ပဲ ရှိတယ် .... "

"မရှိရင် ဖော်ထုတ်ရမှာပေါ့ .... တစ်ဆယ့်လေးကွက်မြောက်
ဓားကွက်ဟာ ဒီမရဏဓားသိုင်းရဲ့ ဝိညာဉ်လိပ်ပြာပဲ၊ ဒါကို ဖော်ထုတ်ရ
မယ် .... သေသေချာချာ စဉ်းစားရင် ရနိုင်ပါတယ် .... "

ထိုတစ်ဆယ့်လေးကွက်မြောက် ဓားကွက်ကို ထန်နိုင်ချင်း
မသင်ကြားခဲ့ရပါ။ သို့သော် ဓား၏ ဝိညာဉ်လိပ်ပြာကို သူ ရှာဖွေနေ
ကြောင်း၊ ထိုဝိညာဉ်လိပ်ပြာကို ရှာဖွေရန်မှာလည်း ခက်ခဲကြောင်းတို့
ကို သူ အလွန်ရိုသေလေးစားရသည်။ တစ်ကိုယ်တော်ဓားသမားကြီး
ယန်ဆယ်စန်းက ပြောထားခဲ့ပေသည်။

မရဏစားသိုင်း၏ ဝိညာဉ်လိပ်ပြာကို မည်သူမျှ မတွေ့မြင်နိုင်ပါ။ စားသိုင်းပညာနှင့် ပတ်သက်ပြီး အလွန်အလွန် ကျွမ်းကျင်ထက်မြက်လှသော မရဏစားသိုင်းပိုင်ရှင်ပင်လျှင် လွယ်လွယ်ကူကူ မစဉ်းစားနိုင်ပါပေ။ သို့သော် ရှန့်ရှောင်ဖုန်းကို လူမျိုးအတွက်ကာ ချွင်းချက်ဖြစ်သည်။

ရှန့်ရှောင်ဖုန်းက ....

"မရဏစားသိုင်းရဲ့ ကွက်ပြောင်းတွေအားလုံး တစ်ဆယ့်လေးကွက်မြောက် စားကွက်ထဲမှာ စုနေရတယ် .... "

ထန်နိုင်ချန်းက ခေါင်းညိတ်၏။

"ကျုပ်လည်း သဘောပေါက်ပါတယ် .... ဒီ တစ်ဆယ့်သုံးကွက်တောင် သိမ်မွေ့လွန်းနေတော့ .... တစ်ဆယ့်လေးကွက်မြောက် သိုင်းကွက်ကို ကျုပ် ဉာဏ်နဲ့မစဉ်းစားနိုင်ပါဘူး .... "

"မှန်တယ် .... စဉ်းစားနိုင်ဖို့ အင်မတန် ခက်တာပဲ .... "

ရှန့်ရှောင်ဖုန်းက စဉ်းစားဖို့ခက်သည်ဟုပြောပြီး သူကိုယ်တိုင်ကမူ စဉ်းစားနေသည်။

အတန်ကြာသော် ....

"သိုင်းလောကထဲမှာ ဒီတစ်ဆယ့်သုံးကွက်လောက် ကောင်းတဲ့ သိုင်းကွက်မျိုးကို ငါ တစ်ခါမျှ မတွေ့ဖူးသေးဘူး .... "

မှန်ပါသည်။ ဤတစ်ဆယ့်သုံးကွက်သည်သာ သူ့ကို အထိတ်လန့်ဆုံး ဖြစ်စေခဲ့ပါသည်။

ရှန့်ရှောင်ဖုန်းသည် သူ့လက်ထဲမှ ဝိုးချည်စကို အသုံးပြုကာ စားသိုင်းကစားနေသည်။ သာမန်အားဖြင့်ကြည့်လျှင် ရှန့်ရှောင်ဖုန်း၏ အပြုအမူမှာ စိတ်မနှံ့သူတစ်ယောက်ကဲ့သို့ ဖြစ်နေပါသည်။ သို့သော်



ထန်နိုင်ချန်းနှင့် အာမခံဌာနသိုင်းသမားများအဖို့ကာ ရှန့်ရှောင်ဖုန်း မရူးကြောင်း၊ ကောင်းစွာသိနေပါသည်။

ရှန့်ရှောင်ဖုန်းတည်းဟူသော စားဘုရင်ကြီးသည် အလွန့်အလွန်ခက်ခဲနက်နဲသော သိုင်းကွက်တစ်ခုကို ဖော်ထုတ်နေကြောင်း အားလုံးပင် ရိပ်မိနေကြပါသည်။

ရှန့်ရှောင်ဖုန်းသည် စိတ်တိုင်းမကျတိုင်း ဟင်းခနဲ၊ ဟင်းခနဲဖြစ်သွားပြီး ဟန်တစ်မျိုးမျိုးသို့ ပြောင်းလဲသွားနေပါသည်။ တစ်ခါတစ်ရံကချေသည်တစ်ဦး က,နေသည့်အလား ထင်မှတ်သွားရ၏။

ထန်နိုင်ချန်းမှာ တစ်ကိုယ်လုံး ချွေးများ ရွှဲနစ်နေသော်လည်း သူ့ခန္ဓာကိုယ်၌ ဘာဖြစ်နေသည်ကို သူ သတိမထားမိချေ။ သူသည် အသက်ရှူရန်နှင့် မျက်တောင်ခတ်ရန် သတိမေ့နေပြီး ရှန့်ရှောင်ဖုန်း၏ လှုပ်ရှားမှုဆီသာ ကြည့်နေမိတော့၏။

ရှန့်ရှောင်ဖုန်း လက်ထဲ၌ရှိနေသော ဝိုးကြိုးမျှင်သည် စားတစ်ချောင်းပမာ သူ့လက်၌ လှုပ်ရှားနေသည်။ ဇဝိုက်ယိမ်းခါနေသည်။ ရှုံ့တိုးနောက်ငင် ဖြစ်နေသည်။

ထို့နောက် .... လှုပ်ရှားမှု ရပ်ဆိုင်းပြန်၏။ ဤသို့ နားလိုက် စားလိုက် ရပ်လိုက် ပြုလုပ်နေရာ အချိန်သည် တဖြည်းဖြည်းကုန်မှန်းသိ ကုန်သွားသည်။ ထမင်းအိုးနှစ်လုံးကျက်ခန့်ကြာပြီးသောအခါ ရှန့်ရှောင်ဖုန်းထံမှ ဟင်းခနဲ သက်ပြင်းချသံ ကြားလေ၏။

"ရပြီ .... တစ်ဆယ့်လေးကွက်မြောက် သိုင်းကွက်ကို ရပြီ"

ရှန့်ရှောင်ဖုန်း၏အသံသည် မကျယ်လောင်လှသော်လည်း ပျဉ်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသဖြင့် လူတစ်ယောက်အော်စစ်ပြောဆိုသည့် အသံကဲ့သို့ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ထန်နိုင်ချန်း စကား မပြောနိုင်တော့ပါ။

ရှန့်ရှောင်ဖုန်းက ဆက်လက်၍ ....

"အကယ်၍ ဒီတစ်ဆယ့်လေးကွက်မြောက်အကွက်ကိုသာ မင်း အသုံးပြုနိုင်ရင် ငါ့အဖို့ ရှိရှိသမျှ ထွက်ပေါက်အကုန်ပိတ်သွားလိမ့်မယ်လို့ ထင်မိတယ် .... "

ထန်နိုင်ချန်းသည် အကြီးအကျယ် နောင်တရနေသည်။ ဤသိုင်းကွက်ကို သူ အဘယ်ကြောင့် မစဉ်းစားနိုင်ရသနည်းဟု သူ့ကိုယ်သူ ဒေါသ ဖြစ်နေသည်။ သူ့ဆရာ ယန်ဆယ်စန်းလည်း မစဉ်းစားနိုင်။ ရှန့်ရှောင်ဖုန်းပင် ချွေးတဒီးဒီးကျအောင် စဉ်းစားကစားနေရသည်ကို သူ သတိမရချေ။

"ဒီစားကွက်ရဲ့ အပြောင်းအလဲတွေကို မင်း သဘောပေါက်ရဲ့လား .... "

ယယ်စဉ်ကတည်းက စားပညာကို နှံနှံမင်မင် လေ့လာ လိုက်စားနိုင်ခဲ့သောသူဖြစ်၍ အားလုံးမဟုတ်သော်လည်း အတော်အတန်တော့ သဘောပေါက်နိုင်စွမ်း ရှိပါသည်။

"မင်း သေသေချာချာ ကြည့်ထား .... တို့တစ်ခေါက် ပြန်ကစားပြမယ် .... "

ရှန့်ရှောင်ဖုန်းသည် တစ်ဆယ့်လေးကွက်မြောက် စားသိုင်းကို ထပ်မံ ကစားပြလေတော့သတည်း။

❋

အခန်း (၃)

## လုပ်ကြံသူများ

ထန်နိုင်ချန်း သက်ပြင်းချလိုက်သည်။ သူသည် မရဏစား၏ ဝိညာဉ်လိပ်ပြာကို ဖမ်းမိခဲ့လေပြီ။

"ထန်နိုင်ချန်း မင်းစားကို အသင့်ပြင်ပါ .... "

"ဘာလုပ်ဖို့လဲ .... "

"စားစမ်းဖို့ပေါ့ .... "

"မလိုပါဘူးဗျာ .... "

"ဘာဖြစ်လို့ မလိုရမှာလဲ၊ မင်းဟာ ဝိညာဉ်လိပ်ပြာကို ရသွား၏ ဝိညာဉ်လိပ်ပြာဟာ ငါ့စားကွက်တော ချေဖျက်နိုင်စွမ်း ရှိမရှိ ငါသိမယ် .... "

ထန်နိုင်ချန်းမျက်လုံးများ အရောင်တောက်လာ၏။

သို့သော် သူက ခေါင်းခါလိုက်ပြီး။

"ကျုပ် မလုပ်ချင်ဘူးဗျာ .... "

"လုပ်ကို လုပ်ရမယ်ကွ .... "

"ဘာကြောင့်လဲ .... "

"ငါ့စိတ်ထဲမှာ ဝိညာဉ်လိပ်ပြာရဲ့အစွမ်းကို သိပ်သိချင် တယ် .... ယန်ဆယ်စန်းရှိနေသေးရင်လည်း သူလည်း ဝိညာဉ်လိပ်ပြ ကို တစ်နေ့မှာ တွေ့မှာပဲကွ .... "

မှန်ပါသည်။ ဆယ့်လေးကွက်မြောက် ဓားသိုင်းသည် မရ ဓားသိုင်း ဆယ့်သုံးကွက်၏ အနှစ်ချုပ် ဖြစ်ပါသည်။ ယန်ဆယ်စန်း လူမျိုးသည် ဤသိုင်းကွက်ကို တစ်နေ့တွေ့မည်သာ ဖြစ်ပါသည် မျက်စိမှောက်နေခြင်းသာ ဖြစ်ပါသည်။

ထန်နိုင်ချန်းသည် ဓားဘုရင်ကြီးကို လွန်စွာ ရိုသေလေး သွား၏။ သူ ဓားစမ်းနိုင်းခြင်းမှာ အပျက်သဘောမဟုတ်ပါ။ အ သဘောသာ ဖြစ်ပါသည်။ ထန်နိုင်ချန်းက ဦးညွှတ်ဂါရဝပြုလိုက်ပြီး

"ခင်ဗျားဟာ စိတ်နှလုံးကြီးမြင့်တဲ့ ပုဂ္ဂိုလ်ကြီးပါပဲ .... "

ရှန့်ရှောင်ဖုန်းက ပြုံးပြီးပြော၏။

"လူတွေကတော့ ငါ့ကို မာနကြီးတယ်လို့ ပြောကြပါတယ်"

"ဒါက ကောင်းတဲ့သာမာနပဲဗျာ .... "

"မထင်ပါနဲ့ ဘယ်မာနမှ မကောင်းပါဘူးကွာ .... "

"ဒါဖြင့်လည်းဗျာ .... "

"လူပွဲကွာ မကောင်းတာသိပေမယ့်လည်း .... ကင်းတော မကင်းနိုင်ဘူးပေါ့ .... "

ရှန့်ရှောင်ဖုန်းသည် စကားပြောရာတွင်တော့ ရိုးသားသူ ဖြစ် သည်။ ထို့နောက် ဓားစမ်းပွဲကြီး စတင်လေတော့၏။

ဖွေးခနဲ ဓားရောင်လက်သွား၏။ မကြာမီ ပတ်ဝန်းကျင်တ ခုလုံး အအေးဓာတ် လွှမ်းခြုံလာ၏။ ဓားရောင်သည် မီးရောင်အော



တဝင်းဝင်းတလက်လက်ဖြစ်နေတော့သည်။

ရှန့်ရှောင်ဖုန်း နောက်သို့ ခုန်ဆုတ်သွား၏။ အဘယ်ကြောင့်ဆို သော် ထန်နိုင်ချန်း၏ဓားသည် ဓားစက်လုံ့စက်များပမာ၊ မိုးစက် မိုး ပေါက်များပမာ အဆက်မပြတ် တရစပ်တိုးဝင်လာသောကြောင့်တည်း။

သူပြောခဲ့သည့်အတိုင်းပင် ဆယ့်လေးကွက်မြောက် သိုင်း ကွက်သည် သူ့ထွက်ပေါက်မှန်သမျှကို လိုက်လံပိတ်ဆို့နေသည့်ပြင် သက်အန္တရာယ်ကိုပါ ခြိမ်းခြောက်လာပေသည်။

ထန်နိုင်ချန်းသည် ရှန့်ရှောင်ဖုန်းအား အသေသတ်ရန် ရည်ရွယ် ခြင်းသည် မဟုတ်ပါ။ သူ့စိတ်ကိုလျှော့ပြီး သိုင်းကွက်ကို ပြန်ထိန်းလိုက် သည်။ ထို့ကြောင့် ရှန့်ရှောင်ဖုန်း သက်သာသွားသည်။ သူ ပြန်လည် တိုက်စစ်ဆင်လာသည်။

ထိုအခါကျမှ ထန်နိုင်ချန်း အဆက်မပြတ် ပြန်လည်တိုက်ခိုက် သည်။ ဆယ့်လေးလက်မြောက် ဓားသိုင်းကား အလွန်ကြောက်စရာ ကောင်းပါသည်။ တိုက်စစ်ကို စလိုက်သည်ဆိုသည်နှင့် ဓားကွက်သည် နှံ့သွားသဖွယ် တရစ်ပြီးတရစ် ရှေ့သို့သာ တိုးသွားပါတော့သည်။

ရှန့်ရှောင်ဖုန်းသည် တတ်နိုင်သမျှ ခြေမဆုတ်ဘဲ တောင့်ခံ သည်။ သို့ရာတွင် ထန်နိုင်ချန်း၏ သိုင်းကွက် တန့်မသွားပါ။ ရှေ့သို့သာ ဖိလာသဖြင့် ရှန့်ရှောင်ဖုန်းမှာ တဖြည်းဖြည်းနောက်လန်လာပါ သည်။ ခြေထောက်မရွေ့ဘဲ ကိုယ်အထက်ပိုင်းသာ နောက်သို့ ယိုင်လာ သည်။ ကောက်ကွေးလာပါသည်။

သူ ကောက်ကွေးပုံမှာ အားမရှိပါ။ ထန်နိုင်ချန်း၏ ဓားကွက် တစ်ချက်ကြီး အပြင်းအထန် ရိုက်ချိုးပစ်နိုင်မည်ဟု လုံးဝမယူဆနိုင်ပါ။ ဘယ်ကြောင့်ဆိုသော် သူ နောက်ယိုင်လာပုံမှာ မြေမာမာ အနိုင်

အစန့်စိုက်ထားသော ဝါးလုံးကို နောက်သို့ ဆွဲယူခြင်းနှင့်မတူ
ကြောင့် ဖြစ်ပါသည်။ သွပုံစံမှာ ရှုံ့နှံ့ထဲ၌စိုက်ထားသည့် ဝါးလုံးတ
နောက်သို့ ယိုင်လာသည်နှင့်သာ တူနေပါသည်။

ထန်းနိုင်ချန်းအနေဖြင့်လည်း မလွယ်ပါ။ ဓားသိုင်းကို စိတ်
ကိုယ်ပါ နစ်မြုပ်ဖော်ထုတ်သောအခါ ဘာကိုမျှ သတိမရနိုင်တေ
ဓားကွက်ထဲ၌ နစ်မြုပ်သွားပြီး ဓားစမ်းနေခြင်း ဖြစ်သည်ကို မေ့
သွားပါသည်။ ပထမတစ်ကြိမ် သူ့ကိုယ်သူ ပြန်ထိန်းနိုင်ခြင်းအ
ရှန့်ရှောင်ဖုန်းသည် ထန်းနိုင်ချန်းကိုကျေးဇူးတင်ပါသည်။ ထိုအ
တည်းက စိတ်လွတ်ကိုယ်လွတ်ဖြစ်သွားလျှင် ရှန့်ရှောင်ဖုန်း ဒု
(သို့မဟုတ်) သေဆုံးမှု ဖြစ်သွားနိုင်ပါသည်။

မရဏဓားသိုင်း၏ ဝိညာဉ်လိပ်ပြာမှာ တကယ်ပင် ကြေ
စရာကောင်းလှပါသည်။ ထိုဓားသိုင်း၏ ဝိညာဉ်လိပ်ပြာကို ဓားသို
မှုလပိုင်ရှင် ယန်ဆယ်စန်းက မသိနိုင်ခဲ့ခြင်းမှာ အလွန့်အလွန် ဆ
နေခြင်းကြောင့် ဖြစ်ပါသည်။

ဝိညာဉ်လိပ်ပြာမှာ ထိုဓားသိုင်းဆယ့်သုံးကွက်၏ကွက်
များကို ရက်ကန်းကြိုးသဖွယ် ပြန်လည်ရက်ရက်ထားခြင်းသာ
သည်။ တစ်ချိန်မဟုတ် တစ်ချိန်ချိန်တွင် ယန်ဆယ်စန်းသည် မရဏ
သိုင်း၏ ဝိညာဉ်လိပ်ပြာကို မုချတွေ့နိုင်မည်သာ ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် မရဏဓားသိုင်း ဆယ့်သုံးကွ
သူသည် အိပ်မပျော်နေလျှက်မှပင် ကစားပြနိုင်လောက်အောင်
ကျင်နေသောကြောင့်ပေတည်း။ ယခုမူ သူ၏ဝိညာဉ်လိပ်ပြာကို
ဘက် ရှန့်ရှောင်ဖုန်းက တီထွင်သွားနိုင်ခဲ့လေပြီ။ ထို့ပြင် ထိုသိုင်း
ဖြင့် စမ်းသပ်သောအခါ သူပင် အကြီးအကျယ် ရှုံးကိန်းဆိုက်နေသ



ကိုယ်တိုင် စံစားသိရှိ နေခဲ့ရလေပြီ။ သူ၏ခန္ဓာကိုယ်အထက်ပိုင်း သည့်ထက် နောက်ယိုင်သွားခဲ့လျှင် မုချအခြေပျက်တော့မည်။

ထိုသို့ အကျဉ်းအကျပ်ကျနေစဉ် ....

မြင်းရထားနှစ်စင်းအကြားမှ အလင်းရောင်တန်းလေးခုသည် လက်ခနဲ ပေါ်လာပြီး တဝိုးဝိုး တဝှစ်ဝှစ်ဖြင့် ရှန့်ရှောင်ဖုန်းဆီသို့ ပြေးဝင်လာလေ၏။ ဓားမြှောင်လေးလက်။

ထိုအလင်းတန်းလေးခုမှာ ဓားမြှောင်လေးလက်ထံမှ ပြန့်ထွက်လာသည့် အလင်းတန်းများ ဖြစ်ပေသည်။

ဓားနှစ်လက်သည် နောက်ပခုံးနှစ်ဖက်။

ဓားတစ်လက်သည် ကျောပြင်။

ဓားတစ်လက်သည် တင်ပါးတို့၌ ထိုးစိုက်သွား၏

ဤဓားမြှောင်များကို ရှန့်ရှောင်ဖုန်း မည်သို့မျှ မရှောင်ရှားနိုင်ပါ။ သူသည် ဓားဘုရင်ကြီးသာ ဖြစ်ပါသည်။ နတ်ဘုရားတစ်ပါး မဟုတ်ပါ။ သူသည် သူ၌ ရှိရှိသမျှသော အာရုံများကို ထန်နိုင်ချန်း၏ဓားအပေါ်၌သာ အာရုံစိုက်နေရသဖြင့် သူ့နောက်ကျောမှ လာသည့်ဓားမြှောင်များ၏ လေတိုးသံများကို လုံးဝ မကြားနိုင်ခဲ့ပါချေ။

သူသည် ထန်နိုင်ချန်း၏ ဓားကို သာမန်သာ ဂရုစိုက်နေပါက နောက်မှ ဓားမြှောင်များ လွင့်ပျံလာသည်ကို သူ ရိပ်မိနိုင်ပါသည်။ ယခုတော့ လုံး၀ မရိပ်မိနိုင်ခဲ့ချေ။ လုံး၀ မရှောင်နိုင်ခဲ့ပါချေ။

ထိုဓားမြှောင်လေးလက်သည် နောက်သို့ ယိုင်နေသော ရှန့်ရှောင်ဖုန်းအား ဆွဲချလိုက်သလို ဖြစ်သွားစေသည်။ သူ့အတွင်းအားသည် တခဏ်တွင်း ပြိုကွဲသွားသည်။

ကံဆိုးသည့်အချက်မှာ ဝိညာဉ်လိပ်ပြာဓားချက်သည်ထိုအချိန်

၌ သူလည်းမျိုးသို့ ချိန်သားကိုက် တိုးဝင်လာခြင်းပင် ဖြစ်တော့သည်။ ထိုဓားကို သူ အဘယ်မှာလျှင် ရှောင်တိမ်းနိုင်ပါမည်နည်း။ အခြေပျက် အနေပျက် ဖြစ်နေသူအဖို့ ထိုဓားချက်ကို ခံယူရန်သာ ရှိပါတော့သည်။ ထို့ကြောင့် မရဏသေမင်းသည် ရှန့်ရှောင်ဖုန်းအား ထိုတဒင်္ဂအတွင်း ဖက်ရမ်းနမ်းရှုံ့ ကျီစယ်လေတော့သည်။ သေခြင်းဟူသော အရသာသည် ချိုမြိန်ပါသလော။ သို့မဟုတ် ခါးသီးပါသလော။

သူသည် မြောက်မြားစွာသော ပြိုင်ဘက်ဓားသမားများကို သေခြင်းတရားဟူသော ရွှံ့နွံကြီးအတွင်း အမြဲတမ်း နစ်မြုပ်နိုင်ခဲ့သည်။ ယခု သူ ဝင့်လည်ခဲ့လေပြီ။ တရားသည် မတရားသည် အပထား။ သူကိုယ်တိုင် ရွှံ့နွံကြီးအတွင်း နစ်မြုပ်ခဲ့ရပေပြီ။

လူတစ်ယောက်သည် သေခါနီးဆဲဆဲတွင် အတိတ်ဖြစ်ရပ်များအားလုံးကို ပြန်လည်မြင်နိုင်ကြသည်ဆိုသည်မှာ ဟုတ်မှန်ပါသလော။

သူသည် သူ့ဘဝ၌ မည်မျှ ဝမ်းသာခဲ့ရသည်။ မည်မျှ ဝမ်းနည်းခဲ့ရသည်ကို မသေမီ ချိန်စက်နိုင်ပါသလော။

ထိုမေးခွန်းများကို သေပြီးသူများက မဖြေနိုင်သဖြင့် မသေရသေးသူများ ဘာမျှ မသိနိုင်ကြပါ။ ရှန့်ရှောင်ဖုန်းသည်လည်း အဘယ်သို့ ဖြေနိုင်ပါမည်နည်း၊ သူ လဲကျသွားသည်။ အေးစိမ့်မှုသည် ခြေဖျားမှ ဦးခွံနှံဆံဖျားတိုင် ဖုံးလွှမ်းသွားလေပြီ။

သူသည် သူ့နောက်ကျောမှ ဓားမြှောင်လေးလက်နှင့် လုပ်ကြံလိုက်သူပင် မြင်တွေ့ခွင့်မရလိုက်ချေ။

ဓားမြှောင်လေးလက်နှင့် လုပ်ကြံသူကား မည်သူပေနည်း။ ဓားမြှောင်နှင့်လုပ်ကြံသည်ဖြစ်စေ၊ ဓားရှည်နှင့် လုပ်ကြံသည်ဖြစ်စေ၊ ရှေ့မှ ဘေးမှ လုပ်ကြံခြင်းကား အကြောင်းမဟုတ်။ နောက်ကျောမှ



လုပ်ကြံခြင်းကား ရှုံ့ရှာဖွယ်ရာ လုပ်ရပ်သာတည်း။

တန်နိုင်ချွန်းသည် ဓားမြှောင်လေးလက်ပိုင်ရှင်ကို တွေ့လိုက်သည်။ လူလေးယောက်။ ဓားမြှောင်ပိုင်ရှင်များမှာ လေးယောက်တိတိ ဖြစ်နေပါ၏။ တစ်ယောက်ကား ချောင်ဟာမ်ရီတည်း။

အခြားနှစ်ယောက်က ယွမ်ညီနောင်တည်း။

ကျန်တစ်ယောက်ကား လူစိမ်း မျက်နှာစိမ်းတည်း။

ထိုလူစိမ်းမှာ ကလေကချေတစ်ယောက် မဟုတ်နိုင်ပါ။ သူ့ရုပ်ရည်မှာ အောက်တန်းကျသော ရုပ်ရည်မျိုး မဟုတ်ပါ။ အဝတ်အစားများကလည်း တောက်တောက်ပပနှင့် အထက်တန်းစားများ ဝတ်ဆင်သော ဝတ်စုံမျိုး ဖြစ်ပါသည်။

သူ့မျက်နှာထားမှာ ချောင်ဟာမ်ရီ၊ ယွမ်ညီနောင်တို့နှင့် ကွာပါသည်။ ချောင်ဟာမ်ရီနှင့် ယွမ်ညီနောင်တို့သည် ပျော်တပြုံးပြုံးဖြစ်နေသည်။ လူစိမ်း၏ မျက်နှာမှာ ဆွေးမြည့်သည့်မျက်နှာမျိုး၊ အခဲမကျေသည့် မျက်နှာမျိုး အဓိပ္ပာယ်အမျိုးမျိုး ပေါ်နေပါသည်။ မည်သို့ပင်ဖြစ်စေ၊ ဤလူများ လာရောက်ပေါင်းဆုံခြင်းမှာ အံ့ဩစရာ ကောင်းပါသည်။ သူတို့ရောက်လာရန် အကြောင်းမရှိပါ။ ယခု သူတို့ရောက်လာကြပါပြီ။ ယွမ်ညီနောင်ထဲမှ ညီဖြစ်သူ ယွမ်ချုယွင်က ....

“ကြံ့ပြောင်းထို ကျုပ်တို့က ခင်ဗျားအတွက် အများကြီး ဂုဏ်ယူပါတယ်ဗျာ .... ”

ချောင်ဟာမ်ရီကလည်း ....

“ကြံ့ပြောင်းထို ... ခင်ဗျားက သိုင်းလောကရဲ့ ဓားဘုရင်ကြီး အနိုင်ယူလိုက်ပြီ .... ”

ယွမ်ချဲယွင်က ....

"ဒီတော့ ခင်ဗျားတစ်ဟုန်ထိုး နာမည်ကျော်သွားပြီ
ချောင်ဟာမ်ရီက ....

"သိုင်းလောကရဲ့ ဘုရင့် ဘုရင်ဖြစ်သွားပြီပေါ့။ သိုင်း
ရဲ့ စကားပုံတစ်ခုရှိတာ အခု မှန်ကန်သွားတာပေါ့။ တောင် တစ်
ထက် ပိုမြင့်သော အခြား တောင်တစ်တောင်သည်ရှိ၏ဆိုတဲ့
လေ။ ရှန်ရှောင်ဖုန်း ဘယ်လောက်တော်တော် သူ့ကိုနိုင်တဲ့လူ
တာပဲ .... "

ယွမ်ချဲယင်က ....

"ဘာပဲပြောပြော ကျုပ်တို့ရဲ့ ကြိုပြောင်းထိုက အနိုင်ယ
ခြင်း ဖြစ်တာကတော့ ကျုပ်တို့အတွက် ပိုလို့ဂုဏ်ရှိစေတာပါပဲ

လူလေးယောက်အနက် နှစ်ယောက်၏ ဂုဏ်ပြုစကား
ဘောင်းလန်နေသည်။ ထန်နိုင်ချန်းကတော့ အားလုံးကိုအေးစ
ပင် ကြည့်နေလိုက်သည်။ သူ့မျက်နှာ၌ ဝမ်းသာဂုဏ်ယူသည့် အမ
မရှိပါ။ သူသည် လက်ကိုတွဲလောင်းချထားသည်။ ဓားသည်
ဦးစိုက်နေသည်။ ယွမ်ချဲယွင်က ....

"ကျွန်တော်တို့က ဘေးက ဝိုင်းဝန်းပံ့ပိုးပေးခဲ့ကြပါတ
ဒါပေမယ့် အဓိက,ကတော့ ခင်ဗျားပဲဗျ .... ခင်ဗျားတိုက်တဲ့အ
ဒီအောင်မြင်မှုကို ခင်ဗျားရရှိတာပါ .... "

ယွမ်ချဲယွင်၏ နောက်ဆုံးစကားက သူတို့၏ဂုဏ်ကျေး
လည်း ဖော်ထုတ်နေသည်။ ထန်နိုင်ချန်းက အေးစက်စက်မေးလိုက်

"ဓားလေးလက်ပစ်လိုက်ဟာ ခင်ဗျားတို့လေးယောက်

"ဘာဖြစ်လို့လဲ .... "

"တစ်ယောက်တည်းလည်း ပစ်နိုင်တယ် .... နှစ်ယော



လည်း ပစ်နိုင်တယ်လေ .... "

"ကျုပ်တို့အားလုံး ပစ်တာပေါ့ .... ဓားဝင်ပုံကို ခင်ဗျားကြည့်
ရင် သိနိုင်ပါတယ် .... ဘယ်ဓားမှ မမြန်ဘူး .... ဘယ်ဓားမှ မကျန်ဘူး။
အားလုံး တစ်ပြိုင်နက်တည်းပဲဗျ။ ဟန်ချက်ညီမှသာ ဓားချက်အားလုံး
ထိရောက်မှာပေါ့ဗျ .... "

ထန်နိုင်ချန်းက ခေါင်းတဆတ်ဆတ်ညိတ်ပြီး ....

"ခင်ဗျားတို့ရဲ့ ဓားလေးလက်က သူ့အပေါ်က ချက်ကောင်း
တွေကို မတိုက်နိုက်ဘူး။ ခင်ဗျားတို့ရဲ့ ရည်ရွယ်ချက်က သူ့ကို ကျုပ်ရဲ့
ဓားချက်နဲ့ သေစေချင်တဲ့သဘောပေါ့ ဟုတ်လား .... "

ချောင်ဟာမ်ရီနှင့် ယွမ်ချဲယွင်တို့က ပြုံး၍ကြည့်နေကြ၏။ သူတို့
ဘာမျှ ပြန်မပြောကြပေ။ သဘောကတော့ 'ဟုတ်ပါသည်'ဟု ဆိုလို
သည့်သဘောပင်။ ဤသဘောတွေကို မကြာမီပင် ပြောခဲ့သေးသည်
မဟုတ်ပါလား။ ထန်နိုင်ချန်းသည် ထိုကိစ္စကို ဆက်မပြောလိုတော့ပေ။
သူသည် သားနားသောလူစိမ်းဘက်သို့ လှည့်လိုက်၏။

"သည်က နောင်ကြီးကရော .... "

ထိုအခါ ယွမ်ချဲယွင်က ချောင်းဟန့်ပြီး ဝင်ရောက်မိတ်ဆက်
ပေးလေ၏။

"ဟုတ်ပါရဲ့ဗျာ .... ကျုပ်တို့မေ့နေတယ် .... ဒီကနောင်ကြီး
ကို ခင်ဗျားနဲ့ မိတ်ဆက်ပေးဖို့ မေ့နေခဲ့တယ် .... "

သူသည် လူစိမ်းအား ညွှန်ပြရင်း ....

"ဒီက နောင်ကြီးက ကြိုပြောင်းထို .... ကြားဖူးမှာပါ ....
သူက ရှဟို့မျိုးရိုးရဲ့ သခင်လေး ရှဟို့ရှင်းပါပဲဗျာ .... "

လူစိမ်းက ထန်နိုင်ချန်းအား ခပ်စိမ်းစိမ်းကြည့်နေသော်လည်း

ထန်နိုင်ချန်းက ဂါရဝပြု နှုတ်ဆက်လိုက်သည်။

"ကောင်းကောင်းကြားဖူးပါတယ်ဗျာ .... "

သူ့အသံသည် တဖြည်းဖြည်း တိမ်ဝင်သွား၏။ တကယ်တော့ ထန်နိုင်ချန်း ပင်ပန်းနေလေပြီ။ ဓားဘုရင်ကြီးအား သူသည် ဖေးချိုနိုင်း ကျန်တစ်ရာသုံးဆယ့်နှစ်ကွက်ဖြင့် ပင်ပန်းကြီးစွာ တိုက်ခိုက်ခဲ့ပြီးနောက် မရဏ ဓားသိုင်းဆယ့်သုံးကွက်နှင့် တိုက်ခိုက်ခဲ့ရသေးသည်။ ထို့ပြင် ဆယ့်လေးကွက်မြောက် ဓားကွက်နှင့်လည်း စမ်းသပ်တိုက်ခိုက်ခဲ့ရ သေးသည်။ ယွမ်ရှဲယွင်က သတိပေးလိုက်၏။

"ဒီလူရဲ့သွေးဟာ အေးခဲသွားခြင်း မရှိသေးပါဘူး၊ သူ့သွေးနဲ့ အာမခံဌာနရဲ့အလ်ကို ဆေးကြောမယ်ဆို ကြို့ပြောင်းထိုအတွက် ခု အချိန်က အကောင်းဆုံးအချိန်ပါပဲ .... "

ချောင်ဟာမ်ရိက ....

"ခုချိန်မှာ လည်ချောင်းသွေးပဲထုတ်ထုတ်၊ နှလုံးသွေးပဲ ထုတ်ထုတ်အဆင်ပြေဆုံးအချိန်ပါပဲ၊ကြို့ပြောင်းထိုတို့အတွက်မဟာအခွင့်အရေး ကြီးပဲပေါ့ဗျာ .... "

ထန်နိုင်ချန်းက ခေါင်းညိတ်လိုက်၏။

"အဲဒီလိုလုပ်ဖို့ ကျုပ်မှာ အစီအစဉ်ရှိပါတယ် .... "

သူသည် ရုတ်တရက် ဓားကိုထိုးထုတ်လိုက်၏။ သူ့ဓားသည် ရှန့်ရှောင်ဖုန်း၏ လည်မျိုသို့ သွားပါသလား။ မသွားပါ။ လုံးဝ မသွားပါ။ ဓားသွား သွားသည့်နေရာမှာ ယွမ်ရှဲယွင်ထံသို့သာ ဖြစ်ပါသည်။

ယွမ်ရှဲယွင် အလန့်တကြား နောက်ဆုတ်သွား၏။လက်မတင် လေးလွတ်သွားသည်။ အနည်းငယ်သာ ဆုတ်ချိန်နောက်ကျသွားလျှင် ထိုဓားချက်ဖြင့် သေဆုံးသွားမည်မှာ မုချပင်။



ယွမ်ရှဲယွင်သည် ဓားကိုထုတ်ပြီး ခုခံ၏။

"ကြို့ပြောင်းထို ဘယ်လိုလုပ်တာလဲ .... "

ယွမ်ရှဲယွင်က အော်သည်။

ဓားသံများ တချွမ်းချွမ်း မြည်ဟည်းနေသည်။

ထန်နိုင်ချန်းက ....

"ကျုပ် ဘယ်လိုလုပ်ထားလဲဆိုတာ အစုမျက်မြင် ဖြစ်သွား ပြီပေါ့ .... ကျုပ်ဟာ သည်လောက်အောက်တန်းကျ ယုတ်ညံ့တဲ့လူ မဟုတ်ဘူး။ ပြိုင်ဘက်တစ်ယောက် ကျုပ်ထက် ဘယ်လောက်ပဲ အဆင့် မြင့်နေပါစေ .... ဒီလိုမတော် မတရားတော့ မလုပ်ပါဘူး .... အခု ကျုပ်က ကြို့တုန်းကြိုက်တုန်း အသေသတ်လိုက်တာ မဟုတ်ဘူး .... ဓားရှိန်ကို မထိန်းနိုင်လို့ သူ့ကို ထိုးမိသွားတာ၊ ဒီအတွက် ကျုပ် စိတ် မကောင်းဘူး .... "

ထန်နိုင်ချန်း၏ အေး ်သံသည် ဥယျာဉ်ထဲ၌ မြည်ဟိန်းသွား၏။ သို့သော် သေသူသည် ထန်နိုင်ချန်း၏စကားကို ကြားနိုင်ပါမည်လော။ ထန်နိုင်ချန်းသည် ဤ မရိုးသားသော လုပ်ကြံမှု၌ ပါခဲ့သူ မဟုတ်ပါ။ မပါသော်လည်း ရှန့်ရှောင်ဖုန်းက မသိနိုင်တော့ပါ။

ရှဟို့ရှင်းကား မြေပေါ်၌ လဲကျနေသော ရှန့်ရှောင်ဖုန်းကိုသာ တစ်ချိန်လုံး မျက်တောင်မခတ် စောင့်ကြည့်နေခဲ့သည်။ သူ့မျက်လုံးထဲ ၌ ရှုံ့မှုန်းတီးမှုအပြည့် ရှိနေ၏။ ဒေါသအပြည့်ရှိနေ၏။

"တောက် .... "

ရှဟို့ရှင်း၏ တောက်ခေါက်သံသည် ကျယ်လောင်စွာ ပေါ် လာသည်။ သူသည် ကြည့်ရင်း ရှုရင်း ဒေါသကို မထိန်းနိုင်တော့သဖြင့် လှသေကောင်၏ ဝမ်းဗိုက်ကို ဓားနှင့်ထိုးစိုက်လိုက်တော့သည်။

ထိုအခါ အံ့ဖွယ်သရဲအဖြစ်သည် ထူးဆန်းစွာ ဖြစ်ပေါ်လာတော့သည်။ ရှန့်ရှောင်ဖုန်းသည် သူ့ခန္ဓာကိုယ်ကို တစ်ပတ်ပြီးတစ်ပတ် လိမ့်ချကာ ရှောင်တခင် ထထိုင်လိုက်တော့သည်။ ရှပ်ဟို့ရှင်း၏ဓားချက်သည် လွဲချော်သွားခဲ့ရလေပြီ။

ထိုအခါ ရှပ်ဟို့ရှင်း ထိတ်လန့်စွာ အော်ဟစ်လေတော့၏။

“ဟော့ .... သူ မသေဘူးကွ .... သူမသေဘူး .... ”

သူသည် သွေးပျက်မတတ် လန့်သွားသည်။ သူ၏ဓားသည် လေထဲ၌ အဆက်မပြတ် လှုပ်ရှားယမ်းခါသွားတော့သည်။ ရှန့်ရှောင်ဖုန်းအား အဆက်မပြတ် လိုက်လံတိုက်ခိုက်သည်။ ကြမ်းကြုတ်ရက်စက်သော တိုက်ကွက်များဖြင့် တစ်ချက်တည်း သေသွားနိုင်သည့် သေကွင်းသေကွက်များဆီသို့သာ တိုက်ခိုက်သည်။ ရှန့်ရှောင်ဖုန်းသည် ထန်နိုင်ချန်းနှင့် ယှဉ်ပြိုင်စဉ်က မြေကြီးထဲ၌ စိုက်ထားသောဓားကို နှုတ်မယူခဲ့ပါ။ ဓားရိုးတွင် ချည်နှောင်ထားသည့် ပိုးကြိုးကိုသာ ဖြုတ်ယူခဲ့ပါသည်။ ယခုတော့ သူ ဓားကို နှုတ်ယူသွားပါပြီ။

ယခုအချိန်တွင် သူ မနှုတ်ယူလျှင် မဖြစ်ပါ။ သူ့တွင်ဒဏ်ရာဒဏ်ချက် မြောက်မြားစွာ ရှိနေပါပြီ။ သူ့လက်ထဲတွင် ဓားတစ်လက်မရှိလျှင် သူ ရန်သူများကို မည်သို့မျှ ခုခံနိုင်လိမ့်မည် မဟုတ်ပါ။ သူ့တွင် ကျောက၌ ဒဏ်ရာများ ရှိနေရုံမျှမက လည်ပင်းတွင်လည်း ကြီးမားသော ဒဏ်ရာများ ရှိနေပါသည်။ လေရှူပြွန်ကို မဖြတ်မိခြင်းကြောင့် ရှန့်ရှောင်ဖုန်း အသက်ရှင်သန်ခွင့် ရရှိခြင်း ဖြစ်ပါသည်။

ရှပ်ဟို့ရှင်းကား ဒေါသတကြီး ဆက်လက်တိုက်ခိုက်နေသည်။ ရှန့်ရှောင်ဖုန်းအနေဖြင့် ရှပ်ဟို့ရှင်း၏ ဟာကွက်များကို သိနေ၍သာ ကံကောင်းတော့သည်။ သူ ထိုးသွင်းလိုက်သည့် ဓားချက်သည် ရှပ်ဟို့ရှင်း



ကျွက်သုံးမှုအတွင်း တိုးဝင်သွင်းသည်။ ရှပ်ဟို့ရှင်း လုံးဝမချော်ဖျက်ပါ။ ထို့နောက် ရှပ်ဟို့ရှင်း ကံကောင်းသွားသည်။ အဘယ်ကြောင့်ဆိုသော် သူသည် အလွန်တရာ ပင်ပန်းနေပြီး ဒဏ်ရာများ အထပ်ထပ်ရရှိနေ၍ ရှန့်ရှောင်ဖုန်း၏လက်မောင်းသည် ရုတ်တရက် ထုံကျင်သွားပြီး လမ်းခုလတ်၌ ရပ်တန့်သွား၏။

“ဗျမ်း .... ”

ရှပ်ဟို့ရှင်း၏ ငယ်ထိပ်သည် သွေးတက်သွားသည်။ ပြင်းပြင်းထန် ခုတ်လိုက်သည့် ဓားချက်သည် ရှန့်ရှောင်ဖုန်းလက်မောင်း ကျင်သွားချိန်နှင့် တိုက်တိုက်ဆိုင်ဆိုင် သွားကြုံသည်။ ထိုအခါ ရှန့်ရှောင်ဖုန်း၏ လက်ထဲမှ ဓားလွတ်ထွက်သွားတော့သည်။

ရှပ်ဟို့ရှင်း ခုတ်လိုက်သည့်ဓားချက် မည်မျှ ပြင်းထန်သနည်းဆိုလျှင် ရှန့်ရှောင်ဖုန်း၏ဓားသည် ဥယျာဉ်၏ ဝင်းအပြင်ဘက်သို့ပင် လွင့်သွားသည်အထိ ဖြစ်ခဲ့ရသည်။

ဤအဖြစ်မှာ မည်သို့မျှ မမျှော်လင့်သော အဖြစ်တည်း။ ရှန့်ရှောင်ဖုန်းမှာ ဓားလွတ်သွားသည်နှင့်တစ်ပြိုင်နက် သူ့ဝမ်းဗိုက်အတွင်းမှ အူသိမ်သည် ပါးစပ်အတွင်းမှ အပြင်သို့ ခုန်ထွက်လာသလို ခံစားလိုက်ရ၏။ ထို့ပြင် အလွန်နက်ရှိုင်းသော ချောက်ကမ်းပါးအတွင်းသို့ ခက်ထိုးမိုးမျှော်ကျသွားသလိုလည်း ခံစားလိုက်ရသည်။ ဤသို့သော ခံစားမှုမျိုးကို ရှန့်ရှောင်ဖုန်း တစ်ကြိမ်တစ်ခါမျှ မခံစားခဲ့ဘူးပါ။ အဘယ်ကြောင့် ခံစားဖူးပါမည်နည်း။ သူသည် သိုင်းလောကအတွင်း ယခင်ကတည်းက တစ်ကြိမ်တစ်ခါမျှ ဓားလွတ်ကျခြင်း မရှိခဲ့သောကြောင့်ပါပေသည်။ ထိုစဉ် စူးစူးမြမြရှိသည့် ဓားချွန်တစ်ခုသည် သူ့လည်ပင်းသို့ ပါးတစ်တောက်မျှ နက်ဝင်လာတော့၏။ ရှပ်ဟို့ရှင်းကား အောင်နိုင်သူ

ဖြစ်သွားခဲ့ပါပြီ။ ရှပ်ဗ်ရှင်းက အေးစက်မာကြောသောလေသံဖြင့် မေ
လိုက်၏။

"ဟောကောင် .... ငါ ဘယ်သူလဲဆိုတာ အခုအချိန်မှာတေ
မင်း သိလောက်ရောပေါ့ .... "

ရှန့်ရှောင်ဖုန်းက ရှပ်ဗ်ရှင်းကို သေချာစွာကြည့်ပြီး ....

"မင်းဟာ အပြန်အလှန် ပြောင်းလဲသွားတာပဲ .... "

ရှပ်ဗ်ရှင်း မျက်မှောင်ကြုတ်သွားသည်။

"မင်း ဘာကို ဆိုလိုတာလဲ .... "

"မင်းရဲ့အတွင်းအားဟာ အရင်ထက်အများကြီး ကောင်းလ
တာပဲ .... "

"မင်းက ဘယ်လိုလုပ်သိသလဲ .... "

"ငါ့ဓားကိုမင်းဘယ်လိုလုပ်လွတ်ထွက်အောင်လုပ်နိုင်မှာဗို့လဲ

"ဒါက မင်းဒဏ်ရာရထားလို့ပါ .... အပြန်အလှန် ပြောင်းလဲ
သွားတယ်ဆိုတာ ဘာလဲ .... "

"မင်းရဲ့အတွင်းအားဟာ ယခင်ကနဲ့မတူ တစ်မူပြောင်းလဲ
သွားပေမယ့် မင်းရဲ့စိတ်ဓာတ်ကတော့ အရင်ကထက်နိမ့်ကျသွားတယ်
အရင်ကဆိုရင် မင်းဟာ ဘယ်တော့မှ သူတစ်ပါးကို နောက်ကျောက
လုပ်ကြံမှာမဟုတ်ပါဘူး .... "

ရှပ်ဗ်ရှင်းသည် ရှန့်ရှောင်ဖုန်း၏လည်ပင်းကို ဓားဖြင့်ထောက်
ပြီး ခန္ဓာကိုယ်ကို တစ်ပတ်လှည့်လိုက်ရာ ရှန့်ရှောင်ဖုန်း၏လည်ပင်းတွင်
အနီရစ်တစ်ရစ် ဖြစ်ပေါ်လာလေတော့၏။

⁂

## အခန်း (၄)
## ဓားဘုရင်ကြီး၏ အရှုံးတစ်ကွက်

တန်နိုင်ချုန်း၏ဓားချက်ထိထားသော လည်ပင်း၌ သွေးများ
ကြီး ဗိတ်ဆို့နေသဖြင့် ထိုနေရာ၌ အနီဝိုင်းတစ်ခု ဖြစ်နေလေရာ ရှပ်ဗ်
ရှင်းက သွေးဖြင့် ထပ်မံရစ်ဆွဲလိုက်သောအခါ ဆွဲပြားတစ်ခုကို ကြီး
မားစွာဖြင့် ရှန့်ရှောင်ဖုန်း ဆွဲထားသလို ရှိနေလေတော့၏။

တကယ်တမ်းအားဖြင့် တန်နိုင်ချုန်း၏ ဓားချက်သာလည်မျို
ပြွန်ကည့်သို့ ထိုးဖောက်သွားလျှင် ရှန့်ရှောင်ဖုန်းသေသည်။ တန်နိုင်
ချုန်းက ဓားချက်၏ စေစားချက်အတိုင်း ကစားလိုက်၍သာ သူ သက်
ဆိုးရှည်ခြင်း ဖြစ်သည်။ အကယ်၍ တန်နိုင်ချုန်း၌ သေစေလိုသည့်
စေတနာပါရှိခဲ့လျှင် ရှန့်ရှောင်ဖုန်းတစ်ယောက် ယခုကဲ့သို့ သွေးဆွဲကြိုး
ကို ဆွဲခွင့်ရတော့မည် မဟုတ်ပါ။

"ဘယ့်နှယ်လဲ .... "

ရှပ်ဗ်ရှင်းက လည်ပင်းကို သွေးနီရစ်တစ်ရစ် ရစ်ပြီး လှောင်
ပြောင်သလို မေး၏။ ရှန့်ရှောင်ဖုန်း မျက်ခုံးတစ်ချက်မျှ မတွန့်ခဲ့ပါ။

သူကလည်း မထိမဲ့မြင်လေသံဖြင့် ....

"ရှုပ်ပို့မျိုးရိုးမှာ သံချေးတတ်တဲ့ ဓားချည်းပဲ ရှိနေတယ် ငါ

အောက်မေ့နေတာ .... အင်း .... မဆိုးပါဘူး .... ဒီလိုဓားမျိုးတစ်လ

တော့ ရှိနေသေးတယ်ဆိုပြီး ကြံဖန်ဂုဏ်ယူနိုင်တာပေါ့ .... "

"မင်းတော့ လည်မင်းပြတ်ချင်နေပြီနဲ့တူတယ် .... "

"ဟဲ .... ဟဲ .... ဟဲ .... ငါက မပြတ်ချင်ပါဘူးလို့ပြောလည်

မင်းက ငါ့ကို လွှတ်ပေးမှာ မို့လို့လား .... "

"အေး .... မလွှတ်ဘူး၊ ဒီတစ်သက် မဟုတ်ဘူးကွ၊ နောက်

ဆယ်သက် မလွှတ်ဘူး .... "

"ဟဲ .... ဟဲ .... ဟဲ .... ဒါတွေသာ ငါမသိထားရင် မင်းက

ငါက တောင်းပန်လိမ့်မယ်လို့ မင်း ထင်နေမှာပေါ့ .... "

"မင်း သိပ်လည်း ကြီးကျယ်မနေနဲ့ .... မင်း မသိတဲ့ ကိစ္စတွေ

အများကြီးရှိသေးတယ်ကွ .... "

"ငါ မကြီးကျယ်ပါဘူး .... ငါ မသိတဲ့ကိစ္စတွေ အများကြီး

တယ်ဆိုတာ မင်းပြောမှမဟုတ်ဘူး .... ငါ့ဘာသာ ငါလည်း သိတာ

ကွ .... လောကမှာ အားလုံးသိတဲ့လူဆိုလို့ ဘုရားတစ်ပါးပဲ ရှိတယ်

"သိပ်စကားရှည်မနေနဲ့ .... ဟိုကောင်မ ဘယ်မှာလဲ ..

ပြောစမ်း .... မှန်မှန်ကန်ကန်ပဲ ပြော .... "

"ဘယ်ကောင်မကို ပြောနေတာလဲ .... "

"ငါ ဘယ်ကောင်မကို ပြောနေတယ်ဆိုတာ မင်း သိပါတယ်

မသိချင်ယောင်ဆောင်မနေစမ်းပါနဲ့ .... "

"အို .... မင်းပဲ ပြောတာပဲ မဟုတ်လား .... မင်း မသိတ

တွေ အများကြီးရှိတယ်လို့၊ အခု မင်းပြောတဲ့ကောင်မဆိုတာလည်



မသိတဲ့ကိစ္စတွေထဲက တစ်ခုပေါ့ .... "

ရှုပ်ပို့ရှင်း ဒေါသထွက်သွားသည်။ သူသည် သူ့ဒေါသကို

ထိန်းသိမ်းလိုက်၏။

"မင်းက ထပ်ကြွားချင်သေးတယ်ဆိုရင်တော့ ငါက ထပ် ရှင်း

နေမလေးပါဘူး။ ဒါကို ရှက်စရာလို့ မထင်မှတ်ခဲ့တာ ကြာပါပြီ"

"မင်းစိတ် မင်းသဘောအရပဲပြော .... မင်း ပြောချင်မှပြောပါ၊

မဆိုင်ပါဘူး .... "

"အေးပါ .... ငါ့သဘောအရ ငါပြောတယ်ပဲထားပါတော့ ....

သူဟာ ငါ့ကို လက်ထပ်ပြီးချိန်ကစပြီး သစ္စာဖောက်တော့တာပဲ ....

ငါကတော့ သူနဲ့တစ်သက်လုံး သစ္စာရှိရှိ ပေါင်းသင်းသွားရလိမ့်မယ်လို့

မျှော်လင့်ခဲ့ပါတယ်၊ ဒါ .... ဒါ .... ဒါပေမယ့် သူ .... သူဟာ"

ရှုပ်ပို့ရှင်းသည် စကားပင်ဆက်မပြောနိုင်တော့ပေ။ အသံများ

ပြောက်လာပြီး တုန်ယင်အက်ကွဲလာ၏။ ထိုအချက်ကိုကြည့်ချင်းအား

စကားများကိုမည်မျှခက်ခဲစွာပြောရကြောင်းသိသာနိုင်ပေသည်။

ရှန့်ရှောင်ဖုန်းကတော့ ဘာမျှ မပြောပေ။ ငြိမ်သက်စွာပင်

နေသည်။ သို့သော် သူ့မျက်လုံးများကမူ ရှုပ်ပို့ရှင်းသတိလစ်

အချိန်ကို စောင့်ကြည့်နေ၏။

"သူဟာ အခွင့်အရေးကိုပဲ ကြည့်နေတယ်၊ အခွင့်အရေးရတာနဲ့

ပြေးဖို့ပဲ ကြည့်နေတာပဲ၊ ငါ့ဆီက အချိန်နည်းနည်းပဲရရင် သူဟာ

သွားသောက်မယ်၊ လောင်းကစားဝိုင်းသွားမယ်၊ အချိန်များများ

ထွက်ပြေးမယ်၊ ငါ လိုက်လို့မမီနိုင်တဲ့ နေရာအထိ ထွက်ပြေးမယ်၊

ဆုံး၊ သူဟာ သူ့ကိုယ်သူ ပြည့်တန်ဆာတောင် လုပ်ပစ်ဖို့ဝန်မလေး

ပြည့်တန်ဆာလုပ်လို့ သူ့ကို ငါက စွန့်မယ်ဆိုရင် သူဟာ မုချ

ပြည့်တန်ဆာလုပ်မှာ သေချာတယ် .... "

ရှန့်ရှောင်ဖုန်းက ရှဟ်ရှင်းအား သနားကြင်နာသော အမူအ
မျိုးဖြင့် ကြည့်ကာ စုတ်သပ်လိုက်၏။ တကယ်တော့ တမင် လှော
လိုက်ခြင်းသာ ဖြစ်သည်။ ရှန့်ရှောင်ဖုန်းမှာ လူသားသာဖြစ်ဝ် သ
ဒေါသ၊ မောဟ၊ မာန်မာနများ ရှိနေပေသေးသည်။

"မင်းက သူ့အပေါ် အမှားအယွင်းတစ်ခုခု လုပ်ထားလို့ဖြစ်
ပေ့။ ဘယ်မိန်းမမှ သိပ်မနာကြည်းဘဲ ဒါမျိုး ဒါမျိုး မလုပ်ပါဘူး ....

ရှဟ်ရှင်းက အက်ကွဲသောလေသံဖြင့် ပြောသည်။

"ငါက မမှားပါဘူး .... "

"မင်း မမှားရင် ဘယ်သူမှားမလဲ .... မင်းမမှားဘဲ သူ
ဘာဖြစ်လို့ နာကြည်းစရာတွေ လျှောက်လုပ်မှာလဲ .... "

"မှားတာက သူပါ။ နောက်ပြီး မသင့်မရာလုပ်တာက မင်းပ

"ဘာ .... ငါမှားတယ်၊ ငါက မသင့်မရာ လုပ်တယ် ....

ရှန့်ရှောင်ဖုန်း အော်လိုက်၏။သို့သော်အသံကထင်သလော
ထွက်မလာပါ။ ရှဟ်ရှင်းက ရှန့်ရှောင်ဖုန်းကို မှန်းတီးရှုံ့ရှာစွာကြည့်ပြီး

"အခုတော့ ငါသိပါပြီ .... "

"ဘာသိတာလဲ .... "

"သူ ဘာကြောင့် ဒီလိုလုပ်ရတယ်ဆိုတာကို .... "

"ပြောစမ်းပါဦး .... "

ရှဟ်ရှင်းသည် သူ့ခန္ဓာကိုယ်ကို တစ်ပတ်ပတ်ပြီး သူ့ဓားဖြင့်
ရှန့်ရှောင်ဖုန်းလည်ပင်းကို အနီရစ် တစ်ရစ်ဖြစ်သွားအောင် ထပ်မံခြစ်
လိုက်ပြန်လေ၏။ ယခုအခါ ရှန့်ရှောင်ဖုန်း၏လည်ပင်းတွင် သွေးနီရစ်
ရှိသွားလေပြီ။



ပြီးနောက် ရှဟ်ရှင်းက ရက်စက်ကြမ်းကြုတ်စွာပြောလိုက်၏။

"ဒီဓားဟာ တကယ်ထက်တယ်ဆိုတာ မင်း လက်မခံသေး
... ဟင် .... "

ရှန့်ရှောင်ဖုန်းက ရယ်လိုက်၏။ သက်သက်သာသာ မရယ်နိုင်
ရှဟ်ရှင်း၊ မခံနိုင်အောင် ထိမထင်ဘဲ ရယ်ပြခြင်းဖြစ်ပါသည်။

"ဒီလောက်ထက်တဲ့ဓား၊ မင်းတို့မျိုးရိုးမှာ ရှိနေတာကို ငါ
...ပြီးပါတယ်လို့ ပြောပြီးသားပဲ .... "

"ဒေး .... ငါဟာ လက်ကိုဖွပြီး ရစ်နေတော့ .... လက်မဖွ
...ပ်နက်နက်ရစ်လိုက်ရင် ဘာဖြစ်သွားမလဲ မင်းသိရဲ့လား .... "

"ဘာကြောင့်လဲ .... "

"ဟိုကောင်မငှါဆီကတစ်ပြေးတည်းပြေးနေတာမင်းကြောင့်ကွ"

"ဘုရားရေ .... မင်းနဲ့ငါ အနေသာကြီးပါ။ မဆီဆိုင်ကိစ္စကြီး
...ရဲမထည့်စမ်းပါနဲ့ .... "

"ဘာဖြစ်လို့ ဆွဲမထည့်ရမှာလဲ၊ သူဟာ ငါ့ကို လက်ထပ်ခဲ့ပေ
...ပါ့ငါ့ကိုချစ်တာ မဟုတ်ဘူးကွ .... သူချစ်တာက မင်းကိုပဲ ....
...မင်းသိရဲ့လား။ မင်း ဒီတစ်သက်မှာ မိန်းကလေးဘယ်နှစ်ယောက်
...ဖျက်ဆီးခဲ့ပြီးပြီလဲဟင် .... ဒီတစ်သက်မှာ သူတစ်ပါး လင်မယား
...နှစ်ကွဲသွားအောင် မင်းလုပ်ခဲ့ပြီးပြီလဲ .... "

ယခုအချိန်အထိ တစ်ချက်ကလေးမျှ မျက်နှာမပျက်ခဲ့သေး
ရှန့်ရှောင်ဖုန်းသည် အစိတ်စိတ်ကွဲကြေသွားသော မှန်တစ်ချပ်
မျက်နှာပျက်သွားလေတော့၏။ မျက်နှာ၌ပြားထိမှန်သူကဲ့သို့ သူ့
မျက်နှာတစ်ပြင်လုံး နာနာကျင်ကျင် ရှုံ့ရှုံ့တွတွ ဖြစ်သွားသည်။

အကယ်၍ ယောကျ်ားတစ်ယောက်ကို မိန်းမသားတစ်

ယောက် အသေအလဲ ကြိုက်နေခဲ့လျှင် ထိုယောက်ျားသား၌ အပြစ် သလော။ သူတို့နှစ်ဦးတွင် မည်သူအပြစ်ရှိပါသနည်း။

ရှန့်ရှောင်ဖုန်း မဖြေနိုင်ပါ၊ ရှင်းမပြနိုင်ပါ။

ရှဟို့ရှင်းကတော့ သူတို့နှစ်ဦးစလုံးကို စွဲချက်တင်လိုက်

ယွမ်ညီနောင်တို့နှင့် ထန်နိုင်ချန်းတို့၏တစ်ဘက်သတ် ပွဲကား အပြင်းအထန် ယှဉ်ပြိုင်နေဆဲ ဖြစ်သည်။ သို့သော် ထန်နိုင် က အသာစီးရနေသည် မဟုတ်ပါ။ ယွမ်ညီနောင်တို့သည် တစ်ဦး သိုင်းပညာ ကောင်းကြသည်သာမက နှစ်ဦးပူးပေါင်းတိုက်ခိုက်ရာ လည်း လွန်စွာ အပေးအယူညီမျှကြပေသည်။

ထို့ပြင် ကျင်လင်မြို့ရှိ ယွမ်မိသားစုတို့၏ သိုင်းပညာ အဆင့်အတန်းမြင့်သော သိုင်းပညာဖြစ်သည်။ ယွမ်မျိုးရိုးတို့၏ ပညာကို ချေဖျက်နိုင်သူလည်း သိပ်မရှိခဲ့ပါ။ ထို့ကြောင့် ထန်နိုင်ချ သိုင်းပညာအရ လူဦးရေအရ ပင်ပန်းနွမ်းနယ်မှုအရ တစ်ပန်းရှုံး ရှိနေပေသည်။ အကယ်၍သာ သူသာ လန်းလန်းဆန်းဆန်းရှိပြီး ချင်း ယှဉ်တိုက်ခိုက်ရလျှင် ယွမ်မျိုးရိုး၏ သိုင်းပညာကို ထန်နိုင် မကြောက်ပါ။ ထန်မျိုးရိုး၏ ဓားပညာကလည်း နာမည်ကျော်ဓား ဖြစ်ရာကျွမ်းကျင်မှုသတိဝီရိယရှိမှုများနှင့်ဖြတ်ထိုးဉာဏ်ကောင်းမှု အသုံးပြုပြီးအနိုင်တိုက်နိုင်ပါသည်။ယခုတော့ထန်နိုင်ချန်းအခြေမ

ထန်နိုင်ချန်းသည် မရဏဓားသိုင်းဆယ့်သုံးကွက် ထုတ် လျှင် နိုင်ပါသည် သို့မဟုတ် ဆယ့်လေးကွက်မြောက် ဓားကွက် တည်းကို ထုတ်သုံးလျှင်လည်း နိုင်ပါသည်။ သို့ရာတွင် သူသည် မ ဓားသိုင်းဆယ့်သုံးကွက်ကိုလည်း မသုံး၊ ရှန့်ရှောင်ဖုန်း ဖော်ထုတ် သည့် ဆယ့်လေးကွက်မြောက် ဓားကွက်ဖြစ်သည် ဝိညာဉ်လိပ်ပြာ



ကွက်ကိုလည်း မသုံးခဲ့ချေ။ အဘယ်ကြောင့်ဆိုသော် မရဏဓားသိုင်း ဆယ့်သုံးကွက်မှာ အထူးယှဉ်ပြိုင်မည့်ကိစ္စရပ်၌သာ သုံးသင့်သော ဓားကွက်တည်း။ ဝိညာဉ်လိပ်ပြာဓားကွက်မှာ ရှန့်ရှောင်ဖုန်း ဖော်ထုတ် ထားသည့် သိုင်းကွက်ဖြစ်ခြင်းကြောင့်တည်း။

ထန်နိုင်ချန်းသည် မိမိကိုယ်မိမိ ယုံကြည်ချက် ကြီးမားသော လူမျိုးဖြစ်သည်။ ထိုဓားကွက် ဆယ့်လေးကွက်ကို အသုံးမပြုသင့်ဟု မှ အသက်သေပါစေ အသုံးပြုမည် မဟုတ်ပါချေ။

ထို့ပြင် သူသည် ရှန့်ရှောင်ဖုန်းနှင့် တိုက်ခိုက်ချိန် များခဲ့သဖြင့် အတော်ကလေး နွမ်းနေခဲ့ရာ သူ့အတွင်းအားများကျဆင်းလျက် ရှိနေ ပါပြီ။ တိုက်ပွဲတွင် လက်ပိုက်ကြည့်နေသူ တစ်ယောက်ရှိလေ၏။ ထိုသူကား အထင်သေးသော အမူအရာဖြင့် ထန်နိုင်ချန်းကိုကြည့်နေ သည်။ ချောင်ဟမ်ရိ၏ အမူအရာမှာ တကယ်တော့ မထူးဆန်းပါ။ သူက လူစိမ်းဖြစ်ပါသည်။ တကယ်ထူးခြားသည်မှာ တံခွန်နီ အာမခံ အဖွဲ့သားများပင် ဖြစ်ပါသည်။ ယခုကဲ့သို့ ထန်နိုင်ချန်း အခြေအနေဆိုး နေမှ သူတို့လှုပ်လှုပ်ရွရွ ဖြစ်နေသင့်ပါသည်။ ယခုသော သူတို့အားလုံး သည် ပွဲကြည့်ပရိသတ်များပမာ အေးအေးလူလူ စောင့်ကြည့်နေကြ လေသည်။ ထန်နိုင်ချန်းကတော့ဤအချက်ကိုသတိမပြုနိုင်ပါ။သူသည် ယွမ်ညီနောင်ကို အသေအလဲ ခုခံတိုက်နေရသည် မဟုတ်ပါလား။

ရှဟို့ရှင်းကမူ ရှန့်ရှောင်ဖုန်းအား ထပ်မံ စစ်မေးနေသည်။ ရှဟို့ ရှင်း၏ စကားချက်ကြောင့် ရှန့်ရှောင်ဖုန်း၏ လည်ပင်းမှ သွေးများယိုစီးကျ လာပါသည်။

"မင်း .... ပြောမလား မပြောဘူးလား .... "

"ငါက ဘာပြောရမှာလဲ .... "

"ငါ မင်းကို မေးပြီးပြီ .... "

"ငါ မေ့သွားပြီ .... "

ရှန်ရှောင်ဖုန်းက ခပ်ပြုံးပြုံးဖြေလိုက်ရာ ရှပ်ဂျိရှင်း ဒေါသပုန်ထ သွားတော့၏။

"မင်း ငါစိတ်တိုင်းကျလုပ်လိုက်ရင်ဆယ်ခါပြန်နံသေတော့မယ်"

"ငါကတော့ မကြောက်ပါဘူး .... "

"စိတ်ချပါ .... ငါသိချင်တာ သိပြီးရင် မင်း သေရပါစေမယ် ဟိုကောင်မ ဘယ်မှာလဲ ပြောစမ်း .... "

"မင်းသတ်လိုက်စမ်းပါ .... "

ရှပ်ဂျိရှင်း အနည်းငယ်သဘောပေါက်သွား၏။

"ဟိုကောင်မ ဘယ်မှာရှိတယ်ဆိုတာ ပြောပါ .... မင်းကို ငါ မသတ်ပါဘူး .... အသက်ချမ်းသာရာ ပေးလိုက်ပါတယ် .... "

"မင်းက မသတ်ဘူးဆိုပေမယ့် ဟိုကောင်လေးတွေက ငါ့ကို လွှတ်ပေးမှာတဲ့လား .... "

ရှပ်ဂျိရှင်းက ယဲတိပြတ်လေသံဖြင့် ပြော၏။

"လွှတ်ပေးစေရမယ်ကွာ .... "

ရှန်ရှောင်ဖုန်းသည် အဝေးသို့ ငေးမျှော်ကြည့်နေ၏။ သူသည် ရှပ်ဂျိရှင်းကို မြင်ပုံမရတော့ချေ။ မိုးကုပ်စက်ဝိုင်း၏ တစ်ဘက်အစွန်းသို့ ငေးကြည့်နေသည့်ပုံမျိုးပင်။ ထို့နောက် ရှန်ရှောင်ဖုန်းက တီးတိုးပြော သည်။ သူတစ်ကိုယ် တည်း ရေရွတ်နေသည့်ပုံမျိုးပင်။

"သူ့နှလုံးသားထဲမှာ မင်းရှိမနေမှတော့ မင်း သူ့ကိုရှာတွေ့ လည်း အလကားပဲပေါ့ .... "

ရှပ်ဂျိရှင်း၏ နဖူးမှ ဆီးကင်းခန့် ချွေးသီးချွေးပေါက်များ ထွက်



လာ၏။ ရှန်ရှောင်ဖုန်းက ဆက်ပြောသည်။

"မင်း သိထားအောင် ငါ တစ်ခုပြောလိုက်ပါ့မယ် .... ငါဟာ ... ရဲ့ ရှင်လျက်မှုကို ဝမ်းမြောက်ဝမ်းသာ လက်ခံမယ့်လူ မဟုတ်ဘူးဆို ... မင်း သတ်ချင်ရင် သတ်နိုင်ပါတယ်.... မင်းဟာ ငါနဲ့ လုံးဝတန်းတူ ... မဟုတ်သေးပါဘူးကွာ .... "

ရှပ်ဂျိရှင်းမှာ ယမ်းအိုးကြီး ပေါက်ကွဲသကဲ့သို့ ဖြစ်သွား၏။ ... ဒေါသနှင့် သူ့ဓားကို ရှန်ရှောင်ဖုန်း၏လည်မျိုဆီသို့ ထိုးသွင်း ...၏။

"ဖတ် .... "

လက်ဝါးရိုက်သံကဲ့သို့ အသံတစ်သံ ထွက်ပေါ်လာပြီး ရှပ်ဂျိ ...၏ဓားသည် ရှန်ရှောင်ဖုန်း၏ လက်ဝါးနှစ်ဖက်အကြား၌ ညပ်နေ ... တွေ့လိုက်ရတော့သည်။ ရှပ်ဂျိရှင်းသည် ဓားကိုရှေ့သို့ထိုးသွင်း ... ထိုးသွင်း၍မရ။ သူ ချွေးပြန်လာသည်။ ထို့ကြောင့် ဆွဲထုတ်လိုက် ... ဆွဲထုတ်၍လည်း မရပြန်ပေ။ ကျောက်ချပ်နှစ်ခုအကြား ...နေသည့် ဓားကဲ့သို့ ဖြစ်နေပေသည်။

ရှပ်ဂျိရှင်းသည် လွန်ခဲ့သော နှစ်ကာလများက ယန်ဆယ်စန်း ... ခဲ့သည်။ ယန်ဆယ်စန်း၏ အံ့မခန်း သိုင်းပညာကို တွေ့ခဲ့ ...နောက် သူသည် သူ၏ဓားပညာကို အဆင့်မြှင့်နိုင်ရန် ကြိုးစား ...ခဲ့၏။ ထို့ကြောင့် သူ၏ဓားပညာသည် ယခင်ကထက် အဆ ... တိုးတက်ခဲ့ပေသည်။

... သို့သော် သူ တိုးတက်ခဲ့သော ဓားပညာမှာ အလကားဖြစ် ...ပါသည်။ ရှန်ရှောင်ဖုန်းနှင့် ယှဉ်လိုက်သောအခါ ဘာမှအသုံးမကျ ... ဓားပညာ ဖြစ်သွားပါသည်။ သူ့အနေဖြင့် ရှန်ရှောင်ဖုန်းကို လုံးဝ

မယှဉ်နိုင်ကြောင်း နားလည်သဘောပေါက်သွားခဲ့ပါပြီ။

ရှန့်ရှောင်ဖုန်းကို အနိုင်တစ်ကွက် ရရှိလိုက်ခြင်းမှာ [illegible]
မမျှော်လင့်ဘဲ ရှန့်ရှောင်ဖုန်း၏ အတွင်းအားပြတ်ပြီး လက်တစ် [illegible]
ထုံကျဉ်သွားသောကြောင့် ဖြစ်ပါသည်။ ယခုသော် ရှန့်ရှောင်ဖု [illegible]
သွေးကြောကို ပြန်လည်ထိန်းချုပ်ပြီး အထက်စည်းသို့ ရောက်ရှိသွားပြန် [illegible]

ထို့ကြောင့် ရှုဟိုရှင်းသည် အရှက်ကြီး ရှက်မိသည်။ [illegible]
အသည်းထဲမှနေ၍ ကြေကွဲနာကြည်းမိသည်။ ဤသူကို သူ [illegible]
အဘက်ဘက်မှ ယှဉ်၍မရပါတကားဟု တွေးပြီး ဝမ်းနည်းမဆုံး ဖြစ် [illegible]
တော့သည်။ စိတ်ဓာတ်လည်း အလွန်ကျသွားသည်။

ရှုဟိုရှင်း၏ မျက်ဝန်းအိမ်မှ မျက်ရည်များ လိမ့်ဆင်းလ [illegible]
နဖူးမှ စီးကျလာသည့် ချွေးသီးချွေးပေါက်များနှင့် ရောနှောသွားသ [illegible]

ထိုစဉ် သူ့နံဘေးမှ သက်ပြင်းချသံတစ်ခုကို ‘ဟင်’ခနဲ [illegible]
လိုက်ရသဖြင့် စောင်းကြည့်လိုက်မိသည်။ ချောင်ဟမ်ရီ .... ။

ထိုသူကား ချောင်ဟမ်ရီပါတည်း။

သူသည် ခြေသံမကြားအောင် ရှုဟိုရှင်းအနီးသို့ လျှောက် [illegible]
ခြင်းဖြစ်ပါသည်။ ထို့နောက် ဖြည်းညင်းစွာ စကားပြောသည်။

“ဒီလူဟာ အကြင်နာတရား၊ စာနာတရား၊ မေတ္တာတ [illegible]
မရှိတဲ့ တိရစ္ဆာန်လို လူတစ်ယောက်ပါ .... ”

သူသည် ရှန့်ရှောင်ဖုန်းအား မုန်းတီးရွံရှာစွာ ကြည့်ပြီး [illegible]
လိုက်သည်။ ထို့နောက် ဆက်လက်၍ ....

“ဒီလို တိရစ္ဆာန်လို လူစားသာ မရှိရင် ခင်ဗျားရဲ့ဓနီး [illegible]
ခင်ဗျားကို စွန့်ခွာသွားမှာ မဟုတ်ပါဘူး .... ခင်ဗျားရဲ့ဓနီး စွန့်ခွာမသ [illegible]
ရင် ခင်ဗျားလည်း ဘာစိတ်သောကမှ ရောက်မှာမဟုတ်ပါဘူး [illegible]



[illegible] ခင်ဗျားဟာလည်း သိုင်းပညာကို အစုထက်ပိုပြီး လေ့ကျင့်နိုင်
[illegible] .... ဒီလိုသာလေ့ကျင့်နိုင်ခဲ့ရင် ရှုဟိုမျိုးရိုးရဲ့ သိုင်းပညာဟာ
[illegible] သိုင်းပညာထက် အောက်မကျဘဲ တန်းတူရည်တူ ယှဉ်ပြိုင်
[illegible] ကျွန်တော် ယုံကြည်ပါတယ် .... ”

မှန်ပါသည်။ ချောင်ဟမ်ရီ၏ စကားများသည် အလွန်တရာ
[illegible] ကျသော စကားများ ဖြစ်ပါသည်။ သိုင်းသမားတစ်
[illegible] သစ္စာရှိသော ဓနီးမယားရှိနေပါက ထိုသိုင်းသမားသည်
[illegible] ကျားနေမြဲ၊ သူ့သိုင်းပညာက အချိန်မှန်မှန် စဉ်ဆက်မပြတ်
လေ့ကျင့်နိုင်မည်မှာ သေချာပါသည်။

ဓနီးမယားကောင်းတစ်ယောက်သည် လင်ယောက်ျား၏
[illegible] အထက်သို့ရောက်အောင် မြှင့်တင်နိုင်စွမ်း ရှိပါသည်။ အိမ်
[illegible] တာဝန်၏သော့ချက်ဆိုသည်မှာ ဓနီးမယားပင် ဖြစ်ပါသည်။

ရှုဟိုရှင်းသည် အံကိုတင်းနေအောင် ကြိတ်မိ၏။ ချောင်ဟမ်
ရီ၏ စကားများက သူ့အသည်းနှလုံးကို လက်ကြမ်းကြီးဖြင့် ဖျစ်ညှစ်
[illegible] သလို ရှိနေပါသည်။

ချောင်ဟမ်ရီက ရယ်မောလိုက်ပြီး ....

“ဒီလို လူတိရစ္ဆာန်မျိုးမှာ လက်နှစ်ဖက်ပဲ ရှိနေတာကကောင်း
[illegible] .... လက်လေးဖက်ရှိနေရင် ကျုပ်လည်း ခင်ဗျားကို ဝင်ကူနိုင်
မှာ မဟုတ်ဘူး။ အခုတော့ ကျုပ်က ခင်ဗျားကို ဝင်ကူနိုင်ပါပြီ .... ”

သူ၏ဓားသည် ရွှမ်းခနဲ အသံထွက်ပြီးနောက် ဓားဦးသည်
ရှန့်ရှောင်ဖုန်း၏လည်မျိုသို့ထောက်လျက် ရှိနေတော့၏။ ရှန့်ရှောင်ဖုန်း
သည် ရှုဟိုရှင်း၏ ဓားကို လက်နှစ်ဖက်ဖြင့် ဖမ်းထားနိုင်သော်လည်း
ချောင်ဟမ်ရီ၏ ဓားကိုတော့ မည်သို့မျှ မတားဆီးနိုင်ခဲ့ပါချေ။

"ကဲ .... ဓားဘုရင်ကြီးဆိုတဲ့လူ၊ ခင်ဗျား ဘာများ အမှ
စကားပါးခဲ့ချင်သေးသလဲ .... "

ရှန့်ရှောင်ဖုန်းမှာ သေမင်းတမန်ဓားသွားရှေ့တိုးလာမည့်
အချိန်ကိုသာ စောင့်နေရပါသည်။ သူ ဘာများပြောနိုင်တော့မည်နည်း၊
ကိစ္စက ပြီးဆုံးသွားပါပြီ။

ချောင်ဟာမ်ရိက ....

"ခင်ဗျား ဘာမှ မပြောနိုင်တော့ဘူး မဟုတ်လား .... "

ရှန့်ရှောင်ဖုန်းက ဘာမျှမပြောနိုင်ပါ။

"ဒါတောင် ခင်ဗျားလက်ကို မလွှတ်သေးဘူးလား .... နောင်
ကြီး ရှပ်ဦရှင်းရဲ့ဓားကို လွှတ်လိုက်စမ်းပါ .... သေပြီးတော့မှ ဓားကို
ဖြေယူရတာမျိုး မလုပ်ချင်ဘူး .... "

ရှန့်ရှောင်ဖုန်း အဘယ်မှာလျှင် လွှတ်၍ဖြစ်ပါမည်နည်း။ သူ
လွှတ်လိုက်လျှင် ချောင်ဟာမ်ရိ၏ဓားက သူ့လည်ပင်းထဲသို့ ဝင်လာမည်
မဟုတ်ဘဲ အရင်ဆုံး သူ့လည်ချောင်းသွေးကို ထိုးဖောက်သောက်မည်
ဖြစ်ကြောင်း သူ သိနေပါသည်။

သို့သော် ချောင်ဟာမ်ရိ၏ဓားက တဖြည်းဖြည်းရှေ့သို့ တိုးလာ
နေပါသည်။

ရှန့်ရှောင်ဖုန်း လွှတ်ပေးရမည်လော။

မလွှတ်ဘဲ လက်နှစ်ဖက်ဖြင့် ဆက်လက် ညှစ်ထားရမည်
လော။

အခန်း (၅)

# ကယ်တင်ရှင် အမှတ်တံဆိပ်

"ထန်း .... ချွလွှမ်း .... ချွလွှမ်း .... "

ထန်နိုင်ချန်း၏ ဓားကွက်သည် ရုတ်တရက်ပြောင်းလဲသွား
အဓားတကြယ် ဖြစ်သွား၏။ ယွမ်ညီနောင်တို့မှာ မှန်တိုင်းကို
...ပါ။နှင့်ကာ၍ မရသကဲ့သို့ ထန်နိုင်ချန်း၏ဓားကွက်ကို မတားနိုင်
ဖြစ်သွားသည်။

ထို့ကြောင့် ယွမ်ညီနောင်နှစ်ယောက်စလုံး ဒယီးဒယိုင်ဖြင့်
နောက်ဆုတ်သွားလေတော့၏။

အဘယ်ကြောင့် ဤသို့ဖြစ်သွားရပါသနည်း။

အကြောင်းမှာ ထန်နိုင်ချန်း၏ မရဏဓားသိုင်း၏ ဆယ့်လေး
...မြောက် ဝိညာဉ်လိပ်ပြာဓားကွက်ကို ထုတ်သုံးလိုက်သောကြောင့်
...၏။ ထိုဓားကွက်ဖြင့် သူသည် ယွမ်ညီနောင်တို့ကို သတ်လျှင်ရ
...၏။ သို့သော် သူ မသတ်လို။ သူ့၌ အကြောင်းရှိပေသည်။

တစ်ကောချင်းမှာပင် ကျောချမ်းစရာ ကောင်းလှသည့် ဓားရိပ်

သည် ရှန့်ရှောင်ဖုန်းအား အနိုင်အထက်ပြုနေကြသည့် ချောင်ဟာမ်ရီ ရှပ်ဖ်ိုရှင်းတို့၏ လည်မျိုဆီသို့ လျှပ်တစ်ပြက် ထိုးဝင်လာတော့သည်။

ထန်နိုင်ချန်း၏ဓားမှာ အလွန်လျင်မြန်လှ၏။ ယွမ်ညီနောင် မှ ချောင်ဟာမ်ရီတို့ဆီ ကူးလာပုံမှာ လျှပ်ပန်းလျှပ်နွယ်တစ်ခု၏ အပြီး ခေါင်းပမာသာ ကွာခြားသည်။ ရိပ်ခနဲ ရောက်လာခြင်းဖြစ်သည်။

ချောင်ဟာမ်ရီရော ရှပ်ဖ်ိုရှင်းပါ ဒရောသောပါး ဆုတ်သွားရ ရာ ရှပ်ဖ်ိုရှင်း၏ဓားမှာ ရှန့်ရှောင်ဖုန်း၏လက်တွင်း၌ ကျန်ရစ်ခဲ့ သည်။ အကယ်၍ သူသာ ဓားကိုမက်ပြီးခွဲနှုတ်နေလျှင် ထန်နိုင်ချန် ဓားချက်အောက်၌ သူ အသက်ထွက်သွားပေလိမ့်မည်။

ထန်နိုင်ချန်းက သူတို့အား မျက်တောင်မခတ် စိုက်ကြည့်

"ကဲ .... မင်းတို့ နောက်တစ်ကြိမ် ခိုးကြောင်ခိုးဝှက် တို နိုက်ဖို့ အားရှိကြသေးရဲ့လား .... "

ချောင်ဟာမ်ရီက သူ့ဓားကို ရှေ့သို့ ဆန့်ထုတ်ထား၏။ အ ဟူသည့် သဘောပေတည်း။

ထန်နိုင်ချန်းက ရှန့်ရှောင်ဖုန်းကိုလှည့်ကြည့်ရင်း ....

"ကဲ .... ခင်ဗျား မြင်တဲ့အတိုင်းပဲ .... ခင်ဗျားရော နော တစ်ကြိမ် ဆက်တိုက်ဖို့ အင်အားရှိသေးရဲ့လား .... "

"ရှိပါသေးတယ်ကွ .... ငါ မသေသေးပါဘူး .... "

"စောစောက ကျွန်တော်သုံးလိုက်တဲ့ဓားကွက်ကို ခင် တွေ့လိုက်သလား .... "

"ဟင့်အင်း မတွေ့ပါဘူး .... "

သူ တကယ်မတွေ့ပါ။ ထန်နိုင်ချန်းနှင့် ယွမ်ညီနောင်တို့ တိုက်ပွဲမှာ သူ့ကျောဘက်၌ ရှိနေသဖြင့် သူ မမြင်နိုင်ပါ။



"ကျွန်တော်က ခင်ဗျားဖော်ထုတ်ထားတဲ့သိုင်းကွက်ကို သုံး [illegible] ကယ်တင်လိုက်ရတာပါ .... ကျွန်တော့်အတွက်ဆိုရင် [illegible] ကို ကျွန်တော်မသုံးပါဘူး .... ခင်ဗျားကို ကယ်ဖို့ [illegible] ကျွန်တော် ဒီသိုင်းကွက်ကို လိပ်ပြာသန့်သန့်နဲ့ သုံးလိုက် [illegible] .... "

"ဒီညာဥ့်လိပ်ပြာနဲ့လား .... "

"ဟုတ်ပါတယ် .... ဒါကို ထုတ်ဖော်ပြောရတာက ခင်ဗျားကို [illegible] ကယ်လိုက်တဲ့အတွက် ကျွန်တော့်ကို ကျေးဇူးတင်နေမှာစိုးလို့ [illegible] ပြရတာပါ .... ဆိုလိုတာက ခင်ဗျားပစ္စည်းနဲ့ ခင်ဗျားကို ပြန်ကယ် [illegible] .... "

ချောင်ဟာမ်ရီက မဲ့ပြုံး ပြုံးလိုက်၏။

"အဲ့ မင်းက လူတော်ကြီးလူတတ်ကြီး လုပ်လိုက်တာပေါ့"

ထန်နိုင်ချန်းက မျက်မှောင်ကြုတ်ပြီး လှည့်ကြည့်သည်။

"မင်းအလုပ် မဟုတ်ပါဘူး .... "

"ငါ့အလုပ်ပဲပေါ့ .... မင်းတို့ကို သတ်ဖို့ ငါ့တာဝန်ပဲ .... မင်း [illegible] ကယ်လိုက်တာကို ရေးကြီးခွင်ကျယ် လုပ်ပြောနေတော့ [illegible] ဒီအကြောင်းကို ပြန်မေးရတာပေါ့ .... နောက်တစ်ကြိမ် [illegible] သူက ကယ်နေနိုင်ဦးမှာတဲ့လား .... "

ထန်နိုင်ချန်းသည် သူ၏အာမခံအဖွဲ့သားများက ရုတ်တရက် [illegible]၏။ ၎င်းသူများထဲမှ အများစုသည် သူနှင့်လက်တွဲတိုက်ခဲ့ဖူး [illegible] ဖြစ်သည်။ ညီရင်းအစ်ကိုများကို တိုက်ခိုက်ကြသူများ ဖြစ်သည်။ [illegible] အကြိုရင့်ကျက်သူအားလုံးသည် ထန်နိုင်ချန်းနှင့် ရင်းနှီး [illegible] ဖြစ်သည်။ ထို့ကြောင့် ထိုသူအားလုံး၏ အကူအညီနှင့်

တိုက်လျှင် ဤသူလေးယောက် မည်သို့ ခံနိုင်ပါမည်နည်း။

သို့သော် .... သို့သော် ....

ထိုသူအားလုံးသည် ထန်နိုင်ချန်းအား သူစိမ်းတစ်ရံဆံ... စိမ်းကားစွာ ကြည့်နေကြလေသည်တကား။ သူတို့အားလုံး၏ မျက်... ပေါ်၌ ထန်နိုင်ချန်းအား ရှိသေလေးစားမှုများ လုံးဝမရှိတော့ပါ။

သူတို့၏မျက်နှာများမှာ တံခွန်နီ အာမခံဌာနမှ သိုင်းသ... များ၏ မျက်နှာများနှင့် မတူတော့ပေ။ တံခွန်နီအာမခံဌာန၏ ပြိုင်ဘ... အာမခံဌာနမှ ရန်သူများအလား ထင်မှတ်မှားရသည်။ ထို့ကြော... ထန်နိုင်ချန်း၏ မျက်စိထဲ၌ သူလူအားလုံးသည် တဒင်္ဂအတွင်း သူ... များ ဖြစ်သွားလေတော့၏။

ထန်နိုင်ချန်းသည် ရေခဲမြစ်အတွင်းသို့ ကျသွားသူအလ... တစ်ကိုယ်လုံး အေးစိမ့်သွားလေတော့၏။ ထို့နောက် ထိတ်လန့်ခြ... တုန်လှုပ်ချောက်ချားသွားခြင်း ဝေဒနာများကို ခံစားရသည်။ ထို့နော... ဒေါသအိုးကြီး ပေါက်ကွဲသွားလေတော့၏။

သူ သဘောပေါက်သွားပါပြီ။ ချောင်ဟာမ်ရိက သူ့အား ပ... မခန့် မထီမဲ့မြင် ဒေါသဘယ်ကြောင့် လုပ်ရဲနေသည်ကို သူကောင်းကော... ကြီး သဘောပေါက်သွားပါပြီ။ တံခွန်နီအာမခံဌာန သိုင်းသမားမျ... အားလုံး သူ့အား သစ္စာဖောက်သွားကြပါပြီ။ တံခွန်နီ အာမခံဌာန... သည်မှာလည်း ပျက်စီးသွားခဲ့ပါပြီ။

ထန်နိုင်ချန်း၏ မျက်နှာပေါ်၌ ခံစားမှုအမျိုးမျိုးဖြစ်ပေါ်... သည်ကို ချောင်ဟာမ်ရိသည် တစိမ့်စိမ့်အရသာ ခံကြည့်ကာ တဟ... ဟား ရယ်လေတော့၏။ သူ အညာကိုင်မိသွားပြီကိုး။ ချောင်ဟာမ်ရိသည... သူ့ဓားဖြင့် ထန်နိုင်ချန်းနှင့် ရှန့်ရောင်ဖုန်းတို့အား ညွှန်ပြလိုက်ပြီး ပြ...



...များ အမိန့်ပေးလိုက်သည်။

"သတ် .... "

...သံသည် ပန်းဥယျာဉ်အတွင်း ကျယ်လောင်စွာ ထွက်... ပေါ်လာလေ၏။

"ဟူး .... "

တံခွန်နီ အာမခံဌာန သိုင်းသမားများသည် ဥယျာဉ်ထဲ၌ ...တစ်ရာငါးဆယ်ခန့်ရှိနေလေရာ ဓားအိမ်မှ ဓားဆွဲထုတ်သည်။ ဓား... ...ပေါင်း တစ်ရာငါးဆယ်ခန့်၏ ဓားထုတ်သံသည် မိုးခြိမ်းသံနီးပါးမျှ ကျယ်လောင်စွာ ထွက်ပေါ်လာလေ၏။

"သူတို့ကို ရအောင်သတ် .... "

"ထန်နိုင်ချန်းကို သတ်နိုင်ရင် ဆုငွေငါးထောင် .... "

"ရှန့်ရောင်ဖုန်းကို သတ်နိုင်ရင် ဆုငေါ်တစ်သောင်း .... "

ငြိမ်သက်နေသော ဥယျာဉ်ကြီးသည် ချက်ချင်းပင် ဆူဆူ... လှုပ်လှုပ်ရှရှ ဖြစ်သွားလေတော့၏။ ဓားရောင် လုံရောင်ဖွေးဖွေး ...ပြီး မာန်သွင်းအော်ဟစ်သံများ ဆူညံစွာ ထွက်ပေါ်လာသည်။

ရှန့်ရောင်ဖုန်းနှင့် ထန်နိုင်ချန်းတို့သည် အလိုလို ရင်ဘောင် ...ဖွဲ့မိသွားကြလေ၏။ သူတို့သည် အာမခံ သိုင်းသမားများကို ...စွာ စိုက်ကြည့်လိုက်၏။ နှစ်ယောက်စလုံး၏ ရင်ထဲ၌ မသက် ...နေမိသည်ကား အမှန်ပင်။ သူတို့သည် သာမန်အချိန်၌ဆို ...သိုင်းသမားတစ်ရာငါးဆယ်မပြောနှင့် သိုင်းသမားတစ်ထောင် ...ဖြစ်စေဦးတော့မည် မဟုတ်ပေ။ အသေခံပြီး ပျော်ပျော်ပါးပါး ...ကြမည်သာ ဖြစ်ပါ၏။

...သိုင်းသမားတစ်ယောက်ကို အုပ်စုကြီးနှင့်တိုက်ခိုက်သည်ဟု

ဆိုရာ၌ တကယ်တမ်း လူလေးငါးဆယ် ဝိုင်းဝန်းထိုးခုတ်နိုင်သ မဟုတ်ပါ။ ထိုသို့ ထိုးခုတ်လျှင် ရန်သူတစ်ယောက်တည်းသမား သုတ်သင်နိုင်ခြင်းထက် ကိုယ့်အချင်းချင်း ထိုးခုတ်ထိခိုက်ပြီး ဒဏ် ရသူက များပြားပါလိမ့်မည်။ ထို့ကြောင့် ထိုသို့ ဝိုင်းတိုက်လျှင် တစ် တည်းသောရန်သူကို တစ်ကြိမ်တိုက်လျှင် ငါးဦး ခြောက်ဦးထက် ပို မတိုက်နိုင်ပါ။ ဤအထာကို သိုင်းသမားတိုင်း သိကြပါသည်။

ပူးပေါင်းတိုက်ကွက်ဆိုသည်မှာ အစုလိုက် အပြုံလိုက်တိုက် တွင် ကိုယ့်အချင်းချင်း မတိုက်မိစေရန် မထိခိုက်မိစေရန် ကြိုးစ ရာမှ ဖြစ်ပေါ်လာသော သိုင်းကွက်ဖြစ်သည်။ ပူးပေါင်းတိုက်ကွက် လေ့ကျင့်ထားသော ရန်သူအုပ်စုကို တော်ရုံတန်ရုံ ထိပ်သီးသိုင်းမသ မခံနိုင်ချေ။

ရှန့်ရှောင်ဖုန်းနှင့် ထန်နိုင်ချန်းတို့ စိတ်မသက်မသာ ဖြစ်ရခြ မှာ ရန်သူများပြား၍ မဟုတ်ပါ။ ရှန့်ရှောင်ဖုန်း၌ ဒဏ်ရာများစွာ ရထ ပြီး ထန်နိုင်ချန်းက အားအင်ကုန်ခမ်းနေသောကြောင့်သာ ဖြစ်ပါ၏

ထန်နိုင်ချန်းသည် သစ္စာဖောက် အာမခံသိုင်းသမားများ စိမ်းစိမ်းကြည့်နေ၏။ သူ့ဘာ့ အကောင်းဆုံးအခြေအနေ၌ ရှိနေလျှ ဤသို့ စောင့်ဆိုင်းနေမည် မဟုတ်ပါ။ သူကသာ အရင်ဦးစွာ ပြေးဝင် တိုက်ခိုက်ဆုံးမမိပေသည်။

ယခုတော့ ....

ထန်နိုင်ချန်း ငေးမော်ကြည့်နေရုံမှအပ ဘာမျှ မတတ်နိ တော့ပါ။

ရှန့်ရှောင်ဖုန်းက တစ်ချက်ငုံ့ကြည့်လိုက်ပြီး ....

"မင်း ဘာစဉ်းစားနေတာလဲကွ .... "



"ကျွန်တော် လုံးဝမကျေနပ်ဘူးဗျ .... "

"ဘာကို မကျေနပ်တာလဲ .... "

"ဆုငွေပေါ့ဗျ .... ဆုငွေ .... ကျုပ်က လျှံငွေငါးထောင်ဖြစ် ပြီး ခင်ဗျားက ဘာကြောင့် လျှံငွေတစ်သောင်းဖြစ်ရတာလဲ .... "

ရှန့်ရှောင်ဖုန်းသည် တဟားဟား အော်ဟစ်ရယ်မောလေ ၏။ သည်လို ရယ်ပြန်တော့လည်း လုံးဝ ဒဏ်ရာမရသလိုပါပဲ။ ထိုစဉ် လူတစ်ယောက်သည် ဥယျာဉ်ထဲသို့ ခုန်ဝင်လာပြီး လွှား မြင်းရထား ခေါင်မိုးပေါ်သို့ ခုန်တက်သွားလေတော့၏။ လှုပ်လှုပ် ရှားရှားနေသူအားလုံး ငြိမ်သက်သွားကြပြီး မြင်းရထားခေါင်မိုးပေါ်သို့ ကြည့်မိကြသည်။

ခုန်ပျံဝင်လာသူသည် မြင်းရထားခေါင်မိုးပေါ်၌ မားမားမတ် ရပ်နေပြီးနောက် လက်တစ်ချောင်းကို ကောင်းကင်သို့ မြှောက် ပြီး လက်တစ်ချောင်းကို မြေကြီးသို့ ထိုးစိုက်ပြထားလေ၏။

"ဒီကမ္ဘာလူသားသာ အကြီးမြတ်ဆုံး .... "

ထိုလူ၏အော်သံသည် ဥယျာဉ်တစ်ခုလုံးကို လွှမ်းခြုံသွား ၏။ ရှုပ်ယှက်ခတ်နေသော ဓားများသည် တဖြည်းဖြည်း အောက် သို့ကျသွားသည်။

ဥယျာဉ်တစ်ခုလုံးတွင် မီးတုတ်များ မီးတိုင်များသာ ရှိလေ ရာ ထိုလူရောက်သည့် မြင်းရထားခေါင်မိုးပေါ်သို့ မရောက်တစ်ချက် ရောက်တစ်ချက် ဖြစ်နေ၏။ ထို့ကြောင့် ထူးဆန်းသော အမူအရာနှင့် ထိုလူကို အားလုံး ဂရုတစိုက် ဝိုင်းကြည့်ကြရသည်။

"မင်း .... ကိုး .... "

ရှန့်ရှောင်ဖုန်း၊ ထန်နိုင်ချန်း၊ ချောင်ဟာမ်ရှိနှင့် ယွမ်ညီနောင်တို့

၏ နှုတ်မှ တစ်ပြိုင်တည်း ရေရွတ်မိကြသည်။ စကားလုံးတူသော်လ
လေသံမတူပေ။ လေအပြင်းအလျော့ မတူပေ။ ခံစားမှု မတူ
ထန်ခိုင်ချန်း၏လေသံက လုံးဝမမျှော်လင့်သူကို ပြန်တွေ့ရသဖြင့် 
တကြ ရေရွတ်လိုက်သည့်အသံ ဖြစ်၏။

ချောင်ဟမ်ရီနှင့် ယွမ်ညီနောင်တို့၏ လေသံကမူ အံ့ဩ
ဒေါသဖြစ်ခြင်းတို့ စုပြုံနေသည့် လေသံမျိုးဖြစ်၏။ သူတို့သည် ထိုလူ
နှုတ်နှုတ်စင်းချင်သည့်ဆန္ဒများ ရှိနေကြသည်။

ရှန့်ရှောင်ဖုန်း၏လေသံကား စိတ်အေးချမ်းခြင်း၊ စိတ်သ
သာရာရခြင်း အစရှိသည့် အဓိပ္ပာယ်များ ရောပြွမ်းနေပြီး ဝမ်းသာ
နပ်သည့် အဓိပ္ပာယ် ဆောင်နေလေသည်။

ထိုလူကား မည်သူနည်း။

ထိုလူကား ရှောင်တီဟု အများက ခေါ်ဝေါ်ကြသည့် လူ
ကလေးပင် ဖြစ်နေပါသတည်း။

ရှောင်တီ မည်သို့ ခံစားနေရသည်ကိုမူ ဥယျာဉ်ထဲမှ မည်သ
မခန့်မှန်းနိုင်ကြပါ။ ရှောင်တီကတော့ လက်တစ်ချောင်းမိုးပေါ်မြှော
လျက် လက်တစ်ချောင်း မြေသို့ စိုက်လျက် ပုံသဏ္ဌာန်ဖြင့် ရှိနေသ
မီးတုတ်များ မီးရောင်များ လင်းတစ်ချက် မလင်းတစ်ချက် မြင်ကွ
တွင် သူ့အမူအရာများမှာ ကြောက်စရာကောင်းသည့်အမူအ
ပုံသဏ္ဌာန်မျိုး ဖြစ်နေပါသည်။

ထိုစဉ် ချောင်ဟမ်ရီက အော်ဟစ်မေးလိုက်သည်။

"မင်း ဘာလာလုပ်ပြန်တာလဲ .... "

"အကြောင်းရှိလို့ လာတာပေါ့ .... "

"ဘာအကြောင်းလဲ .... "



"ဒီပွန့်စ်ယောက်ကို လွှတ်ပေးဖို့အကြောင်းပဲ .... "

"[illegible] .... "

"[illegible]တယ် .... ဟောဒီနှစ်ယောက် ရှန့်ရှောင်ဖုန်းနဲ့ ထန်ခိုင်
[illegible] .... "

ချောင်ဟမ်ရီသည် မဆိုးမခန့် ရယ်မောလိုက်၏။

"ဟား .... ဟား .... ဟား .... မင်းဟာက တကယ့်ရာဇဝတ်
[illegible] တက်နှံ့တိုးချင်တဲ့ကောင်ပဲ .... "

"ဘာရာဇဝတ်အိုးလဲ .... "

"မင်းက ဘာကောင်လဲ .... မင်းမှာ ဘယ်လောက်ပါန်နိုး
[illegible] .... ဒီနှစ်ယောက်ကို လက်ရဖမ်းထားဖို့ ဘယ်သူအမိန့်
[illegible]ဆိုတာရော မင်း သိရဲ့လား .... "

ရှောင်တီက အေးစက်စွာ ရယ်လိုက်၏။ ထို့နောက် သူ့အင်္ကျီ
[illegible] လက်နှိုက်ပြီး ဆွဲထုတ်လိုက်ရာ အရောင်ငါးရောင်ပါ
[illegible] ပဝါတစ်ထည် ထွက်လာလေ၏။ ထိုပိုးပဝါပေါ်တွင် ကျောက်
[illegible] ပြုလုပ်ထားသော တံဆိပ်ပြားတစ်ပြားကို ချည်နှောင်ထား
[illegible]

ရှောင်တီက ထိုပဝါကို လက်နှစ်ဖက်ဖြင့်ကိုင်ကာ အများမြင်
[illegible] မြှောက်ပြလိုက်သည်။

ချောင်ဟမ်ရီသည် ထိုကျောက်စိမ်းတံဆိပ်ကို မြင်လိုက်သော
[illegible] အကြီးအကျယ် မျက်နှာပျက်သွား၏။

ရှောင်တီက အေးစက်စက် ပြုံးလိုက်ပြီး ....

"ချောင်ဟမ်ရီ ဒီပစ္စည်းဟာ ဘာပစ္စည်းလဲဆိုတာ မင်းသိမှာ
"

ထိုတံဆိပ်ကို ချောင်ဟမ်ရိ ကောင်းစွာမှတ်မိပါသည်။ မျက်နှာအမှုအရာကလည်း ထိုတံဆိပ်ကို ချောင်ဟမ်ရိမှတ်မိကြေ သက်သေပြနေပါသည်။ အခြားသူများသည်လည်း ချောင်ဟမ်ရိ ပင် ထိတ်လန့်ချောက်ချားနေကြပါသည်။

ရှောင်တီသည် ကျောက်စိမ်းတံဆိပ်ပါသော ပဝါကိုဖြန့် ဆည်းပြီး ရှန့်ရှောင်ဖုန်းတို့အနီးသို့ ပေါ့ပါးစွာ ခုန်ချလိုက်၏။ အံ့အားသင့်နေကြသော ရှန့်ရှောင်ဖုန်းနှင့် ထန်နိုင်ချန်းတို့ကို ပြော သည်။

"ကဲ .... ကျုပ်တို့ သည်ဥယျာဉ်ထဲက ခပ်မြန်မြန်လေး ထ သွားကြရအောင် .... "

"အကောင်းဆုံးပါပဲကွာ .... ဒီအချိန်မှာတော့ ငါကလ ဒီကအမြန်ဆုံး ခွာချင်နေတာပဲ .... "

ရှန့်ရှောင်ဖုန်းသည် ပြောပြောဆိုဆို ထန်နိုင်ချန်းဘက်သို့ လှ မေးလိုက်၏။

"မင်းရော တို့နဲ့လိုက်ခဲ့မယ် မဟုတ်လား .... "

ထန်နိုင်ချန်း ငေးနေသည်။ ရှန့်ရှောင်ဖုန်း၏အမေးစကား မကြားသယောင်။ ရှန့်ရှောင်ဖုန်းက ပခုံးကိုတို့လိုက်ပြီး ....

"ထန်နိုင်ချန်း .... ငါတို့နဲ့လိုက်မှာလား .... မင်းဘာသာသူ မှာလား .... "

ထိုအခါကျမှ ထန်နိုင်ချန်း ဆတ်ခနဲဖြစ်သွားသည်။ သူ ဝ နည်းနေပါသည်။ သူ့မွေးစားဖခင်ကြီးသည် ဤတံခွန်နီအာမခံဌာနကြ ကို နှစ်ဆယ့်ခြောက်နှစ်တိုင်တိုင် ပြုစုပျိုးထောင်လာခဲ့ပါသည်။ အ အမှုင့် အရိပ်ဝေဝေဆာဆာဖြင့် ကြီးထွားခဲ့သော အာမခံဌာနကြီး



သူ့အား ပျိုးကြောင်းပေးခဲ့ပါသည်။ ဘွဖခင်ကြီး၏ လက်ငုတ်လက်ရင်းကို ပျောက်ကွယ်မသွားအောင် သူ လုပ်ချင်ပါသေးသည်။ သို့သော် သူ ယခုမူ သူ့အား သတ်ချင်ဖြတ်ချင် ဖြစ်နေသည့် ဤအဖွဲ့သား များနှင့် မည်သို့ရှေ့ဆက်စခန်းသွားနိုင်ပါမည်နည်း။ အဖွဲ့ကြီးက သူ့အား အရှင်းရှာ စွန့်ပစ်ခဲ့ပြီဖြစ်၍ သူကလည်း စွန့်ခွာရပါတော့သည်။ နှမြောရွေးချယ်စရာ မရှိပါ။ ထို့ကြောင့် ခေါင်းတစ်ချက်ညိတ်ပြီး ပြုံးပြလိုက်သည်။

"မှ လောလောဆယ်မှာတော့ ခင်ဗျားတို့နဲ့ပဲ လိုက်ခဲ့ပါမယ် .... "

"ကောင်းပြီ .... ဒါဖြင့် သွားကြစို့ .... "

ထိုအချိန်၌ ရှောင်တီသည် ဥယျာဉ်တံခါးဝသို့ပင် ရောက်လေ ပြီ။ ရှောင်တီက ရှန့်ရှောင်ဖုန်းတို့ကို စောင့်နေသည်။

သူတို့နှင့် မနီးမဝေးတွင် ချောင်ဟမ်ရိ ရှဟို့ရှင်းနှင့်ယွမ်ညီ နောင်တို့ ရှိနေသော်လည်း သူတို့ လုံးဝမတားကြပါ။ ထို့ကြောင့် သစ္စာ ခံအဖွဲ့ အာမခံ သိုင်းသမားများလည်း လုံးဝ မလှုပ်ကြပါ။

ရှောင်တီ၊ ရှန့်ရှောင်ဖုန်းနှင့် ထန်နိုင်ချန်းတို့သည် ဥယျာဉ် တံခါးပေါက် မြတ်ကျော်ထွက်သွားကြလေတော့သည်။

❋

## အခန်း (၆)

## တံခွန်နီ၏ လျှို့ဝှက်ချက်

ချောင်ဟမ်ရီသည် ရန်သူသုံးယောက်၏ ကျောပြင်ကို မ[illegible] ရဲ ကြည့်နေမိ၏။ ရှပ်ဂိုရှင်းလည်း အံကြိတ်ပြီး ငေးကြည့်နေ၏။

ယွမ်ညီအစ်ကိုကလည်း လက်သီးကို ကျစ်ကျစ်ပါအောင် ဆု[illegible] ပြီး ငေးကြည့်နေ၏။

ချောင်ဟမ်ရီ မည်သို့ခံစားနေရပါသနည်း။ ငါးမျှားချိတ်[illegible] တွင် ရောမ ငါးကြီးတစ်ကောင်ကို ဖမ်းမိပြီးမှ ငါးကြီးပြန်လွတ်သွာ[illegible] သည့်အဖြစ်မျိုးကို မည်သူ ကြုံဖူးသနည်း။ ထိုအဖြစ်မျိုးကို ကြုံရသော[illegible] တံငါသည်သည် ရင်ထုမနာ မည်မျှ ဖြစ်လေပါမည်နည်း။ ချောင်ဟမ်[illegible] တို့ ကြုံရသည့်အဖြစ်မျိုးမှာ ထိုအဖြစ်မျိုးသာတည်း။

ဒုတိယ တံငါသည်ကား ရှပ်ဂိုရှင်းတည်း။ သူသည် ရှန့်ရှော[illegible] မုန်းကို လွန်စွာ မုန်းတီးလှ၏။ မိမိ၏ဇနီးက ထိုသူကို အရူးအမူး ချ[illegible] ကြိုက်နေသည့်အပြင် ထိုသူက မိမိထက်လည်း သိုင်းပညာ အပြ[illegible] အသတ် တော်နေသေး၏။ မိမိကိုလည်း လက်တစ်လုံးခြား အသာစီး[illegible]



[illegible] ရှပ်ဂိုရှင်းမှာ နာကြည်းလွန်း ဒေါသဖြစ်လွန်းလှ[illegible] [illegible] စီးကျလာနေသည်။

[illegible] သူတို့သည် ထိုငါးကြီးလွတ်သွားနေသည်ကို မြင် [illegible] [illegible]နိုင်ခဲ့ကြပေ။ မည်မျှ ရင်နာစရာကောင်းလိုက်ပါ [illegible] [illegible]ပါ ပဝါ၌ ချည်နှောင်ထားသည့် ကျောက် [illegible] မည်သို့သော အမျိုးအစားပေနည်း။ ထိုကျောက်စိမ်း [illegible] မြင့်မြတ်သော ပုဂ္ဂိုလ်တစ်ဦးအား ကိုယ်စားပြုသော [illegible] ဖြစ်ပါသည်။ ထိုကျောက်စိမ်းတံဆိပ် ကိုင်ဆောင်သူ [illegible] ထိုပုဂ္ဂိုလ်အား ကိုယ်စားပြုသူပင် ဖြစ်ပါသည်။

[illegible] ကိုယ်စားပြုသူက သက်ဆိုင်သူများအား သေစေနိုင်စွမ်း [illegible] [illegible]နိုင်စွင့်ရှိသည်။ မည်သူကမျှ အမိန့်ကို ဖီဆန်နိုင်ခွင့်မရှိပါ။

[illegible] မှထွက်သော် မနီးမဝေးတွင် ရှောင်ယွင်လိုစား [illegible] [illegible]ရှိ၏။ ထိုစားသောက်ဆိုင်ရှေ့တွင် မြင်းရထားကြီးတစ်စီး [illegible] [illegible] ကောင်ကသော ရထားဖြစ်၍ မြင်းကြီးများမှာလည်း [illegible] [illegible] မာလှ၏။ ထိုမြင်းရထားကြီးက ရှောင်တိ စီးစဉ် [illegible] [illegible] ကြီးပင် ဖြစ်ပါတော့သည်။

[illegible] သည် သူဌေးကြီးလောက်ပန် လက်အောက်၌ [illegible] အစစအရာရာ စေ့စပ်သေချာစွာ စီစဉ်တတ်ပေ [illegible] တစ်ယောက်ယောက် ဒုက္ခရာရနေပါက အဆင်ပြေ [illegible] စီစဉ်လာခြင်း ဖြစ်တော့သည်။

[illegible] ကြီးမှာ လူကုံထံ သူဌေးသူကြွယ်တို့ စီးနင်းသော [illegible] မြင်းရထားအတွင်း အတော်ငြိမ့်ညောင်းမှုရှိသည်။ [illegible] စီးနင်းရသည်။

ရှန့်ရှောင်ဖုန်းသည် စိတ်အားလျှော့လိုက်ပြီဖြစ်၍ အ ကလေး ပင်ပန်းနွမ်းနယ်မှုကို ခံစားနေရသည်။ မြင်းရထားတော မှေးနေရသည်။ သူ့မျက်နှာမှာ ဖြူရော်နေသည်။ အားကိုးဘဝ၌ရှိ အခြေအနေဆိုးခဲ့သည့်အချိန်များကို သတိရဖွယ်ပင် .... ။

သို့သော် ရှန့်ရှောင်ဖုန်း၏ မျက်လုံးများကတော့ အံ့ဩဖွ တောက်ပနေပါသည်။ အတွင်းအား ကောင်းခြင်း၏ သဘောမဟု မျှော်လင့်ခြင်း ရောင်ခြည်များကြောင့် မျက်လုံးများ တောက်ပ သာ ဖြစ်ပါသည်။ အဘယ်ကြောင့်နည်း။

ဤအချက်ကို အထူးရှာဖွေဆန်းစစ်နေရန် မလိုပါ မတွေ့တော့ဟု ထင်ထားသည့် လူငယ်ကလေးက သူ့အသက်ကို ရောက်ကယ်တင်သောကြောင့် ဖြစ်ပါသည်။ သူ အမြဲတမ်းတွေ့ သည့် လူငယ်လေးကို သူ့မျက်စိရှေ့၌ တွေ့မြင်နေရသောကြောင့် ပါသည်။

လူဆိုသည်မှာ မျှော်လင့်ချက်ဖြင့် အသက်ရှင်ကြရသည် ရှန့်ရှောင်ဖုန်းသည် ဓားပညာ၌ အထွတ်အထိပ်ရောက်နေသဖြင့် ဓ ပတ်သက်ပြီး စိတ်လှုပ်ရှားဖွယ်ရာ မရှိတော့ချေ။ သူ့အထက်၌ ဓား ရှင် အကျော်အမော်တစ်ဦးရှိနေသေးလျှင် သူသည် ဓားပညာ၌ လက် စိတ်ဝင်စားနေဦးမည် ဖြစ်သည်။ ယခု သူ့အထက်၌ ယောက်မျှမရှိတော့သဖြင့် ဓားပညာသည် သူ့ဘဝ၌ အရေးမပါလှ ပေ။ သူ့ဘဝ၌ အရေးပါသည့်အရာကား ဓားမဟုတ် သားဖြစ်သူ ပြီ။ ယခု ပြန်လည် ပျိုးထောင်ပေးချင်စိတ် ရှိနေပေသည်။

သူသည် ရှောင်တိကို ကြည့်ရှုမဝသော မျက်လုံးများ ကြည့်နေသည်။ ခုက္ခအပေါင်းကြားမှ ကြီးပြင်းခဲ့ရသော ရှောင်တိ



[illegible] ကြားမှ ကြာပွင့်နှင့်တူနေပေသည်။

ယခု မီးလျှံထဲမှ ကြာပွင့်သည် အခက်အခဲကြုံနေစဉ် သူနှင့် [illegible] ချိန်းတို့ကို လာရောက်ကယ်တင်ခဲ့လေပြီ။

မြင်းရထား၏ အခြားပြတင်းပေါက်ဘေးတွင် ထိုင်ရင်းငေး [illegible] ပါသူကား ထန်နိုင်ချိန်း ဖြစ်၏။ သူ၏မျက်လုံးများထဲ၌ [illegible] ကြကွဲသည့် အရိပ်အယောင်များ ပြည့်လျှမ်းနေသည်။ သူ [illegible] ယောင်နေသည်မှာ ကျောက်တောင်ကြီးတစ်ခုသည် နှင်းပွင့်များ [illegible] ထားသည့်တောင်အလား တအိအိပြိုပျက်စီးသွားနေခြင်း [illegible] ဖြစ်ပါသည်။

သူသည် ပြိုကွဲပျက်စီးသွားသော တံခွန်နိဂြောနကြီးကို ပြန် [illegible] မြင်ယောင်နေ၏။ သူ့လက်များသည် တံခါးကို ကျစ်ကျစ်ပါ [illegible] ဆုပ်ညှစ်နေသည်။ သူ့စိမ်းအလား မျက်နှာများသည် သူ့အား [illegible] ယောက်ပြီးတစ်ယောက် လှောင်ပြောင်ပြနေသည်ကိုလည်း သူ [illegible] ယောင်လာ၏။

"[illegible] ...."

ရှောင်တိ၏ ချောင်းဟန့်သံပေါ်လာသဖြင့် ထန်နိုင်ချိန်းက [illegible] ခေါင်းငုံ့ကြည့်လိုက်၏။

ရှောင်တိသည် ထန်နိုင်ချိန်းအား စိုက်ကြည့်နေ၏။ ရှောင်တိ [illegible] နှင့် ထန်နိုင်ချိန်းတို့ဘဝသည် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ပြီး [illegible] ရသောဘဝများ ဖြစ်ကြသည်။ ရှောင်တိ၏ဘဝကို မီးလျှံ [illegible] ကြာပွင့်နှင့်နှိုင်းလျှင် ထန်နိုင်ချိန်း၏ဘဝကို နှင်းရေအိုင်ထဲမှ ကြာ [illegible] နှိုင်းရမည်။ သို့သော် ယခုတော့ နှင်းရည်အိုင်ထဲမှ ကြာပွင့်လည်း [illegible] ညှိုးလျော်ခဲ့ရပြီ။ ရှောင်တိက ....

"ငါက မင်းကို ကယ်တင်ဖို့ရည်ရွယ်ချက် မရှိဘူး .... "

ထန်နိုင်ချန်းက နာကျင်စွာ ပြုံးလိုက်၏။

"မင်းကိုလည်း ငါက မကယ်နိုင်ခဲ့ပါဘူး .... မင်းက သေမှာကြောက်တဲ့လူများ ထင်နေသလား .... "

"ငါကလည်း မကယ်ချင်ပါဘူး .... "

"ဒါများကွာ မင်းမို့လို့ လာကယ်တယ် .... ငါ့ဘဝဟာ တားပါ .... တကယ်တော့ ငါဟာ သစ္စာဖောက်အတော်များများ အသေခံ ဆုံးမခဲ့ဖို့ကောင်းပါတယ် .... "

ရှောင်တိက ရှန့်ရှောင်ဖုန်းကို စောင်းငဲ့ကြည့်ပြီး ....

"မင်းကို ငါက မကယ်လို့ ဘယ်မှာဖြစ်တော့မှာလဲ .... မကယ်ဘဲ မင်းကိုထားပစ်ခဲ့ရင် သူ တစ်ယောက်တည်းလိုက်လ မဟုတ်ဘူးဆိုတာ ငါက သိနေတော့ မင်းကိုပါ ကယ်ရခဲ့တာပေါ့

"ဒါများကွာ .... သူနဲ့ငါ ဘာကျေးဇူးမှ မရှိပါဘူး .... "

ရှောင်တိ၏ စိတ်ထဲ၌ ထန်နိုင်ချန်းကို လေးစားကြည်ညို များ တဖွားဖွား ပေါ်လာတော့သည်။ သူသည် ဥယျာဉ်ထဲ ခုန် အချိန်အတော်ကြာပင် ဥယျာဉ်တံတိုင်းဘေး၌ ရောက်ရှိနေခဲ့ပြီး နိုင်ချန်း၏အပြောဆို အပြုအမူများကို သူကြားသိတွေ့မြင်ခဲ့ပြီး သည်။ ထန်နိုင်ချန်းကား သူရဲကောင်းစိတ်ရှိသူအမှန်ပင်ဖြစ်တော့

"ဟား .... ဟား .... ဟား သူ့အသက်ကို ကယ်ခဲ့တာ ရင်ဘောင်တန်းတိုက်နိုက်ဖို့ ပြင်ဆင်ခဲ့တာတွေဟာ ကျေးဇူးတွေမ ဘူးလား .... "

ရှောင်တိက ထန်နိုင်ချန်း၏ဂုဏ်ကျေးဇူးများကို ဖော် လိုက်၏။ ထန်နိုင်ချန်းက မချိပြုံး ပြုံးရင်း ....



"ဒါတွေ တားလိုက်စမ်းပါ .... သူ့ကိုကယ်တာ ငါမဟုတ်ဘူး ... မှာသာကယ် ကယ်တာလို့ ငါပြောပြီးပြီပဲ .... "

"ဒါက မင်းတို့ကိစ္စ၊ ငါ့ကိစ္စက သူ့ကို ကယ်တာလို့ ငါပြော ... "

"ဒါက မင်းတို့ကိစ္စ၊ ငါ့ကိစ္စကဲ သူ့ကိုကယ်ဖို့ သူက မင်းမပါ ... မှာ မဟုတ်တော့၊ မင်းကိုပါ ကယ်ခဲ့ရတယ် ဒါပဲ .... "

"အင်း .... ငါသဘောပေါက်ပါတယ် .... "

"ငါပြောချင်တာ ရှိနေပါတယ် .... ငါဟာ မင်းတို့ရဲ့ တံခွန်နီ ... ကိုစော်ကားခဲ့သူပါ .... အဲဒီအကြွေးအတွက် ငါ့ကို .... "

ထန်နိုင်ချန်းက ခပ်ထန်ထန်ဖြတ်၍ ပြောလိုက်၏။

"တော်စမ်းပါ .... ဘာခွန်နီမှ မရှိတော့ပါဘူး၊ ဒီတော့ တို့ရဲ့ ... လည်း မရှိတော့ဘူးပေါ့ .... "

"ဘာဖြစ်လို့ .... "

"မင်းကိုတွေ့မှာပါကွာ .... တံခွန်နီအဖွဲ့က သိုင်းသမားတွေ ... ငါ့ကိုစိမ်းကားတဲ့အကြည့်နဲ့ ကြည့်နေကြတာကိုး .... "

... ရှန့်ရှောင်ဖုန်းက ရုတ်တရက် ဝင်ပြောလာ၏။

"ဒါပေမယ့် ရှင်းစရာစာရင်းတစ်ခုတော့ ကျန်ပါသေးတယ်၊ ... လို့ မဖြစ်ဘူး .... "

ထန်နိုင်ချန်း အံ့ဩသွား၏။

"ဘာစာရင်းလဲ .... "

"ပုလဲဆံထိုးကိစ္စလေ .... "

"ဘာရှင်းစရာလိုလို့လဲ မလိုတော့ပါဘူး .... "

"အဲဒီ ပုလဲဆံထိုးကို မင်းတစ်ယောက်ယောက်ကို ဝယ်နိုင်းခဲ့

တာ မဟုတ်လား .... "

ရှန့်ရှောင်ဖုန်းက ပုလဲဆံထိုးကို ထန်နိုင်ချန်းတကယ်ဝယ်မနိုင်း သိလိုသည်။ ထန်ရိက ထန်နိုင်ချန်း ဝယ်နိုင်းခဲ့သည်ဟု ပြောသည် မဟုတ်ပါလော။ ထန်နိုင်ချန်းက ခေါင်းညိတ်၏။

"ဟုတ်တယ် .... ဝယ်နိုင်းခဲ့တယ် .... "

"ငါတော့ မယုံနိုင်အောင်ပါပဲကွာ .... "

"ဘာ မယုံစရာရှိသလဲ .... "

"မင်း ဝယ်နိုင်းခဲ့တယ် ဆိုတာကိုပေါ့ .... "

"ကျွန်တော် တကယ်ဝယ်နိုင်းခဲ့တာပဲ .... "

"ကျွန်တော် မုသား မပြောတတ်ဘူးဗျ .... "

"ထန်ရိရော .... "

ထန်နိုင်ချန်း ပါးစပ်ပိတ်သွား၏။ ဘာမျှ မပြောတော့ သူသည် သေပြီးသူတစ်ယောက်နှင့် ပတ်သက်ပြီး ဘာမှပြောလို မရှိပေ။ ရှန့်ရှောင်ဖုန်းက ....

"ဟိုမိန်းကလေးဟာ မင်းရဲ့ တိတ်တိတ်ပုန်းမယားလို့ ထ ပြောခဲ့တာ အမှန်ပဲလား .... "

ထန်နိုင်ချန်းသည် ယင်းအကြောင်းကို မပြောချင်ပါ။ သူ့မျက် ၌ တစ်ခဏအတွင်း အိုမင်းရင့်ရော်သော လက္ခဏာများ ပေါ်ပေါ် လာ၏။ ထိုစဉ် ရှောင်တိက ....

"မြင်းရထားထဲက အမျိုးသမီးကို ပြောတာလား .... သူ ကျွန်တော် ထပ်တွေ့ခဲ့သေးတယ်ဗျ .... "

"ဟုတ်လား .... "

ရှန့်ရှောင်ဖုန်း အံ့သြစွာ ပြန်မေးလိုက်မိသည်။



"သူက ကျွန်တော့်ကို လိုက်ရှာနေတာဗျ .... "

ရှန့်ရှောင်ဖုန်း အံ့သြရပြန်သည်။

"ဟင် .... ဘာဖြစ်လို့လဲ မင်းနဲ့ဘာပတ်သက်စရာရှိလို့လဲ"

"သူက စာတစ်စောင်လာပေးတာဗျ .... ခင်ဗျားကို ပေး ခိုင်းတာ .... "

"ဘာ .... ငါ့အတွက်"

ရှန့်ရှောင်ဖုန်း အံ့သြမှုအထွတ်အထိပ်သို့ ရောက်သွား၏။

"ဟုတ်တယ် .... ခင်ဗျားအတွက်ပဲ .... "

ရှောင်တိက ဆက်ပြော၏။

"ခင်ဗျားကို ကိုယ်တိုင်လိုက်ရှာပြီး ကိုယ်တိုင်ကိုယ်ကျပေးဖို့ အထပ်ထပ် မှာကြားပါတယ်၊ ဘာကြောင့်လဲဆိုတော့ ဒီစာထဲမှာ အလွန်ကြီးမားတဲ့လျှို့ဝှက်ချက်ကြီးပါလို့ပါလို့သူကပြောပါတယ်"

"လျှို့ဝှက်ချက် အလွန်ကြီးမားတဲ့လျှို့ဝှက်ချက်တဲ့ဟုတ်လား"

"ဟုတ်တယ် .... တံခွန်နီ အာမခံအဖွဲ့နဲ့ပတ်သက်တဲ့ လျှို့ဝှက် ချက်ပါတယ်ဗျ .... "

"ဟုတ်လား .... စာရော"

"ကျွန်တော့်ဆီမှာ .... "

ရှောင်တိသည် စာကိုထုတ်လိုက်၏။

စာသည် မသေမချာ ပိတ်ထားသည်။

စာအိတ်ကိုကြည့်သည်နှင့် အလွန်တရာ အရေးကြီးသော စာ ဖြစ်ကြောင်း သိနိုင်ပေသည်။ ရှန့်ရှောင်ဖုန်းက စာအိတ်ကိုယူပြီး ဖောက် ကာ စာရွက်ကို ဖြန့်လိုက်သည်။

သို့သော် သူစာကို ဖတ်ခွင့်မရလိုက်ပါ။

အဘယ်ကြောင့်ဆိုသော် ထန်နိုင်ချင်းက လျှပ်ပြက်သ
စာကို လျင်မြန်စွာ ဆွဲယူသွားသောကြောင့် ဖြစ်ပါသည်။

စာသည် သူ့လက်ထဲ၌ လုံးချေရောက်ရှိသွား၏။ အတွင်
ကို ထုတ်ညှစ်လိုက်သောအခါ စာသည် သူ့လက်ထဲ၌ အစိတ်
အမွှာမွှာ ဖြစ်သွားလေတော့သည်။

ထန်နိုင်ချန်းသည် စာကို မြင်းရထားပြတင်းပေါက်မှ အပြ
လွှင့်ပစ်လိုက်၏။ ရှန့်ရှောင်ဖုန်း၏ မျက်နှာမှာ ညှိုပုပ်သွားသည်

"ဒါဟာ သူတော်ကောင်းတွေ လုပ်အပ်တဲ့ အလုပ်မျိုးမ
ဘူးကွ .... "

ထန်နိုင်ချန်းက ခပ်အေးအေးပင် ပြောသည်။

သူ့မျက်နှာပေါ်၌ တောင်းပန်သည့်အမူအရာမျိုးလဲ့ည်းမ

"ကျွန်တော်ကလည်း သူတော်ကောင်း မဟုတ်ဘူးဗျ

ထန်နိုင်ချန်း၏ စကားနှင့်တစ်ဆက်တည်း ရှောင့်တီကပ
ပြောလာသည်။

"ခင်ဗျားနည်းတူပါပဲ .... ကျုပ်လည်း သူတော်ကေ
မဟုတ်ပါဘူးဗျာ .... "

ထန်နိုင်ချန်း ခုန့်ထမတတ် ဖြစ်သွား၏။

သူသည် ရှောင်တီ၏ ဆိုလိုရင်းကို ရိပ်မိသလို ရှိလိုက်
ကြောင့်ပင်။

"မင်း .... မင်းက"

ရှောင်တီက ရယ်မောရင်း ....

"သူတော်ကောင်းမှန်ရင် သူတစ်ပါးရဲ့စာကို လုယက်ဖျက်
ခြင်း မပြုလုပ်ဘူးပေါ့ဗျာ .... သူတော်ကောင်းမဟုတ်တဲ့သူက



...ရှင်း ပြကောင်း ပြမှာပေါ့ .... ထို့နည်းတူ သူတစ်ပါးရဲ့
...ပြမျက်မရဘဲ ခိုးဖတ်တဲ့လူဟာလည်း ဘယ်မှာသူတော်
...ဖြစ်နိုင်တော့မှာလဲဗျာ .... "

ထန်နိုင်ချန်း မျက်နှာပျက်သွား၏။

"မင်း .... မင်း .... ဒီစာကို ခိုးဖတ်ခဲ့ပြီးပြီပေါ့ .... "

ရှောင်တီက ခေါင်းညိတ်၏။

"ဖတ်ရုံမကပါဘူး။ တစ်လုံးမကျန် အလွတ်ကျက်ထားလိုက်
... .... "

ထန်နိုင်ချန်း၏ မျက်နှာတစ်ပြင်လုံး ရှုံ့ရှုံ့မဲ့မဲ့ ဖြစ်သွားသည်။
ပွဲ၏ဝမ်းဗိုက်ကို သူ့ရန်သူများက ဓားနှင့်အဆက်မပြတ် ထိုး
...လိုက်သလို နာနာကျင်ကျင် ခံစားလိုက်ရသည်။

ထိုစာတွင် မည်သို့သော လျှို့ဝှက်ချက်ကြီးရှိနေသဖြင့် ထန်
...အဘယ်ကြောင့် ဤမျှ ခံစားရလေသနည်း။ ရှောင်တီက ....

"တာပဲဖြစ်ဖြစ် ကျုပ်ကတော့ ဒီစာကို သူ့မူရင်းအတိုင်း တစ်
... ပြန်ပြောပြဖို့ တာဝန်ရှိတယ် .... "

စာပါ အကြောင်းအရာကား အောက်ပါအတိုင်းဖြစ်လေ၏။

*ရှန့်ရှောင်ဖုန်း ....*

*ကျွန်မဟာ ထန်နိုင်ချန်းရဲ့ တိတ်တိတ်ပုန်းမယားတစ်ယောက်
... အပေါ်ထမင်းမှာတော့ ကျွန်မက သူ့ကိုမြှူဆွယ်ခဲ့တာတော့
... သူဟာ စိတ်ဓာတ်ကြွနိုင်တဲ့ယောက်ျားတစ်ယောက်
... ကြောင့် ကျွန်မရဲ့ မယားတစ်သိန်း အပလီန်းအနှ့ွေတွေဟာ
... ဖြစ်ခဲ့ရပါတယ်။*

*... .... ကျွန်မ ကံကောင်းရှင်တော့ သာဖြစ်သူက ကျွန်မကို*

မကျပေမယ့် အဖေဖြစ်သူက ကျွန်မကို ကျဖွဲ့တယ်၊ ထန်ကျူးချိုဟာ လူဆိုကြီးတစ်ယောက်ဖြစ်နေပေမယ့် မိန်းမငယ်ငယ်ရွယ်ရွယ်ကလေးနဲ့တော့ -စည်းစိမ်ခံချင်စိတ် ရှိနေပါတယ်။

မိန်းမလှလေးတွေကို စိတ်ဝင်စားတဲ့ စိတ်လည်းသူ့ဆီမှာ ရှိနေလေတော့ အမဲတစ်ကောင်ကောင်ဖမ်းချင်နေတဲ့ ကျွန်မအဖို့ သိပ်အဆင်ပြေသွားတာပေါ့။ ကျွန်မကိုယ်တိုင် ဘယ်လောက်ရွံမက်စရာကောင်းတယ်ဆိုတာ ရှင်တို့သိပါတယ်၊ ဒီတော့ ကျွန်မဟာ အဘိုးကြီးထန်ကျူးချို့ရဲ့ တိတ်တိတ်ပုန်းမယားတစ်ယောက် ဖြစ်သွားခဲ့ရတာပေါ့။

ကျွန်မအဖို့ကတော့ ရုပ်ရှင်းနဲ့ အတူတူမနေရသမျှ ပျော်စရာအတိဝမ်းသာစရာအတိပဲ၊ ဘယ်လောက်ရုပ်ဆိုးတဲ့ ယောကျ်ားဖြစ်ဖြစ် ကျွန်မသည်းခံနိုင်တယ်၊ ရုပ်ရှင်းကိုတော့ ကျွန်မ လုံးဝသည်းမခံနိုင်ဘူး။

ဒီလောကမှာ ရုပ်ရှင်းလောက် စက်ဆုပ်ရွံရှာစရာကောင်းတဲ့ ယောကျ်ားဆိုလို့ တစ်ယောက်မှမရှိပါဘူး။ လူတွေဟာ မစင်ပုပ်ကိုရွံရှာကြတယ်မဟုတ်လား။ ကျွန်မကလည်း ဘယ်လိုရှေးရေစက်များ ဆုံခဲ့သလဲ မသိဘူး။ ရုပ်ရှင်းဆိုတဲ့လူကို မစင်ပုပ်ထက်တောင် ရွံရှာခဲ့သေးတယ်။

ကျွန်မဟာ သူ့လက်ထဲက တတ်နိုင်သမျှ ထွက်ပြေးတာပဲ၊ အခွင့်အရေးရသမျှ ထွက်ပြေးတာပဲ၊ ဒါပေမယ့် ကျွန်မဟာ သူ့လက်ကို မလွတ်နိုင်ဘူး။ အမြဲတမ်း ပြန်အဖမ်းခံခဲ့ရတာပဲ၊ တစ်ခါပြန်အဖမ်းခံရတိုင်း ကျွန်မဟာ သူ့ကို တစ်ခါပိုမုန်းမိတယ်၊ နောက်ဆုံး မစင်ပုပ်ကို မုန်းသလို ရွံသလို ရွံမုန်း မုန်းခဲ့တာပဲ။

ဒီအချိန်မှာ ကျွန်မဟာ ကံကောင်းထောက်မပြီး တံခွန်နီအဖွဲ့ကြီးရဲ့ အကြီးအကဲရဲ့ တိတ်တိတ်ပုန်းမယား ဖြစ်သွားလေတော့ အတိုင်းထက်အလွန် တံခွန်နဲ့ကုဋ္ဌားဆိုသလို ဖြစ်သွားတာပေါ့။ တံခွန်နီအာဏာမဲ့အဖွဲ့ကြီး



ဟာ ကျွန်မကို လုံခြုံစွာ ဖုံးကာထားနိုင်တဲ့ ခံတပ်ကြီးပဲပေါ့၊ ရုပ်ရှင်းဟာ ကျွန်မကို ဘယ်လိုလုပ် လိုက်ရှာနိုင်တော့မလဲ။

ထန်ကျူးချိုဟာ အရွယ်လွန်အဘိုးကြီးဖြစ်တယ်ဆိုပေမယ့် ကျွန်မအပေါ်တော့ တကယ့်ကို ကောင်းရှာပါတယ်၊ ကြင်ကြင်နာနာနဲ့ စောင့်ရှောက်ပါတယ်၊ သူဟာ ကျွန်မရုပ်ရည်နဲ့အသွင်အပြင်ကိုကြည့်ပြီး သာမညမိန်းကလေးမဟုတ်ဘူးဆိုတာ သိပေမယ့် ကျွန်မရဲ့ နောက်ကြောင်းဘဝကို တစ်ခွန်းတစ်စလေးတောင် မေးမြန်းခြင်း မပြုခဲ့ပါဘူး။

ထန်နိုင်ချုန်းဆိုတဲ့ ကောင်လေးကတော့ အင်မတန် ယောကျ်ားပီသတဲ့ သားလိမ္မာလေးပါ၊ သူ့ဖခင် ထန်ကျူးချိုကိုလည်း အလွန်ချစ်ပါတယ်၊ သူ့ဖခင် စိတ်ချမ်းသာမယ်ဆိုရင် ဘာမဆို လုပ်ပေးမယ့် သားလိမ္မာမျိုးပါ။

နောက်ဆုံး အဖေက မင်းသေရင် ငါစိတ်ချမ်းသာမယ်ဆိုရင်တောင် ကိုယ်တိုင်သတ်သေပြမယ့် သားမျိုးပါ၊ ကျွန်မကို သူ့မိထွေးအဖြစ်လည်း ကောင်းစွာ လက်ခံပါတယ်၊ သူ့ဖခင်စိတ်ချမ်းသာအောင် ကျွန်မကို လိုက်လိုက်လျောလျော ဆက်ဆံပါတယ်၊ နောက်ဆုံး ကျွန်မ မွေးနေ့မင်္ဂလာအတွက် အဖိုးတန်တဲ့ ပုလဲဆံထိုးတစ်ခုကို သူ့ဖခင်ကြီးရှေ့မှာပဲ ကျွန်မကို လက်ဆောင်ပေးခဲ့ပါတယ်၊ အဘိုးကြီး ထန်ကျူးချိုဟာ မယားနဲ့သားသင့်သင့်မြတ်မြတ် နေတာကိုကြည့်ပြီး ပျော်တပြုံးပြုံး ဖြစ်နေခဲ့ပါတယ်။

ဒါပေမယ့် ပျော်ရွှင်စရာကောင်းတဲ့ရက်ကလေးတွေဟာ ကျွန်မနဲ့ နေ့နံမသင့်ဘူးနဲ့တူပါတယ်၊ ကျွန်မဆီမှာ ကြာကြာမနေကြပါဘူး။ ကျွန်မကို ရုပ်ရှင်းက ရှာမတွေ့ခဲ့ပေမယ့် ပုံစနေပြီလိမ မုယုံရွှေးထိကတော့ ရှာတွေ့သွားခဲ့ပါတယ်၊ သူဟာ တကယ်ကိုကြောက်စရာကောင်းပါကလား။ ကျွန်မရဲ့ နောက်ကြောင်းတွေကို လုံးစေ့ပတ်စေ့ သိထားပါကလား။ သူဟာ ကျွန်မကို လာခြောက်ပိုင်တော့တာပဲ .... ။

သူနိုင်းတာကို လုပ်ပေးရမယ်လို့ လာခြိမ်းခြောက်တယ်၊ ကျွန်မ ဘယ်ငြင်းဆန်နိုင်မလဲ၊ ရုပ်ရှင်းဆီ ပြန်ရောက်ရင် ကျွန်မဘဝဟာ ရှင်လျက်နဲ့ သေတာပဲ၊ ဒီတော့ ကျွန်မဟာ သူ့အကျပ်ကိုင်မှုကို ခံလိုက်ရတယ်။

အဲ့ဒါကျွန်မဟာ သူစေနိုင်းချက်၊ သူ့အစီအစဉ်နဲ့ လျှံငွေတွေကို ရေလိုသုံးပြီး တံခွန်နီ အသမဲ့ဌာနက သိုင်းသမားတွေကို စည်းရုံးသိမ်းသွင်းရတော့တာပဲ၊ ငွေဟာ တကယ်၊ တန်ခိုးကြီးတာပဲနော်၊ တံခွန်နီအဖွဲ့ထဲမှာ ငွေပေးဆွဲဆောင်မရတဲ့ သိုင်းသမားဆိုလို့ တစ်ယောက်မှ မရှိဘူး။ မစည်းရုံးရသေးတဲ့ သိုင်းဆရာအချို့နဲ့ သိုင်းသမားအချို့ပဲ ကျန်တယ်၊ ငွေအနည်းအများ ခွဲခြားတာကလွဲလို့ အားလုံး ငွေနောက်လိုက်ကြတာပါပဲ၊ ကျွန်မက သိုင်းသမားတစ်ယောက်စီကို စည်းရုံးတာမဟုတ်ပါဘူး။ တာဝန်ခံ သိုင်းဆရာတစ်ယောက်ကို လျှံငွေပုံပေးပြီး စည်းရုံးတာပါပဲ၊ လျှံငွေငါးရာနဲ့ ခေါင်းညိတ်တဲ့ သိုင်းဆရာရှိသလို လျှံငွေသုံးရာနဲ့ ခေါင်းညိတ်တဲ့ သိုင်းဆရာလည်းရှိတာပါပဲ၊ တချို့က နည်းနည်းခေါင်းမာချင်တယ်၊ သုံးရာနဲ့ မရဘူး။ လေးရာနဲ့မရဘူး။ ငါးရာနဲ့မရဘူး။ ဒီလူကိုတော့ စည်းရုံးသိမ်းသွင်းလို့ မရဘူးဆိုပြီး ကျွန်မ စိတ်ပျက်မိတယ်၊ ဒီတော့ မုယုံရွှေးထိကို ပြောပြတော့ စနေ့ညလိမကာ ရယ်တယ်၊ မင်း အဲဒီကောင်ကို လျှံငွေတစ်ထောင်ပေးလိုက်စမ်း။ မင်းရဲ့ခြေထောက်ကို တောင် ကုန်းနမ်းလိမ့်မယ်တဲ့။ တစ်ပွဲ သာလှုံး သူ့လက်အောက်မရောက်ခင်ကတော့ ကျွန်မအနေနဲ့ ဒီအသမဲ့အဖွဲ့ရဲ့ သတင်းတွေ ပေးခဲ့ရတယ်။

နောက် ကျွန်မရဲ့ တာဝန်တစ်ခုကတော့ အဘိုးကြီးထန်ကျုံးရှို့ သားဖြစ်တဲ့ ထန်နိုင်ရျန်းကို မသင့်မပြတ်ဖြစ်အောင် ကုန်းချောခြေထိုးရတာပါပဲ၊ ရန်တိုက်ပေးရတာပါပဲ၊ နောက်တော့ ထန်နိုင်ရျန်းကို သတ်ပေးရမလို့ အမိန့်ပေးလာတယ် .... ။ ထန်ကျုံးရှို့ဟာ ကျွန်မကို အမြဲတမ်း အလိုလိုက်ပါတယ်၊ ကျွန်မ လိုချင်တာဆိုရင် ချက်ချင်းရစေတာပါပဲ၊ ဒါပေမယ့်



သားနဲ့အထင်လွဲမှား အောင် ရန်တိုက်ပေးတဲ့ကောင်မျိုးတော့ သူ ဘယ်တော့မှ လက်မခံပါဘူး။ သူ ဘယ်တော့မှ နားမဝင်ဘူး။ သူ့သားကို ခွင်းချက်မရှိ သူ ယုံကြည်တယ်၊ သားနဲ့ပတ်သက်ပြီးကျွန်မပြောတဲ့စကားတခွန်းတစ်ချက်မှ မအောင်မြင်ခဲ့ဘူး။ ဒီတော့ မုယုံရွှေးထိဟာ နောက်ထပ်အကြံတစ်ခုပေးလာပါတယ်၊ ထန်နိုင်ရျန်းကို အရက်ထဲ အဆိပ်ခတ်သတ်ဖို့ပါ၊ သူဟာ ယန်ဆယ်ဇန်းရဲ့ သားတော်ပါပဲ၊ ဒါပေမယ့် ထန်နိုင်ရျန်း အရက်မသောက်တာကို သူမသိပါ ဘူး။ ကျွန်မက ဒီအကြောင်းပြောပြတော့ တခြားဖျော်ရည်ထဲမှာ အဆိပ်ခတ်နိုင်းပါတယ်၊ ကံဆိုးချင်တော့ အဲဒီဖျော်ရည်ခွက်ကို အရက်မူးနေတဲ့ အဘိုးကြီးထန်ကျုံးရှို့က ကောက်သောက်လိုက်မိတော့ သူပဲ ကိစ္စချောခဲ့ရပါတယ်၊ ဒီအတွက် ကျွန်မကိုယ်ပင် ကျွန်မ လိပ်ပြာမသန့်ခဲ့ပါဘူး .... ။

ဒါပေမယ့် အဲဒီတုန်းက အမြင်မှာရှိနေတဲ့ ကိုယ်ရံတော်လေးယောက်ဟာ ကျွန်မ မသိခင်ကပဲ ထင်ကျွမ်းရဲ့ သစ္စာခံတွေဖြစ်နေခဲ့တာပါ၊ ကျွန်မရဲ့ လုပ်ရပ်ကို ဘယ်သူမှ မလုပ်နိုင်ပါဘူးလို့ မုယုံရွှေးထိက ပြောခဲ့ပါတယ်၊ အဲဒီကိုယ်ရံတော်ဆိုတဲ့လူတွေကို ဘယ်လိုယုံရမလဲဟင်၊ သူတို့ဟာ အစောကြီးကတည်းက ထန်ကျုံးရှို့ကို သစ္စာဖောက်ခဲ့တဲ့သူတွေပဲ .... ။

ဒီကိစ္စနဲ့ပတ်သက်ပြီး ထန်နိုင်ရျန်း မယုံသင်္ကာဖြစ်နေတာကို ကျွန်မသိတယ်၊ ဒါပေမယ့် သူလည်း လက်ဆုပ်လက်ကိုင် မပြနိုင်ဘူး။ ဒီတော့ ကျွန်မကို ဘာမှ မလုပ်နိုင်တော့ဘူး။ နောက်တစ်ချက်က သွားလေသူ သူ့ဖခင်ရဲ့ ဂုဏ်သိက္ခာကိုလည်း စောင့်ထိန်းရသေးတယ် မဟုတ်လား။

ဒါပေမယ့် ဒီလျှို့ဝှက်ချက်ကို ထန်နိုင်ရျန်း စောင့်ထိန်းနေပေမယ့် ကျွန်မက မစောင့်ထိန်းတော့ပါဘူး။ ဒီလူကောင်းကလေးကို စိတ်ထိခိုက်အောင် လုပ်ခဲ့ရတဲ့ကျွန်မ စိတ်မကောင်းပါဘူးရှင်၊ ကျွန်မ နောက်ဆုံးပြောချင်တာက မုယုံရွှေးထိဟာ ဘယ်လောက်ရက်စက်ကြမ်းကြုတ်တယ်၊ ဘယ်

*လောက်လောက်ကျစ်တယ်ဆိုတာကို ပြောချင်တာပဲ ကျွန်မဟာ မိန်းမတွက်လို ဖြစ်နေတဲ့လူပါ .... ။*

*အဲဒီမယ် မုယုံချူးထိလို့ခေါ်တဲ့ ထင်ကျွမ်းလောက်တော့ ကျွန်မ မဆိုးသေးပါဘူး။ ကျွန်မဟာ ရှုပ်ရှုင်းကို မုန်းလွန်းလို့ ကိုယ့်ကိုယ်ကိုယ် နှစ်ခဲ့တဲ့သူပါ အဲဒီမယ့် ရှင့်ကိုတော့ ကျွန်မ ချစ်ပါတယ်၊ ရှင့်အတွက် ဘာမဆို လုပ်ပေးဖို့ ကျွန်မ အသင့်ရှိပါတယ်၊ ကျွန်မ သေရမယ့်ကိစ္စဖြစ်ပါစေ ရှင့်အတွက် အကူအညီလိုတယ်ဆိုရင် နောက်ဆုံး အသေခံပြီး ကူညီပါ့မယ်လို့ ကျွန်မ ပြောရင်း နိဂုံးချုပ်ပါတယ် .... ။*

စာသည် အလွန့်အလွန် ရှည်လျားလှပါသည်။

ထိုစာရှည်ကြီးကိုပင် ရှောင်တိက အာဂုံဆောင်ထားနိုင်ခဲ့ပါသည်။ သည့်အတွက် အံ့ဩစရာ မရှိလှပါ။ ရှောင်တိသည် ဉာဏ်အလွန်ကောင်းပြီး စာပေပညာတွင် အတွတ်အထိပ်ရောက်နေသည့် ရှန့်ရှောင်ဖုန်းနှင့် ဉာဏ်အလွန်ကောင်းပြီး သိုင်းပညာထက်မြက်သူ မုယုံချူးထိခေါ် ထင်ကျွမ်းတို့၏ သားအရင်းဖြစ်ပါသည်။ သူ့မှတ်ဉာဏ်သည် မိဘများထက်ပင် ကောင်းနိုင်ပါသည်။ ရှောင်တိသည် ထိုစာရှည်ကြီးကို တစ်လုံးမကျန် ရွတ်ပြခဲ့သည်။ ရှန့်ရှောင်ဖုန်း ငိုင်ကျသွားသည်။

ထန်နိုင်ချန်းကား ချုံးပွဲချငိုတော့သည်။

ဩော် သူ့ရဲကောင်းမှာလည်း မျက်ရည်နှင့်ပါတကား။

မြင်းရထားထဲ၌ အတန်ကြာ ငြိမ်သက်သွားသည်။

မြင်းရထားလည်း ခရီး အတော်ရောက်ခဲ့ပြီ။

ရှန့်ရှောင်ဖုန်းက ညင်သာစွာ မေးလိုက်၏။

"အစ် .... သူ ဘယ်မှာလဲ"

"ထွက်သွားပါပြီ .... "



"ဘယ်သွားမယ်ဆိုတာရော မေးခဲ့မိသလား .... "

"ဟင့်အင်း .... မမေးပါဘူး .... "

ထိုစဉ် ထန်နိုင်ချန်းက ....

"ကျွန်တော်လည်း သွားတော့မယ် .... ခွင့်ပြုကြပါ"

သူ တကယ်ပြောခြင်း ဖြစ်ပါသည်။

သူ့တွင် လုပ်စရာအလုပ်မြောက်မြားစွာ ရှိပါသည်။

မလုပ်မဖြစ်သော ကိစ္စမျိုးဖြစ်၍ လုပ်ကိုလုပ်ရမည် ဖြစ်ပါသည်။ ထန်နိုင်ချန်း ဘာလုပ်မည်ကို ရှန့်ရှောင်ဖုန်း ရိပ်မိပါသည်။

သူ မည်ကဲ့သို့ ခံစားနေရသည်ကို ရှန့်ရှောင်ဖုန်း သိရှိပါသည်။

ထန်နိုင်ချန်းသည် တခဏ်အတွင်း လက်လွတ်ခြေလွတ် လူတစ်ယောက် ဖြစ်သွားခဲ့ပါပြီ။ ထို့ကြောင့်ရှန့်ရှောင်ဖုန်းကလုံးဝမတားပါ။

ထန်နိုင်ချန်းသည် ပြတင်းပေါက်မှ ခုန်ဆင်းမည်ကဲ့သို့ပြုပြီးမှ သတိရဟန်ဖြင့် သမင်လည်ပြန် လှည့်လာ၍ ရှန့်ရှောင်ဖုန်းအား မေးခွန်းတစ်ခု မေးလိုက်၏။

"ခင်ဗျား အရက်မသောက်ချင်ဘူးလား .... "

ရှန့်ရှောင်ဖုန်း၏ မျက်နှာပေါ်၌ နှစ်နှစ်ကာကာ ပြုံးသည့် အပြုံးတစ်ခု ပေါ်လာပါ၏။ အရက်မသောက်တတ်သူတစ်ဦး၏ မေးခွန်းဖြစ်၍ အကြောင်းသိလျှင် အံ့ဩသွားရမည့် မေးခွန်းပင် မဟုတ်ပါလား။

"မင်းရော အရက်သောက်ချင်စိတ် ပေါ်လာပြီလား .... "

ထန်နိုင်ချန်း၏မျက်နှာပေါ်၌ ကြည်ကြည်လင်လင် အပြုံးတစ်ခုပေါ်လာသည်။ သူသည် ခေါင်းစဉ်းစားလိုက်ပြီး ....

"ကျွန်တော် အရက်သောက်သင့်ပြီလို့ ထင်တာပဲဗျာ .... တစ်ခါတစ်ရံ အကွေးက ဦးနှောက်ကို သိပ်ဒုက္ခပေးတယ်ဗျာ .... "

"အား .... သောက်သင့်တာပေါ့ မောင်ရာ .... ငါသာ မင်းနေရာရောက်နေရင် အမှားကြီးကို သောက်မိမှာပါ .... မင်းသာ ငါ့နေရာရောက်နေရင် ငါ အောင်မြင်တာထက်ပိုပြီး မင်းအောင်မြင်မှာဘာဖြစ်လို့လဲဆိုတော့ တစ်ခါတစ်ရံ ငါဟာ အရက်ကို စည်းမရှိ ကမ်းမရှိ သောက်တတ်လို့ပါ .... "

"ဟား .... ဟား .... ဟား .... အရက်ဆိုင်တွေဟာ ခင်ဗျားလာရင် အလကားတိုက်သင့်တယ် .... ခင်ဗျားက အရက်သမားဦးရေတိုးအောင် လုပ်နိုင်တဲ့လူကိုး .... ကဲ .... ကျွန်တော်တို့ အရက်သွားသောက်ကြရအောင် .... "

"အခုအချိန်မှာ အရက်ရဖို့ မလွယ်ဘူးကွ၊ သန်းခေါင်ကျော်လောက်ရှိနေပြီ .... "

"မရရင် နိုးပေါ့ဗျာ .... "

ရှန်ရှောင်ဖုန်းက အားပါးတရ ထောက်ခံ၏။

"ကောင်းတယ် .... "

ထန်နိုင်ချန်းက ရယ်ပြီးပြောလေ၏။

"သူတော်ကောင်းမှန်ရင် သူတစ်ပါးစာကို နိုးမဖတ်ရဘူးဗျာ၊ သူတစ်ပါးစာကို မဖျက်ဆီးရဘူးဗျာ၊ သူတစ်ပါးအရက်ကို မခိုးရဘူးဗျာ၊ အားပေးအားမြှောက်လည်း မပြုရပါဘူးဗျာ .... "

"ဟား .... ဟား .... ဟား ကံကောင်းထောက်မပြီး ငါလည်း သူတော်ကောင်း ဖြစ်မနေတာ ဟန်ကျသွားတာပဲပေါ့ကွာ .... "

ရှန်ရှောင်ဖုန်း၏စကားကြောင့် အားလုံးမရယ်ဘဲ မနေနိုင်ကြတော့ပေ။

❋

## အခန်း (၇)

## မိတ်ဆွေဖြစ် အရက်ဝိုင်း

သန်းခေါင်ယံဖြစ်၍ တစ်မြို့လုံး ငြိမ်သက်တိတ်ဆိတ်နေသည်။ တစ်မြို့လုံး အိပ်မောကျနေကြပြီ မဟုတ်ပါလား။ သို့ရာတွင် ဤလိုညမျိုး၌ မငြိမ်သက်နိုင်သောလူမျိုး နှစ်မျိုးနှစ်စားတော့ ရှိပါသည်။ ပထမတစ်မျိုးမှာ ညလုံးပေါက် ဖဲဝိုင်း၌ ဖဲရိုက်နေသော လူမျိုးဖြစ်ပြီး၊ ဒုတိယတစ်မျိုးမှာ အရက်ဝိုင်းဖွဲ့သောက်နေသော လူမျိုး ဖြစ်ပါသည်။

တစ်မြို့လုံး ငြိမ်သက်အိပ်စက်နေပြီဖြစ်၍ အရက်ကိုတော့ ဝယ်၍မရတော့ပေ။ တစ်ခုတော့ ရှိသည်။ စားသောက်ဆိုင် သို့မဟုတ် အရက်ရနိုင်သော ဆိုင်တစ်ဆိုင်သို့သွားပြီး အနိုင်အထက် တံခါးဖွင့်ရောင်းခိုင်းသည့်နည်းတော့ ရှိသည်။

သို့သော် ရှန်ရှောင်ဖုန်းနှင့် ထန်နိုင်ချန်းတို့သည် ဤနည်းကို သတိမရကြချေ။ အနိုင်အထက် မလုပ်လို၍လားတော့ မပြောတတ်ပေ။ သူတို့သည် အရက်ခိုးရန်သာ စိတ်ကူးနေကြလေ၏။

ရှန့်ရှောင်ဖုန်းက ....

"ထန်နိုင်ချန်း မင်း အရက်နိုးဖူးသလား .... "

"ဘာဖြစ်လို့လဲ .... "

"ဩော် .... မင်းက အရက်နိုးသောက်ဖို့ အကြံပေးလို့ မင်းကများ နိုးဖူးသလားလို့ပါ .... "

"မနိုးဖူးပါဘူးဗျာ .... အရက်မပြောနဲ့ ဘာကိုမှ မနိုးဖူးပါဘူး၊ မနိုးဘူး၊ မုသားမပြောဘူး၊ ဒါဟာ ကျွန်တော့်အကျင့်ပါ .... "

"မင်းဟာ လူငယ်ပေမယ့် တကယ်ချီးကျူးဖို့ ကောင်းတယ်၊ ငါကတော့ နိုးတဲ့ဘက်မှာ ပါရဂူကွ .... "

"ဟား .... ဟား .... ဟား .... ခင်ဗျားဟာ ဓားဘုရင်ကြီးသာ မကတော့ဘူး .... "

ထန်နိုင်ချန်းသည် စကားကိုဆုံးအောင်ပင် မပြောတော့ဘဲ တဟားဟား ရယ်လေတော့၏။ သူသည် ယဉ်ကျေးသိမ်မွေ့အနှစ်ပြည့်သူ ဖြစ်၏။ ဓားဘုရင်ကြီးသာမက အရက်ဘုရင်ကြီးပါ ဖြစ်လာပြီဟု ပြောလိုရင်း ဖြစ်၏။ သို့သော် သူ မပြောခဲ့ပါ။ မပြောရက်ပါ။

ရှန့်ရှောင်ဖုန်းဆိုသူမှာ သိုင်းပညာအရ ထိပ်ခေါင်တင် သိုင်းဘုရင်ကြီး ဖြစ်နေသည့်အပြင် မျိုးရိုးမှာလည်း မြင့်မြတ်သော ထိပ်တန်းမျိုးရိုးမှ ဖြစ်နေပါ၏။ သိုင်းပညာအဆင့်အရ မျက်မွေးတော် မော်မကြည့်သင့်သလို မျိုးရိုးအရလည်း သာမန်အဆင့်များနှင့် နှိုင်းယှဉ်မရသော အဆင့် ရှိနေပါသည်။

ယခု သူ့အား ဤမျှ ရင်းရင်းနှီးနှီး ဆက်ဆံနေခြင်းကပင် အလွန်ကျေနပ်ဖွယ်ရာဖြစ်နေကြောင်း ထန်နိုင်ချန်း သိပါသည်။ ထို့ကြောင့် ထန်နိုင်ချန်းသည် ရှန့်ရှောင်ဖုန်းအား ကိုယ်အမူအရာ နှုတ်



အမူအရာဖြင့် စော်ကားသလို မဖြစ်မိစေရန် လွန်စွာ သတိထားဆက်ဆံပေသည်။ ရှန့်ရှောင်ဖုန်းသည် ထန်နိုင်ချန်း၏စကားကို ရိပ်မိသိရှိသော်လည်း စိတ်မဆိုးပေ။

"ငါက ဆယ်နှစ်သားလောက်ကတည်းက အရက်နိုးသောက်လာခဲ့တာကွ .... "

"ဘုရားရေ .... အဲဒီအရွယ်ကတည်းကဆိုတော့ လွန်တာပေါ့ဗျာ .... ဘယ်အိမ်မှာ သွားနိုးသောက်တာလဲ .... "

"ဟား .... ဟား .... ဟား .... ဒီလောက်တော့ ငါ့ကို အထင်မကြီးပါနဲ့ကွ .... ငါ့အဖေရဲ့ အရက်တွေကို နိုးသောက်တာပါ .... "

"ဩော် .... "

"ငါတို့ မိသားစုမှာ ထက်ထက်မြက်မြက် ဓားကောင်းလေးလက် ပိုင်ဆိုင်ထားတယ်ဆိုတာ မင်း ကြားမိသလား .... "

"ကြားမိတာပေါ့ဗျာ .... "

"အေး .... တို့ဆွေမျိုးတွေက ပြောကြတယ်၊ သိုင်းလောကသားတွေဟာ ရှန့်မိသားစုကို ဓားကောင်းစုဆောင်းတဲ့ မိသားစုလို့သာ သိကြတယ် .... အရက်ကောင်းပိုင်တဲ့ မိသားစုဖြစ်တယ်ဆိုတာကိုတော့ မသိကြဘူးတဲ့ .... တကယ်တော့ ငါ့အဖေဟာ ဓားတွေကို ဂရုတစိုက် ထိန်းသိမ်းသလို၊ အရက်ပုလင်းကောင်း မြောက်မြားစွာကိုလည်း မြေအောက်တိုက်ခန်းတွေမှာ သိမ်းဆည်းခဲ့တယ် .... "

"ဒါဖြင့်ရင်ဗျာ .... ခင်ဗျားတို့ ရှန့်ကျုန်ဂေဟာကို အရက်နဲ့ ပတ်သက်တဲ့နာမည်တစ်ခုခု ထပ်ပေးလိုက်ရင် မကောင်းဘူးလား .... "

ထိုအခါ ရှန့်ရှောင်ဖုန်းက လက်တခါခါဖြင့် ငြင်းလေ၏။

"ဟာ .... အဲဒီလိုတော့ မလုပ်ပါနဲ့ .... ငါတို့မိသားစုမှာ

အရက်ကို စည်းမဲ့ကမ်းမဲ့ သောက်တဲ့လူဆိုလို့ ငါတစ်ယောက်တည်းတာပါ .... ငါ့အဖေ အရက်သောက်တယ်ဆိုတာက သဘောလော သောက်တာပါ .... တို့မိသားစုထဲမှာ ငါဟာ သိုးမည်းပါ။ ကျန်တဲ့ တွေဟာ အားလုံး လူသူတော်ကောင်းကြီးတွေပါ .... "

ရှန့်ရှောင်ဖုန်းသည် သူ့မိသားစုနှင့်ပတ်သက်ပြီး ထန်နိုင်ချန်းလည်း သဘောပေါက်စေရန် အသေအချာ ရှင်းလင်းပြ၏။

တကယ်တော့ ထန်နိုင်ချန်းကလည်း အထင်မသေးပါ။ ပျော်စေ ပျက်စေ ပြောလိုက်ခြင်း ဖြစ်ပါသည်။

ထန်နိုင်ချန်းက ရယ်ရင်းပြော၏။

"ခင်ဗျား သူတော်ကောင်း မဟုတ်ဘူးဆိုတာတော့ စော စောကတည်းက ခင်ဗျားပြောပြီးသားပဲ .... လောကမှာ ဒီလို ဝန်ခံရဲတဲ့ လူမျိုး ရှားတယ်နော်.... ချီးကျူးသင့်တယ်လို့ ခင်ဗျား မထင်ဘူးလား"

ထိုအခါ ရှန့်ရှောင်ဖုန်းက တဟားဟားရယ်လေတော့သည်။

"မင်းဟာ ကိုယ့်ဘက်ကိုယ်ယက်တာပဲကိုး .... သူတော်ကောင်းမဟုတ်တဲ့လူကို မချီးကျူးထိုက်ပါဘူးကွာ၊ လောကမှာ သူတော်ကောင်းတွေ အများကြီး လိုအပ်ပါတယ် .... "

ရှန့်ရှောင်ဖုန်းက တန်ဖိုးရှိသောစကားဖြင့် ထန်နိုင်ချန်းကို ဆုံးမလေ၏။ ဤစကားသည် သူတစ်သက်တာ၌ သူတစ်ပါးအား ပထမဆုံး ဆုံးမသော စကားပေတည်း။ သူတို့သည် မြင်းရထားကို ရပ်နိုင်းလိုက်၏။ ထန်နိုင်ချန်းက ရှောင်တီအား လှမ်းပြောလိုက်၏။

"ငါတို့ကို ခွင့်လွှတ်ပါကွာ .... သူနဲ့ငါ မခွဲခင်အရက်ကလေး နည်းနည်းပါးပါး သောက်ချင်လို့ .... ငါ အရက်လိုက်ရှာပါရစေ .... မင်း မလိုက်ချင်ရင် ဒီမှာတော့ ခေတ္တခဏ စောင့်ပါ .... "



ရှောင်တီက ဘာမှမပြောဘဲ မြင်းရထားထောင့်တွင်မှီ၍ အိပ်ကျက်၏။ မြင်းရထားမောင်းသမားကတော့ သက်သောင့်သက်သာ နားယူနေပါတော့သည်။

ရှန့်ရှောင်ဖုန်းသည် ရှောင်တီအား ချစ်ခင်ကြင်နာသော ကြည့်ဖြင့် တစ်ချက်ကြည့်ကာ ထန်နိုင်ချန်းနှင့်အတူ မြင်းရထား ကသို့ ဆင်းသွားလေတော့၏။ သူတို့သည် လမ်းတစ်လျှောက် ဘားဖော်ဖွဲ့ဖြစ်သွားကြ၏။ တကယ်တော့ အရွယ်ချင်း မတူခြား ယ်လည်း ရှန့်ရှောင်ဖုန်းက ထန်နိုင်ချန်းအား ရဲဘော်ရဲဘက်သဖွယ် သဘောထားခြင်းသာ ဖြစ်သည်။ ဥပမာပေးရလျှင် ထန်နိုင်ချန်းသည် ဟာင်မြောင်နှင့်တန်းတူရည်တူ သဘောမျိုးရှိသွားသည်။ သို့သော် ဟာင်မြောင်က သိုင်းပညာ မတတ်။ ထန်နိုင်ချန်းက သိုင်းပညာတတ် ည်။ ရှန့်ရှောင်ဖုန်းက ....

"ငါက အရက်နိုးခဲ့ပေမယ့် နှစ်ကြိမ်တိုင်တိုင်အဖမ်းခံခဲ့ရတယ်"

ရှန့်ရှောင်ဖုန်းက ဂုဏ်ယူသောလေသံဖြင့် ဆက်ပြောသည်။

"အဲဒီနောက်ပိုင်း၊ အိမ်က အရက်ကိုမခိုးတော့ဘူး .... "

"ဟင် .... သူများ အရက်တွေကို ခင်ဗျား သွားခိုးတယ်ပေါ့"

"သူများအရက်ပေမယ့် ငါတို့ရှန့်မျိုးရိုးထဲက ဦးလေးတော် တစ်ယောက်ရဲ့ အရက်ကို ခိုးတာပါ .... သူများအရက်ဆိုင်သာ ကျောက်စိမ်းရေကန်ရဲ့တစ်ဘက်မှာ ရှိတယ်လေ .... "

"ဪ .... "

"ခိုးတာလည်း ပညာပါတယ်ကွ .... သူခိုးကြီးတွေဟာ စာဆို နိုးကြတယ် .... "

"ဟာဗျာ ကြိကြိဖန်ဖန် .... "

"မကြီးဖန်နဲ့ တကယ်ကွ .... လသာညမှာမခိုးရ .... လေတိုက်ညမှာခိုးရ၊ နှင်းကျညမှာ မခိုးရ မိုးရွာညမှာ ခိုးရသတဲ့ .... နောက်ဆက်တွဲစာကတော့ လူဆိုးတွေဆီက မခိုးရ .... လူကောင်းတွေဆီက ခိုးကြတဲ့ကွ .... "

"ခင်ဗျားရဲ့စာကို ဒီတစ်ခါပဲ ကြားဖူးပါတယ်ဗျာ .... "

"ဟ .... ဒါက သူခိုးဘိုးတော်ကြီးတွေ ထားရစ်ခဲ့တဲ့စာကွ အဓိပ္ပာယ်ရော ပေါက်ရဲ့လား .... "

"ရှင်းနေတာပဲဗျာ .... ပေါက်ပါတယ် .... လူဆိုးတွေဆီ သွားခိုးလို့မိသွားရင် လူဆိုးက ခွင့်မလွှတ်ဘူး .... သူကိုယ်တိုင်က လူဆိုးဖြစ်နေတာကိုး၊ လူကောင်းကျတော့ စိတ်ကောင်းရှိတဲ့လူမို့ မိသွားရင် ခွင့်လွှတ်တတ်တယ် .... မဟုတ်ဘူးလား .... "

"ဟုတ်ပေါ့ .... မင်း အတော်ဗဟုသုတ ရှိပါပေတယ် .... "

တကယ်တော့ ရှန့်ရှောင်ဖုန်း၊ ရှောင်တီနှင့် ထန်နိုင်ချန်းတို့ သုံးဦးဆုံမိခြင်းမှာ အံ့ဩဖွယ်ရာ တိုက်ဆိုင်မှု ဖြစ်သည်။ သူတို့ သုံးဦးစလုံး ဉာဏ်အလွန်ကောင်းသူများဖြစ်ပြီး တစ်ခေတ်တွင်တစ်ယောက် သိုင်းပညာရှင် ဖြစ်နိုင်သူချည်းသာ ဖြစ်သည်။

သို့သော် ကံဆိုးမိုးမှောင်ကျပြီး ရှောင်တီသည် ရှန့်ရှောင်ဖုန်း၏ သားလာဖြစ်နေပြီး၊ ထန်နိုင်ချန်းက ယန်ဆယ်စန်း၏တပည့်လာဖြစ်နေသည်။ သူတို့လေးယောက် အချိန်ခြားပြီး ပေါ်ထွန်းလာကြလျှင် တစ်ဦးစီတစ်ဦးစီ နံပါတ်တစ်သိုင်းသမားများ ဖြစ်ကြမည်မှာ သေချာလှသည်။ ထန်နိုင်ချန်းက ....

"ဒါပေမယ့် လူကောင်းကလည်း သူခိုးဖမ်းတာပါပဲဗျာ .... "

"ဟုတ်တယ်လေ .... ငါလည်း အဖမ်းခံခဲ့ရတာပါပဲ ....



ဒါကြောင့် သင်ခန်းစာတစ်ခု ရလိုက်တာပေါ့ .... "

"ဟုတ်လား .... ဘာသင်ခန်းစာလဲ .... "

"အရက်သောက်ချင်ရင် သူများခိုးပေးတဲ့အရက်ကို သောက်ပါ .... ဘယ်တော့မှ ကိုယ်တိုင်မခိုးပါနဲ့ဆိုတာ သင်ခန်းစာပေါ့ .... "

"ဟား .... ဟား .... ဟား .... အဲဒီ သင်ခန်းစာဟာ သူများအတွက် ဘယ်လိုပဲကောင်းကောင်း .... မကောင်းကောင်း ကိုယ့်အတွက် ကောင်းတာတော့ အမှန်ပေပဲဗျာ .... "

ထန်နိုင်ချန်းက ဟက်ဟက်ပက်ပက် ရယ်မောလေ၏။

ထို့နောက် ....

"ကောင်းပါပြီဗျာ .... ခင်ဗျား မခိုးရပါဘူး .... ကျွန်တော် ခိုးပေးပါ့မယ် .... ခင်ဗျားက လူကြည့်ပေးပေါ့ဗျာ .... "

"ဟ .... ဒါလည်း သူခိုးပဲပေါ့ကွ .... ဘာထူးလဲ .... "

"ဒါဖြင့်လည်း ခင်ဗျားလမ်းပေါ်မှာပဲ စောင့်ပေါ့ဗျာ .... ကျွန်တော် ရအောင်ခိုးခဲ့ပါ့မယ် .... "

"အေး .... အဲဒါ အကောင်းဆုံးပဲ .... "

တကယ်တော့ ထန်နိုင်ချန်း အရက်မခိုးဘူးပါ။ သူပြောသည့်အတိုင်း မည်သည့်ပစ္စည်းကိုမှလည်း မခိုးဘူးပါ။

သူလို လူတစ်ယောက်အဖို့ ပစ္စည်းတစ်ခုခိုးရခြင်းမှာ ခက်ခဲသောအလုပ်မဟုတ်ပါ။ သူ့တွင် ထက်မြက်သော ကိုယ်ဖော့ပညာ မရှိခြားသော်လည်း ပစ္စည်းခိုးသည့်အတွက်တော့ သူ့တွင်ရှိသည့် ကိုယ်ဖော့ပညာဖြင့် လုံလောက်ပါသည်။

အကယ်၍ သင့်စုတင်အောက်တွင် ဘာရက်အိုးခြောက်ဆယ်ရှိသည်ဆိုကြားအံ့။ ထန်နိုင်ချန်းက ထိုအရက် ဆယ်အိုးခန့် ခိုးပေးနိုင်ပါ

သည်။ ထိပ်တန်း သိုင်းပညာရှင်တစ်ယောက်အနေဖြင့် ညှိမ္ဖွာသာ စွမ်းဆောင်နိုင်ပါသည်။ နောက်တစ်ချက်မှာ အရက်ကိုသိုလှောင်ထားသည့် လှူဆိုသည်မှာ သာမန်လူစားများ မဟုတ်ကြပါ။ သူဌေး၊ သူကြွယ်၊ ကုန်သည်၊ လူကုံထံ များသာ ဖြစ်ကြပါသည်။

သူတို့သည် အရက်ကို ခုတင်အောက်၌လည်း မဝှက်ကြပါ။ မြေတိုက်ခန်း၌သာ သိုလှောင်ထားတတ်ကြပါသည်။ အရက်ဆိုသည်မှာ ရွှေငွေ စည်းစိမ်မဟုတ်သဖြင့် ထိုမြေတိုက်ခန်းကို အစောင့်အကြပ်လည်း ချမထားတတ်ပါ။ ထို့ကြောင့် ထန်နိုင်ချန်းတို့အဖို့ လူကုံထံတစ်ဦး၏ အိမ်မှ အရက်ကို လွယ်လွယ်ကူကူပင် ခိုးယူနိုင်ခဲ့ပါသည်။

သူတို့သည် လမ်းဘေးတွင်ပင် အရက်ဝိုင်းဖွဲ့ပါသည်။ ထန်နိုင်ချန်းသည် အရက်ခိုးသော ပညာတွင်ရော၊ အရက်သောက်သောပညာတွင်ရော၊ သိုင်းပညာတွင်ရော ရှန့်ရှောင်ဖုန်းကို မမီပါ။ ရှန့်ရှောင်ဖုန်းကား အရက်တစ်ခေါက်သောက်လျှင် ရေလောင်းချင်တိုင်း လောင်း၊ မည်သည့်အခါမျှ ရေမပြည့်သော ကြွက်တွင်းကဲ့သို့ အရက်ကိုမနားတမ်း သောက်နိုင်သူ ဖြစ်ပါသည်။ တကယ်တမ်း အရက်ဝင်ပြီဆိုသောအခါ စကားများလာကြပါသည်။ ရှန့်ရှောင်ဖုန်းသည် အုံသြဖွယ်ကောင်းလောက်အောင်ထန်နိုင်ချန်းကိုစင်စင်မင်မင်ပေါင်းပြီး ပို၍စကားများနေပါသည်။ ထန်နိုင်ချန်းက ....

"ဟို .... ရှောင်တီဆိုတဲ့လူဟာ .... "

"သူက အသက် ဆယ့်ငါးနှစ်ပဲရှိသေးသကွ .... "

"ဗျာ .... "

"ဟုတ်တယ် .... သူဟာ အသက်အရွယ်နဲ့မလိုက်အောင် ရင့်ရော်နေတာကွ .... "



"ကျွန်တော်ကတော့ ကိုယ်နဲ့ရွယ်တူလောက် ထင်နေမိတာ"

"မင်းထက် ငယ်ပါတယ် .... "

"အေးပါ .... အံ့သြစရာပါပဲ၊ သူ့မျိုးရိုးက ရှောင်မျိုးရိုးပဲလား၊ အတော်ရှားတဲ့ မျိုးရိုးပဲနော်၊ မျိုးရိုးနာမည်အစစ်ကော ဟုတ်ရဲ့လား"

ထိုမေးခွန်းကို ရှန့်ရှောင်ဖုန်း အဘယ်မှာလျှင် ကြားချင်ပါမည်နည်း။ သူ ပစ်ပယ်ထားခဲ့သဖြင့် မျက်နှာငယ်နေရသည့် သားဖြစ်သူ ရှောင်တီအကြောင်း မည်သို့ရှင်းလင်းပြောကြားရပါမည်နည်း။

"ဒါကတော့ သူကိုယ်ရေးကိုယ်တာမို့ ပြောပြလို့ ကောင်းမယ် မထင်ပါဘူးကွာ .... "

"သူဟာ .... အတော်ရင့်ကျက်နေပြီဗျ .... ရင့်မှည့်သီးမဟုတ်ပေမယ့် နုမှည့်တော့ ဖြစ်နေပြီဗျ .... "

"သဘာဝအတိုင်း မဟုတ်ရင် ဘယ်ကောင်းပါ့မလဲကွ .... သာမန်လူငယ်တွေထက်တော့ သူ ရင့်ကျက်ပါတယ် .... "

"ရင့်ကျက်မှာပေါ့၊ သူဟာ မင်းတို့လို စားချိန်စား၊ ကစားချိန်ကစား၊ ပညာသင်ချိန်သင်ဆိုတဲ့ အဆင့်တွေကို ဖြတ်ကျော်လာရတာ မဟုတ်ဘူး၊ ဖခင်ရဲ့ဆိုဆုံးမမှုကို အပြည့်အဝခံယူခဲ့ရတာမဟုတ်ဘူး။ မင်းရဲ့ဘဝနဲ့ သူ့ရဲ့ဘဝဟာ ဆန့်ကျင်ဘက်ပါ။ မင်းဟာ မွေးစားသားဖြစ်ပေမယ့် ဖခင်က မင်းကိုသားအရင်းလို ချစ်ခင်ခဲ့တယ်၊ ပညာအမွေပေးခဲ့တယ်၊ နောက်ဆုံး အာမခံဋ္ဌာနကြီးတစ်ခုလုံးတောင်လွှဲခဲ့တယ်၊ သူကတော့ မင်းလိုမဟုတ်ဘူး၊ အဖေကလည်းပစ်ထားခဲ့တယ်၊ ဒီတော့ မျိုးရိုးအမည်လည်းတပ်ခွင့်မရဘူး၊ အမေကလည်း သူ့အဖေကို မုန်းတာနဲ့ ကိုယ့်ရင်သွေးကို ကျွန်တစ်ယောက်လိုပဲ ထားခဲ့တယ်၊ ဆိုဆုံးမမှုလည်း မရှိခဲ့ဘူး၊ အမေအရင်းဟာ သားအရင်းလို မဆက်ဆံခဲ့ဘူး၊ ဒီလိုကလေး

မျိုးမှ မရင့်ကျက်ရင်လည်း ဘယ်လိုကလေးမျိုး ရင့်ကျက်မှာလဲ ....”

ထိုစကားများကို ရှန့်ရှောင်ဖုန်းက နှုတ်မှ ထုတ်ဖော်ပြောခြင်း မဟုတ်ပါလေ။ စိတ်ထဲမှ ကြိတ်၍ပြောလိုက်ခြင်းသာ ဖြစ်ပါသည်။ ရှန့်ရှောင်ဖုန်း ငြိမ်နေသည်ကို ထန်နိုင်ချန်း သတိမထားမိပေ။ သူသည် အရက်ကလေး တွေတွေဖြင့် စကားကြောရှည်ပြန်လေ၏။

“ကျွန်တော့်ကို ခင်ဗျားအနေနဲ့ လူအ,လူနတစ်ယောက်လို့များ ထင်ထားသလားဗျာ .... ”

“ဟား .... ဟား .... ဟား .... အစကတော့ ထင်တယ်၊ နောက်ကျတော့ မထင်တော့ပါဘူးကွာ .... ”

ရှန့်ရှောင်ဖုန်း၏ ရိုးသားသောစကားပါပေ။

ထန်နိုင်ချန်းက ....

“ခင်ဗျားကို လူလာကယ်တော့ ခင်ဗျားမျက်လုံးတွေဟာ တကယ့်ကို ပြောင်လက်တောက်ပနေတာပဲ .... ခင်ဗျား သိပ်ဝမ်းသာနေတယ်ဆိုတာ ကျွန်တော် ရိပ်မိလိုက်တယ် .... ခင်ဗျားလို ကိုယ့်အသက်ကို ပုရွက်ဆိတ်တစ်ကောင်ရဲ့အသက်လို တန်ဖိုးမထားတဲ့လူကဘာဖြစ်လို့ ဒီလောက်ဝမ်းသာသွားရသလဲ .... တကယ်တော့ ခင်ဗျားဝမ်းသာတာဟာ အသက်ရှင်သန်ခွင့်ရလို့ မဟုတ်ပါဘူး .... သူ့ကို မြင်တွေ့လိုက်ရလို့ပါ .... ကျွန်တော် ဒီလိုပဲ ကောက်ချက်ချတယ် .... ”

ရှန့်ရှောင်ဖုန်းသည် အရက်အိုးကို ကောက်မော့လိုက်၏။ သူ မချိပြုံး ပြုံးသည်ကို ထန်နိုင်ချန်း မမြင်စေလိုသောကြောင့် ဖြစ်သည်။

“မင်းဟာ ငြိမ်သက်ပြီး နက်ရှိုင်းတဲ့ရေပြင်လိုပါပဲ .... ”

“ခင်ဗျားက ကျွန်တော့်ကို ချီးကျူးတာလား .... ”

“ချီးကျူးထိုက်သူကို ချီးကျူးတာဟာ မင်္ဂလာထူးစ်ပါးပါကွာ”



“ဟား .... ဟား .... ဟား .... ဘာပဲဖြစ်ဖြစ်၊ ဒီစကားလေး တစ်ခွန်းတည်းနဲ့ ခင်ဗျားကို အရက်နိုးတိုက်ရကျိုး နပ်ပြီဗျ .... ”

ရှန့်ရှောင်ဖုန်းသည် အမှန်တကယ်ပင် ကြည်နူးနေပါသည်။ ထန်နိုင်ချန်းသည် နားလည်သိတတ်သော သူငယ်ချင်းကောင်းတစ်ယောက်ဟု အသိအမှတ်ပြုပါသည်။ တစ်ဦးမေတ္တာ တစ်ဦးမှာ ဆိုသကဲ့သို့ထန်နိုင်ချန်းကသူ့အားရိုသေလေးစားသည်မှာအမှန်ပင်ဖြစ်ပါတော့၏။

“မင်း ဘယ်သူ့ကို အပြစ်သွားပေးဦးမှာလဲ .... ”

ရှန့်ရှောင်ဖုန်းက မေးလိုက်သည်။

“ကျွန်တော့်စိတ်ထဲမှာ ပိနိုလန်ကို ဆုံးမဖို့ စိတ်ကူးရှိခဲ့တယ်ဗျာ .... ဒါပေမယ့် အရက်သောက်ပြီးတဲ့နောက် ကျွန်တော် စိတ်ပြောင်းသွားပါတယ် .... သူ့ကို ထပ်မရှာတော့ပါဘူးဗျာ .... ”

ပိနိုလန်မှာ ကြို့ပြောင်းတိုကြီး ထန်ကျုံးချီ၏ အငယ်အနှောင်းအဖြစ်ခံယူသော မိန်းမဖြစ်ပြီး ရှပ်ကို့ရှင်း၏ ဇနီးမယားဖြစ်သည်။ သူမသည် ရှပ်ကို့ရှင်း၏လက်ထဲမှ အခွင့်ရတိုင်း ထွက်ပြေးခဲ့ပြီး နောက်ဆုံး၌ ထင်ကျွမ်း(ခေါ်)မုယုံချူးထိ၏ အကျပ်ကိုင်မှုကို ခံခဲ့ရသူဖြစ်၏။

ထန်နိုင်ချန်းက ....

“တကယ်တော့ ရှောင်တိဆိုတဲ့ လူငယ်ဟာ အစောပိုင်းကတည်းက ပိနိုလန်နဲ့လှည်းထဲမှာ တွေ့ခဲ့ကြတာပဲ၊ ဒါပေမယ့် သူတို့ချင်းဆက်စပ်နေကြတာကို မသိခဲ့ဘူးဗျ .... ”

ရှန့်ရှောင်ဖုန်း အံ့ဩသွား၏။

“ဘာဆက်စပ်တာလဲ .... ”

“ဆက်စပ်တာတွေက အများကြီးပါဗျာ .... ရှောင်တိဟာ ထင်ကျွမ်းရဲ့လက်အောက်ငယ်သားတစ်ယောက်ပဲဗျ .... ပိနိုလန်

ကလည်း အကျပ်ကိုင်တာကို ခံနေရတဲ့မိန်းမဗျာ .... ကဲ .... သူတို့ဟာ ထင်ကျွမ်းရဲ့လက်အောက်ခံတွေချည်း ဖြစ်မနေဘူးလား .... "

"ဟော .... မင်းက စောစောကတည်းက သိနေတာလား"

ပိနိုလန်အကြောင်းကတော့ စာပါအကြောင်းအရာကို သိရမှ သိခဲ့တာပါ .... ရှောင်တီဟာ ငယ်ကျွမ်းရဲ့လက်အောက်ငယ်သားဆိုတာ ကျွန်တော် စောစောကတည်းက သိနေတာဗျ .... "

"အင်း .... မင်းဟာ သိလည်းသိနိုင်ပါပေ့ကွာ .... "

"ကျွန်တော်သိတာ ကျန်နေသေးတယ်ဗျ .... "

"ဘာများလဲကွာ .... "

"ရှောင်တီဟာ ထင်ကျွမ်းရဲ့သားအရင်းဆိုတာလည်း ကျွန်တော် သိထားသေးတယ်ဗျ .... "

ရှန့်ရှောင်ဖုန်း ငြိမ်သက်သွားသည်။ ထန်နိုင်ချန်းသည် သူနှင့် မုယုံချူးတို့ကို လင်မယားအရာမြောက်ခဲ့သည်ကိုပင် သိနေသလားဟု ရော်ရမ်းတွေးတောနေမိသည်။

"ရှောင်တီဟာ ပိနိုလန်ကို ထင်ကျွမ်းရဲ့လက်အောက်ငယ်သားမှန်း မသိဘူး၊ ဒီလိုလုပ်ထားတာဟာ ထင်ကျွမ်းရဲ့ပရိယာယ်များလား မသိပါဘူးဗျာ .... "

"ဒသသေချာချာ စဉ်းစားကြည့်ရင် ပိနိုလန်မှာ အပြစ်မရှိဘူးဆိုတာကို တွေ့လာရတယ် .... တကယ်တော့ သူဟာ ဒုက္ခသည်ပဲဗျ"

"ဟုတ်ပါတယ် .... သူဟာ ချစ်ဒုက္ခသည်ပါ .... "

"အခုတော့ သူ့ဘဝလည်း ပျက်ပြုန်းပြီပေါ့ဗျာ .... ခင်ဗျားအနေနဲ့ သူ့ကို လိုက်ရှာဖို့ လိုလိမ့်မယ်နဲ့တူတယ် .... ကျွန်တော်က တော့ မတွေ့ချင်တော့ပါဘူးဗျာ .... "



ထန်နိုင်ချန်းဆိုလိုသည့် အဓိပ္ပာယ်များကို ရှန့်ရှောင်ဖုန်း သိရှိပေသည်။ သူ့အနေဖြင့် ပိနိုလန်၏ ပြစ်မှုများကို ခွင့်လွှတ်နိုင်ပြီဖြစ်သော်လည်း ထင်ကျွမ်းခေါ် မုယုံချူးထိကတော့ ခွင့်လွှတ်မည် မဟုတ်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။ မုယုံချူးထိ၏ လက်တံကလည်း အလွန်ရှည်လှသဖြင့် ပိနိုလန်အနေဖြင့် မုယုံချူးထိ၏လက်မှ လွတ်ရန် ခဲယဉ်းလှပေသည်။ ယခုအချိန်တွင် တံခွန်နီ အာမခံဌာနကြီးသည် ချောင်ဟာမ်ရိယွမ်ညီနောင်တို့နှင့်အတူ ထင်ကျွမ်း၏ လက်အောက်ခံအဖွဲ့အစည်းကြီး ဖြစ်သွားခဲ့ပါလေပြီ။ ဤတရုတ်ပြည် သိုင်းလောက၌ ထင်ကျွမ်းမလုပ်ရဲသည့် အလုပ်ဟူ၍ မရှိပါ။ ထင်ကျွမ်းကို ဟန့်တားနိုင်သူဆို၍လည်း တစ်ယောက်တည်းသာ ရှိနေပါသည်။ ထိုသူမှာ ယန်ဆယ်စန်းမဟုတ်ပါ။ ယန်ဆယ်စန်းသည် ဓားကိစ္စမှလွဲ၍ ဘာကိုမျှ စိတ်ဝင်စားသူမဟုတ်ပါ။ ထင်ကျွမ်းကို တကယ်တားဆီးဟန့်တားနိုင်သူမှာ တတိယမြောက်သခင်လေး ရှန့်ရှောင်ဖုန်းပင် ဖြစ်ပါတော့သည်။

ရှန့်ရှောင်ဖုန်းက ....

"အေး .... ငါ ပိနိုလန်ကို တွေ့အောင်ရှာပေးမယ် .... "

"ရှာပါ .... သူ့ကိုတွေ့အောင်ရှာပါ .... ဒါပေမယ့် တခြားတစ်ယောက်နဲ့တော့ မတွေ့အောင်ရှောင်ပါဗျာ .... "

"ဟင် .... ဘယ်သူများလဲကွာ .... "

"ယန်ဆယ်စန်းဆိုတဲ့ လူကိုပေါ့ဗျာ .... "

ထန်နိုင်ချန်းသည် စကားဆုံးသည်နှင့် အရက်ကိုမော့သောက်လေရာ တချိုးချိုးဖြင့် အရက်သည်းသွားလေတော့၏။

## အခန်း (၈)

# နှုတ်မဆက်ဘဲ ခွဲခွာသူ

ညသည် မှောင်မိုက်နေပါ၏။ နံနက်ခင်းသို့ နီးလာလေလေ မှောင်လေလေကား လောကသဘာဝပင်။

ရှန့်ရှောင်ဖုန်းသည် အရက်ကို အဆက်မပြတ် သောက်နေသော်လည်း မမူးသေးပါ။ သူသည် ပိုနက်ရှိုင်းသော အမှောင်ထုကြီးကို စူးစိုက်ကြည့်နေမိပါ၏။ တကယ်တော့ သူသည် ဝေးလံသီခေါင်လှသောအရပ်မှ ယန်ဆယ်စန်းဟူသော အထီးကျန် သိုင်းသမားတစ်ယောက်ကို အတွေးဖြင့် ငေးမျှော်မိခြင်းသာ ဖြစ်ပါသည်။

ယန်ဆယ်စန်း ....

ယန်ဆယ်စန်းကို သူ မမြင်ဘူးပါ။ သို့သော် ယန်ဆယ်စန်း မည်ကဲ့သို့သော လူစားမျိုးဖြစ်သည်ကိုမူ သူ ခန့်မှန်း၍ရပါသည်။ သူ အမည်ရှန့်ရှောင်ဖုန်းသည် သိုင်းသမားတို့၏ နားထဲ၌ တဒီးဒီးမြည်ဟည်းနေခဲ့သည်ကတော့ အမှန်ပင်။



ထို့ကြောင့် တစ်နေ့နေ့ တစ်ချိန်ချိန် တစ်နေရာရာ၌ ယန်ဆယ်စန်းနှင့်တွေ့ဆုံမည်ဟု မျှော်လင့်ခဲ့သော်လည်း သူ၏လေလွင့်မှုကြောင့် ယန်ဆယ်စန်းနှင့် မတွေ့ခဲ့ရတော့ပေ။ သူ သိုင်းလောက၌ ပြန်ပေါ်လာသော်လည်း ယန်ဆယ်စန်းကတော့ ပြန်ပေါ်မလာတော့ပေ။ ယန်ဆယ်စန်းကား မည်သို့သော လူစားမျိုးနည်း။

ယန်ဆယ်စန်းဆိုသည်မှာ အဖော်ကင်းမဲ့သော လူတစ်ယောက်။ ယန်ဆယ်စန်းဆိုသည်မှာ အေးစိမ့်သော လူတစ်ယောက်။ ယန်ဆယ်စန်းဆိုသည်မှာ လောကကြီးကို အလွန်ပျင်းရိငြီးငွေ့စွာ ရှုမြင်သုံးသပ်နေသော လူတစ်ယောက်။ ယန်ဆယ်စန်းဆိုသည်မှာ စိန်ခေါ်သူများအား သုတ်သင်ပစ်နေရသော လူတစ်ယောက်ပါ။ ယန်ဆယ်စန်းဆိုသည်မှာ သူ့အား စိန်ခေါ်တော့မည့်ဆဲဆဲ သိုင်းသမားတိုင်းအား စိန်ခေါ်ပြီး သတ်နေရသော လူတစ်ယောက်။

"ယန်ဆယ်စန်းမှာ မင်းနဲ့ကွာခြားတဲ့ အချက်တစ်ချက်ရှိတယ် .... အဲဒါကတော့ သူ့ပြိုင်ဘက်တိုင်းကို မသတ်ခဲ့တာဘဲ ...."

တစ်ချိန်က သူ့ဖခင်ပြောကြားခဲ့သည့်စကားကို ပြန်လည်ကြားယောင်လာ၏။

သူကား ပြိုင်ဘက်တိုင်းအား သတ်ခဲ့မိသည်ကား အမှန်ပင်။ သူသည် ယန်ဆယ်စန်းအကြောင်း ကြားဖူးနားဝဖြင့် ခန့်မှန်းနိုင်ခဲ့သည်။ သူ သက်ပြင်းချလိုက၏။ သူက ယန်ဆယ်စန်းနှင့်မတွေ့ဆုံဖူးဘဲ ဤမျှ ခန့်မှန်းနိုင်ခြင်းမှာ သူသည်လည်း ယန်ဆယ်စန်းကဲ့သို့ပင် အချို့အချက်အလက်များ၌ တူညီနေသောကြောင့်ပေသတည်း။

သူသည် ပထမဓားဖြင့် ကျော်ကြားလိုသည်။ ပါရမီကလည်းရှိ၊ အကြံဉာဏ်ကလည်း ကောင်းလှသဖြင့် သူ ကျော်ကြားလာသည်။

သူ တကယ်တမ်း ကျော်ကြားလာသောအခါတွင်မူ သူသည် ကျော်ကြားမှုကို မခံ့မင်တော့ချေ။ ထို့ကြောင့် သူသည် အားကျိုးဟူသော ဘဝသစ်တစ်ခုကို ဖန်တီးယူခဲ့ခြင်းသာဖြစ်သည်။

တကယ်တော့ လူနှင့်ကျော်ကြားခြင်းသည် ပြေးသူနှင့်လိုက်သူကဲ့သို့ ဖြစ်နေသည်။ အကျော်ကြားဆုံးအချိန်မရောက်မီအထိ လူက ကျော်ကြားမှုကိုလိုက်ရသည်။ အဇကျော်ကြားဆုံးအချိန် ရောက်သည့်အခါတွင်ကား ကျော်ကြားမှုက လူကိုလိုက်ပြီး လူက အပြေးသမားဖြစ်ရလေတော့သည်။

သို့သော် ရှန့်ရှောင်ဖုန်း သိနေသည့် အချက်တစ်ချက်ရှိသည်။ ထိုအချက်ကား ယန်ဆယ်စန်းသည် ကျော်ကြားလို၍ ဓားပညာလိုက်စားနေခြင်း မဟုတ်ဆိုသည့် အချက်တည်း။

သူ့အခြေအနေ၌လည်း ယန်ဆယ်စန်းသည် ရှန့်ရှောင်ဖုန်းနှင့် မယှဉ်ပြိုင်ရသည့် အချက်ကလွဲလျှင် သူသည်လည်း သိုင်းလောက၌ ဓားဘုရင်ကြီးတစ်ပါး ဖြစ်နေခြင်းပင်တည်း။ ရှန့်ရှောင်ဖုန်းနှင့်မယှဉ်ရသေးသဖြင့် ရှန့်ရှောင်ဖုန်းကသာသလော။ ယန်ဆယ်စန်းက သာသလောဆိုသည့်အချက်ကို မည်သူကမျှ တရားဝင် သတ်မှတ်၍မရပေ။ ထို့ကြောင့် ရှန့်ရှောင်ဖုန်းကဲ့သို့ပင် ယန်ဆယ်စန်းလည်း ဓားဘုရင်ကြီးအဖြစ် သတ်မှတ်ခံနေရသည်သာတည်း။

ထို့ကြောင့် ယန်ဆယ်စန်းအား တစ်ယောက်ပြီး တစ်ယောက် စိန်ခေါ်ယှဉ်ပြိုင်နေကြခြင်းပင် မဟုတ်ပါလော။

ယန်ဆယ်စန်းအဖို့ ကျော်ကြားခြင်းမှာ အဆန်းမဟုတ်ပါ။ နောက်ပိုင်း ရှန့်ရှောင်ဖုန်း ပျောက်ကွယ်သွားသည်နှင့် ယန်ဆယ်စန်းလည်း တိမ်မြုပ်သွားတော့သည်။ ယန်ဆယ်စန်းသာ ကျော်ကြားမှုကို



မက်မောနေလျှင် သူ့ကိုယ်သူ လုံးဝဖောတ်မြုပ်သွားမည်မဟုတ်ပါ။ ဤအချက်ကို ကြည့်ပါက ယန်ဆယ်စန်းသည် ကျော်ကြားမှု နောက်ကို မလိုက်။ ဓားပညာနောက်သို့သာ လိုက်ကြောင်း ထင်ရှားနေသည်။ ထို့ကြောင့် ရှန့်ရှောင်ဖုန်းအနေဖြင့် ယန်ဆယ်စန်းကို အသေးအမွှား ကလေးကလားဟု သဘောထား၍မရတော့ပါ။

"ဟင် .... ယန်ဆယ်စန်း .... ယန်ဆယ်စန်း"

ညည်းညည်းညူညူ ပြောလိုက်သော ရှန့်ရှောင်ဖုန်း၏ စကားကြောင့် ထန်နိုင်ချန်းမှာ အမူးပြေသလို ဖြစ်သွားသည်။

ထန်နိုင်ချန်းသည် ရှန့်ရှောင်ဖုန်းကြည့်နေသည့် အမှောင်ထုထဲသို့ လိုက်၍ ငေးကြည့်နေမိသည်။

ထန်နိုင်ချန်းက ....

"ခင်ဗျားတစ်သက်မှာ ကြောက်စရာအကောင်းဆုံးဆိုတဲ့ ပြိုင်ဘက်တစ်ယောက်တော့ ရှိခဲ့မှာပါ .... အဲဒါ ဘယ်သူလဲ .... "

"ငါ မသိတဲ့ လူစိမ်းတစ်ယောက်ဆိုပါတော့ကွာ .... "

"မဟုတ်သေးပါဘူးဗျာ .... "

ထန်နိုင်ချန်း မကျေမနပ် ဖြစ်သွား၏။

"ဘာမဟုတ်တာလဲကွ .... "

"လူစိမ်းဟာ ကြောက်စရာကောင်းမလားဗျ .... "

ထန်နိုင်ချန်း၏ အယူအဆမှာ မဆိုးလှပါ။ လူစိမ်းသည် ကိုယ့်အကြောင်း ကိုယ်မသိရှိသဖြင့် ကိုယ့်ပျော့ကွက်၊ ကိုယ့်ဟာကွက်ကိုလည်း သိရှိလိမ့်မည် မဟုတ်ပါ။ ကိုယ်နှင့်သိကျွမ်းသူ၊ ပို၍ရင်းနှီးသူကသာ ကိုယ့်ပျော့ကွက် ဟာကွက်များကိုသိပြီး သစ္စာဖောက်သောအခါနှင့် ရောင်းစားချင်သောအခါများတွင် ကိုယ့်ကို ဒုက္ခပေးနိုင်ပါသည်။

ထန်နိုင်ချန်း၏ ဆိုလိုချက်ကို ရှန့်ရှောင်ဖုန်း ရိပ်မိပါသည်။

ရှန့်ရှောင်ဖုန်းက ....

"ငါပြောတဲ့ လူစိမ်းဆိုတာ တခြားသူတွေထက် တစ်မူထူးခြားတဲ့ လူစိမ်းပါ .... "

"ဘယ်လိုများ တစ်မူထူးခြားတာလဲဗျာ .... "

"ရှန့်ရှောင်ဖုန်း ပြောမပြနိုင်ပါ။ ရှန့်ရှောင်ဖုန်း ရှင်းမပြတတ်ပါ"

"ခင်ဗျားက အဲဒီလူကို ဘယ်မှာမြင်ဖူးတာလဲ .... "

"ငါ မသိတဲ့နေရာတစ်ခုမှာပါ .... "

တကယ်တော့ သူက ယန်ဆယ်စန်းကိုကြောက်သည်ဟု မပြောပါ။ သို့သော် သူ ကြောက်နေသည့်သူမှာ တိုက်တိုက်ဆိုင်ဆိုင် ယန်ဆယ်စန်းဖြစ်နေပါသည်။

အကြောင်းရှိပါသည်။ သူ ဓာတ်မမြုပ်ခင်က သတင်းတစ်ခု ကြားသိခဲ့ရပါသည်။ တောအုပ်တစ်အုပ်၏ တစ်ခုသောနေရာတွင် သူနှင့်အလွန်ရင်းနှီးခဲ့သော အမျိုးသမီးတစ်ဦးသည် ဓားသမားတစ်ဦးနှင့် သိုင်းပညာ ဖလှယ်နေသည်ဟူသော သတင်းကို သူရခဲ့ပါသည်။ ထိုအမျိုးသမီးမှာ မှုယုံချူးထိဖြစ်ဖို့ အကြောင်းများလှသဖြင့် ရှန့်ရှောင်ဖုန်း ကြောက်သည်မှာ ဖလှယခဲ့သည်ဆိုသော ထိုဓားသမားကိုသာ ဖြစ်ပါသည်။

ထန်နိုင်ချန်းက ....

"ခင်ဗျားပြောတဲ့ လူစိမ်းဆိုတာ ယန်ဆယ်စန်းများ ဖြစ်နေလေမလား .... "

ရှန့်ရှောင်ဖုန်းက စဉ်းစဉ်းစားစားပြော၏။

"အများကြီး ဖြစ်နိုင်ပါတယ် .... မှုယုံချူးထိဟာ ငါ့ကို အင်



မတန် မုန်းတီးပါတယ် .... ငါ့ကို အကြိမ်ကြိမ် သေကြောင်းကြံစည်ခဲ့သော်လည်း မအောင်မြင်ခဲ့ပါဘူး .... ဒီတော့ သူဟာ ငါ့ကိုသတ်တဲ့နေရာမှာ သာမန်ကြေးစားဓားသမားတွေကို သုံးလို့မရနိုင်ပါဘူး၊ ယန်ဆယ်စန်းလို လူမျိုးကို ငါ့ရဲ့ပျော့ကွက် ဟာကွက်တွေပြသပြီး တိုက်ခိုက်စေနိုင်ပါတယ် .... "

ထန်နိုင်ချန်းက သက်ပြင်းချကာ ....

"ကျွန်တော့်တစ်သက်တာမှာ အကြောက်ဆုံးလူကို ရွေးရင် ဘယ်သူ့ကို ရွေးမယ် ထင်သလဲ .... "

"မင်းရဲ့အတွင်းစိတ်ကို ငါက ဘယ်လိုလုပ်သိနိုင်မှာလဲ ...."

"ကျွန်တော်က ခင်ဗျားကို မရွေးပါဘူး .... ယန်ဆယ်စန်းကိုပဲ ရွေးမှာပါ .... "

"ငါ့ကို ဓားဘုရင်ကြီးလို့ လူတကာက ဆိုနေကြတယ် .... မင်းက ငါ့မကြောက်ဘဲ ဘာကြောင့် သူ့ကိုများ သွားကြောက်ရတာလဲ"

"ခင်ဗျားကို ဘယ်လိုလုပ်ကြောက်ရမှာလဲ၊ ခင်ဗျားဟာ လူဆန်းတဲ့လူပဲဗျာ .... "

"ဟင့်အင်း .... မဟုတ်ပါဘူး .... အရင့်အရင်ကဆို "ဒီလို မဟုတ်ပါဘူး၊ အခု ငါ နည်းနည်းပြောင်းလဲလာလို့ မင်း ဒီလိုထင်တာပါ .... "

ထိုစကားကို ရှန့်ရှောင်ဖုန်း ဖွင့်ပြောသည် မဟုတ်ပါ။ စိတ်ထဲမှ ပြောလိုက်ခြင်းသာ ဖြစ်ပါသည်။

သို့သော် ရှန့်ရှောင်ဖုန်း မရေရာပါ။ သူ တကယ်ပြောင်းလဲလာခြင်း ရှိ မရှိကို သူကိုယ်တိုင် သံသယ ဖြစ်နေပါသည်။

"ယန်ဆယ်စန်းဟာ လူသားတစ်ယောက်နဲ့မတူပါဘူးခင်ဗျာ"

"ဘာ .... သူဟာ"

"သူဟာ လူတော့လူပါပဲ .... ဒါပေမယ့် သူဟာ လူတွေနဲ့ ရင်းရင်းနှီးနှီး မနေပါဘူး .... သူ့မှာ ဆွေမျိုးညာတကာရှိတယ်လို့ မကြားဖူးပါဘူး .... သူဟာ ကျွန်တော့်အပေါ်မှာ အလွန်ကောင်းခဲ့ပါတယ် .... သိုင်းပညာ သင်ပေးတယ် .... သိုင်းလောကရဲ့သုတတွေ ပြောပြတယ်၊ ဒါပေမယ့် သူဟာ ကျွန်တော့်ကို အလွန်စိမ်းကားစွာ ဆက်ဆံပါတယ်ဗျာ .... "

"သူက ဘယ်လိုလူမျိုးလဲ .... "

"အင်မတန် လူမဆန်ချင်တဲ့ လူမျိုးပေါ့ဗျာ .... "

"အတော်ဆန်းတာပဲ .... "

"တကယ့်ကို ဆန်းပါတယ်၊ ကျွန်တော့်ကို သိုင်းပညာသင်ချိန် မှအပ စိမ်းကားစွာ ဆက်ဆံခြင်းဟာ ကျွန်တော့်ကို သံယောဇဉ်ဖြစ်မှာ စိုးလို့ ကိုတာ ကျွန်တော် နောက်ပိုင်းမှာ ရိပ်မိပါတယ် .... "

"ဩော် .... "

"မဟာမြိုင်တောကြီးထဲမှာ နေစဉ်တုန်းက ကျွန်တော်ဟာ တပည့်ဝတ္တရားနဲ့အညီ ရေပူရေချမ်း ကမ်းလှမ်းခဲ့ပေမယ့် သူဟာ သူ့ ဘာသာပဲ ရှာဖွေစားသောက်ပါတယ် .... "

"မင်းကရော .... "

"ကျွန်တော်လည်း ကိုယ့်ဘာသာပဲ ရှာဖွေစားသောက်ရတာ ပါပဲ .... "

"ဘာကြောင့် သူက လူတွေနဲ့ ကင်းကင်းနေရတာလဲ .... "

"သူ့အယူအဆကြောင့်လို့ပဲ ထင်ပါတယ် .... သူဟာ သိုင်း ပညာ သင်ကြားမှုနဲ့ပတ်သက်ပြီး ဆိုဆုံးမတဲ့အခါမှာ ဓားသမားကောင်း



တစ်ယောက်ဖြစ်ချင်ရင် သံယောဇဉ်ကင်းရမယ်လို့ ဆုံးမခဲ့တာကို ထောက်ပြီး သူဟာ ဘယ်သူနဲ့မှ သံယောဇဉ်မတွယ်အောင် နေတာပဲ ဖြစ်ပါလိမ့်မယ် .... "

ထိုအချက်ကြောင့် ယန်ဆယ်စန်းကို သံယောဇဉ် မရှိသူ၊ လူ မဆန်သူဟု ထန်နိုင်ချွန်းက သတ်မှတ်ခဲ့သည်။ တကယ်တော့ ယန် ဆယ်စန်းဆိုသူမှာ သူ ထင်သလို မဟုတ်ခဲ့ရှာပါ။

ယန်ဆယ်စန်းတွင် ကျိုးကျုန်းဆိုသော ဓားသမားအပေါင်း အသင်းတစ်ယောက် ရှိခဲ့ပြီး ကျိုးကန်းကလည်း သူ့အား ပြန်လည်ခင် မင်ခဲ့ပါသည်။

ထို့ပြင် ယန်ဆယ်စန်း၏ ပြိုင်ဘက်များထဲတွင် ယန်ဆယ်စန်း အား နိုင်သူတစ်ယောက်မျှ မရှိခဲ့သော်လည်း အားလုံး အသက်မသေခဲ့ ကြပါ။ အချို့အသက်ရှင်ခွင့်ရခဲ့ကြပါသည်။

ယန်ဆယ်စန်းက အချို့ကို ခွင့်လွှတ်ပြီး အချို့ကို သူ့နှင့်နောက် တစ်ကြိမ် တိုက်ခွင့်ပေးခဲ့ပါသည်။ ဤအချက်များကို သူ မသိခဲ့၍သာ ယန်ဆယ်စန်းကို လူသားမဆန်ဟု ထန်နိုင်ချန်းက ထင်မှတ်မှားခဲ့ခြင်း ဖြစ်ပေသည်။

ထန်နိုင်ချန်းက ....

"မရဏဓားသိုင်း ဆယ့်သုံးကွက်အလွန် ဆယ့်လေးကွက် မြောက် သိုင်းကွက်ရှိတယ်ဆိုတာကို ယန်ဆယ်စန်းက ကျွန်တော့်ကို အရိပ်အမြွက် ပြောခဲ့ပါတယ် .... "

"မင်းကို မသင်ပေးခဲ့ဘူး မဟုတ်လား .... "

"မသင်ပေးပါဘူး .... သူလည်း တတ်ချင်မှ တတ်ဦးမှာပေါ့၊ တတ်တာတောင် သင်ပေးမယ် မထင်ပါဘူး .... "

"ဘာကြောင့်လဲ .... "

"ကျွန်တော်က သိုင်းလောကထဲ ပြန်ဝင်မယ့်လူဆိုတာ သူသိတယ် .... ဒီတစ်ကွက်ပါ တတ်သွားရင် ခင်ဗျားကို လိုက်ရှာပြီး ယှဉ်ပြိုင်မှာစိုးလို့နဲ့ တူပါတယ် .... "

"ဟား .... ဟား .... ဟား .... ဒါဆိုရင် ဆယ့်လေးကွက်မြောက် ဓားသိုင်းနဲ့ ငါ့ကို မနိုင်နိုင်သေးဘူးလို့ သူယူဆထားလို့ပေါ့ကွ"

"ဖြစ်ကောင်း ဖြစ်နိုင်ပါတယ် .... ခင်ဗျားကတော့ ဒီဆယ့်လေးကွက်မြောက် ဓားသိုင်းကို ချေဖျက်နိုင်စွမ်းရှိတယ်လို့ ယုံယုံကြည်ကြည်ရှိရဲ့လားဗျ .... "

ရှန့်ရှောင်ဖုန်း ငြိမ်သွားသည်။ သူ မျက်မှောင်ကြုတ် စဉ်းစားနေသည်။ ထန်နိုင်ချန်း၏ စကားကို ချေပရန် ခက်ခဲနေပါသည်။

ထန်နိုင်ချန်းက ....

"ခင်ဗျား မယုံကြည်ပါဘူးဗျာ .... ခင်ဗျားလို ဓားဘုရင်ကြီးတစ်ယောက်အနေနဲ့ ဒီဓားသိုင်းကွက်ကို ငါ ချေဖျက်နိုင်မှ နိုင်ပါ့မလားလို့ စဉ်းစားနေဖို့ မလိုပါဘူးဗျ .... ကျွန်တော်တို့ စမ်းသပ်ယှဉ်ပြိုင်တုန်းက ခင်ဗျား နောက်ဆုတ်ပေးခဲ့ရတာပဲ .... နောက်ကျောကို လန်နေအောင် ခုန်နေရတာပဲ .... ဒီဓားကွက်သာ ခင်ဗျားဦးနှောက်ကို ဒုက္ခမပေးဘူးဆိုရင် နောက်က ဓားလေးလက်ဟာ ဘာကြောင့် ခင်ဗျားကို ဒုက္ခပေးမှာလဲ .... ကျွန်တော်ပြောတာ မှန်တယ်မဟုတ်လား .... "

ထန်နိုင်ချန်းက ဆက်ပြော၏။

"တကယ်တော့ ဖျက်ကွက်ကို ခင်ဗျားစဉ်းစားလို့ မရဘူး၊ ရှေ့တိုးတိုက်ရင်လည်း ဒုက္ခရောက်ဦးမယ်၊ ခြေထောက်ကို နောက်တစ်လှမ်းဆုတ်ရင်လည်း အခြေပျက်မယ်၊ ဓားဦးကလည်း လည်မျိုမှာ ဝဲနေ



ပြီ၊ ဆယ့်လေးကွက်မြောက် ဓားကွက်ဟာ ဝိညာဉ်နှုတ်ဖို့ အင်မတန် အဆင်သင့်ဖြစ်နေတဲ့ ဓားကွက်ပဲ .... "

ရှန့်ရှောင်ဖုန်း နှုတ်ပိတ်ရေငုံနေရပါပြီ၊ ရှင်းချက်မထုတ်နိုင်တော့ပါ။

"ယန်ဆယ်စန်းက အခုလောက် ကာလအတွင်းမှာ ဒီဆယ့်လေးကွက်ဓားသိုင်းကွက်အပြင် တခြားသိုင်းကွက်အသစ်တွေပါတီထွင်ကောင်း တီထွင်နိုင်နေပါလိမ့်မယ် .... ဒါကြောင့် ခင်ဗျား သူ့ကိုရှောင်စေချင်တာပါ .... ခင်ဗျားတို့နှစ်ယောက်စလုံးကို နိုင်ရမယ်လို့ သေချာပေါက် မဆုံးဖြတ်နိုင်ပါဘူး .... ဟုတ်တယ် မဟုတ်လား .... "

ရှန့်ရှောင်ဖုန်း ဘာမျှမပြောပါ။ ယန်ဆယ်စန်းက ဝိညာဉ်လိပ်ပြာ ဓားကွက်သုံးလျှင် သူခုခံနိုင်မည် မထင်ပါ။

ထန်နိုင်ချန်းက ဆက်ပြောပြန်လေသည်။

"တိုက်ပြီဆိုရင် ခင်ဗျားတို့နှစ်ယောက်စလုံး သူသေကိုယ်သေ တိုက်ကြမှာ သေချာပါတယ် .... ဒီတစ်ခါတစ်ယောက်ယောက် အသေပေးရမှာပဲ .... အနည်းဆုံး ဒုက္ခိတတော့ ဖြစ်သွားမှာပဲ .... ဒီအဖြစ်မျိုး ဘယ်သူမှ မဖြစ်စေချင်ဘူးဗျာ .... "

ထန်နိုင်ချန်း၏ စေတနာကို ရှန့်ရှောင်ဖုန်း သဘောပေါက်ပါသည်။

"ကျွန်တော်ဟာ ခင်ဗျားကို အခုမှ တွေ့ရပေမယ့် စိတ်သဘောထားကြီးမြတ်တာတွေ့ရလို့ ခင်ဗျားကို ကြည်ညိုလေးစားခဲ့ပါတယ်၊ ခင်ဗျားတို့နှစ်ယောက်စလုံးကို မသေစေချင်ဘူးဗျာ .... အထူးသဖြင့် ခင်ဗျားတို့ချင်းတိုက်ပြီး သေကြတာကို ကျွန်တော် မမြင်လိုဘူး"

ထန်နိုင်ချန်းက တစ်လျှောက်လုံး ပြောသွားလေရာ ရှန့်ရှောင်

ဖုန်းမှာ နားထောင်သမားသက်သက် ဖြစ်နေလေ၏။ သို့သော် ရှန့်ရှောင်ဖုန်း စဉ်းစားနေခြင်းသာ ဖြစ်ပါသည်။

"အေး .... ငါစဉ်းစားမိပြီး .... "

"ဘာ စဉ်းစားမိတာလဲ .... "

"ဆယ့်လေးကွက်မြောက် သိုင်းကွက်ကို ငါခုခံနိုင်မယ်လို့ ငါ တွေးလိုက်မိတယ် .... "

"ဘာလဲ .... အခုစဉ်းစားမိတာလား .... "

"ဟုတ်တယ် ....ငါ့ခေါင်းထဲမှာ လျှပ်စီးလက်သလို ဖျတ်ခနဲ ပေါ်လာတာပဲ .... ဒါက ပါးစပ်နဲ့ရှင်းပြလို့ ရတာမျိုးမဟုတ်ဘူး .... "

ထန်နိုင်ချန်း ဆက်မပြောတော့ပေ။ အရက်ကိုသာ အဆက်မပြတ် သောက်နေတော့သည်။

"ဒီအရက်က ကောင်းသလား .... "

ထန်နိုင်ချန်းက မေးရာ ရှန့်ရှောင်ဖုန်းက ခေါင်းညိတ်၏။

"အင်မတန်ကောင်းတဲ့ အရက်ပေါ့ကွာ .... "

"ဒါ ပထမဆုံးသောက်တဲ့ အရက်ပဲဗျ .... "

"ငါသိပါတယ် .... "

"ခင်ဗျားနဲ့ကျုပ် ပြန်ဆုံဖို့တော့ မလွယ်တော့ပါဘူးဗျာ .... "

"ဘယ်ဟုတ်မလဲကွ .... တရုတ်ပြည်ဟာ ကျဉ်းကျဉ်းလေးပါ။ မင်းသာဆုံစည်းချင်စိတ်ရှိရင် တို့တစ်တွေ အချိန်မရွေး ပြန်တွေ့ဆုံနိုင်ခွင့် ရှိပါတယ်ကွ .... "

ထန်နိုင်ချန်းသည် အရက်မရှိတော့ပြီဖြစ်သော အရက်အိုးကို ပေါက်ခွဲပစ်ပြီး တဟားဟားရယ်သည်။ ထို့နောက် နှုတ်ဆက်စကားလုံးဝမပြောဘဲ ရှန့်ရှောင်ဖုန်းအား ကျောခိုင်းထွက်သွားလေတော့၏။



ထွက်သွားလေပြီ။ ထန်နိုင်ချန်းသည် နှုတ်မဆက်ဘဲ ထွက်ခွာသွားပါပြီ။ ရှန့်ရှောင်ဖုန်းသည်လည်း အရက်အိုးကို မော့သောက်ပြီးနောက် တဟားဟားရယ်သည်။ သို့သော် သူ့မျက်လုံးများကတော့ ရယ်မနေပါ။ ရီဝေနေပါသည်။ မိတ်ဆွေကောင်းကလေးကို နှမြောတသစွာ ငေးမောကြည့်နေပါသည်။ ဤသည်မှာ ရှန့်ရှောင်ဖုန်း၏ ပြောင်းလဲမှုပင် ဖြစ်ပါသည်။ အကယ်၍ အားကျိုအဖြစ် မပြောင်းလဲမီက ရှန့်ရှောင်ဖုန်းဖြစ်နေပါလျှင် သူဤသို့ ဝမ်းနည်းကြေကွဲနေမည် မဟုတ်ပါချေ။

တကယ်တော့ မိဘအရင်းနှင့်ကြီးပြင်းခဲ့ရသည် မဟုတ်ဘဲ မွေးစားဖခင်နှင့်ကြီးပြင်းခဲ့ရပြီး သားလိမ္မာကလေးဖြစ်နေရှာသည့် အချက် ရှန့်ရှောင်ဖုန်းက ထန်နိုင်ချန်းအပေါ် ချစ်ခင်မြတ်နိုးခဲ့သည့် အဓိကအချက်ဖြစ်ခဲ့ပါသည်။

ထန်နိုင်ချန်း မှောင်ထဲ ပျောက်ကွယ်သွားသည့်တိုင် ရှန့်ရှောင်ဖုန်းသည် သူ့မျက်စိထဲ၌ မြင်ယောင်သလို ရှိနေခဲ့ပါသည်။

## အခန်း (၉)
## ဆေးဆရာဆယ်ယောက်

မြင်းရထားရှိရာသို့ ရှန့်ရှောင်ဖုန်း ပြန်ရောက်ချိန်တွင် အရက်ချုပ်း၍ အလင်းရောက်နေလေပြီ။

မြင်းရထားခေါင်မိုးပေါ် မြင်းရထား မောင်းသမားလည်း အိပ်မောကျနေပြီ။ သို့သော် ရှောင်တီကတော့ လုံးဝ မအိပ်စက်ပါ။ သူသည် မြင်းရထားထဲတွင် ထိုင်စောင့်နေခဲ့ပါသည်။

သူသည် ရှန့်ရှောင်ဖုန်း၏ ခြေသံကြားသည်နှင့် တံခါးဖွင့်ကာ ဆင်းလာသည်။ ရှန့်ရှောင်ဖုန်း တစ်ကိုယ်လုံးလည်း နီရဲသော သွေးများ စွန်းထင်းနေသည်။ အလွန့်အလွန် အတွင်းအားကောင်းသူ အလွန့်အလွန် ခံနိုင်ရည်ရှိသူ ဖြစ်၍သာ ဤသို့ သွားလာနေနိုင်ခြင်း ဖြစ်၏။ သူ ရရှိထားသည့် ဒဏ်ရာများမှာ နည်းနည်းနောနော ဒဏ်ရာများ မဟုတ်ပါပေ။

"ခင်ဗျားပြန်လာပြီလား .... "

"အေး .... ပြန်လာပြီ .... "



ရှောင်တီသည် ထန်နိုင်ချန်းပြန်ပါမလာသည်ကို သတိပြုမိပြီး ဖြစ်၏။ သို့သော် မေးမြန်းစုံစမ်းခြင်း မပြုပေ။

ရှန့်ရှောင်ဖုန်းသည် မြင်းရထားပေါ်တက်ပြီး ထိုင်ခုံပေါ်၌ အလျားလိုက် လှဲချလိုက်သည်။ သူ စိတ်လျှော့လိုက်ပြီ မဟုတ်ပါလား။

"မင်း ငါတို့နဲ့ အရက်လိုက်မသောက်တာ မှားတယ်ကွာ .... ဟိုကောင်ယူလာတဲ့ အရက်တွေက အရက်ကောင်းတွေကွ .... "

"ယူလာတဲ့ အရက်တွေလို့ မပြောစမ်းပါနဲ့ဗျာ .... ခိုးလာတဲ့ အရက်တွေလို့ ပြောစမ်းပါဗျာ .... "

"သူဟာ သူတော်ကောင်းမဟုတ်ဘူးလို့ ဝန်ခံထားပြီးပါပြီကွ"

"ကျုပ်ကလည်း အပြစ်တင်နေတာ မဟုတ်ပါဘူး.... ခင်ဗျား စကားလွဲနေလို့ ပြင်ပေးတာပါ .... "

"ဟား .... ဟား .... ဟား .... မှန်တယ် .... မှန်တယ်"

ရှန့်ရှောင်ဖုန်း တဟားဟားရယ်လေတော့၏။

ရှောင်တီက ....

"ခင်ဗျား စိတ်ကူးလွဲနေတယ် .... "

"ဘာပြကွ .... "

"အရက် ဘယ်လောက်ပဲကောင်းကောင်း .... ခန္ဓာကိုယ်က ဒဏ်ရာကိုတော့ မပျောက်ကင်းစေပါဘူးဗျာ .... အရက်ဆိုတာ ဆေးဝါးမှ မဟုတ်တာဘဲ .... "

ရှန့်ရှောင်ဖုန်း များစွာ စိတ်ချမ်းသာသွား၏။ သားဖြစ်သူသည် သူ ဒဏ်ရာရနေသည်ကို သတိပြုမိနေပြီ မဟုတ်ပါလော။

"အရက်ပဲဖြစ်ဖြစ်၊ ဆေးဝါးပဲဖြစ်ဖြစ် တချို့ဒဏ်ရာကိုတော့ မပျောက်စေပါဘူး .... "

"ဟုတ်လား .... ဘယ်လိုဒဏ်ရာမျိုးလဲ .... "

စိတ်နှင့်ပတ်သက်၍ ဖြစ်ပေါ်လာသော ဒဏ်ရာကို ဆေးဝါးနှင့် ကုသရန် ခက်လှသည်။ အရက်နှင့်ကုလျှင်လည်း တစ်ခဏမျှသာ။

"မင်း မသိချင်ပါနဲ့ကွာ .... "

"ခင်ဗျား အရက်မူးနေပြီလား .... "

"မမူးပါဘူးကွာ .... ငါဟာ ခုနစ်ရက်တောင် ဆက်တိုက် အရက်သောက်နိုင်တဲ့ကောင်ပါ .... ခုဟာက သူ့ အရက်တစ်အိုး။ ငါ အရက်တစ်အိုးလောက်ကလေး သောက်တာပါ၊ အသေးအမွှားပါကွာ"

"ဒါပေမယ့် .... အချိန်အခါတော့ ရှိတယ်ဗျ .... "

"ခုလည်း အချိန်အခါအရ ငါ သောက်တာပါကွာ .... "

"တော်စမ်းပါဗျာ .... "

"ထန်နိုင်ချန်းဟာ ငါနဲ့တမင် အရက်သောက်တာကွ .... သူ အရက်မသောက်ဖူးဘဲ ငါနဲ့သောက်ချင်လွန်းလို့ သောက်တာကို ငါက ငြင်းမယ်လို့ ဖြစ်မလား။ အချိန်အခါအရ သောက်တာပေါ့ကွ .... "

ရှောင်တိသည် ရှန့်ရှောင်ဖုန်း၏မျက်နှာကို စိုက်ကြည့်နေ၏။ ရှန့်ရှောင်ဖုန်း ပြောင်းလဲနေသည်ကတော့ အမှန်ပင်။

ရှန့်ရှောင်ဖုန်းက ပြုံးရင်း လှမ်းမေးသည်။

"လောကကြီးမှာ အလွယ်ဆုံး ခါထုတ်ပစ်နိုင်တဲ့သူဟာ ဘယ်သူလဲကွ .... "

"လူသေကောင်လို့ လူမျိုးဆိုပါတော့ဗျာ .... "

"မင်းဟာ .... ငါ့ကို အမြဲတမ်း ခါထုတ်ဖို့ ကြိုးစားနေတာ မအောင်မြင်ခဲ့ဘူး .... အခု ငါ အတော်ပင်ပန်းနေပြီကွ .... သိပ်လည်း အိပ်ချင်နေပြီ၊ မကြာခင် ငါက လူသေကောင်လို ဖြစ်တော့မှာပါ ...."



ရှန့်ရှောင်ဖုန်းသည် စကားဆုံးသွားသည်နှင့် မျက်လုံးများမှိတ်သွား၏။ ရှန့်ရှောင်ဖုန်း တကယ်ပင်ပန်းလှပါပြီ၊ လောင်မြောင်တို့ မောင်နှမ၏ ရန်သူများကို တိုက်ခိုက်ခဲ့ရာမှ ယခုအထိ သူ တစ်ချက်ကလေးမျှ မနားခဲ့ရပါ။ ဒဏ်ရာလည်း အမြောက်အမြား ရရှိပြီးနေပါပြီ။

တကယ်တော့ ရန်သူများ၏ပစ်မှတ်မှာ လောင်မြောင်တို့မောင်နှမမဟုတ်ခဲ့ပါ။ အားကိုးခေါ် ရှန့်ရှောင်ဖုန်းသာ ဖြစ်ပါသည်။ သူတို့သည် ရှန့်ရှောင်ဖုန်းကို အားကိုးအဖြစ် ခြေရာခံမိပြီးနောက် ရှန့်ရှောင်ဖုန်း၏ အခက်အလက်များကို ချိုးဖဲ့ချိုင်ခုတ်ရာမှ လောင်မြောင်တို့မောင်နှမ ဓားစာခံဖြစ်ခဲ့ရပါသည်။

သူဌေးကြီး လောက်ပန်ဆိုသည်မှာ အမြင်အားဖြင့် တစ်ထီးတစ်နန်းအဖွဲ့ကြီးတစ်ဖွဲ့ ဂိုဏ်းကြီးတစ်ဂိုဏ်းဖြစ်နေသော်လည်း စင်စစ်တွင်မူ ထင်ကျူမ်း၏ လက်အောက်ခံအဖွဲ့အစည်းသာ ဖြစ်နေသည်။ ထင်ကျူမ်းက သူ့အဖွဲ့အစည်းကို ဖော်မပြချင်သည့်အခါ လောက်ပန်၏ အဖွဲ့အစည်းဖြင့် မျက်နှာဖုံးကပ်ပြီး အခြားလူသူ အဖွဲ့အစည်းများကို ဖျက်လို ဖျက်ဆီး လုပ်ခြင်းဖြစ်သည်။

နောက်ဆုံး ထင်ကျူမ်း၏ ပစ်မှတ်မှာ ရှန့်ရှောင်ဖုန်းသာ ဖြစ်ကြောင်း ထင်ရှားလာသည်။ ထိုသို့ သိသာထင်ရှားလာခြင်းနှင့်တစ်ပြိုင်နက် မုယုံချူးထိနှင့် ရှန့်ရှောင်ဖုန်း လက်မထပ်ဘဲ မွေးဖွားလာသည့် သားကိစ္စပါ တစ်ပါတည်း ပေါ်ပေါက်လာလေ၏။

သားဖြစ်သူမှာလည်း လွန်စွာ စိတ်ထိခိုက်နာကြည်းနေလေရာ ဖခင်ဖြစ်သူကိုလည်း အသိအမှတ် မပြုချင်။ မိခင်ဖြစ်သူကိုလည်း အသိအမှတ် မပြုချင် ဖြစ်နေ၏။ အကျိုးဆက်ကတော့ မိဘများက ပစ်ပယ်စိမ်းကားခဲ့သည့် အကျိုးဆက်ပင် ဖြစ်သည်။

ယခုတော့ ရှန့်ရှောင်ဖုန်း စိတ်ဓာတ်များ ပြောင်းလဲပြီးသားဖြစ်သူအား စောင့်ရှောက်ရန် ကြိုးစားလာခဲ့၏။ သားဂ၁ လက်မခံဘဲ သူ့အား ရှောင်ပြေးနေသဖြင့် သူ များစွာ စိတ်ဆင်းရဲခဲ့ရ၏။ ယခု သူ သေတွင်းကျမည့်ဆဲဆဲ သားဖြစ်သူက လာကယ်သဖြင့် အတိုင်းမသိ စိတ်ချမ်းသာခဲ့ရပြန်သည်။ သို့ရာတွင် သူ့အဖို့ အခြေအနေမကောင်းသော အချိန်အခါသို့ ဆိုက်ရောက်ခဲ့လေပြီ။ သူသည် သားဖြစ်သူ၏ရှေ့တွင်ပင် စိတ်ကိုလျှော့လိုက်ရာ တစ်မုဟုတ်ချင်း အိပ်ပျော်သည့်ဘ၀သို့ ရောက်သွားလေတော့သည်။

ရှောင်တိသည် ဖခင်ဖြစ်သူအား စူးစူးစိုက်စိုက်ကြည့်ရင်း ခေါင်းယမ်းလိုက်သည်။ ထို့နောက် အရှေးကြီးသော သွေးကြောများကို ထိုးပိတ်လိုက်လေတော့သတည်း။

⁂

ရှန့်ရှောင်ဖုန်း သတိရပြီ။ မျက်လုံးများကို ဖွင့်ကြည့်လိုက်သောအခါ ရှောင်တိကို မတွေ့ရတော့ပေ။

"ဟင် .... သူ ငါ့ကိုစွန့်ပစ်ပြီး ပြေးသွားပြန်ပြီနဲ့တူပါရဲ့ ...."

ရှောင်တိ၏မျက်လုံးများကိုမတွေ့ရတော့သော်လည်း အခြားသော အခြားသော မျက်လုံးဆယ်စုံကို အံ့ဩဖွယ်ရာ တွေ့ရှိလိုက်ရသည်။ သူ သေသေချာချာ ပြန်ကြည့်လိုက်သောအခါ ထိုသူများအားလုံး သူ လုံးဝမသိရှိသောလူများဖြစ်နေကြောင်း တွေ့ရှိလိုက်ရလေ၏။

ရှန့်ရှောင်ဖုန်း မျက်စိကစားလိုက်ရာ အလွန်ကျယ်ဝန်းသော အခန်း၊ အလွန်ကျယ်ဝန်းသော ခုတင်ကြီးပေါ်သို့ ရောက်ရှိနေကြောင်း သူ သိလိုက်ရသည်။ သူကိုယ်တိုင် ထည်ဝါသောမိသားစုအတွင်း ပေါက်



ဖွားခဲ့သူဖြစ်ရာ ခမ်းနားထည်ဝါသော အခန်းနှင့်အသုံးအဆောင်များကို ကြည့်ပြီး သူရောက်ရှိနေသည့်အိမ်သည် ချမ်းသာကြွယ်ဝသော လူကုံထံ တစ်ဦး၏ အိမ်ဖြစ်ရမည်ဟု ခန့်မှန်းနိုင်ခဲ့လေ၏။

လူဆယ်ယောက်သည် သူ့အား ဝိုင်းဝန်းကြည့်နေကြသည်။ ထိုလူများ၏ မတူညီမှုမှာလည်း အံ့ဩဖွယ်ကောင်းလှသည်။ အချို့က ဝိန်ဝိန်၊ အချို့က ဝဝ၊ အချို့ကရှည်ရှည်၊ အချို့က ပုပု၊ အချို့က အသက်ကြီးကြီး အဖေအဘိုးအရွယ်၊ အချို့က ညီငယ်သားငယ်အရွယ် အကွဲကွဲအပြားပြား၊ အမျိုးမျိုးအစားစားသော ပုံသဏ္ဌာန်များ ဖြစ်နေကြသည်။ လူဆယ်ယောက်စလုံး တစ်ဦးနှင့်တစ်ဦး တစ်မျိုးမဟုတ် တစ်မျိုးတော့ ကွဲလွဲကြသည်။ အဝတ်အစားများကတော့ အားလုံးပင် သားသားနားနား တောက်တောက်ပပဝတ်ဆင်ထားကြ၏။ မျက်နှာများမှာလည်း သွေးရောင်လွှမ်းပြီး စိုစိုပြည်ပြည်ရှိသဖြင့် ပုံသဏ္ဌာန်အရွယ်အစား ကွာခြားသော်လည်း ချမ်းချမ်းသာသာ နေထိုင်ရာတွင် တူညီကြဟန်ရှိကြောင်း ပေါ်လွင်နေသည်။

နောက် တူညီသည့်အချက်တစ်ချက်ရှိသေးသည်။ ထိုအရာကား မျက်လုံးများတည်း။ ညှိုးနွမ်းဖျော့တော့သော မျက်လုံးဟူ၍ တစ်လုံးမျှမရှိပေ။ မျက်လုံးအားလုံး စူးရှတောက်ပနေသည်ကို ထူးထူးခြားခြား တွေ့ရှိရပေသည်။

သူတို့မျက်လုံးများထဲ၌ ထူးဆန်းသော အရိပ်အယောင်များရှိနေကြောင်းကို ရှန့်ရှောင်ဖုန်း တွေ့ရှိရ၏။ သူတို့သည် သူတို့သတ်မည့် ဆိတ်၊ ဝက်၊ သိုး၊ ကျွဲ၊ နွားတစ်ကောင်ကောင်ကိုကြည့်ရှုသလို မိမိအား ကြည့်နေကြကြောင်း ရှန့်ရှောင်ဖုန်း ရိပ်မိသိရှိပေသည်။

ရှန့်ရှောင်ဖုန်းသည် သူရောက်ရှိနေသည့် အခြေအနေကို

သဘောမကျတော့ပေ။ အဘယ်ကြောင့် ဤနေရာသို့ ရောက်ရှိနေသနည်း၊ ရှောင်တီက ဤနေရာသို့ ပို့ပေးခဲ့ခြင်းလော။ ရှောင်တီ အဘယ်မှာနည်း။ သူ ပြန်လှန်စဉ်းစားသောအခါ ထန်နိုင်ချန်း ထွက်သွားပြီးနောက်မြင်းရထားပေါ်၌စိတ်လျှော့အိပ်ချလိုက်ခြင်းကိုသူသတိရသည်။

ယခု သူ ထရန်ကြိုးစားသော်လည်း ထ၍မရတော့ပေ။ တစ်ကိုယ်လုံး အင်အားကုန်ခမ်းနေကြောင်း အလန့်တကြား သိရှိလိုက်ရသည်။ ဤသူများသည် အဘယ်သူများနည်း။ အဘယ်ကြောင့် သူ့အား ဝိုင်းကြည့်ပြီး တီးတိုးပြောနေကြသနည်း။ သူတို့ပြောနေသည့်စကားများကို ရှန့်ရှောင်ဖုန်း မကြားနိုင်ပါ။ သို့သော် သူတို့သည် မိမိနှင့်ပတ်သက်ပြီး တစ်စုံတစ်ရာစဉ်းစားနေခြင်းဖြစ်ကြောင်း၊ တီးတိုးပြောနေခြင်းဖြစ်ကြောင်းကိုတော့ ကောင်းကောင်းကြီးသိပါသည်။

ရှန့်ရှောင်ဖုန်းသည် မထနိုင်တော့သည့်အတူတူ အိပ်လျက်မှပင် သူတို့ဘာပြောနေသည်ကို အဖြေရှာနေမိလေ၏။

ထိုစဉ် သစ်လွင်သားနားသော လူတစ်ယောက်သည် အခန်းထဲသို့ ဝင့်ဝါစွာ ဝင်ရောက်လာလေ၏။ ထိုသူကား ရှောင်တီတည်း။

ယခုညအထိ ရှောင်တီသည် ညစ်ပတ်ပေရေသော အဝတ်အစား၊ ပင်ပန်းနွမ်းလျသောမျက်နှာဖြင့် ရှိနေခဲ့သည်။

ယခုတော့ ဤသို့မဟုတ်တော့ပါ။ အပြောင်းအလဲကြီး ပြောင်းလဲသွားပါပြီ။ အခြားနားကြီး ခြားနားသွားပါပြီ၊ သူသည် သစ်လွင်တောက်ပြောင်သော အဝတ်အစားများကို ဝတ်ဆင်ထားပြီး ဆံပင်ကိုလည်း ဝိရိသေသပ်စွာ ဖြီးထားပါသည်။ မျက်နှာကလည်း လန်းလန်းဆန်းဆန်း ရှိနေသဖြင့် သူသည် ရှောင်တီမဟုတ်ဘဲ အခြားလူတစ်ယောက်ကဲ့သို့ ပြောင်းလဲနေခဲ့ပါသည်။



တစ်သက်လုံး ဖြစ်ချင်သလိုဖြစ်ဟု ပေပေတေတေ နေခဲ့သော ရှောင်တီသည် အဘယ်ကြောင့် ယခုကဲ့သို့ ရုတ်တရက် ပြောင်းလဲသွားပါသနည်း။ ရှန့်ရှောင်ဖုန်းအား ထင်ကျွမ်းထဲသို့ ရောင်းစားလိုက်ခြင်းလော၊ အခန်းထဲ၌ ရှိနှင့်နေပြီးသော လူဆယ်ယောက်သည် ရှောင်တီ ဝင်လာသည်နှင့် ချက်ချင်းပင် ရှောင်တီထံသို့ ဝိုင်းသွားကြသည်။ သူတို့ ၏ မျက်နှာများမှာလည်း သကာပေါ်ပျားရည်လောင်းသကဲ့သို့ ပြုံးချို့နေကြသည်။ ရှောင်တီသည် ထိုလူများကို ဟက်ဟက်ပက်ပက် ဆက်ဆံခြင်းမရှိပေ၊ မျက်နှာထားကလည်း တည်လွန်းလှသည်။ လက်အောက်ငယ်သားများကို ဆက်ဆံသည့်မျက်နှာထားမျိုး ဖြစ်နေသည်မှာလည်း အံ့ဩဖွယ်ကောင်းလှသည်။

သူသည် အေးတိအေးစက် လေသံဖြင့်ပင် ဆက်ဆံ၏။

“ဘယ်လိုလဲ .... ”

“မရနိုင်ဘူး ခင်ဗျာ .... ”

လူဆယ်ယောက်စလုံး မျက်နှာလို မျက်နှာရ လုပ်ချင်နေကြသော်လည်း အဖြေကမူ ငြင်းဆန်သော၊ မအောင်မြင်သော အဖြေဖြစ်နေသည်။

“ဟင်း .... ဘယ်လိုဖြစ်ကြတာလဲ .... ”

ဆယ်ယောက်စလုံး ခေါင်းငုံ့နေကြ၏။

ရှောင်တီက ဆက်မေးသည်။

“နည်းလမ်းရှာကြလို့မရဘူးလား .... ”

“ဟုတ်ကဲ့ မရပါဘူးခင်ဗျာ .... ”

ရှောင်တီ၏မျက်နှာမှာ မိုးသားများ တစ်ခဲနက်တက်လာသည့် မိုးကောင်းကင်ကဲ့သို့ မည်းပုပ်လာသည်။ ဒေါသလည်း ထွက်လာ

၏။ သူ့ဘေးနား၌ ဝိုင်းနေသည့် လူဆယ်ယောက်အနက်မှ တစ်ယောက်၏ အင်္ကျီရင်ဘတ်ကို ဆတ်ခနဲ ဆွဲယူပြီး လှပ်ခါလိုက်သည်။

ဖြစ်ချင်တော့ ထိုလူမှာ ဆယ်ယောက်အုပ်စုထဲမှ အသက်အကြီးဆုံးလူဖြစ်နေလေ၏။

သူသည် ဤသို့ဆက်ဆံခြင်း မခံရမီက ကျောက်စိမ်းဆေးတံကို ခေါက်ကာခေါက်ကာဖြင့် လွန်စွာ မဟာဆန်ဆန်ပြုမူလှုပ်ရှားတတ်သူဖြစ်ပေသည်။ ယခုတော့ ရေနစ်သောကြွက်ကလေးကို ခွေးက ဆွဲခါသကဲ့သို့ ရှောင်တိ၏လက်ထဲ၌ ပုံပျက်ပန်းပျက် ဖြစ်နေတော့သည်။

အဘိုးကြီးသည် ကျောက်စိမ်းဆေးတံကို မလွတ်တမ်း ဆုပ်ကိုင်ထားရသည်။ ရှောင်တိ၏လက်ထဲမှလွတ်အောင် ရုန်းကန်နိုင်စွမ်းလည်း မရှိပေ။

"ခင်ဗျားနာမည် ပြောစမ်း .... "

"ကျန် .... ကျန်မူရှန်လို့ ခေါ်ပါတယ် .... "

"ကျန်မူရှန် အတော်နာမည်ကြီးတယ်လို့ ပြောကြတယ်"

"သိပ်မကြီးပါဘူး .... "

"တိတ်စမ်း .... သိပ်မကြီးဘဲနဲ့ ဘယ့်နှယ် ဒီကိုရောက်လာရတာလဲ .... ခင်ဗျားဟာ လူသေကိုတောင် ရှင်အောင်ကုသနိုင်တယ်လို့ ပြောကြတယ် .... ဒါတွေဟာ တကယ်မဟုတ်ဘဲနဲ့ပြောနေကြတာပေါ့"

"ကျုပ်ကတော့ လူသေကိုရှင်အောင် ကုပေးနိုင်တယ်လို့ တစ်ခါမှ မကြေညာခဲ့ပါဘူးဗျာ .... ကြားလူတွေက သက်သက်လေကြားပြီး ပြောနေကြတာပါ .... ကျုပ်က ဒီလောက်လည်း မစွမ်းပါဘူး"

ရှောင်တိသည် ကျန်မူရှန်အား ခြေဆုံးခေါင်းဆုံး အကဲခတ်လိုက်၏။ သူသည် ကျောက်စိမ်းဆေးတံကို အကဲခတ်မိသွားသည်။



"ခင်ဗျားလက်ထဲက ဆေးတံဟာ ကျောက်စိမ်းဆေးတံမှတ်တယ်၊ အတော်တန်ဖိုးကြီးမှာပဲနော် .... "

ကျန်မူရှန် တုန်လှုပ်ချောက်ချားနေသည်မှာ မှန်သော်လည်း သူ့ဆေးတံအား ချီးကျူးသံကြားလိုက်ရသောအခါ ဂုဏ်ယူသည့် အမူအရာများ ပေါ်လာလေတော့၏။

ဆေးတံကို အရည်ကောင်းသော ကျောက်စိမ်းဖြင့် ထုလုပ်ထားပြီး လက်ရာကလည်း ကောင်းမွန်သဖြင့် ဂုဏ်ယူလောက်ဖွယ် ပစ္စည်းဖြစ်နေသည်မှာ အမှန်ပင်တည်း။ သူမည်မျှ ဤဆေးတံကို မြတ်နိုးသနည်းဆိုသော် ညအိပ်လျှင်ပင် သူသည် ဆေးတံကို ခေါင်းအုံးအောက်၌ ထားအိပ်တတ်ပေသည်။ ထိုဆေးတံကို အခြားသူ တစ်ဦးဦးက ချီးကျူးလျှင် သူ အလွန်ဂုဏ်ယူပေသည်။

ယခုလည်း သူ့အန္တရာယ်ကို သတိရမဘဲ ဆေးတံအတွက် လွန်စွာ ပီတိဖြစ်နေပေသည်။

"ဒီဆေးတံက ကျောက်စိမ်းအစစ်နဲ့ ထုလုပ်တာနော် .... "

"တကယ့်ကို အရည်ကောင်းကျောက်ပါဗျာ .... "

"တော်တော် လက်ရာမြောက်တာပဲ .... "

"တကယ့်ကို လက်ရာမြောက်တာပါဗျာ .... ဂန္ဓဝင် ပစ္စည်းဖြစ်မယ့် ကျောက်စိမ်းဆေးတံပါ .... "

ကျန်မူရှန်က ဆက်လက်၍ ချီးကျူးလိုက်၏။

"သခင်လေးက သိုင်းပညာတော်ရုံတင်မကဘူး၊ မျက်စိလည်း အလွန်လျင်တာပဲကိုး .... တချို့က ပစ္စည်းကောင်းမြင်တွေ့ပေမယ့် ပစ္စည်းရဲ့တန်ဖိုးကို မသိတတ်ကြပါဘူးဗျာ .... "

"ဒီလောက် အရည်ကောင်းရင် ဒီကျောက်စိမ်းကို အတော်

တန်ဖိုးကြီးကြီးပေးရမှာပဲနော် .... "

"ဟာ .... ဘာပြောကောင်းမလဲ .... ကျားကြီးတော့ ခြေရာကြီးဆိုသလိုပစ္စည်းကောင်းတော့တန်ဖိုးကလည်းဘယ်သေးတော့မလဲ"

"ဒီလောက် တန်ဖိုးကြီးတဲ့ပစ္စည်းကို ခင်ဗျား ဝယ်နိုင်တယ်နော် .... ဒီငွေတွေကို ခင်ဗျား ဘယ်ကရတာလဲ .... "

"လူနာတွေကပေးတဲ့ လက်ဆောင်ငွေနဲ့ ဝယ်တာပေါ့ဗျာ"

"ဟင် .... ဒီလိုဆိုရင် ခင်ဗျားဟာ ခင်ဗျားဆီရောက်လာတဲ့ လူနာတွေဆီက ဆေးဖိုးတွေကို တရားသဖြင့် မဟုတ်ဘဲ တောင်းယူလို့ဖြစ်မှာပဲ၊ နို့မဟုတ်ရင် ဒီလောက်အဖိုးတန်ပစ္စည်းကိုဘယ်ဝယ်နိုင်မှာလဲ"

ရှောင်တီ၏ လေသံသည် ပထမလေသံမျိုး မဟုတ်တော့ချေ။ တဖြည်းဖြည်း ပြောင်းလဲလာကြောင်း ကျန်မူရှန် ရိပ်မိလာလေ၏။ ပျော့ပျောင်းသောလေသံသည် တဖြည်းဖြည်းတင်မာလာလေချေပြီ။ ချိုးကျူးသော လေသံမှ ပြစ်တင်မောင်းမဲသောလေသံသို့ ပြောင်းလဲလာချေပြီ။ လိုလားသော လေသံမှ မလိုလားသော လေသံသို့ ပြောင်းလဲလာချေပြီ။

"ခင်ဗျားရဲ့ ဆေးတံက သိပ်လှတယ်နော် .... "

"သိပ် .... သိပ်တော့ မလှပါဘူးဗျာ .... "

"စောစောတုန်းကတော့ လက်ရာကောင်းတယ်လို့ ခင်ဗျားပဲ ထောက်ခံခဲ့တယ် မဟုတ်လား .... "

"ဟုတ် .... ဟုတ် .... ဒါ .... ဒါပေမယ့်"

"ခင်ဗျား ဆေးတံကို ခဏလောက်ငှားစမ်းပါ .... "

ကျန်မူရှန် အခက်ကြီး ကြုံရလေပြီ။ ရှောင်တီ၏လက်ထဲသို့ ဤဆေးတံကို သူ မပေးလိုပါ၊ မအပ်လိုပါ။ ရှောင်တီသည် ဤဆေးတံ



အပေါ် မလိုတမာ ဖြစ်နေကြောင်း သူ ရိပ်မိခဲ့ပါပြီ။ သို့သော် ရှောင်တီကို သူ မလွန်ဆန်ရဲပါ။ သူတစ်ယောက် တည်း မလွန်ဆန်ရဲခြင်း မဟုတ်၊ ဆယ်ယောက်စလုံး မလွန်ဆန်ရဲခြင်း ဖြစ်သည်။ ထို့ကြောင့် သူသည် ဆေးတံကိုမပေးချင်ပေးချင်ဖြင့် ရှောင်တီ၏ လက်ထဲသို့ ထည့်ပေးလိုက်ရသည်။

"ကျောက်စိမ်းဆေးတံကတော့ တကယ်လှတာပဲ .... "

ရှောင်တီကတီးတိုးပြောသည်။ သို့သော်အားလုံး ကြားကြပါသည်။

"တန်ဖိုးကလည်း အတော်ကြီးမယ်၊ အနည်းဆုံး လျှံတစ်ထောင်လောက်တော့ရှိမယ် .... "

ကျန်မူရှန်၏ မျက်နှာပေါ်၌ စိတ်မသက်သာသော အမူအရာကြီး ပေါ်လာသည်။ သူသည် ပြန်လည်းမလှယူရဲပါ၊ တန်ဖိုးနှင့်ပတ်သက်ပြီး စောဒကလည်း မတတ်ဝံ့ပါ။

ရှောင်တီက ကျောက်စိမ်းဆေးတံကို လှည့်ပတ်ကြည့်ရှုပြီး "ဟင်း .... တကယ်တော့ ဒါဟာ ကျောက်စိမ်းမဟုတ်ပါဘူး"

အခန်းထဲရှိ လူအားလုံး မျက်လုံးပြူးသွားကြ၏။ ကျောက်စိမ်းအစစ်ကိုကြည့်ပြီး ကျောက်စိမ်းမဟုတ်ဟု ပြောနေသည့်အတွက် ရှောင်တီ ရူးသွားလေပြီလားဟု ထင်မှတ်မိကြသည်။ ကျန်မူရှန်ကား ပါးစပ်တလှုပ်လှုပ် တရွရွဖြစ်နေအောင်လည်းဘာမျှတော့ မပြောနိုင်ပါ။

"ဒါဟာ လူ့အသွေးအသားတွေပဲ၊ လူ့အသက်တွေပဲ၊ ဒါ ကျောက်စိမ်းမဟုတ်ဘူး .... "

ဉာဏ်ကောင်းသူအချို့သည် ရှောင်တီ၏စကားကို ရိပ်မိစပြုလာ၏။

"တကယ်တော့ ဒါဟာ လူနာတွေရဲ့ အသွေးအသားအသက်တွေပါ .... ခင်ဗျားဟာ ဆေးဖိုးဝါးခတွေ နှင်းကန်တောင်းပြီး ချမ်းသာနေတဲ့လူပဲ .... အေးချမ်းတဲ့ ကျောက်စိမ်းဟာ လောဘတောင်လိုမောက်ပြီး ပူလောင်နေတဲ့ ခင်ဗျားလိုလူမျိုးနဲ့ လုံးဝမတန်ပါဘူး ...."

"ဗွတ် .... "

အသံသည် မကျယ်လောင်လှပါ။ သို့သော် လူအားလုံး၏ နားထဲ၌ ဆေးတံကျိုးသွားတံကို ပီပီသသပင် ကြားလိုက်ကြရသည်။ ကျန်မှူရှန်၏ မျက်နှာကား ရွာတော့မည့်မိုးကဲ့သို့ ရုပ်ပျက်ဆင်းပျက်ဖြစ်သွားသည်။ ဆေးတံကျိုးသံသည် သူ့နှလုံးသား ကွဲကြေသံပင်မဟုတ်ပါလား။

ကျန်မှူရှန် ငိုမဲ့မဲ့ ဖြစ်နေရှာပါပြီ။

ရှောင်တိသည် ဆေးတံအကျိုးကို အခန်းထောင့်သို့ လွှင့်ပစ်လိုက်ပြီး ....

"ခင်ဗျားကိုယ် ခင်ဗျား သေသေချာချာ ဆန်းစစ်မိရဲ့လား၊ ငါဟာ တကယ့်သမားဟော် ဟုတ်မဟုတ်ဆိုတာကို .... "

ကျန်မှူရှန် ဘာမှမပြောနိုင်ပါ၊ ဆေးတံအတွက် နမြောလွန်းလှသဖြင့် ရှောင်တိ၏ စကားများပင် နားထဲမဝင်နိုင်ဘဲ ဖြစ်နေပါသည်။

"ဘာမဟုတ်တဲ့ ရောဂါကလေးတွေကို ဆေးဖိုးဝါးခအများကြီးယူတဲ့ အသပြာဆေးဆရာဟာ ခင်ဗျားပဲ .... အခု ဓားဒဏ်ရာကလေး လေးငါးချက်ကို ကုနိုင်းတော့ ကုလို့မရဘူးလို့၊ ဘယ်မှာလဲ ခင်ဗျားရဲ့ ဆေးပညာ၊ ဘာသမားတော်လဲ .... "

ရှောင်တိ၏ စကားများသည် ကျန်မှူရှန်၏ နားထဲသို့ တဖြည်းဖြည်း ဝင်လာနေပါသည်။ မဝင်၍လည်း မရတော့ပါ။ ပထမဆေးတံ



ပျက်စီးသွားခဲ့ပြီးပြီ၊ နောက်ပိုင်း လူပျက်စီးဖို့သာ ကျန်ပါတော့သည်။ ရှောင်တိ၏ ဒေါသအရှိန်မသေလျှင် လူသည်လည်း ဆေးတံကဲ့သို့ ကျိုးပဲ့ပျက်စီးသွားပါလိမ့်မည်။

ကျန်မှူရှန်၏တစ်ကိုယ်လုံး တုန်ခါနေပါပြီ၊ ချွေးများလည်း တစ်ကိုယ်လုံး စီးကျစို့ရွဲနေပါသည်။ သူသည် ရှောင်တိကို တောင်းပန်ချင်ပါသည်။ သို့သော် အကြောက်လွန်နေသဖြင့် အသံမထွက်ဘဲ ဖြစ်နေခဲ့ပါသည်။

ထိုစဉ် လူဆယ်ယောက်ထဲမှ သူရဲကောင်းတစ်ယောက်ထွက်ပေါ်လာ၏။ ထိုသူသည် အသက်နှစ်ဆယ့်ငါးနှစ်ခန့်သာရှိသေးသောလူငယ်တစ်ယောက် ဖြစ်၏။ သူသည် ရှောင်တိရှေ့သို့ ထွက်လာပြီး ရဲဝံ့သောလေသံဖြင့် ပြောသည်။ ခံပြင်းသောလေသံဖြင့်ပြောသည်။

"သခင်လေး ဒဏ်ရာတွေကို သေသေချာချာကြည့်ပြီးပါရဲ့လား .... "

ရှောင်တိ ဒေါပွသွား၏။

"မင်းက ဘာကောင်လဲ .... "

"ကျွန်တော်က ဘာကောင်မှတော့ မဟုတ်ဘူး၊ ဆေးပညာကို လေ့လာသင်ကြားနေတဲ့ ကျန်မှူမ်ရှပ်ပါ .... "

"ဒီသမားတော်တောင် ဘာမှမသိဘဲ မင်းလိုမလောက်လေးမလောက်စား ကျောင်းသားက ဘာသိမှာလဲ .... "

"သိတာပေါ့ .... သခင်လေးထက်တော့ ကျုပ်က ပိုသိနိုင်ပါတယ် .... အခု ဟိုလူနာရထားတဲ့ဒဏ်ရာတွေဟာ များလည်းများတယ်၊ ပြင်းလည်း ပြင်းထန်တယ်ဗျ .... ကျုပ်တစ်သက်မှာ ဒီလောက်ပြင်းထန်တဲ့ဒဏ်ရာမျိုး မမြင်ဖူးခဲ့ပါဘူးဗျာ .... "

"ဟုတ် .... ဟုတ်ပါတယ်ဗျာ .... "

ရှောင်တီလက်ထဲမှ ကျန်မူရှန်သည် ထိုစကားလုံးကလေးကို ပင် ခက်ခဲစွာ ပြောလိုက်ရသည်။

ရှောင်တီသည် ကျန်မူရှန်နှင့် ကျန်ချုမ်ရှယ်တို့၏ မျက်နှာများ ကိုကြည့်ပြီး တစ်စုံတစ်ခုကို သဘောပေါက်သွား၏။

"မင်းက ကျန်မူရှန်ရဲ့သားလား .... "

"ဟုတ်ကဲ့ မှန်ပါတယ်ဗျာ .... "

"မင်းအဖေကိုတော့ ငါ အားမရဘူး .... ညာဝါးဖျန်းသန်းနေ တယ်လို့ ထင်တာပဲ .... မင်းကရော အတော်လေ့လာတတ်ကျွမ်းနေ ပြီလား .... "

"အဖေက သခင်လေးကိုကြောက်ပြီး ဘာပြောရမှန်းမသိဖြစ် နေတာပါ .... "

"ငါက ဘာများလုပ်လို့လဲ၊ မင်းအဖေဖြေတာတွေကိုလည်း မင်းတို့ ကြားကြတာပဲဥစ္စာ .... မင်း လေ့လာတာတွေပဲ ပြောစမ်းပါ၊ မင်းအဖေ လေ့လာတာတွေပဲ ပြောစမ်းပါ .... မင်းအဖေ လေ့လာတာ တွေ မေ့ထားလိုက်စမ်းပါ .... "

"ကျွန်တော်က ဆေးပညာသိပ်တော့ မကျွမ်းသေးပါဘူး၊ ဒါပေမယ့် .... ဓားဒဏ်ရာနဲ့ပတ်သက်ရင်တော့ ကျွန်တော် လေ့လာ ထားပါတယ် .... အခု ဒီမှာရောက်နေတဲ့လူအားလုံးဟာ ကျွန်တော့်ရဲ့ ဦးလေးတွေ .... ဘကြီးတွေလိုလူတွေချည်းပါပဲဗျ .... ဒီလူအားလုံးဟာ ဒဏ်ရာနဲ့ပတ်သက်ရင် အားလုံးပါရဂူတွေချည်းပါ .... ကျွန်တော်တို့ လူစုက လက်လွှတ်လိုက်ပြီဆိုရင် ဒီဒဏ်ရာကို ဘယ်သူမှ မကုနိုင်တော့ ပါဘူး .... "



"မင်း ကြွားနေတာလား .... တကယ်ပြောနေတာလား"

"ကျွန်တော်တို့ ဘယ်တော့မှ မကြွားဘူး .... ကျွန်တော်ကု ပြီဆိုရင် ပျောက်တာချည်းပဲ .... ကျွန်တော်တို့ မကုတော့ဘူးဆိုရင် အဲဒီလူဟာ သေပြီပဲ .... "

ရှောင်တီသည် ထိုလူငယ်နှင့်ဆိုလျှင် သူကပင် ငယ်နေသေး သည်။ သို့သော် အခြေအနေက ပြောင်းပြန်ဖြစ်နေသည်။ သူက ဟိန်း ဟောက်မြဲ ဟိန်းဟောက်နေ၏။

"ကဲ .... ဆိုစမ်းပါဦး .... မင်းရဲ့ဒဏ်ရာဒဿနကို .... "

"ဟို .... ဆရာကြီးကိုယ်ပေါ်မှာ ဒဏ်ရာငါးချက်ရှိပါတယ်"

"မှန်တယ် .... ရှိတယ်"

"ဒဏ်ရာနှစ်ခုက အနာဟောင်းပါ .... ဒဏ်ရာသုံးခုက အနာ သစ်ပါ၊ ဒဏ်ရာအသစ်သုံးခုဟာ ချွန်ထက်တဲ့အရာတွေကြောင့် ရထား တဲ့ ဒဏ်ရာတွေပါ၊ ဒဏ်ရာသုံးခုစလုံးဟာ သေစေနိုင်တဲ့ ဒဏ်ရာမဟုတ် ပေမယ့် အတော်နက်ရှိုင်းပါတယ်၊ အရိုးအဆစ်နဲ့ အမိကအကြောကြီး တွေကို သွားထိနိုက်နေတာလဲ .... ဆိုးရွားတဲ့ အချက်ပဲဗျာ .... "

"ဒါတွေကို အသေးစိတ် ရှင်းပြနေဖို့ လိုသေးရဲ့လားကွာ"

"လိုပါတယ် .... ဒီဒဏ်ရာတွေကို ရရချင်း ဆေးကုသမှုခံယူ လိုက်မယ်ဆိုရင် သူဟာ ဒုက္ခိတမဖြစ်နိုင်ပါဘူး .... "

"ဘာလဲ အခုတော့ ဒုက္ခိတဖြစ်မယ်ဆိုတဲ့ သဘောလား .... "

ကျန်ချုမ်ရှယ်က ရှောင်တီအမေးကို မဖြေဘဲ သူပြောချင်ရာ ကိုသာ ဆက်ပြောသည်။

"သူဟာ ဒဏ်ရာရရချင်း မကုသတဲ့အပြင် ပြင်းထန်တဲ့လှုပ်ရှား မှုတွေကို ပြုလုပ်ခဲ့ပါသေးတယ်ဗျာ .... အတော့်ကို ဆိုးဆိုးရွားရွား

မိုက်မိုက်မဲမဲ ပြုမူချက်တစ်ရပ်ပါ .... ဒါတင်လားဆိုတော့ မဟုတ်သေးပါဘူး .... အရက်တွေကိုလည်း အလွန်အကျွံသောက်ခဲ့ပါသေးတယ်ဗျာ၊ ဒါကြောင့် တချို့အနာဟာ ပုပ်သိုးစပြုနေပါပြီ .... "

ကျန်ချွမ်ရှယ်သည် အတော်ကလေး တိတိကျကျပြတ်ပြတ်သားသား နိုင်ပေသည်။ ရှောင်တိသည် ဒဏ်ရာနှင့်ပတ်သက်ပြီး တတ်ယောင်ကား စွက်ဖက်ခြင်း မပြုနိုင်တော့ပေ။

ကျန်ချွမ်ရှယ်က ဆက်လက်ပြောပြန်သည်။

"ဒါပေမယ့်ဆိုတာက ဒဏ်ရာဟောင်းနှစ်ခုပါဗျာ၊ ကျွန်တော်တို့အနေနဲ့ ဒဏ်ရာသစ် သုံးခုကို ကုသပေးနိုင်တာတောင် ဒဏ်ရာဟောင်းနှစ်ခုကိုတော့ ကုသနိုင်မှာ မဟုတ်ပါဘူး .... ဒီဒဏ်ရာဟောင်းနှစ်ခုကြောင့် သူဟာ ခုနစ်ရက်ထက်ပိုပြီး အသက်မရှည်နိုင်တော့ပါဘူး။ ဆိုလိုတာက သူဟာ အလွန်ဆုံးအသက်ရှည်ရင်ခုနစ်ရက်ဆိုတာပါပဲဗျာ"

ရှောင်တိ မျက်မှောင်ကြုတ်သွားရပါပြီ။

"ငါကြည့်ပြီးပြီ၊ ဟိုဒဏ်ရာဟောင်းနှစ်ခုဟာ အနာကျက်နေပြီ မဟုတ်လား .... "

"အဲဒါဟာ သူ့သေဖို့ ဖန်တီးတဲ့အချက်ပါ .... "

"ဘာ .... "

"အဲဒီဒဏ်ရာနှစ်ခု အနာကျက်သွားတာကြောင့် သူဟာ ခုနစ်ရက်ပဲ အသက်ရှင်မယ်လို့ ကျွန်တော် ပြောရတာပေါ့ .... "

"ငါ နားမလည်တော့ဘူး၊ ရှင်းစမ်းပါဦး .... "

ကျန်ချွမ်ရှယ်က ပညာရှင်၏ မာန်တက်သံဖြင့် ခေါင်းမော့ပြောလေသည်။

"ဒါပေါ့ .... ဒါတွေကိုတော့ သခင်လေး ဘယ်နားလည်နိုင်မှာလဲ၊ ဒါဟာ လေ့လာဆည်းပူးထားသူ၊ ကျွမ်းကျင်သူတွေရဲ့ အလုပ်တွေပဲဗျာ .... သခင်လေး နားလည်ရင် ဓားအကြောင်း၊ သိုင်းအကြောင်းပဲ နားလည်မှာပေါ့ .... "

ရှောင်တိ ဆိတ်ဆိတ်ပင် နေလိုက်သည်။ ကျန်ချွမ်ရှယ်က ....

"ဟိုဆရာကြီးဟာ ကံဆိုးတယ်လို့ ပြောရမယ်.... တိုက်တိုက်ဆိုင်ဆိုင် ဒီလောက်ရှားပါးတဲ့လူကိုမှ သွားကြုံကြိုက်ရတယ်ဗျာ .... "

ရှောင်တိမှာ ကျန်ချွမ်ရှယ် ပြောနေသည့်စကားများကို ဘာမျှ နားမလည်ပေ။

"သူငယ်ချင်း မင်း ဘာတွေပြောနေမှန်း ငါမသိဘူး .... ငါ သိအောင် ရှင်းရှင်းလင်းလင်း ပြောပါလို့ ငါတောင်းပန်ပါတယ်"

သူသည် ပထမဦးဆုံးအကြိမ် ကျန်ချွမ်ရှယ်အား အသိမ်မွေ့ဆုံး ဆက်ဆံလေ၏။ ကျန်ချွမ်ရှယ်လည်း ကျေနပ်သွားသည်။

"ခင်ဗျားရဲ့လူနာဟာ ဓားဒဏ်ရာ ရရှိပြီးတဲ့နောက် တိုက်တိုက်ဆိုင်ဆိုင်ပဲ အဲဒီမိတ်ဆွေနဲ့ သွားတွေ့ဆုံခဲ့ပုံရတယ်၊ အဲဒီမိတ်ဆွေမှာ အကောင်းဆုံးဒဏ်ရာအနာကျက်ဆေးရှိသလို၊ ဟွကုဆန်လို့ခေါ်တဲ့ အလွန်ပြင်းထန်တဲ့အရိုးစားအဆိပ်ဆေးတစ်မျိုးလည်းရှိနေပြန်ပါတယ်"

ကျန်ချွမ်ရှယ်သည် သက်ပြင်းချလိုက်ပြီး ....

"အနာကျက်ဆေးကတော့ အသားသစ်တွေ အမြန်ပေါ်စေနိုင်တယ် .... အနာကို မြန်မြန်ကျက်စေနိုင်တယ်၊ ဟွကုဆန်လို့ခေါ်တဲ့ အရိုးစားအဆိပ်ဆေးကတော့ အရိုးကိုထိတာနဲ့ အရိုးတွေကို စားပစ်တော့တာပဲ၊ အရိုးတွေပျက်စီးကုန်တော့တာပဲ၊ အဲဒီမိတ်ဆွေဟာ ဒီဆေးနှစ်မျိုးလုံးကို ပြိုင်တူ အသုံးပြုခဲ့တဲ့အတွက် အပေါ်က အနာကျက်သွားပေမယ့်၊ အထဲက အဆိပ်ဆေးမှုန့်ကလည်း အထဲက အရိုးကို စားနေပြီ

ပေါ့ .... ဒီတော့ သူဟာ ခုနစ်ရက်ပဲ အသက်ရှင်နိုင်တော့မယ်ပေါ့၊ အရိုးပေါင်း တစ်ရာသုံးဆယ့်ခုနစ်ချောင်းဟာ ပြင်းထန်တဲ့ အရိုးစားအဆိပ်ဆေးကြောင့် ပြည်၊ သွေးအဖြစ် ပြောင်းလဲသွားပြီး သူ့ အသက်ဟာလည်း သေဆုံးရတော့မှာပါ ခင်ဗျာ .... "

ရှောင်တိ အလွန်ကြောက်သွားပေပြီ၊ သူသည် ကျန်းချွမ်ရှယ်၏ လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း ....

"ဟင် .... ဒါဖြင့် ဒီအရိုးစားအဆိပ်ဖြေဆေး မရှိဘူးလားဟင် မရှိတော့ဘူးလား .... "

"မရှိပါဘူးဗျာ .... "

ကျန်းချွမ်ရှယ်က ပြတ်ပြတ်သားသားပင် ဖြေလိုက်လေသည်။

ကျန်းချွမ်ရှယ်ကို ရှောင်တိ ယုံပါသည်။ သူ့ ထောက်ပြသောအချက်များမှာ ရှင်းရှင်းလင်းလင်းရှိသောကြောင့် ဖြစ်ပါသည်။ သူ မသိနိုင်သည့် အချက်ဆို၍ တစ်ချက်သာရှိသည်။ အဆိပ်ဆေးက အရိုးစားနေသည်ဆိုသည့် အချက်တည်း။

ဒါကိုတော့ သူ မမြင်နိုင်၊ သို့သော် အခြားအချက်အလက်များ တိကျမှန်ကန်နေသဖြင့် ဤအချက်ကို မှားသည်ဟု မပြောနိုင်ပါ။ ထို့ကြောင့် ချောက်ချားသွားရခြင်း ဖြစ်ပါသည်။ ဤတစ်ကြိမ်တွင်တော့ ရှောင်တိသည် ဤဆေးပညာရှင်များကို လုံးဝ အထင်မသေးရဲတော့ပါ။ မောက်မောက်မာမာလည်း မဆက်ဆံနိုင်တော့ပါ။

ရှောင်တိ လွန်စွာ စိတ်ထိခိုက်သွားပြီး ခေါင်းငိုက်စိုက်ကျသွားပါလေပြီ။

❋

အခန်း (၁၀)

## မသေမီ သုံးရက်

"အဲဒီမိတ်ဆွေ .... "

ကျန်းချွမ်ရှယ်၏ စကားထဲတွင် အဲဒီမိတ်ဆွေဟူသည် စကားတစ်လုံးပါရှိလေ၏။ ရှန့်ရှောင်ဖုန်း၏ အဲဒီမိတ်ဆွေဟု နာမ်စားသုံးခဲ့ရသည့် ပုဂ္ဂိုလ်ကား မည်သူပေနည်း။

ကျန်းချွမ်ရှယ်အနေဖြင့် အနာကျက်ဆေးနှင့် အရိုးစားအဆိပ်တို့၏ ပြင်ပလက္ခဏာများကို တွေ့မြင်ပြီးသော်လည်း ထိုဆေးနှင့် အဆိပ်သုံးသွားသူကို တကယ်တမ်းတော့ မသိရှိပါပေ။ အနာကျက်ဆေးနှင့် အရိုးစားအဆိပ်တို့ကို အဘယ်ကြောင့် တစ်ပြိုင်နက် သုံးသွားရသည်ကိုလည်း သဘောမပေါက်ပါပေ။ ယေဘုယျအားဖြင့်တော့ အပေါ်ယံကောင်းအောင်လုပ်ပြီး အတွင်း၌ ဒုက္ခရောက်အောင် လုပ်သူအား မိတ်ဆွေဟုတော့ မသတ်မှတ်သင့်ပေ။ သို့ရာတွင် ကျန်းချွမ်ရှယ်တို့သည် သိုင်းလောကသားများဖြစ်၏။ သိုင်းပညာ မတတ်သော်လည်း သိုင်းလောကသားများနှင့် အများဆုံးထိတွေ့ဆက်ဆံနေရသူများ ဖြစ်၏။

ထို့ကြောင့် သိုင်းသမားများ၏ ဆန်းကြယ်သော စိတ်နေစိတ်ထား၊ ရှုပ်ထွေးသောအဖြစ်အပျက်များကို ကောင်းစွာသိရှိကြသည်။ ထို့ကြောင့် သူတို့အမှားမပါအောင် တစ်ချိန်ချိန်၌ ဒုက္ခမရောက်အောင်'အဲဒီမိတ်ဆွေ' ဟု နာမ်စားသုံးလိုက်ခြင်းသာ ဖြစ်ပါသည်။

တကယ်တော့ အဲဒီမိတ်ဆွေမည်သူမည်ဝါဖြစ်ကြောင်း ရှောင်တိ တစ်ယောက်တည်းသာ ကောင်းစွာ သိရှိပေသည်။ ထိုသို့သိရှိသည့် အတွက်လည်း သူ ဦးမှု ဝမ်းနည်းကြေကွဲခြင်း ဖြစ်ရပေသည်။

နာမ်စားသုံးထားသော ထိုမိတ်ဆွေဆိုသူသည် မည်သူနည်း။

ထိုအချက်ကို ရှောင်တိ ထုတ်ပြောမည် မဟုတ်ပါ။ ထုတ်ပြောခြင်း မပြုနိုင်ခြင်းကပင် သူ့အသည်းနှလုံးများကို လက်ကြမ်းကြီးဖြင့် ဖျစ်ညှစ်ဆုပ်နယ်ခံရသလို ခံစားနေရခြင်း ဖြစ်ပါသည်။

ထိုမိတ်ဆွေဆိုသူကို ရှောင်တိ ရွံမုန်းချင်ပါသည်။ သို့သော် မုန်းရန် အင်အားလည်းမရှိ ဖြစ်ရပြန်သည်။ လူတစ်ယောက်က လူတစ်ယောက်အပေါ် ချစ်လည်းချစ်၊ မုန်းလည်းမုန်းဆိုသည့် အနေအထားမျိုးမှာ ထူးဆန်းအံ့သြဖွယ်ကောင်းသော အနေအထားမျိုး ဖြစ်ပါသည်။ လူ့လောက၌ ခံစားနေကြရသည့် စိတ်သောက ဝေဒနာများသည် အမျိုးမျိုးအထွေထွေ ကွဲပြားလျက်ရှိရာ ဘဝအခြေအနေကို လိုက်ပြီး ခံစားမှုများသည် သက်သာရာ ရကြလေ၏။ ရှောင်တိမှာမူ သက်သာရာ မရတော့ချေ။ သူသည် ငယ်စဉ်ကပင် အရွယ်နှင့်မလျော်သော ခံစားမှုများကို ခံစားခဲ့ကြရလေရာ ယခုတိုင် ဆိုးရွားသော ခံစားမှု၏ကွန်ယက်တွင်း မလွတ်နိုင်သေးချေ။

ထိုစဉ် မမျှော်လင့်သော အသံကို ကြားလိုက်ရသဖြင့် အားလုံးပင် ထိတ်လန့်သွားကြလေသည်။



"အများဆုံး ခုနစ်ရက်အသက်ရှင်မယ်ဆိုတော့ .... အနည်းဆုံး ဘယ်နှစ်ရက်နေရမှာလဲ ...."

အသံကား ခုတင်ပေါ်မှ အသံတည်း။ ရှန့်ရှောင်ဖုန်းကို စကားမပြောနိုင်တော့ဟုထင်ပြီး သူတို့လွတ်လွတ်လပ်လပ် စကားပြောခဲ့ကြသည်။ ယခု ရှန့်ရှောင်ဖုန်းက ခုတင်ပေါ်မှလှမ်း၍ မေးခွန်းထုတ်လေပြီ။ ရှောင်တိသည် ရှန့်ရှောင်ဖုန်း၏မျက်နှာကိုလည်းလှည့်မကြည့် ရက်။ ကျန်ချွမ်ရှယ်ဖြေမည့်အဖြေစကားကိုလည်း မကြားရက် ဖြစ်နေ သည်။ မမြင်ရက် မကြားရက် ဘဝကား ရှောင်တိ၏ ဘဝပါပေ။

ကျန်ချွမ်ရှယ်လည်း ရှောင်တိ၏မျက်နှာကို လှမ်းကြည့်၏။ ဆေးဆရာဆိုသည်ကား လူနာအား အမြဲတမ်းအခြေအနေမှန်များကို မပြောနိုင်ချေ။ ထို့ကြောင့် လူနာရှင်အား လှမ်းကြည့်ခြင်း ဖြစ်သည်။

သို့ရာတွင် ရှောင်တိသည် ကျန်ချွမ်ရှယ်အား ပြန်မကြည့်ချေ။ ပြတင်းပေါက်သို့သာ ငေးနေသည်။

ကျန်ချွမ်ရှယ်က တီးတိုးမေး၏။

"သခင်လေး ဖြေလိုက်ရမှာလား ...."

"ဖြေလိုက်ပါ ...."

ကျန်ချွမ်ရှယ်က ရှန့်ရှောင်ဖုန်းဘက်သို့လှည့်၍ ဖြေလိုက်၏။

"သုံးရက် ...."

သူ့လေသံက တိကျပြတ်သားသော်လည်း မာမာထန်ထန်တော့မဟုတ်ပါ။ ကြေကွဲဝမ်းနည်းသော အရိပ်အယောင်များ လွှမ်းနေပါသည်။ ထို့ကြောင့် ဤသမားတော်တစ်စုသည် မတတ်သာ၍ လိုက်လာကြရသူများဖြစ်သော်လည်း လူနာများအပေါ် စိမ်းစိမ်းကားကား ဆက်ဆံသူများ၊ အကြင်နာမဲ့သူများမဟုတ်ကြောင်း သိသာပါသည်။

ကျန်ခွဲမိရှယ်က သူလေသ် မာကြောသွားလေမည်လားဟု စိုးရိမ်ဟန်တူပြီး ထပ်မံပြင်ဆင်ပြောသည်။

"ကျွန်တော့်အထင်တော့ သုံးရက်လို့ပဲ ထင်ပါတယ်ခင်ဗျာ"

လူတို့သည် ရှည်ကြာလှသည့် ဘဝတာကာလ၏ နောက်ဆုံးရက်များသို့ရောက်သောအခါ အတိတ်ကာလများကို ပြန်ပြောင်းသုံးသပ်ပြီး ဘဝဆိုတာ တစ်ခဏပါလားဟု ရေရွတ်တတ်ကြ၏။ ရှန့်ရှောင်ဖုန်း သုံးရက်တာ အသက်ရှင်ရတော့မည်ဆိုလျှင် ထိုသူတို့သည် ဘဝ၏ ကာလအပိုင်းအခြားကို မည်သို့သတ်မှတ်ပိုင်းခြားလေမည်နည်း။

သုံးရက်တာ အသက်ရှင်ခြင်းသည် မည်မျှ တိုတောင်းလှပါသနည်း။ ရှောင်တိသည် ခုနစ်ရက်သာ အသက်ရှင်နိုင်မည်ဟု ကြားရကတည်းက များစွာ စိတ်လက်မကောင်းဖြစ်နေပေရာ ယခု သုံးရက်ဟူသော စကားကြားသည့်အခါတွင်မူ ဆိုဖွယ်ရာ မရှိတော့ချေ။

ရှန့်ရှောင်ဖုန်းက ထပ်မေး၏။

"ဘယ်နှစ်ရက် .... "

"သုံးရက် .... သုံးရက်ပါခင်ဗျာ .... "

"ဟား .... ဟား .... ဟား"

မည်မျှ ထူးဆန်းပါသနည်း။ ကြားမှ လူတစ်ယောက်က သုံးရက်တာအထိသာ အသက်ရှင်နိုင်မည့်စကားကိုကြားပြီး စိတ်ထိခိုက်နေစဉ် ကာယကံရှင်ကိုယ်တိုင်ကမူ တဟားဟားရယ်မောနေလေ၏။ သို့သော် သူ ကြာရှည်စွာ မရယ်နိုင်ပါ။ အသံတိမ်ဝင်သွား၏။

ခားဘုရင်ကြီး ရှန့်ရှောင်ဖုန်းဟု လူအများက ရိုသေလေးစားနေသည်ကို အချည်းနှီးဟု မဆိုသင့်ပါ။ ရှန့်ရှောင်ဖုန်းသည် သာမန်လူမဟုတ်ကြောင်း ဤအချက်ကပင် သက်သေပြနေပါသည်။ သူသည်



မျက်ချင်း သေလည်းမကြောက်ပါ၊ တဖြည်းဖြည်းချင်းသေလည်း မကြောက်ပါ။ သူသည် ပါရမီဓားပညာရှင် ဖြစ်ရုံမျှမက စိတ်ဓာတ်ကလည်း စိန် ကျောက်အလား မာကြောသူဖြစ်ပါသည်။

ရှောင်တိသည် ရှန့်ရှောင်ဖုန်း၏ရယ်သံကို ကြားသောအခါ တစ်ဟုန်ထိုးပင် ရှန့်ရှောင်ဖုန်းထံသို့ လှည့်ပြေး၏။ ထို့နောက် ကျယ်လောင်စွာ အော်ဟစ်မေးမြန်းလေတော့၏။

"ခင်ဗျား ဘာကြောင့် ရယ်တာလဲဟင်၊ ခင်ဗျား ဘာကြောင့် ရယ်တာလဲ .... ဒီစကားလုံးထဲမှာ ဘာရယ်စရာပါလို့လဲဗျ .... "

"မင်းက ဘာတွေဒီလောက်ဒေါသကြီးနေရတာလဲ .... "

"ခင်ဗျားကကော ဘာကြောင့် ဒီလောက်ရယ်နေရတာလဲ၊ ဒီစကားလုံးထဲမှာ ရယ်စရာမှ မပါဘဲဗျ .... "

"ပါ .... ပါ .... မပါ .... ပါ မင်းဒီလောက် ဒေါသကြီးဖို့ မလိုပါဘူးကွာ .... လူဆိုတာ မွေးလာကတည်းက သေဖို့ပဲကွ .... လူလားမြောက်စွာ နေခွင့်ရပြီးရင် ဒီလူဟာ သေဖို့သင့်နေပြီပေါ့ကွာ၊ တကယ်လို့ သူသာ လူ့လောကအကျိုး၊ သိုင်းလောကအကျိုးများ ထမ်းဆောင်ခဲ့ပြီးပြီဆိုရင်တော့ ဘာပြောစရာရှိတော့မလဲ၊ ဆယ်ပြန်ဆယ်ခါသေလည်း သေသင့်နေပြီပေါ့ .... "

ရှောင်တိ၏ ဒေါသများ ပျောက်သွားသည်။ သူသည် အံ့ဩစွာ ရှန့်ရှောင်ဖုန်းကို ငေးကြည့်နေမိသည်။

"မင်း အံ့ဩသွားသလား .... "

ရှောင်တိ ဘာမျှပြန်မပြောနိုင်ပေ။

"သေရမှာကို ငါမကြောက်ပါဘူး။ ဒါပေမယ် ငါ့ရဲ့ပျက်ကွက်မှုတစ်ခုကိုတော့ ငါ ဝမ်းနည်းကြေကွဲလို့ကို မဆုံးပါဘူး .... တာဝန်မဲ့ခြင်း

ဟာ လူလောကရဲ့ ဆူးညှောင့်ခလုတ်တစ်ခုပဲကွ .... "

ရှောင်တီ၏ မျက်လုံးများထဲ၌ နားလည်ခြင်း၊ သဘောပေါက်ခြင်းများ လွှမ်းခြုံလာသည်။

ရှန့်ရှောင်ဖုန်းက တစ်ချက်မျှ ရယ်လိုက်ပြီး ....

"ကဲကွာ .... မင်း ကျောက်ရုပ်ကြီးလို ငြိမ်မနေစမ်းပါနဲ့ .... ဧည့်သည်တွေဟာ အဝေးကြီးကလာခဲ့ကြပုံရပါတယ် .... သူတို့ကို အရက်ကလေး ဘာလေးနဲ့ ဧည့်ဝတ်ပြုစမ်းပါဦးကွာ .... "

ကျန်မူရှန်မှာ ရှောင်တီကို ကြောက်ရျှတစ်ကြောင်း၊ ပင်ကိုက အရက်စွဲနေသည်က တစ်ကြောင်းတို့ကြောင့် သူ့လက်မှာ တဆတ်ဆတ်တုန်နေ၏။ ရှန့်ရှောင်ဖုန်းသည် ထိုအခြေအနေကိုမြင်၍ ဧည့်သည်များအား အရက်တိုက်ရန် ပြောလိုက်ခြင်းဖြစ်သည်။

ထိုအခါ ကျန်မူရှန်က ....

"ဟုတ်ပါတယ်ဗျာ .... ကျုပ်တို့အားလုံးကို အရက်တစ်ခွက်တစ်ဖလားတော့ တိုက်သင့်ပါတယ်ဗျာ .... "

ရှောင်တီသည် လက်ခုပ်တစ်ချက် တီးလိုက်၏။ ထိုအခါ အစေခံတစ်ယောက်သည် အရက်အိုး၊ အရက်ပုလင်း၊ ဖန်ခွက်များကို လင်ဗန်းတစ်ချပ်ပေါ်တွင်တင်ကာ အခန်းထဲသို့ ဝင်လာ၏။

"ကဲ .... ခင်ဗျားတို့စိတ်ကြိုက်သောက်ပေတော့ တစ်ခွက်တစ်ဖလားရယ်လို့ မဟုတ်ပါဘူး .... "

ရှောင်တီက ပြေပြစ်စွာပြောပြီး ဧည့်ခံလိုက်၏။

အရက်လည်းရ၊ အရက်သောက်ခွင့်လည်းရသောအခါ ကျန်မူရှန်သည် အရက်ကို သုံးခွက်ဆင့်သောက်ပစ်လိုက်၏။ မကြာမီ သူ၏ တုန်နေသောလက်များသည်လည်း ငြိမ်သက်သွားတော့သည်။



ထိုလက်မျိုးသာ သမားတော်ကြီးတစ်ယောက်၏လက်ဖြစ်သင့်ပါသည်။ သူသည် စားဒဏ်ရာနှင့် ပတ်သက်သည့် ဒဏ်ရာမျိုးကို စိတ်ကုသသော သမားတော်ဖြစ်ခြင်းကြောင့် ပို၍ပင် လက်များ တည်ငြိမ်သင့်ပါသည်။

"ရှေ့နေပျို့မှ သမားအိုမှ' ဟူသောစကားသည် အသက်ကြီးလျှင် အတွေ့အကြုံရင့်ကျက်ပြီး ရှေ့နောက် ချင့်ချိန်ကုသနိုင်သည်ဟူသော အဓိပ္ပာယ်ဖြင့်ရည်ရွယ်ပြီး ဖြစ်ပေါ်လာသောစကား ဖြစ်သည်။ ဆိုကြီးအိုမ တုန်တုန်ရီရီဖြင့် တုန်ယင်ခါယမ်းသောလက်များဖြင့် ခွဲစိတ်ကုသရန်အတွက်မူ လူနာများအတွက် မသင့်လျော်ပါချေ။

ကျန်မူရှန်သည် အတော်ကလေး တည်ငြိမ်သွားပြီး အခန်းထောင့်မှ ကျိုးပဲ့ပျက်စီးသွားသော သူ၏ ကျောက်စိမ်းဆေးတံကလေးကိုပင် နမြောတသစွာ ကြည့်လိုက်မိသည်။

ရှန့်ရှောင်ဖုန်းက ကျန်မူရှန်၏ တည်ငြိမ်သွားသောလက်များကိုကြည့်ပြီး ....

"ခင်ဗျား အရက်ကိုအမြဲသောက်တတ်သလားဟင် .... ခပ်များများပေါ့ဗျာ .... "

ကျန်မူရှန်က စဉ်းစဉ်းစားစားဖြေ၏။

"အမြဲတမ်းသောက်ပါတယ် ...., ဒါပေမယ့် များများတော့ မသောက်ပါဘူး .... ဆေးဝါးသဘောမျိုး၊ သင့်တင်မျှတစွာ သောက်ပါတယ် .... အရက်ဟာ လွန်ဘေးမဟုတ်လား .... "

"အရက်ကို အမြဲတမ်းသောက်တယ်ဆိုကတည်းက ဒီလူဟာ အရက်ကြိုက်လို့လို့ ယူဆနိုင်ပါတယ် .... "

"ကြိုက်ရင် များများသောက်ပေါ့ဗျာ .... အခု .... ခင်ဗျား

သုံးခွက်ဆင့်သောက်တယ်၊ သုံးခွက်ဆိုတာ မများပါဘူး။ ကျုပ်ဆို တစ်အိုးလုံးတောင် သိပ်မှုတာမဟုတ်ပါဘူး .... "

"ကျုပ်သားပြောသွားတာတွေ ခင်ဗျားကြားတယ် မဟုတ်လား .... "

"ကြားသားပဲ .... ဘာဖြစ်လို့လဲ .... "

"ခင်ဗျား ခုလို ဒုက္ခရောက်ရတာဟာ ဒဏ်ရာရပြီးတဲ့နောက် အရက်တွေကို မဆင်မခြင်သောက်တာလည်းပါတယ်ဗျ .... "

"အရက်များများသောက်တာက ကျုပ်ရဲ့အကျင့်ပဲ .... "

"များများသောက်ရင် မြန်မြန်သေတတ်တယ်ဗျာ .... ရောဂါရှိရင်လည်း ထိခိုက်တယ်ဗျာ .... အရက်သောက်တဲ့လူဟာ ထိန်းထိန်းသိမ်းသိမ်း သောက်သင့်ပါတယ်ဗျာ .... "

"ခင်ဗျားလည်း ထိန်းထိန်းသိမ်းသိမ်း သောက်တယ်ပေါ့ ဟုတ်လား .... "

"ဟုတ်ပါတယ် .... ဒီသုံးခွက်ဟာ ကျုပ်အတွက် ရေချိန်ပါပဲ၊ ကျုပ်အသက်ကြီးနေပါပြီ၊ ဒါပေမယ့် ခင်ဗျားထက်တော့ အသက်ရှည်ရှည်နေနိုင်ဦးမှာပါဗျာ .... "

"ဟား .... ဟား .... ဟား .... ခင်ဗျားထင်လို့ပါဗျာ .... ကျုပ်အခုထပြီး ဒုက္ခပေးလိုက်ရင် ခင်ဗျားဟာ နောက်ထပ်အသက်ရှည်ဖို့မမြင်ပါဘူး .... သုံးရက်တောင် အသက်ရှည်မှာ မဟုတ်ပါဘူး .... "

ကျန်မူရှန်း လန့်သွား၏။ သူသည် သုံးရက်သာ အသက်ရှည်မည်ဟု ခန့်မှန်းထားသူထက် အသက်ရှည်ရှည်နေရမည်ဟု ပြောမိခဲ့သည်။ ဤစကားမှာ မပြောသင့်ပေ။ ရှန့်ရှောင်ဖုန်းလိုလူမျိုးနှင့် ကျွဲသာ သူသက်သာသွားခြင်း ဖြစ်သည်။ အကယ်၍ သေမင်းကိုကြောက်



လန့်နေသူနှင့်တွေ့ပါက သူသည် သုံးရက်ပင်မနေရဘဲ အနိစ္စသဘောကို တစ်ခဏချင်း သိသွားပေလိမ့်မည်။

ရှန့်ရှောင်ဖုန်းက ....

"ကဲပါဗျာ .... ခင်ဗျား ငွေကြီးလုပ်မနေစမ်းပါနဲ့ .... ကျုပ်ကိုလည်း အရက်တစ်ခွက်လောက်ပေးစမ်းပါ .... "

ကျန်မူရှန်လန့်သွား၏။ သူက ရှောင်တီအား လှမ်းကြည့်၏။ ရှောင်တီက ခေါင်းညိတ်ပြလိုက်မှ ကျန်မူရှန်သည် ရှန့်ရှောင်ဖုန်းအား အရက်တစ်ခွက်လှမ်းပေးသည်။

"ဆင်ဆင်ခြင်ခြင် သောက်ပါဗျာ .... "

"ဟား .... ဟား .... ဟား .... ကျုပ်အဖို့ ဘာထူးတော့မှာလဲဗျာ .... လူဆိုတာ သေတစ်နေ့ မွေးတစ်နေ့ပါ .... ခင်ဗျားကတော့ အသက်ရှည်အောင်နေသင့်ပါတယ် .... ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားကယ်ရမယ့် အသက်ပေါင်းမြောက်မြားစွာ ရှိသေးတယ်မဟုတ်လား"

ကျန်မူရှန်သည် သူ့အား ပြန်လည်သတိပေးနေသော ရှန့်ရှောင်ဖုန်းအား မျက်လုံးပြူး၍ ကြည့်နေမိ၏။

"ခင်ဗျား သေမှာကို တကယ်မကြောက်ဘူးနော် .... "

"မကြောက်ဘူးလို့ ဖြေရမှာပဲဗျာ .... ဒါပေမယ့် အသက်ရှင်ချင်တဲ့စိတ်ကလေးကလည်း ရှိနေပြန်သေးတယ်ဗျာ .... "

"ခင်ဗျားစကားကလည်းဗျာ .... "

"ဟုတ်တယ် .... ကျုပ်စကားက အဓိပ္ပာယ်မရှိသလို ဖြစ်နေတယ် .... လူတွေဟာ သူ့ဘဝတစ်လျှောက်မှာ ဟာကွက်ကလေးလုပ်ခဲ့မိတယ်ဆိုတာသိရင် ဒီဟာကွက်ကလေးကိုတော့ ပြန်ဖြည့်ပေးသင့်တာပေါ့ .... ကျုပ်ဟာ လုပ်ချင်တာမှန်သမျှ အကုန်လျှောက်လုပ်ခဲ့တာ

ပဲ .... တချို့လည်း ကျုပ်ကြောင့် ထိခိုက်ကုန်တယ် .... တချို့က နည်းနည်းထိခိုက်တယ် .... တချို့ကများများထိခိုက်တယ် .... တချို့က ဘဝတစ်ခုလုံးပဲ ဆိုပါတော့ .... ဘဝအတွက် အမှားပြင်ဆင်ချက် ကလေးတစ်ခုတလေ ရှိနေတော့ အသက်ရှင်ချင်တဲ့စိတ်ကလေး ရှိနေ တာပေါ့ဗျာ .... အသက်ရှင်ချင်တဲ့ စိတ်ကလေးရှိနေတယ်ပြောလို့ သေမှာကြောက်တယ်လို့တော့ အဓိပ္ပာယ်မကောက်ပါနဲ့ဗျာ .... "

"ကျုပ် .... သဘောပေါက်ပါတယ်ဗျာ .... "

ရှန်ရှောင်ဖုန်းသည် ခွက်ထဲမှအရက်များကို မနားတမ်းမော့ ချလိုက်၏။ ထို့နောက် ....

"ကျုပ်အခု ဘာကိုစဉ်းစားနေဟယ်ထင်သလဲ .... "

ကျန်မှူရှန်က ပခုံးတွန့်ပြီး ....

"ကျုပ် ဘယ်သိနိုင်မှာလဲဗျာ .... "

"အားလုံးဗျာ .... အားလုံးကို ကျုပ်မေးတယ် .... "

ရှန်ရှောင်ဖုန်းက အခန်းထဲမှလူအားလုံးကို ဝေ့ကြည့်လိုက် ပြီး ....

"လူတစ်ယောက်ဟာ သုံးရက်ပဲ အသက်ရှင်တော့မယ်ဆိုတာ သိနေရင် ဒီသုံးရက်အတွင်း သူ ဘယ်လိုကိစ္စမျိုးဆောင်ရွက်သင့်တယ်ဆို တာ ခင်ဗျားတို့အားလုံး ဝိုင်းစဉ်းစားပေးကြစမ်းဗျာ .... ကျုပ် အဲဒါကို စဉ်းစားနေတာဗျ .... "

ရှန်ရှောင်ဖုန်းက ခပ်ပြုံးပြုံးဖြင့် မေးခွန်းထုတ်လိုက်လေ၏။

✻

## အခန်း (၁၁)
## စိတ်ရင်းအမှန်

ရှန်ရှောင်ဖုန်း၏ မေးခွန်းသည် အလွန်တရာစိတ်ဝင်စားဖွယ် ကောင်းသော မေးခွန်းဖြစ်ပါသည်။ တိတ်ဆိတ်သော ကာလညအခါ အိပ်မဒပျော်သော လူတစ်ယောက်သည်သာ စိတ်ပျက်ပျက်ဖြင့် ဤသို့ မေးမြန်းကောင်း မေးမြန်းပါလိမ့်မည်။

အကယ်၍ သင်သည် သုံးရက်သာ အသက်ရှင်မည်ဟုဆိုပါက ထိုသုံးရက်အတွင်း သင် မည်သည့်အလုပ်ကို လုပ်ဆောင်ပါမည်နည်း။

ရှန်ရှောင်ဖုန်းသည် ဆေးဆရာများ၊ သမားတော်များနှင့် ဆေးကျောင်းသားများကို အစဉ်းစားရချက်စေသည့်မေးခွန်းအား မေး လိုက်ခြင်းသာ ဖြစ်ပါ၏။ ဧည့်သည်ဆယ်ယောက်သည် ဘာပြန်ဖြေရ မှန်းမသိဘဲ ငြိမ်သက်တိတ်ဆိတ်သွား၏။

အတန်ကြာမျှ လူတစ်ယောက်က ဖြေလိုက်သည်။

"ကျုပ်သာဆိုရင်တော့ ဒီသုံးရက်အတွင်း အတော့်ကို စိတ်တို နေမှာပဲဗျာ .... ဒီတော့ ကျုပ် လူသတ်မိမယ်လို့ ထင်မှာပဲ .... "

ထိုသူ၏ အမည်ကား စီးကျင်ဖွဲ့ ဖြစ်၏။

သူအား ဟူဟိုနန်နှင့် ဟိုပေတစ်ဝိုက်တွင် မသိသူ မရှိပေ။ 'စီး'မျိုးရိုးဓာတ်မှာ သမားတော်မျိုးရိုး ဖြစ်ပေသည်။ သူတို့၏ ဘိုးဘွား ဘီဘင်အားလုံး ဆေးဆရာချည်း ဖြစ်ကြ၏။

ဆေးဆရာချည်းဆို၍ အ ထင်မသေးပါလေနှင့် ထိုဆေးဆရာ မျိုးရိုးမှာကြွယ်ဝသော မျိုးရိုးဖြစ်သည်။ အားလုံး လူချမ်းသာချည်း ဖြစ်ကြလေရာ ပညာတတ်သော ကြွယ်ဝချမ်းသာသော လူကြီးလူကောင်း ဆန်သော မျိုးရိုးကြီးတစ်ခုအဖြစ် ထင်ပေါ်ကျော်ကြားခဲ့ပေသည်။

ထို့ကြောင့် 'စီး'မျိုးရိုးမှာ မိသားစုဝင်တစ်ဦး ဖြစ်သောစီးကျင်ဖွဲ့သည်လည်း ဂုဏ်သရေရှိ လူကြီးလူကောင်း တစ်ယောက်ပင် ဖြစ်ပါလေ၏။

သူပြောလိုက်သောစကားကို စဉ်းစားကြည့်ပါ၊ အဘယ်မှာလျှင် လူကြီးလူကောင်း ဆန်ပါမည်နည်း။

ရှန့်ရှောင်ဖုန်းကတော့ အံ့ဩခြင်း မရှိပါ။

"မင်းက လူသတ်ချင်တယ်ဟုတ်လား၊ တကယ်လို့ သတ်ဖြစ်ပြီဆိုပါတော့ကွ .... မင်း ဘယ်နှစ်ယောက်များ သတ်မှာလဲ .... "

ထိုမေးခွန်းကြောင့် စီးကျင်ဖွဲ့ ထိတ်လန့်သွား၏။

"လူဘယ်နှစ်ယောက် သတ်ရမှာလဲဗျာ .... လူသတ်တာပဲ၊ ကျုပ်က ဘယ်နှစ်ယောက် သတ်နိုင်မှာလဲ .... "

"ငါမေးတာကိုသာ ဖြေပါ .... မင်း စိတ်ထဲမှာ လူ ဘယ်နှစ်ယောက် သတ်ချင်သလဲ .... "

စီးကျင်ဖွဲ့ စဉ်းစားသည်။

"တစ်ယောက်ပဲ .... "



"တကယ် တစ်ယောက်တည်းလား .... "

"အင်း .... စစချင်းတုန်းကတော့ တစ်ယောက်ပဲ .... ခင်ဗျား ပြောတော့ ကျုပ် စဉ်းစားတယ် .... နောက်ထပ်တစ်ယောက် ထပ်တိုးလာပြီဗျ .... ဒီတော့ ကျုပ်သတ်ရမယ့် လူနှစ်ယောက်ရှိပြီဆိုပါတော့ဗျာ .... "

"အင်း .... သတ်ချင်စိတ ပေါ်လာတယ်ဆိုကတည်းက နည်းနည်းနောနော နာကြည်းမှု မဟုတ်ဘူးဗျနော် .... ကိုယ့်ကို အတော်ကလေး နာကြည်းအောင် လုပ်ထားတဲ့လူသာ ဖြစ်ရမယ် .... သူတို့ မင်းအပေါ် ဘယ်လောက်များ နာကြည်းအောင် ဒုက္ခပေးခဲ့ကြလို့လဲ"

စီးကျင်ဖွဲ့ပထမပြောလိုက်စဉ်က ပေါ့ပေါ့ကလေးပင်၊ ယခုနောက်ပိုင်းတွင်ဟော့ ဤသို့မဟုတ်တော့ပေ။ လေးနက်လာပြီ၊ ရန်သူများကိုလည်း မြင်ယောင်လာသည်။ သူသည် အံကိုတင်းနေအောင် ကြိတ်လိုက်ပြီး သူတို့၏ပြစ်ချက်များကို ထုတ်ပြောရန် ဟန်ပြင်လိုက်၏။

ထိုစဉ် ရှန့်ရှောင်ဖုန်းက လက်ဝါးကာလိုက်သဖြင့် သူ မပြောလိုက်ရတော့ပေ။

"မင်းဟာ လူ့လောကထဲမှာ ရန်သူကင်းကင်းနဲ့ ဆက်လက်အသက်ရှင်နေချင်သေးလို့ သူတို့ကို ခွင့်လွှတ်ထားရတာမဟုတ်လား၊ အင်းလေ .... သုံးရက်တည်း အသက်ရှင်နေရမှာဆိုရင်တော့ ဘာမျှော်လင့်ချက်ရှိတော့မှာလဲ .... သတ်ပစ်လိုက်တော့မှာပေါ့ ဟုတ်လား"

စီးကျင်ဖွဲ့သည် အတန်ကြာမျှ ငိုင်နေပြီးနောက် ဟင်းခနဲ သက်ပြင်းချလိုက်သည်။

"ဟုတ်ပါတယ်ဗျာ .... စောစောပိုင်းကတော့ ခွင့်လွှတ်ထား

ရတာပေါ့ .... ကျုပ်က လူလောကကြီးထဲမှာ အေးအေးချမ်းချမ်းနဲ့ ဆက်လက်အသက်ရှင်ချင်နေသေးတာကိုး .... ”

ရှန်ရှောင်ဖုန်းက ခေါင်းညိတ်လိုက်၏။

“မင်းကို ကျုပ်တစ်ခုပြောပြမယ်၊ လူယဉ်ကျေးနဲ့ လူရိုင်းကားရဲ့ကွာခြားချက်ဟာ အဲဒါပဲကွ .... တကယ်ကြောက်တတ်တဲ့လူဟာ လူတစ်ရာမှာ အလွန်ဆုံးဆယ်ယောက်လောက်ပဲရှိတယ် .... ကျန်တဲ့ ကိုးဆယ်ဟာ မကြောက်ပါဘူး .... တိုက်ရဲခိုက်ရဲ သတ်ရဲဖြတ်ရဲတဲ့ လူရိုင်းပါပဲ .... ”

အားလုံးပင် ငြိမ်သက်စွာ နားထောင်နေကြ၏။

“အဲဒီလူကိုးဆယ်ထဲမှာ မစဉ်းစား မဆင်ခြင် သတ်ဟယ်ဖြတ်ဟယ် လုပ်တဲ့လူဟာ တစ်ယောက်ပဲ ပါတတ်ပါတယ် .... ဒီလို လူမျိုးကတော့ နှစ်ရာမှာ တစ်ယောက်၊ ငါးရာမှာတစ်ယောက်၊ တစ်ထောင်မှာ တစ်ယောက်ဆိုတာလို ရှားရှားပါးပါး ပါတတ်ပါတယ် .... သူတို့ဟာ ကိုယ့်မိဘဆွေမျိုး၊ ကိုယ့်ပတ်ဝန်းကျင် အစရှိတဲ့အရာတွေကို မထောက်ထားလေတော့ ရက်စက်ကြမ်းကြုတ်တဲ့ အပြုအမူတွေကို လုပ်ဖြစ်သွားတာပေါ့၊ ကျန်တဲ့ရှစ်ဆယ့်ကိုးယောက်သောလူတွေကတော့ ကိုယ့်မိဘ၊ ကိုယ့်ဇနီးမယား၊ ကိုယ့်သမီးသား၊ ကိုယ့်ဆွေမျိုး အစရှိတဲ့ လူတွေအတွက် ထောက်ထားပြီးလုပ်ရဲပေမယ့် မလုပ်ကြဘူး၊ သည်းခံလိုက်ကြတယ်၊ စောစောက စီးကျင်ဖုံလည်း ဒီလိုပဲ သည်းခံလိုက်ရတာပဲ၊ လူယဉ်ကျေးတွေဟာ လူရိုင်းကားတွေရဲ့ စော်ကားမှုကို ဆင်ခြင်တုံးတရားကြောင့်ပဲ ခံနေခဲ့ရတာ နှစ်ပေါင်းရာထောင်ချီရှိနေပြီပေါ့”

ရှန်ရှောင်ဖုန်းက ရှည်လျားစွာ ရှင်းပြလိုက်ရာ လူအားလုံးပင် ခေါင်းတညိတ်ညိတ်ဖြင့် လက်ခံကြလေ၏။



ရှန်ရှောင်ဖုန်းက ကျန်ချွမ်ရှယ်ဘက်သို့ မေးငေါ့မေးလိုက်၏။

“ကဲ .... မင်းရော .... ”

“ကျွန်တော် .... ”

“အေး .... ”

“ကျွန်တော်က ဘာပြောရမှာလဲ .... ”

“ဟား .... ဟား .... ဟား .... မင်းက ဘာတွေများ စဉ်းစားနေတာလဲ .... ကောင်းပြီ .... မင်းဟာ အခုမှ ဆေးပညာလိုက်စားတာ ဆိုပေမယ့် လတ်တလော ဒဏ်ရာတွေနဲ့ ပတ်သက်ရင်တော့ မင်းဟာ ဆရာတစ်ဆူပါပဲ .... မင်းကိုလည်း လေးစားရမယ့်လူစာရင်းမှာ ထည့်ရမှာပဲ .... ”

ကျန်ချွမ်ရှယ်က မကာန့်ကွက်ပါ။

ရှန်ရှောင်ဖုန်းက ....

“မင်းဟာ အရည်အချင်းပြည့်ဝတဲ့ ဆေးဆရာ တစ်ယောက်၊ ငွေကြေးပြည့်စုံတဲ့ လူတစ်ယောက်၊ စိတ်ထားလည်း ဖြူစင်ဖြောင့်မတ်တဲ့ လူတစ်ယောက်ဆိုပါတော့၊ အဲဒီတော့ မင်းရဲ့ပတ်ဝန်းကျင်ရော အဝေးကရော မင်းကို ကြည်ညိုလေးစားကြမယ်၊ ဒီတော့ မင်းဟာ ဣန္ဒြေကြီးတစ်ခွဲသား ဟန်ဆောင်ပန်ဆောင်နေရမယ်၊ ဟုတ်ရဲ့လား”

“ဟုတ်ပါတယ် .... ကျွန်တော့်ကို ပတ်ဝန်းကျင်က လေးစားကြည်ညိုနေကြမယ်ဆိုရင်တော့ အဲဒီလိုပဲ နေနေရမှာပဲဗျာ .... ”

“ဒီတော့ မင်းလုပ်ချင်လျက်နဲ့ မလုပ်ရတဲ့ အလုပ်တွေရှိမယ်၊ ဆိုလိုတာက ဟန်ဆောင်ပန်ဆောင် မနေရရင် အဲဒီအလုပ်တွေကို မင်းလုပ်ပစ်လိုက်မှာ အမှန်ပဲ .... ဟန်ဆောင် ပန်ဆောင်နေရတော့ လုပ်ချင်လျက်နဲ့ မလုပ်ရတဲ့ အလုပ်တွေရှိနေမယ် .... လူတွေရဲ့ အစ္ဆတ္တ

အတွင်းစိတ်ဟာ မဖြူစင်ဘူး။ နောက်ကျိနေတာပဲ .... ဗဟိဒ္ဓအပြင်စိတ်ကတော့ ဖြူစင်တယ်၊ သန့်ရှင်းတယ် .... "

ရှန့်ရှောင်ဖုန်းက ခေတ္တနားပြီး ....

"ဘယ်သူမဆို အတွင်းစိတ်ထဲက ပစ္စည်းလှလှကလေးကို လိုချင်ကြတယ်၊ လိုချင်တဲ့အခါ တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ၊ ခိုးယူချင်စိတ် ပေါက်မယ်၊ အပြင်ဘက်ကတော့ သူများတကာတွေကဲ့ရဲ့မှာ စိုးလို့၊ ပြစ်တင်မှာစိုးလို့၊ တရားဥပဒေအရ အပြစ်ပေးခံရမှာစိုးလို့ မယူချင်ဟန် ဣန္ဒြေကလေးနဲ့နေကြတယ် .... "

လူဆယ်ယောက်စလုံး ခေါင်းညိတ်ကြ၏။

"သူတစ်ပါးရဲ့ သားမယားကို ပြစ်မှားရင် လူ့အသိုင်းအဝန်းက ရွံချကြတော့ အပြင်ပန်းအနေနဲ့ကတော့ လူတွေဟာ တကယ့် သူတော်ကောင်းကြီးတွေလို ဟန်နဲ့ပန်နဲ့ ရိုးသားလေဟန် ဆက်ဆံကြတယ်၊ သူတို့ရဲ့အတွင်းစိတ်ထဲကို ဘယ်သူမှ ဝင်မကြည့်နိုင်လေတော့ အတွင်းစိတ်ထဲက ပြစ်မှားချင်တိုင်း ပြစ်မှားကြတာပဲ မဟုတ်လား၊ တကယ်လို့ မင်းဟာ သုံးရက်ပဲ အသက်ရှင်သန်ခွင့်ရှိတော့ သုံးရက်ပြည့်ပြီးရင် မင်း သေမယ်ဆိုတာသိပြီးရင် အဲဒီသုံးရက်အတွင်းမှာ မင်း ဘာလုပ်မလဲ၊ ရိုးရိုးသားသားအဖြေကို ငါ သိချင်တယ် .... "

ကျန်ချွမ်ရှယ်သည် ခေတ္တမျှ ထိုင်စဉ်းစား၏။

"ကျွန်တော်ကတော့ လက်စမပြတ်သေးတဲ့ကိစ္စတွေအားလုံးကို ရှင်းလင်းပေးပြီး သေမင်းကို ထိုင်စောင့်နေမယ်ဗျာ .... "

ရှန့်ရှောင်ဖုန်းက ကျန်ချွမ်ရှယ်ကို စူးစူးစိုက်စိုက်ကြည့်လိုက်ပြီး ....

"မင်း တကယ်ပြောတာလား .... "



"တကယ်ပါဗျ .... "

"မင်းဟာ သုံးရက်တည်းနေရတော့မှာနော် .... လူ့လောကကြီးထဲမှာ သုံးရက်ပဲဆက်ပြီး အသက်ရှင်ရတော့မှာ .... ဒီသုံးရက်ပြီးရင် လူ့ဘဝရဲ့ ကဲ့ရဲ့မှု၊ ချီးကျူးမှု၊ ရွံချမှု၊ မြှောက်ပင့်မှုဆိုတာတွေ အားလုံးပြီးဆုံးသွားပြီ၊ မင်းဟာ တကယ်ပဲသေမင်းကို ထိုင်နေစောင့်နေမှာလား၊ ရိုးရိုးသားသား ဖြေတာကို ငါလိုချင်တယ်၊ မင်းဟာ မပြီးပြတ်တာတွေ အားလုံးဆောင်ရွက်ပြီး တကယ်ပဲ သေခြင်းတရားကို ထိုင်စောင့်မှာလား .... "

ကျန်ချွမ်ရှယ်သည် အရက်ကို သုံးခွက်ဆက်တိုက် မော့သောက်လိုက်လေရာ မျက်နှာတစ်ပြင်လုံး အရက်ရှိန်တက်ပြီး နီရဲလာ၏။ ထို့နောက် သူသည် ခေါင်းမော့ပြီး အော်လိုက်လေတော့၏။

"မဟုတ်ဘူး .... လုံးဝ မဟုတ်ဘူး"

အားလုံးပင် အလန့်တကြား ဖြစ်သွားကြ၏။

ကျန်ချွမ်ရှယ်က နောက်ထပ်အရက်တစ်ခွက် ထပ်သောက်လိုက်ပြီး ....

"အကယ်၍ ကျုပ်သာသုံးရက်ပဲ အသက်ရှင်ရတော့မယ်ဆိုရင်တော့ ကျုပ် .... ကျုပ်ဟာ"

ရှန့်ရှောင်ဖုန်း၏ မျက်နှာပေါ်၌ အပြုံးပေါ်လာ၏။

"အေးပါ .... လုပ်စမ်းပါ .... မင်း လုပ်ချင်တာတွေ ပြောစမ်းပါ .... မင်းကို ဘယ်သူကမှ အပြစ်ယူမှာ မဟုတ်ပါဘူးကွ .... "

"ဟုတ်တယ် .... ကျုပ်လုပ်မယ် .... ဒီသုံးရက်အတွင်းမှာ အကောင်းဆုံးအစားအစာဆိုတာတွေ၊ အကောင်းဆုံးအရက်ဆိုတာတွေ စားမယ်သောက်မယ်၊ အချောဆုံး အကောင်းဆုံး၊ အပြောင်ဆုံးဆိုတဲ့

အပျိုချောတွေနဲ့ အဝတ်မပါ ကိုယ်ဗလာနဲ့ ချစ်ဖျူဟာကျင်းပစ်လိုက်မယ် .... "

ကျန်စွမ်ရှယ်သည် စိတ်ပါလက်ပါ အော်ဟစ်နေလေရာ သူ့ဖခင်က ဖြန်းခနဲ ပါးရိုက်ပစ်လိုက်လေ၏။

"ဟေ့ကောင် .... မင်း ဘာတွေလျှောက်အော်နေတာလဲ၊ တိတ်စမ်း .... ပေါက်ကရစကားတွေကို ခုချက်ချင်း ရပ်ပစ်လိုက်စမ်း"

ဖခင်ကြီး ကျန်မူရှန်သည် မျက်နှာနီကြီးဖြင့် သားဖြစ်သူကို စိုက်ကြည့်နေ၏။

ရှန့်ရှောင်ဖုန်းက ကျန်မူရှန်ကို တားလိုက်၏။

"မတားပါနဲ့ဗျာ .... သူ့ အမှန်တရားကို ပြောတာပါ .... လူ့စိတ်ဆိုတာ တိရစ္ဆာန်စိတ်နဲ့ သိပ်မခြားနားလှပါဘူးဗျ .... ဒါပေမယ့် အသိဉာဏ်ကလေး ပိုနေတာကြောင့် တိရစ္ဆာန်နဲ့ ကွဲပြားသွားတာပဲ၊ လူကြီးသူမတွေဟာ ကလေးတွေကို ဆိုဆုံးမတဲ့အခါ အိပ်၊ စား၊ ကာမ ဤသုံးဝချည်း မက်မောတဲ့ကောင် ဘာညာနဲ့ ဆူပူဆုံးမကြတယ် မဟုတ်လား၊ အိပ်မယ်၊ စားမယ်၊ ကာမဂုဏ်ခံစားမယ်ဆိုတဲ့စိတ်ဟာ လူတွေရဲ့ အရင်းခံစိတ်ပါဗျာ၊ သူစားမယ်၊ ကာမဂုဏ်ခံစားမယ်လို့ ပြောတယ်၊ ဒါ သူ့ အမှန်ပြောတာဗျ၊ သုံးရက်တည်း လူ့လောကထဲမှာ နေရမယ်ဆိုတဲ့အချက်ကိုထောက်ရင် သူပြောတာ မှားတယ် .... သူ့ကို ဒါတွေမပြောသင့်ဘူးလို့ ခင်ဗျားအပြစ်မတင်သင့်ပါဘူး .... ခင်ဗျားလည်း အဲဒီလိုဖြစ်လာရင် ကျုပ်တို့ကွယ်ရာမှာ ခင်ဗျားဟာ ခင်ဗျားသားထက်တောင် သောင်းကျန်းချင် သောင်းကျန်းလိမ့်ဦးမယ် .... "

ကျန်မူရှန် တုံ့ဆိုင်းသွား၏။

"ကျုပ် .... ကျုပ် .... ရတ်တရက်တော့ .... "



ရှန့်ရှောင်ဖုန်းက ရယ်လိုက်၏။

"ဟုတ်ပါတယ် .... ခင်ဗျားဟာ အခု လူ့လောကထဲမှာ သုံးရက်ထဲနေရမှာ မဟုတ်ပါဘူး .... သုံးလ .... သုံးနှစ် .... အနှစ်သုံးဆယ်တောင် နေချင်နေရပါလိမ့်ဦးမယ် .... ဒါကြောင့် ခင်ဗျားလုပ်ချင်တဲ့ အလုပ်တွေကို အရမ်းမလုပ်နဲ့ပေါ့ဗျာ .... သတိတမံဉာဏ်မြေကတုတ်ဆိုတာလို သတိချုန်းနဲ့အုပ်ပြီး ဆင်ခြင်ဦးပေါ့ .... "

ကျန်မူရှန် ခေါင်းညိတ်၏။

"ဟုတ် .... ဟုတ်ပါတယ်ဗျာ .... ခင်ဗျားပြောတာ မှန်ပါတယ် .... ကျုပ်တို့က ဘဝကို လေးလေးနက်နက် မတွေးခဲ့ကြပါဘူး"

ထိုစဉ် အသက်နှစ်ဆယ့်ရှစ်နှစ်အရွယ်ခန့်ရှိသည့် ချောမောလှပသော အိမ်ဖော်မလေးသည် ဘဲကင်တစ်ကောင်ကို လင်ဗန်း၌ထည့်ကာ အခန်းထဲသို့ ဝင်လာချပေးလေ၏။

ထိုစဉ် ရှန့်ရှောင်ဖုန်းက အိမ်ဖော်မလေးအား ရုတ်တရက် လှမ်းတားလိုက်၏။

"နေဦး .... "

"ရှင် .... "

"ခဏနေဦး .... ငါမေးတာကို အရိုးသားဆုံး ဖြေစမ်း"

အိမ်ဖော်မလေးက ကြောက်ကြောက်လန့်လန့်နှင့် ခေါင်းညိတ်၏။

"ဟုတ် .... ဟုတ်ကဲ့"

"မင်းသာ သုံးရက်တည်း အသက်ရှင်ခွင့်ရမယ်ဆိုပါတော့၊ ငါပြောတာက တကယ်ဖြစ်တာကို ပြောတာမဟုတ်ဘူး၊ ဥပမာပြောနေတာ၊ အကယ်၍ မင်းသုံးရက်ပဲ အသက်ရှင်သန်ခွင့်ရမယ်၊ သုံးရက်နေပြီး

ရင် မင်းသေမယ်ဆိုပါတော့ အဲဒီသုံးရက်အတွင်းမှာ မင်း ဘာလုပ်ချင်သလဲ .... ဘာလုပ်ပစ်မယ်လို့ စိတ်ကူးသလဲ .... "

အိမ်ဖော်မလေးမှာ ကြောင်တက်တက်ဖြစ်နေ၏။ ဘာဖြေရမှန်းမသိ ဖြစ်နေသည်။ သူသည် အခန်းထဲ၌ ဖြစ်ပျက်နေသော အခြေအနေကို ဇေ့ငမိသူမဟုတ်၍ သူ့ကိုအပြစ်တင်ရန် မဖြစ်နိုင်ပါချေ။

"ဖြေလိုက်လေ .... "

ရှောင်တိက စိတ်မရှည်ဘဲ ဝင်ရောက်ဝေါက်ငန်းလိုက်သည်။

ရှန့်ရှောင်ဖုန်းက အိမ်ဖော်မလေး၏ အခြေအနေကို သဘောပေါက်၏။ ထို့ကြောင့် ရှောင်တိကို လက်ဝါးကာပြလိုက်၏။ထို့နောက် အိမ်ဖော်မလေးအား ဖြည်းညင်းစွာ ရှင်းပြသည်။

"အခု .... ငါတို့ ဒီအခန်းထဲမှာ ပြဿနာတစ်ခုဖြစ်နေတယ်၊ ဒီပြဿနာကတော့ လူတိုင်းလူတိုင်းဟာ သုံးရက်တည်း အသက်ရှင်သန်ခွင့်ရမယ်ဆိုရင် .... သုံးရက်ထက်ပိုပြီး အသက်ရှင်ခွင့်မရတော့ဘူးဆိုရင် ဘာလုပ်မလဲ .... ဘာလုပ်ချင်စိတ် ပေါ်မလဲ၊ အဲဒါကို အရိုးသားဆုံး ဖြေကြည့်နေကြတယ် .... ဥပမာ သူ့ဆိုပါတော့ သူ့ကို ဒီမေးခွန်းမေးတော့ သူက လူသတ်ချင်တယ်လို့ဆိုတယ်၊ သတ်မယ်ဆိုတာကလည်း သူ့အပေါ်ရက်စက်ထားတဲ့လူကို ပြန်သတ်ချင်တယ်လို့ ဆိုလိုတာပါ .... "

ရှန့်ရှောင်ဖုန်းသည် နောက်တစ်ယောက်ကိုတော့ လက်ညှိုးထိုးမပြတော့ဘဲ ခြုံ၍ပြောလိုက်သည်။ ထိုအကြောင်းအရာမှာ ကျုန်ချွမ်ရှယ်၏အဖြေကိုပင် ဖြစ်ပါ၏။

"တို့က တို့စိတ်ထဲမှာရှိတဲ့ အရိုးခံစိတ်ကို ရှာဖွေနေတာပါ၊ အပြစ်တင်ဖို့မဟုတ်ပါဘူး၊ သိချင်တာ သက်သက်ပါ၊ သုံးရက်တည်း



အသက်ရှင်သန်ရတော့မယ်ဆိုရင် လူတွေဘာလုပ်ချင်ကြမလဲ၊ ဘာတွေလုပ်ကြမလဲ၊ ဒါကို တို့သိချင်တာပါ .... "

အိမ်ဖော်မလေး သဘောပေါက်သွား၏။ သူမ မျက်နှာနီနီဖြင့် ခေါင်းငုံ့သွား၏။

ရှောင်တိက ....

"မှန်မှန်ကန်ကန်ဖြေ၊ မုသားမပြောနဲ့၊ မင်း ပြောတာမုသားလား အမှန်လားဆိုတာ တို့ခန့်မှန်းလို့ရတယ် .... "

ရှန့်ရှောင်ဖုန်းကဝင်၍ အားပေးလိုက်၏။

"ပြောပါ .... မင်းစိတ်ထဲမှာရှိတာကိုသာ ပြောပါ .... မင်းကို ဘယ်သူကမှ အပြစ်မတင်ပါဘူး .... "

ထိုအခါ အိမ်ဖော်မလေးက ခေါင်းငုံ့ပြီး ဖြေလေ၏။

"ကျွန် .... ကျွန်မ အိမ်ထောင်ပြုချင်ပါတယ် .... "

သူမသည် ဤစကားကို အခြေအနေအရ ပြောရခြင်းဖြစ်သော်လည်း သူမခမျာ အလွန်ရှက်ကြောက်နေရှာပါသည်။

ရှန့်ရှောင်ဖုန်းက ....

"မင်း .... ခုထက်ထိ အိမ်ထောင်ဘက် မတွေ့သေးဘူးလား"

အိမ်ဖော်မလေးခမျာ မျက်နှာကိုမဖော်ဝံ့ရှာတော့ပေ။

"ပြောပါ .... ပြောပါ .... ရှက်ကြောက်စရာဖြစ်ပေမယ့် ငါ့ကိုတော့ပြောပါ .... ငါဘယ်သူလဲဆိုတာ မင်းသိတယ် မဟုတ်လား"

တတိယမြောက်သခင်လေး ရှန့်ရှောင်ဖုန်းဆိုသည်ကို မည်သူမသိဘဲ ရှိပါမည်လဲ၊ တေးဘုရင်ကြီး ရှန့်ရှောင်ဖုန်းကို မည်သူမသိဘဲ ရှိပါမည်လဲ။ ရှန့်မိသားစုဆိုသည့် သိုင်းလောကမှ နာမည်ကြီး သိုင်းမိသားစုကြီး၏နာမည်ကျော် ပုဂ္ဂိုလ်ကို မည်သူက မသိဘဲရှိပါမည်လဲ။

"ကျွန် .... ကျွန်မသိပါတယ်ရှင် .... "

"အေး .... သိရင် မှန်မှန်သာဖြေ .... "

"ကျွန် .... ကျွန်မ ငယ်ငယ်ကတည်းက သူများရဲ့အခိုင်းအစေဖြစ်လာတဲ့သူပါရှင် .... ကျွန်မလို အစေခံမျိုးကို ဘယ်ယောကျ်ားကလေးက မျက်စိကျမှာလဲရှင် .... ကျွန်မကို ဘယ်ယောကျ်ားက ထည်ထည်ဝါဝါ တရားဝင်လက်ထပ်ပြီး ယူမှာလဲရှင် .... "

အိမ်ဖော်မလေးသည် ပြောရင်းဝမ်းနည်းလာ၏။ မျက်ရည်ပေါက်ကြီးများ တစ်ပေါက်ပေါက်ကျလာသည်။

ရှန့်ရှောင်ဖုန်းက ....

"အေးပါ .... ငါသဘောပေါက်ပါပြီ၊ ဒီလိုကိစ္စမျိုးကို ငါတို့မိသားစုကြီးတွေဟာ ခေါင်းထဲသိပ်မထည့်ကြဘူး .... ဒါဟာကိုယ်ချင်းမစာနာတဲ့အပြုအမူပဲ .... ကဲ .... ထားပါတော့ .... မင်း သုံးရက်တည်းအသက်ရှင်ခွင့်ရတဲ့အချိန်မှာ အိမ်ထောင်ပြုမယ်ဆိုရင် မင်းရဲ့အိမ်ထောင်ဘက်ကို အသက်ကြီးတယ်၊ ငယ်တယ်၊ ရွေးချယ်နေဦးမှာလား"

အိမ်ဖော်မလေး၏မျက်နှာ မှေ့လာ၏။ သူမက ရဲရဲဝံ့ဝံ့ပင် ပြန်ပြောလိုက်သည်။

"ဟုတ်ကဲ့ .... ပြုဝံ့ပါတယ် .... ဒီလိုအချိန်မျိုးမှာ လူရွေးနေလို့ဖြစ်ပါ့မလားရှင် .... အိမ်ထောင်ပြုခွင့်မရတဲ့ မိန်းကလေးရဲ့ ဂုဏ်သိက္ခာဟာလည်း ဘယ်မှာ ပွင့်လန်းပါ့မလဲရှင် .... "

သူမ ပြန်ခေါင်းငုံ့သွား၏။

တကယ်တော့ ရှက်စရာမလိုပါ။ မသေမီသုံးရက်အတွင်း အမှန်တကယ်ဖြစ်ပေါ်မည့် စိတ်ဆန္ဒများကို မေးမြန်းနေခြင်းဖြစ်ရာ မည်သူမဆို ဤသို့ပင် ရဲရဲဝံ့ဝံ့ ဖြေကြမည်သာ ဖြစ်ပါသည်။



ဤသို့ဖြေရသည့် အဓိကအချက်မှာ မေးမြန်းနေသူ၏ ဂုဏ်သိက္ခာကြောင့် ဖြစ်ပါသည်။ ရှန့်ရှောင်ဖုန်းဆိုသည်မှာ သိုင်းလောက၏ ပထမနံပါတ်တစ်ဖြစ်ရုံမျှမက သူ့မိသားစု၏ ဂုဏ်အင်မှာလည်း လွန်စွာကြီးမားသူ ဖြစ်ပါသည်။ ခဏကာသော် အိမ်ဖော်မလေးက တိုးညင်းစွာ ဆက်ပြော၏။

"ဒါ.... ဒါပေမယ့်.... ကျွန်မက လူ့လောကထဲမှာ ဆက်လက်အသက်ရှင်နေရဦးမယ်ဆိုတော့ စိတ်ထဲမှာ ရှိသမျှတွေကိုလည်း အရမ်းမလုပ်ရဲဘူးပေ့ါရှင် .... ဒါ .... ဒါကို သခင်လေး နားလည်လိမ့်မယ်လို့ထင်ပါတယ်ရှင် .... "

ရှန့်ရှောင်ဖုန်းက ခေါင်းညိတ်ပြီး ....

"ကဲ .... ကဲ .... မင်းဖြေတာ ပြည့်စုံပါပေတယ် .... သွားပေတော့ .... "

အိမ်ဖော်မလေးသည် ရှန့်ရှောင်ဖုန်းနှင့်ရှောင်တိကိုအရိုအသေပေးပြီး အခန်းထဲမှ ထွက်ခွာသွားတော့သည်။

အခန်းတံခါးပိတ်သွားသည်နှင့် လူတစ်ယောက်၏အသံ ထွက်ပေါ်လာ၏။

"အေးဗျာ .... ကျုပ်သာ သုံးရက်တည်း အသက်ရှင်မယ်ဆိုရင် ဒီမိန်းကလေးကို ကျုပ်လက်ထပ်ပါတယ်ဗျာ .... "

ထိုလူမှာ ယီကျွမ်းချိုင်ဆိုသော သမားတော်ကြီးတစ်ဦး ဖြစ်သည်။ သူ့ရုပ်သွင်ပြင်ကိုကြည့်ပါဦး။ မျက်နှာတွင် ကျောက်ပေါက်ရာများရှိနေပြီး သွားကခေါသေးသည်။ ခါးကကုန်းသေးသည်။ ခြေထောက်တစ်ဖက်က မသန်မစွမ်းဖြစ်နေသေးသည်။ ကြောက်စရာ သွင်ပြင်ပါပေ။

သို့သော် သူ့ဖါ်ဆေးပညာကား အထက်တန်းကျသည်။ ကျွန်ချွမ်ရှယ်ပြောသလို ရုတ်တရက် ထိခိုက်ဒဏ်ရာရခြင်း၊ ထိရှစုတ်ပြဲခြင်း၊ ကွဲအက်ကြေမွခြင်းများအတွက် ဤအခန်းထဲရောက်ရှိနေသူ သမားတော်ဆယ်ယောက်သည် တရုတ်ပြည်၌ အတော်ဆုံးပါရဂူများဖြစ်ကြ၏။ သူတို့လက်လွှတ်သောဒဏ်ရာသည် ကုသရန်မလွယ်သောဒဏ်ရာဖြစ်သည်။

ထို့ကြောင့် ယိကျွမ်းချိုင်သည် ဆေးပညာ၌ နာမည်ကြီးပြီး ငွေကြေးလည်း ချမ်းသာကြွယ်ဝလှသည်။ သို့သော် ဥပဓိရုပ်ကား ဆိုးရွားလှ၏။ ထို့ကြောင့် ယခုတိုင် လူပျိုကြီးဘဝနှင့် ရှိနေရခြင်းဖြစ်သည်။ တစ်ခုတော့ရှိသည်။ သူ မည်မျှရုပ်ဆိုးသည်ဖြစ်စေ လှလှပပမိန်းမတစ်ယောက် သို့မဟုတ် နှစ်ယောက် ကောင်းကောင်းရနိုင်ပါ၏။ ထိုစဉ်က တရုတ်ပြည်တွင် ချမ်းသာသူများက ကျိုက်ကျိုတက်ချမ်းသာကြပြီး ဆင်းရဲသူ'များက ထမင်းနပ်မှန်အောင် မစားနိုင်သည့်အထိ ဖြစ်နေကြသည်။

ထို့ကြောင့် ငယ်ရွယ်နုပျိုပြီး လှပသော အမျိုးသမီးကလေးများသည် ငွေဝမ်းပူဆာမနေသာ၍လည်းကောင်း၊ မိဘမောင်ဘွားများကို ငဲ့ညှာ၍လည်းကောင်း ပြည့်တန်ဆာဘဝသို့ ကူးပြောင်းရောက်ရှိခဲ့ကြရာ ယိကျွမ်းချိုင်သာ မိန်းမရလျှင် ပြီးရောဆိုသည့်သဘောနှင့် ယူမည်ဆိုပါက တစ်ယောက်မျှမက သုံးလေးယောက်ပင် ရနိုင်သော အခြေအနေရှိပါသည်။

ယိကျွမ်းချိုင်လို ချမ်းသာကြွယ်ဝနေသော သမားတော်ကြီးကို ဆင်းရဲသောအတန်းအစားများမှ လှလှပပမိန်းကလေးများသည် ဝမ်းမြောက်ဝမ်းသာ ခင်ပွန်းလင်အဖြစ် လက်ခံကြမည်မှာ သေချာလှပါသည်။



ရှန့်ရှောင်ဖုန်းနှင့်ခင်မင်ခဲ့ရသော .... လောင်မြောင်၏ညီမကလေးသည်ပင် အမေနှင့်အစ်ကိုတို့ကို ငဲ့ပြီး ပြည့်တန်ဆာဘဝသို့ ကူးပြောင်းခဲ့ရသည် မဟုတ်ပါလား။ ဆင်းရဲသူများ၏ဘဝကား ကြေကွဲဖွယ်အတိဖြစ်တော့သည်။

ရှန့်ရှောင်ဖုန်းသည် ယိကျွမ်းချိုင်၏စကားကိုကြားသောအခါ မျက်ခုံးများမြင့်တက်သွားသည်။

"မင်း .... သူ့ကို တကယ်ပဲ လက်ထပ်နိုင်လို့လား .... "

ယိကျွမ်းချိုင်က ခေါင်းညိတ်၏။

"သူဟာ လှလည်းလှ ချောလည်းချောတယ်၊ စိတ်သဘောလည်း ကောင်းပုံရတယ် .... သူက ကျုပ်ကို လက်ခံမယ်ဆိုရင် ကျုပ်လက်ထပ်မယ်ဗျာ .... ဒါက ပျက်ကယ်ပျက်ကယ်ပြောလို့ဖြစ်တဲ့ဟာမျိုးမှ မဟုတ်တာ .... "

ရှန့်ရှောင်ဖုန်းက အားရပါးရ ရယ်လေတော့သည်။ လူအားလုံးသည် ရှန့်ရှောင်ဖုန်းအား အံ့သြစွာကြည့်မိကြသည်။

"စောစောက မင်းတို့က ငါ့ကိုမေးချင်ကြမှာပဲ .... ငါဟာ သေမယ်မှန်းသိလျက်နဲ့ ဘာကြောင့်ရယ်နိုင်တာလဲလို့ .... "

အားလုံး ငြိမ်သက်နေကြသည်။

"တကယ်တော့ .... သေမယ်မှန်းသိပြီး ရယ်နိုင်တဲ့လူကို မင်းတို့ သိပ်အားကျနေခဲ့တယ်မဟုတ်လား၊ မင်းတို့လည်း ဒီလိုဖြစ်ချင်ကြတယ်၊ သေခါနီးအချိန်မှာ ဘာကိုမှ ထီမထင်ဘဲ ဟက်ဟက်ပက်ပက်ရယ်နိုင်ချင်ကြတယ်၊ ငါဟာ လူတွေမလုပ်နိုင်တဲ့ အလုပ်ကိုလုပ်နိုင်တယ်လို့ ထင်နေကြတယ် .... "

ယိကျွမ်းချိုင်သည် အရက်ကို မော့သောက်ပစ်လိုက်သည်။

"ကောင်းပြီ .... ခင်ဗျားကသာ ကျုပ်တို့ကို မေးနေတယ်၊ ကျုပ်တို့ကလည်း တစ်လှည့်တော့ ပြန်မေးပါရစေ .... "

"မေးပါ .... မေးပါ .... ငါကလည်း ပြောဖို့အသင့်ပါ"

"ခင်ဗျားကတော့ ကျုပ်တို့လို စိတ်မှန်းနဲ့သေရတဲ့လူ မဟုတ်တော့ ကျုပ်မေးတာ မစားနာသလိုဖြစ်နေရင် ခွင့်လွှတ်စေချင်ပါတယ် သခင်လေး .... "

ရှန့်ရှောင်ဖုန်းက ရယ်လိုက်၏။

"သေမှာကိုတောင် ဂရုမစိုက်တဲ့သူဟာ ဘာကိုဂရုစိုက်ရဦးမှာလဲ .... မင်း မေးချင်တာကိုသာ မေးစမ်းပါ .... "

ရှန့်ကျန်ဂေဟာ ရှန့်မိသားစုသည် သိုင်းမိသားစုကြီးဘစ်စုဖြစ်၏။ ရှန့်မိသားစုအားလုံး ဓားသိုင်းပညာ တတ်မြောက်ကြသလို ရှန့်ကျန်ဂေဟာသည်လည်း ကြွယ်ဝချမ်းသာသော ဂေဟာကြီးဖြစ်သည်။ ယခု အခန်းထဲရှိ လူဆယ်ဦး၏ ချမ်းသာကြွယ်ဝမှုကို ရှန့်ကျန်ဂေဟာသည် လုံးဝဂရုမစိုက်ပေ။ ထို့ပြင် ရှန့်ရှောင်ဖုန်းသည် ဓားဘုရင် ဖြစ်နေသေး၏။

ထိုအကြောင်းများကြောင့် ရှန့်ရှောင်ဖုန်းကို သမားတော်ဆယ်ယောက်စလုံးက ရိုသေလေးစားစွာ ဆက်ဆံကြရခြင်းဖြစ်သည်။ ရှန့်ရှောင်ဖုန်းကသာ တင်တင်စီးစီးဆက်ဆံချင်လျှင် အဘိုးအို ကျန်မှုရှန်ကိုပင်လျှင် မင်းနှင့်ငါနှင့် ရိုင်းစိုင်းစွာ ဆက်ဆံနိုင်သည်။ သို့သော် ရှန့်ရှောင်ဖုန်းက တင်တင်စီးစီး မဆက်ဆံပါ။ အဘိုးအိုကို လေးလေးစားစား ဆက်ဆံပြီး ကျန်လူများကိုတော့ အလေးဂရုမပြုဘဲ ဆက်ဆံသည်။ အသက်အရွယ်အလိုက် ဆက်ဆံခြင်းသာ ဖြစ်ပါ၏။

ယိကျွမ်းချိုင်က ....



"ခင်ဗျား .... ဒီသုံးရက်အတွင်းမှာ ဘာလုပ်ချင်သလဲ .... ဘာလုပ်မယ်လို့ စိတ်ကူးထားသလဲ .... "

"ဟား .... ဟား .... ဟား .... ငါလုပ်ချင်တာလား၊ ရှိတာပေါ့ သိပ်ကိုရှိတာပေါ့ .... အခုဆိုရင် မင်းကို အိမ်ဖော်မလေးနဲ့လက်ထပ်ထိမ်းမြားပေးတဲ့အလုပ်ကို လုပ်ချင်နေပြီ .... "

ယိကျွမ်းချိုင် လွန့်သွား၏။

"ကျုပ် .... ကျုပ်က သူ့ကိုလက်ထပ်ရမယ်ဟုတ်လား"

"ဟုတ်တယ် .... လက်ထပ်ရမယ် .... "

ရှန့်ရှောင်ဖုန်းသည် ခုတင်ပေါ်မှထထိုင်လိုက်၏။ ထိုအခါ ကျန်မှုရှန်က အလန့်တကြား တားဆီးလိုက်၏။

"ခင်ဗျား ဘယ်လိုလုပ်တာလဲ .... ဘာလို့ လှုပ်လှုပ်ရှားရှား လုပ်ရတာလဲ .... ခင်ဗျား ဒုက္ခရောက်သွားမှာပေါ့ .... "

"ဘာလဲ .... ကျုပ်ကို အိပ်ရာထဲ အမြဲတမ်းပက်လက်လှန်ပြီး သေမင်းကို စောင့်ခိုင်းတာလား .... "

ရှန့်ရှောင်ဖုန်း၏စကားကြောင့် ကျန်မှုရှန် ပါးစပ်ပိတ်သွား၏။ ရှန့်ရှောင်ဖုန်းသည် ခုတင်ပေါ်မှဆင်းပြီး မတ်တတ်ရပ်လိုက်၏။ ထို့နောက် တံခါးဆီသို့သွားပြီး တံခါးကို ဖြုန်းခနဲ ဆွဲဖွင့်လိုက်သည်။ ထိုအခါ တံခါးအပြင်၌ ချောင်းရှုနားထောင်နေသော အိမ်ဖော်မလေးကို ပက်ပင်းကြီး မိသွားလေတော့၏။ အိမ်ဖော်လေးမှာ ဘာလုပ်ရမှန်းမသိဘဲ ကြောင်အမ်းအမ်းကြီး ဖြစ်နေတော့သည်။

## အခန်း (၁၂)

## ဓားဘုရင်၏စေတနာ

ရှန့်ရှောင်ဖုန်းသည် အိမ်ဖော်မလေးကိုဆွဲခေါ်လာပြီး အားလုံးရှေ့သို့ တွန်းပို့လိုက်၏။

"ကဲ .... မင်း အခုချက်ချင်းလက်ထပ်ရမယ် .... "

"ကျွန်မ .... ကျွန်မ"

"ကျွန်မတွေ ဘာတွေလုပ်မနေနဲ့ .... ဒီကသမားတော်ကြီး ယိကျွမ်းချိုင်က မင်းကိုလက်ထပ်လိမ့်မယ် .... "

ယိကျွမ်းချိုင်က ထိတ်လန့်စွာ အော်လိုက်၏။

"သူ့ကို ကျုပ်က လက်ထပ်ရမယ်၊ ဟုတ်ရဲ့လား .... "

"ဟုတ်တယ်လေ .... လက်ထပ်ရမယ် .... "

"ဒါ .... ဒါပေမယ့် .... "

"ဘာလဲ .... မင်းက သူ့ကို လက်မထပ်ချင်တော့ဘူးလား၊ သူဟာ ငါ့ရဲ့မွေးစားညီမလေးကွ .... "



"ဗျာ .... ခင်ဗျားရဲ့ မွေးစားညီမလေး ဟုတ်လား"

ယိကျွမ်းချိုင်က အံ့ဩစွာ ပြန်မေးလိုက်၏။

ရှန့်ရှောင်ဖုန်းက သူ့အမေးကို မဖြေပေ၊ အိမ်ဖော်မလေးကိုသာ မေးသည်။

"မင်းရဲ့မျိုးရဲ့နာမည်က ဘယ်သူလဲ .... "

"ကျွန်မရဲ့နာမည်ကတော့ မေဖန်းပါ .... ကျွန်မရဲ့မျိုးရိုးကိုလည်း ကျွန်မ မသိပါဘူး .... ငယ်ငယ်ကတည်းက အိမ်ဖော်အဖြစ်နဲ့ နေခဲ့ရတာ ကျွန်မရဲ့မျိုးရိုးကို ဘယ်မှာသိနိုင်တော့မှာလဲရှင် .... "

"အေး .... ဟုတ်မယ် .... ဖြစ်နိုင်တယ် .... ဒါပေမယ့် အခုတော့ မင်းဟာ မျိုးရိုးအမည်ရလာပြီ၊ မင်းဟာ ငါ့ရဲ့မွေးစားညီမဆိုတော့ မင်းဟာ ရှန့်မျိုးရိုးထဲက ဖြစ်သွားပြီ .... "

"ရှင် .... "

မေဖန်းမှာ အံ့ဩလွန်းလှသဖြင့် ပါးစပ်ကလေးအဟောင်းသား ဖြစ်သွားရှာလေ၏။

"မင်း ငါတို့ရှန့်မျိုးရိုးကို ကြားဖူးတယ်မဟုတ်လား .... "

"ရှန့်မျိုးရိုးသခင်ကလေး ရှန့်ရှောင်ဖုန်း .... "

"အေး .... မင်းကြားဖူးတာပေါ့ .... ငါဟာ ရှန့်ကျုန်ဂေဟာရဲ့ တတိယမြောက်သခင်လေး ရှန့်ရှောင်ဖုန်းပဲ .... ရှန့်မျိုးရိုးမှာ ငါဟာ အရေးပါ့ပါတယ်၊ ဒါက ငါ့ရဲ့ညီမလေးအဖြစ် မွေးစားလိုက်ရင် သိုင်းလောကထဲက ဘယ်သူကမှ မင်းကိုလက်ဖျားနဲ့ထိရဲမှာလဲ .... "

"ကျွန် .... ကျွန်မဟာ ရှန့်မျိုးရိုးဟုတ်လား .... "

"ဟုတ်တယ် .... မင်းဟာ ရှန့်ရှောင်ဖုန်းရဲ့ညီမဖြစ်သွားပြီ၊ မင်းကို ဘယ်သူက မထိငေ ·စားလုပ်ရဲမှာလဲ၊ ဘယ်သူက မင်းကို ကဲ့ရဲ့

လှောင်ပြောင်ရဲ့မှာလဲ .... ”

ရှန့်ရှောင်ဖုန်းသည် ယိကျွမ်းချိုင်ကို လက်ညှိုးထိုးပြကာ ....

“သူဟာ မင်းကိုလက်ထပ်မယ့်သူပဲ .... ”

မေဖန်းသည် တစ်ချက်လှမ်းကြည့်လိုက်ပြီး ခေါင်းငုံ့သွား၏။

ရှန့်ရှောင်ဖုန်းက ....

“သူဟာ .... လူချောလူလှမဟုတ်ပေမယ့် အဘိုးကြီးတစ်ယောက်လည်း မဟုတ်ပါဘူး .... သူဟာ နာမည်ကျော်ကြားတဲ့သမားတော်ကြီးတစ်ဦးပါ။ ငွေကြေးလည်း ကြွယ်ဝချမ်းသာပါတယ်၊ သူဟာ မင်းအပေါ်မှာ တာဝန်ကျေတဲ့ လင်ယောကျ်ားတစ်ဦးဖြစ်မယ်ဆိုတာတော့ ငါကောင်းကောင်းကြီး ယုံကြည်ပါတယ် .... ”

မေဖန်းသည် ရှက်လှသဖြင့် ခေါင်းငုံ့ထားသည်။ သမားတော်လူချမ်းသာကြီးမှာ ရုပ်မလှသော်လည်း မိမိအား ချမ်းချမ်းသာသာ တင့်တောင်းတင့်တယ် ထားနိုင်မည်ကိုမူ သူမ သိသည်။

ရှန့်ရှောင်ဖုန်းသည် မေဖန်း၏လက်ကိုဆွဲကာ ယိကျွမ်းချိုင်၏လက်နှင့် ဂဟေဆက်ပေးလိုက်၏။

“အခုအချိန်ကစပြီး မင်းတို့နှစ်ယောက်ကို အကြင်လင်မယားအဖြစ် ငါ လက်ဆက်ပေးပြီး အတိအလင်း ကြေညာလိုက်တယ် .... ကန့်ကွက်မယ့်လူ တစ်စုံတစ်ယောက် ရှိသေးသလား .... ”

မည်သူမျှ မကန့်ကွက်ကြပါ။ ဤမင်္ဂလာကိစ္စကို အားလုံးပင် သဘောတူပါ၏။ ထို့ပြင် ဤမင်္ဂလာကိစ္စမှာ ဖြစ်ရိုးဖြစ်စဉ် သမာရိုးကျကိစ္စမဟုတ်ပါ။ ထူးဆန်းသောအခြေအနေ၌ ထူးဆန်းသော သတို့သားနှင့် ထူးဆန်းသော သတို့သမီးတို့ တွေ့ဆုံသွားကြခြင်း ဖြစ်ပါသည်။ ဤမင်္ဂလာပွဲ၏ ဖူးစာရေးနတ်မှာ တတိယသခင်လေး ရှန့်ရှောင်ဖုန်း



ဖြစ်နေပြီး ထိုဖူးစာရေးနတ်သည်ပင် သုံးရက်အတွင်း ဓိဝိန်ကြွတော့မည့်အဖြစ်မှာ အထူးဆန်းဆုံးအချက်ပင် မဟုတ်ပါလား။

မည်သို့ပင်ဖြစ်စေ ဤမင်္ဂလာပွဲကြောင့် ရောက်ရှိနေကြသည့် သမားတော်အားလုံး စိတ်လက်ရွှင်ရွှင်လန်းလန်း ဖြစ်သွားကြရသည်ကတော့ အမှန်ပင်တည်း။

ရှောင်တိသည် အခန်းအတွင်း၌ အရက်အိုးများ အရက်ဖန်ခွက်များ အလျှံပယ်ဖြစ်သွားအောင် ချက်ချင်းစီစဉ်ပေးသည့်ပြင် ဟင်းလျာများလည်း ချက်ချင်းလိုလိုပင် ရောက်ရှိလာအောင် စီမံပေးခဲ့ပေသည်။ အားလုံးပင် ပျော်ပျော်ရွှင်ရွှင် စားသောက်ကြသည်။ ထိုသို့မစားသောက်နိုင်သူဆို၍ တစ်ယောက်သာရှိ၏။ ထိုသူမှာ စီးကျင်ဖုံ့ပင်တည်း။ ရှန့်ရှောင်ဖုန်းသည် ဤလူစုထဲ၌ အသက်အတိုဆုံးနေရမည့်သူဖြစ်သော်လည်း သူက အပျော်ဆုံးလူ ဖြစ်နေ၏။ အားလုံးကို သူလိုက်၍ အကဲခတ်လေရာ စီးကျင်ဖုံ့၏ ဆိုးရွားသော အခြေအနေကို ချက်ချင်းပင် သတိပြုမိလိုက်သည်။

ရှန့်ရှောင်ဖုန်းသည် လက်ထဲမှ အရက်ခွက်ကို ကုန်အောင် မော့သောက်လိုက်ပြီး စီးကျင်ဖုံ့ရှိရာသို့ လျှောက်လာလေ၏။

“ဟိုလူဟာ မင်းရဲ့မိတ်ဆွေလား၊ သူငယ်ချင်းလား၊ သာမန်အိမ်နီးချင်းပဲလား .... ”

ရှန့်ရှောင်ဖုန်းက အရင်းမရှိ၊ အဖျားမရှိ မေးမြန်းလိုက်သဖြင့် စီးကျင်ဖုံ့ လန့်သွား၏။

“ဘယ်သူ့ကိုမေးတာလဲဗျ .... ”

သူကပင် ရှန့်ရှောင်ဖုန်းကို ပြန်လည်မေးခွန်းထုတ်လိုက်သည်။

“ဘယ်သူရှိရမလဲ၊ မင်းကို မတရားပြုကျင့်ခဲ့တဲ့ လူပေါ့ကွ၊ ဒီလူ

ကို မင်းမကျေနိုင်မချမ်းနိုင် ဖြစ်နေတယ်ဆိုတာ ငါ သိပါတယ်"

"ဗျာ .... "

"ဗျာမနေပါနဲ့ .... မင်း သတ်ချင်နေတဲ့လူဟာ ဘယ်သူ

"အင်း .... ကျုပ် သူ့ကိုမိတ်ဆွေလို့ သဘောထားခဲ့ပါတ ဗျာ .... ဒါပေမယ့် .... သူ .... သူက"

"ဒီကောင်က မင်းကို ဘယ်လိုမတရားဆက်ဆံခဲ့သလဲ၊ ပြ စမ်းပါ .... "

အခြားလူများမှာ ပျော်ပျော်ရွှင်ရွှင် ဖြစ်နေရာမှ ရှန့်ရှောင်ဖု ကိုလည်း သတိမရတော့ချေ။ စားလိုက် သောက်လိုက် ဖြစ်လာသည် သို့သော် ရှန့်ရှောင်ဖုန်းက စီးကျင်ဖဲ့ကို အတင်းအကျပ် မေးနေသမျ ကို ပြောလိုက်ရသည်။ ထိုအခါတွင်မှ တဖြည်းဖြည်း အသံတွက်သွ ပြီး ရှန့်ရှောင်ဖုန်းတို့ဘက်သို့ ပြန်လည် အာရုံစိုက်လာ၏။

စီးကျင်းမဲ့သည် ရှန့်ရှောင်ဖုန်း၏ မေးခွန်းကို ပြန်မဖြေနိုင်ပ

ပြတင်းပေါက်များဆီသို့ငေးပြီး မျက်ရည်များ ရစ်ဝဲလာ သည်။ သူ့ပုံစံကို ကြည့်ခြင်းဖြင့် သူ့စိတ်ထဲ၌ မည်မျှဝေဒနာ ခံစားမ ရသည်ကို ရှန့်ရှောင်ဖုန်း ရိပ်မိပေသည်။

ရှန့်ရှောင်ဖုန်းလိုလူမျိုးမှာ ပျော်သလိုသာနေ ကိုယ့်လူရေ သကဲ့သို့ စိတ်လွတ်ကိုယ်လွတ် လောကကြီးကို ခါးစောင်းတင်နေလာ ခဲ့သူဖြစ်ရာ အတွေ့အကြုံများလှ၏။ ချက်ဆို နားခွက်က မီးတောက်သ ဖြစ်၏။ စီးကျင်ဖဲ့သည် သူ့အား စော်ကားသည့်လူကို ထုတ်လည် ပြောချင်၊ ထုတ်လည်းမပြောချင်ဖြင့် ဒွိဟဖြစ်နေကြောင်း ရှန့်ရှောင်ဖု ရိပ်မိ၏။ တကယ်တော့ ရှန့်ရှောင်ဖုန်းက စီးကျင်းမဲ့အား အနိုင်အထ မေးမြန်းနေခြင်း မဟုတ်ပါ။ ကိုယ်ချင်းစာနာပြီး စေတနာထား မေ



းနေခြင်း ဖြစ်ပါသည်။ ရှန့်ရှောင်ဖုန်းက ....

"စီးကျင်ဖဲ့ ငါဟာ လူကဲခတ်ညံ့တဲ့လူ မဟုတ်ပါဘူး .... းဟာ ရိုးသားဖြောင့်မတ်တဲ့ လူတစ်ယောက်ဆိုတာ ငါရိပ်မိပါတယ်"

စီးကျင်ဖဲ့ ခေါင်းငုံ့လိုက်၏။

"ကျုပ်ဟာ အသုံးမကျတဲ့လူပါဗျာ .... "

"ဘာတွေ အသုံးမကျနေတာတုန်း .... "

"အသုံးမကျဘူးဆိုတာ ဘာမှ အသုံးမကျလို့ပေါ့ဗျာ .... "

ထိုအခါ ရှန့်ရှောင်ဖုန်း တဟားဟား ရယ်လေတော့သည်။

"တကယ့်ကို ရယ်စရာကောင်းတဲ့ ရှင်းလင်းချက်ပါပဲ၊ ဒီထက် ကာင်းတဲ့ ရှင်းလင်းချက်ကို မင်း မပေးနိုင်တော့ဘူးလား .... "

"စာပေနဲ့ဧပ်တာနဲ့ သတ္တိရှိတာ တခြားစီးပါဗျာ .... "

"ဒါနဲ့ အသုံးမကျဖြစ်ရရောတဲ့လားကွာ .... "

"ကျုပ် စာရေးတတ် .... ဆေးကုတတ်တာကလွဲလို့ ဘာမှ သုံးမကျဘူးဗျ .... "

"ဒီလောကကြီးထဲမှာ မင်းထက်အသုံးမကျတဲ့လူတွေ အများ ကြီးရှိပါသေးတယ် .... ဒီတော့ မင်းက သူတို့ထက် ပိုအသုံးကျသွားတာ ပေါ့ .... ဆေးကုတတ်တာကိုထားတော့ .... စာရေးတတ်ရင်လည်း လူသတ်လို့ရပါတယ်ကွ .... "

"ဗျာ .... စာရေးပြီး လူသတ်ရမယ် .... "

"ဟုတ်တယ် .... ကလောင်တံနဲ့လူသတ်လို့ရပါတယ် ...."

"ကျုပ်က ဘာသိုင်းပညာမှမတတ်ဘူးဗျ .... "

"သိုင်းပညာတတ်ဖို့ မလိုပါဘူးကွာ .... "

ရှန့်ရှောင်ဖုန်းသည် အခန်းတစ်နေရာတွင်ရှိနေသော စာရေး

စားပွဲတစ်လုံးကို လက်ညှိုးညွှန်ပြလိုက်ပြီး ....

"အဲဒီစားပွဲမှာ စက္ကူရှိယ် .... ကလောင်တံရှိယ် .... မင်ရှိ ရှိတယ် .... မင်း အဲဒီမှာသွားထိုင်ပါ .... စာရေးပါ .... နာမည်တစ်ခု ကိုရေးလိုက်ပါ .... မင်းသတ်ချင်နေတဲ့လူရဲ့နာမည်ကိုရေးလိုက်၊ ရေး ပြီးရင် အဲဒီလူဟာ သေလူဖြစ်သွားပါပြီ၊ ဒီလူဟာ မင်းသတ်လိုက်တဲ့ လူဖြစ်သွားပါပြီ .... "

စီးကျင်ဖွဲ လုံးဝသဘောမပေါက်ပါ။

"နာမည်ရေးရမယ်....နာမည်ရေးတာနဲ့ဒီလူသေပြီဟုတ်ရဲ့လား"

"တစ်ယောက်တည်း.သေစေချင်ရင် တစ်ယောက်ပဲရေး .... နှစ်ယောက်သေစေချင်ရင် နှစ်ယောက်ရေး .... သုံးယောက်သေစေချင် ရင် သုံးယောက်ရေးပေါ့ .... "

"ဘယ်သူ့နာမည်ရေးရမှာလဲ .... "

ရှန့်ရှောင်ဖုန်း စိတ်မရှည်တော့ပေ။

"မင်းသတ်ချင်တဲ့လူတွေရဲ့နာမည်ကိုရေးပေါ့၊ မင်းကို မတရား လုပ်တာ ဘယ်သူတွေလဲ၊ အဲဒီလူတွေရဲ့နာမည်ကိုရေးပေါ့ .... "

စီးကျင်ဖွဲ့သည် ထိုအခါကျမှ သဘောပေါက်သွား၏။ ရှန့် ရှောင်ဖုန်း ဘာကိုဆိုလိုနေသည်ကို သိရှိသွား၏။

ရှန့်ရှောင်ဖုန်းဟူသည် လွန်စွာကြောက်စရာကောင်းသည့် ဓားသမားကြီးပေတကား၊ ရှန့်ရှောင်ဖုန်းသည် အခြားသူများ မဆောင် ရွက်နိုင်သည့်ကိစ္စများကို ဆောင်ရွက်နိုင်သည့် ထူးချွန်လူသား တစ်ဦး ဖြစ်ကြောင်း ပါကျွမ်းချိုင် နားလည်သဘောပေါက်ထားခဲ့လေပြီ။

ရှန့်ရှောင်ဖုန်းက စိတ်မရှည်သောလေသံဖြင့် ပြောလိုက်၏။

"ငေးမနေပါနဲ့ ရေးပါ ... ရေးစရာရှိတာ မြန်မြန်ရေးပါ ....



ဒီကိစ္စနဲ့ပတ်သက်ပြီး တစ်စုံတစ်ရာ မပေါက်ကြားစေရဘူးလို့ ငါတာဝန် ယူပါတယ်၊ အာမခံချက်ပေးပါတယ်၊ ကဲ .... မင်းရေးရဲပြီမဟုတ်လား"

စီးကျင်ဖွဲ့သည် စားပွဲဆီသို့ လျှောက်သွားပြီး ကုလားထိုင်တွင် ထိုင်လိုက်၏။ ရှန့်ရှောင်ဖုန်း ပြောသည့်အတိုင်း စာရွက်တစ်ရွက် ဆွဲယူ လိုက်ပြီး ကလောင်တံဖြင့် ရေးခြစ်လိုက်သည်။ ထို့နောက် စာအိတ်တွင် ထည့်ကာ ရှန့်ရှောင်ဖုန်းထံသို့ လာပေးသည်။

"ဒီလောကထဲမှာ ဒီစာအိတ်ထဲကနာမည်ကို သိတဲ့လူဟာ ခင်ဗျားတစ်ယောက်တည်း ဖြစ်စေချင်ပါတယ် .... ဒီနာမည်ကို နောက် လူသိစရာအကြောင်းမရှိဘူးလို့ ကျုပ်ယူဆပါတယ် .... "

ရှန့်ရှောင်ဖုန်းက ပြုံးလိုက်၏။

"ဒီလိုတော့ တရားသေသတ်မှတ်လို့ မရပါဘူး .... သိသင့်သူ ကတော့ သိရမယ် .... ဒီနာမည်ရှင်ကို လူတစ်ယောက်ကတော့ သိကို သိရမယ် .... ဒါမှ သူက ဒီလူကိုသတ်ပေးနိုင်မှာကိုး .... သတ်ပေးမယ့် လူနှုတ်လုံဖို့တော့ ငါ တာဝန်ယူပါတယ် .... ကုန်ကုန်ပြောမယ်ကွာ၊ ဒီနာမည်ကို ငါတောင်ဖွင့်မဖတ်ပါဘူး .... ငါ သိမထားပါဘူး .... ငါပြော တာ သဘောပေါက်တယ် မဟုတ်လား .... "

"သတ်ပေးမယ့်သူက ဘယ်သူလဲ၊ ခင်ဗျား မဟုတ်ဘူးလား၊ ခင်ဗျားမဟုတ်ရင်လည်း အဲဒီလူကို ကျုပ်သိချင်တယ်ဗျာ .... "

"စိတ်ချပါ .... ဒီလူဟာ ငါ့အပေါ် အကြွင်းမဲ့သစ္စာရှိတဲ့လူပါ"

"သေချာရဲ့လား .... "

"မသေချာရင် ရှန့်ရှောင်ဖုန်း ဘာမှမလုပ်ဘူး .... "

"သူ ဘယ်သူလဲဗျာ .... ပြောမပြနိုင်ဘူးလား .... "

"မင်း သိပ်သိချင်နေရင်တော့ ငါပြောပြသင့်တာပေါ့ .... "

ရှန့်ရှောင်ဖုန်းသည် တစ်ဘက်သို့လှည့်သွားပြီး ရှောင်တိထံသို့ လျှောက်သွားလေ၏။ သူသည်ရှောင်တိအားစာအိတ်ကိုလှမ်းပေးပြီး

"အဲဒီတာဝန်ကို ထမ်းဆောင်ဖို့လူကတော့ မင်းပဲ .... "

ရှောင်တိက ရှိုရှိုသေသေပင် လှမ်းယူပြီး ....

"ဟုတ်ကဲ့ .... ကျွန်တော် တာဝန်ယူပါတယ် .... "

စာအိတ်လှမ်းယူသော ရှောင်တိ၏လက်သည် ပကတိတည်ငြိမ်လှသည်။ သူ၏ အာမခံချက်စကားကလည်း အေးစက်စက် ရှိလှသည်။ အေးစက်စက်ဆိုရာ၌ စိတ်မပါလက်မပါ အေးစက်စက်ပြောခြင်းကို မဆိုလို၊ စိတ်ချပါ၊ ဒီလူသေကိုသေစေရမည်ဟု ကြောက်မက်ဖွယ် ကတိသဘောဖြင့် အေးစက်ခြင်းမျိုး လွှမ်းခြုံနေခြင်းကို ဆိုလိုသည်။

"မင်း ဒီစာဖတ်ပြီးရင် ဒီလူဟာ လူသေဖြစ်ပြီနော် .... "

"ဟုတ်ကဲ့ .... သူ လုံးဝ အသက်ရှူရပ်သွားစေရပါမယ်"

ရှန့်ရှောင်ဖုန်းနှင့် ရှောင်တိတို့သည် အေးအေးဆေးဆေးပင် စကားပြောနေကြလေ၏။ နှစ်ယောက်စလုံး အေးတိအေးစက်ပြောနေခြင်းက အခန်းထဲရှိ လူအားလုံးကို ရင်ပူစေသည့်အဖြစ်မျိုးသို့ ရောက်နေဇေသည်။

ရှန့်ရှောင်ဖုန်းဆိုသည်မှာ သည်လိုလူပါလား။ သူ့အပေါ် သစ္စာရှိသည့် လူဆိုသည်မှာလည်း သည်လိုလူပါလား၊ သည်လိုလူတွေကို မည်သူမျှ တားဆီးနိုင်မည်မဟုတ်။ သူတို့ပို့ဆောင်လိုက်လျှင် သေမင်းသည် နံ့သာလိပ်းကျံပန်းစိမ်းပန်ပြီး သေမိန့်ကျထားသူထံ လှလှပပ ရောက်သွားလိမ့်မည်။ သေမိန့်ကျသူသည် မြေကြီးလက်ခတ်မလွဲ သေကို သေရမည်။



လူအားလုံးသည် မျက်တောင်မခတ်ဘဲ သူတို့နှစ်ယောက်အား ငေးမောကြည့်နေမိကြလေ၏။

စီးကျင်ဖဲ့ကား တစ်ကိုယ်လုံး ချွေးများထွက်ပြီး ခြွဲနစ်လာသည်။ ထို့နောက် အများမထင်မှတ်သည့်အလုပ်တစ်ခုကို သူလုပ်တော့သည်။

သူသည် ရုတ်တရက် ပြေးထွက်လာပြီး ရှောင်တိ၏လက်ထဲမှ စာအိတ်ကို လုယူလိုက်သည်။ တကယ်တော့ ရှောင်တိက ထိုစာအိတ်ကို အပါမခံချင်လျှင် ထိုစာအိတ်သည် မည်သည့်နည်းနှင့်မျှ စီးကျင်ဖဲ့ လက်ထဲသို့ မရောက်နိုင်ပါ။ ယခု စီးကျင်ဖဲ့ကို လုံးဝလျစ်လျူရှုထားသဖြင့်သာ စာအိတ်ကို အလွယ်တကူ ရရှိသွားခြင်း ဖြစ်ပါသည်။

စီးကျင်ဖဲ့သည် စာအိတ်ကို လုံးချေလိုက်ပြီး ပါးစပ်ထဲ ထည့်လိုက်၏။ ထို့နောက် မျိုချသည်။ ထိုအခါ စီးကျင်ဖဲ့ အော့အန်တော့၏။

ရှန့်ရှောင်ဖုန်းရော ရှောင်တိပါ စီးကျင်ဖဲ့ကို တားဆီးခြင်းလည်း မပြု၊ အားပေးခြင်းလည်း မပြုဘဲ သည်အတိုင်းရပ်ကြည့်နေသည်။

အတန်ကြာမှ ရှန့်ရှောင်ဖုန်းက ခပ်တိုးတိုးပြောသည်။

"မင်း သူ့ကို မသတ်ရက်ဘူး မဟုတ်လား"

စီးကျင်ဖဲ့လွန်စွာ ပင်ပန်းသွားသည်။ စိတ်ပင်ပန်းသွားခြင်းဖြစ်၏။ သူ့မျက်နှာပေါ်တွင် ချွေးများ သီးနေသည်။

"မင်းဟာ သူ့အပေါ်မှာ အငြိုးထားခဲ့တာတော့ အမှန်ပဲ၊ သတ်တော့ မသတ်ရက်ဘူး၊ အဲဒါ ဘယ်လိုဖြစ်တာလဲ"

"မသိတော့ပါဘူးဗျာ"

"ဟိုပေါ်မှာ စာရွက်တွေ ရှိပါသေးတယ်၊ မင်း စိတ်ပြောင်း

ပြီး ထပ်လုပ်ချင်ရင် လုပ်နိုင်ပါသေးတယ်၊ ငါတို့လည်း စိတ်မပြောင်းသေးပါဘူး"

စီးကျင်ဖဲ့ ခေါင်းယမ်းလိုက်၏။

"ဟင့်အင်း ကျူပ် မလုပ်တော့ပါဘူးဗျာ"

ရှန်ရှောင်ဖုန်း ခေါင်းညိတ်လိုက်၏။

"ငါ နားလည်ပါပြီ၊ မင်းဟာ သူ့အပေါ် သတ်လောက်အောင် အငြိုးကြီးခဲ့ဘူးကိုး"

ရှန်ရှောင်ဖုန်းသည် ထိုသို့ရေရွတ်ပြီးမှ ရန်ငြိုးများ၏ သဘာဝကို ဆက်ပြောလေ၏။

"ရန်ငြိုးဆိုတာ .... သုံးမျိုး သုံးစားရှိတယ်၊ အသေးအဖွဲ ရန်ငြိုး၊ အလယ်အလတ်ရန်ငြိုးနဲ့အကြီးမားဆုံး ရန်ငြိုးပေါ့၊ မင်း ကြုံတွေ့ခဲ့ရတာကတော့ အလယ်အလတ်ရန်ငြိုးနဲ့တူပါရဲ့၊ ဘာပဲပြောပြောလေ .... မင်းဟာ သူ့ကိုသတ်နိုင်တဲ့ အခွင့်အရေးတစ်ခုတော့ ရခဲ့ပြီးပြီ၊ ဒါကို ပြန်တွေးမိတိုင်း မင်း စိတ်ကျေနပ်မှုတော့ ရမှာပါ၊ ဘဝမှာ ကိုယ့်အဆုံးအဖြတ်ပဲ အရေးကြီးပါတယ်လေ၊ မှားရင်ပဲဖြစ်ဖြစ်၊ မှန်ရင်ပဲဖြစ်ဖြစ် နောင်တရစရာ မလိုတော့ဘူးပေါ့ .... "

အခန်းထဲ၌ အနည်းငယ် မှောင်လာသည်။ သို့သော် ရှန်ရှောင်ဖုန်း၏ မျက်နှာကိုတော့ လူတိုင်းပင် မြင်နိုင်ကြပါသည်။

သူ့မျက်နှာမှာ ဖြူရော်ရော်ဖြစ်နေသော်လည်း မျက်လုံးကမူ ကြည်လင် တောက်ပနေပေသည်။

လူတိုင်းသည် သူ့ကိုလေးသော မျက်လုံးများဖြင့် ငေးကြည့်နေမိကြ၏။ ထိုတခဏအတွင်း လူတိုင်းသည် ရှန်ရှောင်ဖုန်းအား ကြည်ညိုလေးစားစိတ်များက တဖွားဖွား ပေါ်လျက်ရှိနေပေသည်။



"တကယ်တော့ .... ရန်ငြိုးဆိုတာ မကောင်းပါဘူး၊ မကောင်းပေမယ့်လည်း လူသားနဲ့ရန်ငြိုးဟာ ကင်းကွာနိုင်တဲ့အရာမဟုတ်တော့ ရန်ငြိုးဟာ လူသားရှိတဲ့ နေရာတိုင်းမှာ အမြဲရှိနေတာပဲ၊ တစ်ဘက်က လည်း ရန်ငြိုးဟာ မာနကိုဖော်ပြတယ်၊ တစ်ခါတစ်ရံမှာလည်း သတ္တိကို ဖော်ပြတယ်၊ တစ်ခါတစ်ရံမှာလည်း ခန္တီတရားကို ဖော်ပြတယ်၊ တစ်ခါတစ်ရံမှာလည်း ကြောက်ရွံ့ခြင်းကို ဖော်ပြတယ် .... "

မေဖန်မှတစ်ပါး အားလုံး စာတတ်ပေတတ်ချည်း ဖြစ်၍ ရှန်ရှောင်ဖုန်း၏ ဆိုလိုရင်းကို နားလည် သဘောပေါက်ကြသည်။

"ရန်ငြိုးဆိုတာကလည်း တစ်ခါတစ်ရံ ကိုယ့်ဆီကို မျက်စိလည် လမ်းမှားပြီး ရောက်လာတတ်တာမျိုး ဖြစ်တယ်၊ အေးလေ သိုင်းလောကရန်ငြိုးဆိုတာ မီးနဲ့မီးခိုးလိုပါပဲလေ .... "

တစ်ဆိုင်လုံး တိတ်ဆိတ်ငြိမ်သက်သွားကြ၏။ မည်သို့ပင် ဖြစ်စေ ယိကျွမ်းချိုင်၏ ရန်ငြိုးကတော့ ပြေငြိမ်းသွားခဲ့ပါပြီ၊ ရှန်ရှောင်ဖုန်း ပြေငြိမ်းအောင် လုပ်ပေးခဲ့ပါသည်။

ကျန်မူရှန်သည် အရက်ခွက်တစ်ခွက်ထဲသို့ အရက်များကို လောင်းထည့်ပြီး ရှန်ရှောင်ဖုန်းအား ရိုရိုသေသေ လှမ်းပေးလိုက်၏။ ကျန်လူဆယ်ဒယောက်စလုံး သူ့တို့၏ အရက်ခွက်များကို ကိုင်မြှောက်ပြီး ရှန်ရှောင်ဖုန်းကို ဝိုင်းကြည့်ကြသည်။

ရှန်ရှောင်ဖုန်း ကြက်သီးတဖြန်းဖြန်း ထသွားပါသည်။ ထိုလူဆယ်ယောက်က သူ့အား မည်မျှလေးစားကြောင်း၊ မည်မျှကြည်ညိုကြောင်း ပါးစပ်မှ ဖွင့်မပြောကြပါ၊ အရက်ခွက်ကိုယ်စီကိုင်မြှောက်ပြီး သူ့အား တလေးတစားကြည့်နေသည့် အပြုအမူက ပါးစပ်မှ ထုတ်ပြောသည့် ကြည်ညိုလေးစားခြင်းထက် ပိုမိုပါသည်။

မည်သူမဆို သူတစ်ပါးက ကိုယ့်အား ကြည်ညိုခြင်း၊ ရိုသေခြင်း၊ လေးစားခြင်းတို့ကို အလိုရှိပါသည်။ ထိုအချက်များဖြင့် ဆက်ဆံသောအခါ ကျေနပ်နှစ်သိမ့်မှုကို ခံစားရပါသည်။

ရှန့်ရှောင်ဖုန်းသည် ဓားပညာနှင့်ပတ်သက်ပြီး ပါရမီရှင်ဖြစ်သော်လည်း သူသည်လည်း လူသားတစ်ယောက်သာ ဖြစ်ပါသည်။ ထို့ကြောင့် သူတစ်ပါး၏ ကြည်ညိုလေးစားမှုကို နှစ်သက်ပါသည်။

"သွားသင့်တဲ့လူဟာ ထွက်ခွာသွားရစမြဲပါ ...."

သူသည် အရက်ခွက်ကိုင်မြှောက်နေသူအားလုံးကို ဝေ့ယမ်းကြည့်လိုက်ပြီး ....

"အခုဆိုရင် ငါ့မှာ ဒဏ်ရာတွေရှိထားပါတယ်၊ ဒါပေမယ့် ငါ့ကိုယ်ငါ ထိန်းနိုင်ပါတယ်၊ ဒါကြောင့် ငါ့ကို တားဆီးဖို့ ဘယ်သူမှ မကြိုးစားကြပါနဲ့ ...."

ရှန့်ရှောင်ဖုန်းသည် သူ့အရက်ခွက်ကို မြှောက်လိုက်၏။ ကျန်လူများကလည်း လိုက်မြှောက်သည်။ ထို့နောက် အားလုံးပင် ပြိုင်တူ မော့သောက်လိုက်ကြလေ၏။

ထိုအထဲတွင် ကျုံ့ချွမ်ရှယ်သည် ရှန့်ရှောင်ဖုန်းအပေါ် လွန်စွာခင်မင်သွားမိ၏။ ရှန့်ရှောင်ဖုန်း ထွက်သွားတော့မည်ဆိုသဖြင့် ကျုံ့ချွမ်ရှယ် များစွာစိတ်ထိခိုက်နေသည်။

သူသည် ဖြန်းခနဲ ရှေ့သို့တစ်လှမ်းထွက်ကာ ....

"ခင်ဗျား တကယ်ပဲသွားတော့မလားဗျာ ...."

ရှန့်ရှောင်ဖုန်းသည် အရက်ခွက်ကို စားပွဲပေါ်ပြန်တင်လိုက်ပြီး ကျုံ့ချွမ်းရှယ်ကို ခေါင်းညိတ်ပြလိုက်၏။

"အေး .... သွားတော့မယ်၊ မင်းနဲ့ငါတူတူသွားကြတာပေါ့"



"ဗျာ ...."

"မင်းကို ခေါ်ရတာအကြောင်းရှိတယ်ကွ၊ အခု ငါတို့အစားကောင်းကောင်းရတဲ့နေရာသွားမယ်၊ လောင်းကစားဝိုင်းကောင်းကောင်းရှိတဲ့နေရာသွားမယ်၊ ကောင်မလေးလှလှတွေရှိတဲ့နေရာသွားမယ်၊ မသေမီ သုံးရက်မှာ မင်းဘာလုပ်ချင်တယ်လို့ ပြောခဲ့ဖူးသလဲ"

"ကျွန်တော်က တကယ်သေမယ့်လူမှ မဟုတ်ဘဲဗျာ"

"ဟုတ်ပါတယ်၊ သေရမှာက ငါပါ၊ မင်းကတော့ မသေနိုင်သေးပါဘူး၊ ဒီတော့ ခံစားစရာတွေ ခံစားပြီးရင် မင်းက ဆေးဆရာပြန်လုပ်ပေါ့၊ ငါကတော့ ငါ့လမ်းအတိုင်း ငါသွားလိုက်မှာပေါ့ ...."

ကျုံ့ချွမ်ရှယ်သည် စဉ်းစားခြင်းပင် မပြုတော့ဘဲ ခြေလှမ်းပြင်လိုက်လေ၏။

"ကဲ .... ဒါဖြင့် သွားကြစို့"

"မင်း သေချာပြီလား ...."

"သေချာပါပြီ၊ ကျွန်တော် လုပ်ချင်လျက်နဲ့ မလုပ်ရဲတဲ့အလုပ်ကို ခင်ဗျားလိုလူမျိုးနဲ့လုပ်ရမယ့်ကိစ္စကို ဘာဖြစ်လို့ မသေချာရမှာလဲ"

"ဟား .... ဟား .... ဟား လူတွေဟာ အဲဒီလို ပွင့်လင်းသင့်တယ်ကွ၊ လူ့လောကမှာ ဟန်ဆောင်မှုတွေက လိုတာထက် ပိုနေတယ် ...."

ရှန့်ရှောင်ဖုန်းသည် တဟားဟားရယ်ပြီး ကျုံ့ချွမ်ရှယ်၏လက်ကိုဆွဲကာ အခန်းထဲမှ ထွက်ခွာလေသတည်း။

## အခန်း (၁၃)

# ဓားပဥ္စလက်

သူတို့အား မည်သူမျှ မတားဆီးပါ။ ရှောင်တိကပင် မတားဆီးပါ။ အခန်းထဲမှ ရှင်းရှင်းလင်းလင်း ထွက်သွားနိုင်ပါသည်။

သူတို့ အခန်းပြင်ရောက်သွားသောအခါ ကျန်ချွမ်ရှယ် ရုတ်ရပ်တန့်သွား၏။

"ဘာကျန်ခဲ့လို့လဲ .... "

ရှန့်ရှောင်ဖုန်းက မေးလိုက်၏။

"ပစ္စည်းကျန်ခဲ့တာ မဟုတ်ဘူးဗျ၊ ပညာမချန်ခဲ့တာ"

"ဘာ .... "

"ခင်ဗျားက တခြားလူမှမဟုတ်တာ၊ ရှန့်ကျန်ဂေဟာက ရှန့်ရှောင်ဖုန်းပဲဥစ္စာ .... "

"ဒါပဲ ထပ်တလဲလဲ ပြောနေတာပဲ၊ အဲ့ဒါ ဘာဖြစ်သလဲ၊ သွားမယ်၊ တို့က အချိန်ဖြုန်းလို့မဖြစ်ဘူး၊ အထူးသဖြင့် ငါ့အတွက်ပေါ့ကွာ"

"ကျွန်တော်တို့ မသွားသင့်သေးပါဘူးဗျာ"



ရှန့်ရှောင်ဖုန်း လွန်စွာအံ့ဩသွား၏။

"ဘာဖြစ်လို့လဲ .... "

"ခင်ဗျားဟာ တတိယမြောက် သခင်လေးရှန့်ရှောင်ဖုန်းဆိုတာကို ကျွန်တော့်အဖေ အပါအဝင် အခန်းထဲကဆရာကြီးရှစ်ယောက်စလုံးက သိရှိကြပါတယ်၊ ဒါပေမယ့် သူတို့အားလုံး ခင်ဗျားရဲ့ဓားသိုင်းပညာကို မမြင်ကြဘူးဗျ .... "

ရှန့်ရှောင်ဖုန်း ငိုင်ကြည့်နေမိ၏။

တကယ်တော့ သိုင်းလောကထဲမှာ ခင်ဗျားဟာ တစ်ခေတ်တစ်ယောက် ဓားဘုရင်ကြီးဖြစ်ကြောင်း လူတိုင်းက သိကြပါတယ်။ အဲဒီသိုင်းသမားတွေဟာ ခင်ဗျားရဲ့ ဓားပညာကို အင်မတန်မြင်ဖူးချင်ကြောင်း ကျွန်တော် ကြားဖူးခဲ့ဘယ် .... "

မှန်သည်။ သိုင်းလောကမှာ ဓားသမားအတော်များများသည် ရှန့်ရှောင်ဖုန်း၏ဓားပညာကို မမြင်ဘူးကြပါ။ မြင်ဖူးသူများလည်း သေသွားခဲ့ကြပါပြီ၊ ထိုအချက်ကို ရှန့်ရှောင်ဖုန်း လက်ခံပါသည်။

ကျန်ချွမ်ရှယ်က ဆက်ပြော၏။

"အကယ်၍ ရှန့်ရှောင်ဖုန်း သေသွားခဲ့ပြီဆိုပါတော့ဗျာ .... အခုဆိုရင် ကျွန်တော်တို့ သေချာပေါက်သိနေတဲ့အချက်ကပဲ ခင်ဗျားဟာ သုံးရက်လောက်ပဲ အသက်ရှင်နေတော့မယ်ဆိုတာပဲ၊ ခင်ဗျားသေသွားရင် ခင်ဗျားရဲ့ ဓားပညာကို ဘယ်သူက မြင်ဖူးတော့မှာလဲဗျာ"

ရှန့်ရှောင်ဖုန်းက ခပ်အေးအေးပင် မေးလိုက်၏။

"ဒီတော့ မင်းက ဘာလုပ်ချင်လို့လဲ .... "

"ကျွန်တော်တို့ဟာ တရုတ်ပြည်အနှံ့အပြားမှာ နေထိုင်ခဲ့ကြတဲ့သူတွေပါ၊ ကံအားလျော်စွာ ဓားပညာအကြောင်း စုစည်းဆွေးနွေး

နေတုန်း ကြိုကြိုက်ပြီး ခင်ဗျားဆီ ရောက်လာခဲ့ရတာပါ၊ အမှန်အတိုင်း ခင်ဗျားကို ပြောပြစရာတစ်ခု ရှိပါတယ်၊ တွေ့စက ခင်ဗျားရဲ့သစ္စာရှိ မိတ်ဆွေဟာ ကျွန်တော့်အဖေကို အသပြာဆေးဆရာလို့ စွပ်စွဲခဲ့ပါတယ်၊ အဲဒါ လုံးဝမမှန်ကန်ပါဘူးဗျာ၊ အဲဒီမှာရှိတဲ့ ဆယ်ယောက်စလုံးဟာ စေတနာကို အဓိကထားပြီး ကုသကြတဲ့ သမားတော်တွေပါ၊ အားလုံးဟာ ပင်ကိုက ချမ်းသာပြီးသားဖြစ်ကြလို့ ငွေကြေးကိုလည်း သိပ်မက်မောကြတဲ့လူတွေ မဟုတ်ပါဘူး၊ ကိုယ့်အိတ်ထဲကတောင် စိုက်ထုတ်ပြီး ကုသခဲ့ကြတဲ့လူတွေပါ၊ ဒါကြောင့်လည်း အင်မတန် ဆေးစွမ်းထက်နေတာပဲဖြစ်ပါတယ်"

"မင်းဥစ္စာက ရှည်လျားလှသကွာ .... "

"သည်းခံပါဗျာ .... ဒီလိုပြောရတာ အကြောင်းရှိလို့ပါ .... ကျွန်တော့်ဦးကြီး ဦးလေးတွေရဲ့ စိတ်ရင်းစေတနာမှန်ကို သိမှ ခင်ဗျားလို စားဘုရင်းကြီးအနေနဲ့ ခင်ဗျားရဲ့စားသိုင်းပညာကို ပြသမှာပေါ့ ခင်ဗျာ .... မဟုတ်ဘူးလား"

"ဟား .... ဟား .... ဟား .... ဒီလောက်တောင်ရှင်းပြနေဖို့ မလိုပါဘူးကွာ၊ အခန်းထဲမှာ ကျန်ရစ်ခဲ့တဲ့လူတွေနဲ့ပတ်သက်ပြီး ငါ အမြင်ကြည်လင်ပါတယ်ကွ၊ ကောင်းပြီ ငါတို့အခန်းထဲ ပြန်ဝင်ကြစို့"

ကျုံနံ့ချွမ်ရှယ်သည် ဝမ်းသာအားရ အခန်းထဲပြန်ဝင်သွားလေ၏။ အထဲမှလူများသည် ကျုံနံ့ချွမ်ရှယ်ပြောနေသည့်စကားအားလုံးကို ကြားနေခဲ့ကြသဖြင့် ဝမ်းသာအားရ ဆီးကြိုကြသည်။

ရှန့်ရှောင်ဖုန်းက ရယ်မောပြီး ပြောသည်။

"ခင်ဗျားတို့မှတ်ထားကြ၊ သေခါနီးလူဟာ အမြဲပဲသဘောကောင်းတယ်၊ နောက်ဆိုရင် သေခါနီးလူဆီက တောင်းစရာရှိရင် အမြန်



ဆုံးတောင်းထားကြ၊ ရှည်ရှည်ဝေးဝေးပြောပြီးတောင်းနေရင် ကိုယ်လိုချင်တာမရဘဲ ဟိုလူသေသွားနိုင်တယ် .... "

ရှန့်ရှောင်ဖုန်းသည် ရှောင်တိအား လှမ်းမေးလိုက်၏။

"ငါ စားတစ်လက်လောက်လိုချင်တယ်၊ ရမလား"

ရှောင်တိသည် စိတ်ထားထူးဆန်းလှသော သူဖခင်၏ အလိုဆန္ဒမှန်သမျှကို အစွမ်းကုန်ဖြည့်ဆည်းပေးမည်ဟူသော ဆုံးဖြတ်ချက်ချထားလေသလားမသိ၊ ချက်ချင်းပင် စားကိုရှာပေးသည်။

"ဒီစားက သံမဏိစားပါပဲ၊ ဒါပေမယ့် အကောင်းစားကြီးတော့ မဟုတ်ပါဘူး .... "

ရှောင်တိက စားကိုလှမ်းပေးရင်း ပြောလိုက်သည်။

ရှန့်ရှောင်ဖုန်းသည် စားကိုကိုင်လိုက်ရုံဖြင့် စားကောင်းတစ်လက်မဟုတ်ကြောင်း သိလိုက်၏။ သို့သော် သိုင်းပညာ၌ နံပါတ်တစ်ဖြစ်နေသူအဖို့ စားကောင်းဖို့မလိုတော့ပါ။ တို့ပြင် ယခုအချိန်မှာ သိုင်းပညာယှဉ်ပြိုင်မည့်အချိန်မဟုတ်ပါ၊ သူ့ပညာကို သရုပ်ပြရုံသာပြရမည်ဖြစ်၍ စားတစ်ချောင်းမဟုတ်ဘဲ တုတ်တစ်ချောင်း ရလျှင်လည်း အလုပ်ဖြစ်ပါသည်။

စားရောင်သည် အခန်းထဲ၌ လျှပ်ပြက်သကဲ့သို့ ဝင်းခနဲ လက်ခနဲ ဖြစ်နေသည်။ တစ်ခါတစ်ရံ စားရောင် ဝိုးဝိုးဝင်းဝင်းသည် ခန်းလုံးပြည့်ဖြစ်နေပြန်၏။ စားရောင်သည် ရောင်စဉ်စကြာလည်သကဲ့သို့ လူအားလုံး၏အကြည့်များကို ဖမ်းစားထား၏။ သူတို့အားလုံး အသက်ရှူရန် မေ့နေသည်လည်း အမှန်ပင်ဖြစ်တော့သည်။

စားရိပ်ပေါင်းတစ်ထောင်မျှလည်း တွေ့နေရ၏။ မည်သည့်နေရာ၌ စားသွားအစစ်ရှိသည်ကိုမူ မခွဲခြားနိုင်ချေ။ ရှောင်တိ၏စား

ပညာမှာ အဆင့်မနိမ့်ပါ။ သို့သော် ရှောင်တိလည်း ကြည့်ကောင်းသည့် ဓားပြတစ်ခုကို အံ့ဩငေးမောပြီးသာ ကြည့်နေရပါသည်။ မည်သည့် ခွဲခြမ်းစိတ်ဖြာမှုကိုမျှ မလုပ်နိုင်ပါ။

ရှောင်တိအနေဖြင့် အချို့သော ဓားအပြောင်းအလဲများ ကွက်ပြောင်းများကို တွေ့ရှိသော်လည်း လျှင်မြန်လွန်းလှသဖြင့် စေ့စေ့အောင် အမိလိုက်မကြည့်နိုင်ပါ။

ရှောင်တိပင် သဘောမပေါက်နိုင်သည့်ဓားကွက်များ ဖြစ်နေသည့်အတွက် သမားတော်ဆယ်ယောက်အဖို့ကား ဘာမျှ မသိသည့် ကလေးငယ်များကဲ့သို့ မေးမော၍သာ ကြည့်နေရတော့သည်။ သူတို့ ပြောနိုင်သည့်အချက်တစ်ချက်သာ ရှိသည်။

သူတို့ဆယ်ယောက်သည် သိုင်းလောကမှ ဓားဘုရင်ကြီး၏ ထိုဓားသိုင်းပညာကို တစ်စုတစ်ဝေးတည်း မြင်ခဲ့ရသူများဖြစ်သည်ဟုပင် ထို့ထက်ပို၍ကား သူတို့ဘာမျှ ပြောနိုင်ကြမည် မဟုတ်ချေ။

တစ်ခါတစ်ရံ ဓားသွားသည် မိုးကြိုးပစ်လိုက်သကဲ့သို့ ရှေ့သို့ စူးစူးစိုက်စိုက်ထွက်သွား၏။ ထိုအရာသည် ဓားသွားလေလားဟု အားလုံးလိုက်ကြည့်သည်။ ထိုတစ်ခဏအတွင်း ဓားရောင်ဝိုးဝင်ဖြစ်သွားပြီး မီးကျည်မီးပန်းများ ဖြာသကဲ့သို့ ဓားပန်းပွင့်ဖြစ်နေသည်ကို တွေ့ရပြန်လေ၏။

ဓားပဋ္ဌလက်ပညာသည် ရုတ်တရက် ရပ်ဆိုင်းသွားပြီး ဓားရောင် ပြိုးပြက်မှုလည်း ပျောက်ကွယ်သွားလေတော့သည်။

"ဟင်း ...."

လူဆယ့်နှစ်ယောက်၏ သက်ပြင်းချသံသည် ကျယ်လောင်စွာထွက်ပေါ်လာ၏။ တင်းကျပ်နေသော စိတ်များလည်း ထိုတခဏ



အတွင်း ပျောက်ကွယ်သွားသည်။ ယခုမှ အားလုံးအသက်ပြန်ရှူနိုင်ကြသည်။

လူအားလုံးသည် ရှန့်ရှောင်ဖုန်းအား မျက်တောင်မခတ် စိုက်ကြည့်နေကြလေ၏။

'ဤသူကား ဤခေတ်၏ ဓားဘုရင်ကြီး ပေတကား' ဟု အားလုံး၏ အသည်းနှလုံးထဲ၌ ကမ္ပည်းမှတ်တမ်းရေးထိုးကြလေ၏။

ထိုစဉ် ရှန့်ရှောင်ဖုန်းက ခါကိုလျှပ်တစ်ပြက် ဝှေ့ယမ်းလိုက်ရာ ဓားသည် တဝိုးဝိုးမြည်ဟည်းသွားပြီး ရောင်စဉ်နှစ်ခုသည် ဝဲယာသို့ ဝိုးခနဲ ဝိုးခနဲ ဖြာထွက်သွားသည်။

"ဒုတ် .... ဒုတ်"

ရောင်စဉ်တန်း ပျောက်သွားပြီးနောက် လက်ဝဲဘက်နံရံ၌ ဓားသွားထိုးစိုက်လျက် ရှိနေပြီး လက်ယာဘက်နံရံ၌ ဓားလက်ကိုင်သည် စိုက်ဝင်လျက်ရှိနေသည်။

"ဟာ"

ပြီးသွားပါပြီ ....၊ ဓားပဋ္ဌလက်ပြပွဲသည် ယခုမှ ပြီးဆုံးခြင်းသို့ ရောက်သွားပေသည်။

သို့တိုင် လက်ဝဲဘက်၌စိုက်နေသော ဓားသွား၏အမြီးသည် တဒန်ဒန်ဖြင့် စောင်းကြိုးမြည်သံကဲ့သို့ ယမ်းခါမြည်ဟည်းနေသေး၏။

လူထုထဲမှ လူတစ်ယောက်၏ တီးတိုးသံပေါ်လာသည်။

"သူ မသေပါဘူးဗျာ ...."

"ဘာကြောင့်လဲ ...."

"ဘာကြောင့်လဲဆိုတော့ ကျုပ်တို့လောကထဲမှာ မသေနိုင်တဲ့ လူတစ်မျိုးရှိလို့ပေါ့ဗျ ..."

"ဘုရားရေ .... သခင်လေးရှန့်ရှောင်ဖုန်းဟာ ဒီလိုလူမျိုးပဲလား .... "

"မှန်တယ် .... "

"ဒါဖြင့် သူဟာ ဆက်ပြီးစားစွမ်းပြနေဦးမှာပေါ့နော် .... "

"ဒါတော့ ကျုပ်မသိဘူး .... "

"ဟင် .... ခင်ဗျားဟာက ဘယ်လိုလဲဗျ .... "

"ကျုပ်ကို မမေးစမ်းပါနဲ့ .... ခင်ဗျားစိတ်ထဲမှာ ဘယ်လိုခံစားနေရသလဲ .... သူ့စားပညာကို ခင်ဗျားစိတ်ကဲမှာ ဘယ်လိုခံစားနေရသလဲ.... "

"အိပ်နေရင်းတောင် သူ့စားပဥ္စလက်ကို အိပ်မက် မက်နေမိမှာပါဗျာ .... "

"အဲဒါကြောင့် ပြောတာပေါ့ .... သူဟာ ခင်ဗျားရဲ့အသည်းနှလုံးထဲမှာရော၊ ကျုပ်တို့အားလုံးရဲ့ အသည်းနှလုံးထဲမှာရော အမြဲရှင်သန်နေမှာပါ၊ ဒီလူဟာ မသေနိုင်တဲ့လူပါဗျာ .... "

တံခါးပိတ်သံ ကျိန်းခနဲ ကြားလိုက်၏။

အခန်းထဲ၌ ရှန့်ရှောင်ဖုန်းနှင့် ကျန်ချွမ်ရှယ်တို့ မရှိကြတော့ပေ။

✻

## အခန်း (၁၄)

## ယုတ္တိ ယုတ္တာ အပြော

ရှန့်ရှောင်ဖုန်းနှင့် ကျန်ချွမ်ရှယ်တို့သည် လမ်းမပေါ်၌ ရင်ဘောင်တန်းလမ်းလျှောက်လာကြ၏။

"ကျွန်တော့်အဖေရော ဟိုလူတွေရော ကျွန်တော်ပြောတာတွေကို အံ့ဩတုန်လှုပ်ကုန်မှာပဲ .... "

"ဟား .... ဟား .... ဟား .... ငါနဲ့လိုက်လာတာကိုတော့ မတုန်လှုပ်ဘူးတဲ့လား။ မင်းအဖေက ဘာမှလည်း မတားပါလား"

"ကျွန်တော်က အရွယ်ရောက်နေပါပြီဗျာ၊ တကယ်တော့ ကျွန်တော်လည်း သမားတော်တစ်ယောက်ပါပဲ၊ အဖေ့ဆီမှာတော့ ကျွန်တော်ဟာ ဘယ်တော့မှ သမားတော် မဖြစ်ခဲ့ပါဘူး၊ အမြဲတမ်း ကျောင်းသားပါပဲ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်လုပ်ချင်တာတွေကို ပြောတော့ အဖေတုန်လှုပ်သွားတာပါပဲဗျာ .... "

"ဟ .... မင်းဟာ လူတစ်ယောက်မဟုတ်ဘူးလား .... "

"လူပေါ့ဗျာ .... လူအစစ်ပေါ့ .... "

"ဟား .... ဟား .... ဟား .... လူတွေဟာ အချိုနဲ့အခါး နှစ်ခုအနက် ဘာကိုပိုကြိုက်သလဲကွ .... "

"အချိုပေါ့ဗျ .... တချို့ဆေးတွေဆို ခါးလွန်းလို့ တစ်ခါတစ်ရံ အချိုနဲ့ ရောကျွေးရတယ်ဗျ .... "

"အချိုနဲ့အခါး နှစ်ခုအနက် ဘယ်ဟာက ပိုပြီးအကျိုးပြုသလဲ"

"အခါးပေါ့ဗျာ .... လူတွေဟာ ရယ်ရောလည်း တကယ် ကောင်းတယ်၊ အခါးကျတော့ တကယ်ကြောက်တယ်ဗျ။ ခန္ဓာကိုယ်ကို ဒုက္ခပေးနိုင်တဲ့အချိုကိုတော့ နည်းအမျိုးမျိုးနဲ့ ရှာဖွေစားသောက်ကြ တာပဲ .... "

"ဒါဟာ လူ့သဘာဝပဲကွ၊ လူတွေဟာ ကိုယ့်ကိုဒုက္ခပေးမယ့် ဟာကို လွယ်လွယ်ကူကူ လက်ခံတယ်၊ သဘောကျတယ်၊ ဥပမာ အရက်ဆိုပါတော့ကွာ၊ အရက်ဟာ အဝင်ဆိုးသလားကောင်းသလား ကွာ .... "

"အဝင်ဆိုးတာပေါ့ .... "

"ကဲ .... ဒီအဆိုးကျတော့ လူတွေကသောက်တယ်၊ ဘယ်လို ဖြစ်ကြရတာလဲ၊ ပြန်စဉ်းစားကြည့်ရင် သူ့ရဲ့မူးယစ်ရီဝေတဲ့အရသာကို မက်ပြီး ဒီအဝင်ဆိုးဆိုးကြီးကို သောက်ကြတာကွ၊ ထပ်စဉ်းစားကြည့် ရင် ဒီမူးယစ်ရီဝေတဲ့ အရသာဟာ လူကို ကောင်းကောင်းဒုက္ခပေးတဲ့ အရသာပဲ၊ ဒုက္ခပေးနိုင်တဲ့မကောင်းတဲ့ဟာကို လူတွေဟာ လွယ်လွယ် လက်ခံနိုင်ကြတယ်၊ ကိုယ့်အကျိုးပြုမယ့်ဟာ ကောင်းတဲ့ဟာကိုတော့ လွယ်လွယ် လက်မခံနိုင်ကြတာ လူတွေရဲ့ သဘာဝပါပဲ .... "

ကျန်ချွမ်ရှယ်က ခေါင်းညိတ်၏။

"မင်းကို တရားထိုင်ပါ၊ ပုတီးစိပ်ပါလို့နိုင်းရင် မင်းလွယ်လွယ်



မလုပ်နိုင်ပါဘူး။ ကဲ သွားစမ်း အရက်သွားသောက်စမ်း၊ လောင်းကစား သွားကစားစမ်းလို့ ခိုင်းရင် မင်းလွယ်လွယ်လုပ်နိုင်တယ်၊ ပျော်ပျော် ကြီး လုပ်နိုင်တယ်၊ လူတွေရဲ့စိတ်ဓာတ်ဟာ မကောင်းတဲ့အမူအကျင့် မှာ ပျော်မွေ့ကြပါတယ်၊ ဒီစိတ်ဓာတ်ကို ထိန်းချုပ်ပြီး ကောင်းရာ ကောင်းကြောင်း ရောက်အောင် ကြိုးစားတာကိုပဲ သူတော်ကောင်း စိတ်လို့ ခေါ်ကြတယ်၊ လူတွေရဲ့သဘာဝစိတ်အမှန်ကို ဒီစိတ်မရှိသင့်ဘူး။ မရှိရဘူးလို့ အတင်းအကျပ် တားဆီးပိတ်ပင်တာကတော့ မမှန်ကန်ပါ ဘူး"

ရှန့်ရှောင်ဖုန်းက ဆက်လက်ရှင်းပြလေရာ ကျန်ချွမ်ရှယ်မှာ ရှန့်ရှောင်ဖုန်းအား အလွန့်အလွန် ကြည်ညိုသွားလေတော့၏။

ရှန့်ရှောင်ဖုန်းက ....

"မင်းမှာ လူ့သဘာဝ စိတ်အမှန်ရှိနေတယ်၊ အဲဒါကို ငါက ထွက်ပေါက်လုပ်ပေးလိုက်တာပဲ၊ ဒါကို မင်းအဖေသဘောပေါက်မှာပါ"

"ခင်ဗျားကိုတော့ မကောင်းသင်ဆရာရယ်လို့ ကျွန်တော့် အဖေ ထင်ရဲမှာ မဟုတ်ပါဘူး .... "

"ဟား .... ဟား .... ဟား .... ငါမသင်လည်း တတ်ချင်ရင် မင်းဘာသာ တတ်မှာပါ၊ မကောင်းမှုတတ်မြောက်ဖို့ရာမှာ ဆရာမလို ဘူး။ ကောင်းမှုတတ်ဖို့မှာသာ ဆရာလိုတယ်၊ ကောင်းမှုကောင်းကျင့် ဆိုတာ ပြုကျင့်နိုင်ဖို့ ခက်ခဲတယ်လို့ မင်းကို ငါပြောပြီးပြီပဲ .... "

"သခင်လေး .... ခင်ဗျားဟာ စားဘုရင်ကြီးဖြစ်သလို တခြား နေရာတွေမှာလည်း ပါရဂူကြီးတစ်ဆူ ဖြစ်နေတယ်နော် .... "

ရှန့်ရှောင်ဖုန်းသည် ကျန်ချွမ်ရှယ်ကို ခေါ်လာခဲ့မိသည့်အတွက် လွန်စွာ ကျေနပ်နေ၏။ အဘယ်ကြောင့်ဆိုသော် ကျန်ချွမ်ရှယ်ပြော

တိုင်း သူ ရယ်ချင်နေမိသောကြောင့်တည်း။

"ဟား .... ဟား .... ဟား မှန်တယ်၊ တခြားနေရာတွေမှာလည်း ငါဟာ ပါရဂူကြီးတစ်ဆူပါပဲ၊ ဒါပေမယ့် ဆေးပညာအရာမှာတော့ မင်းတို့ကို မမီပါဘူးကွာ"

"ခင်ဗျားက ဆေးပညာခကာ တတ်လို့လား"

"အနည်းအကျဉ်း တီးမိခေါက်မိတော့ ရှိပါတယ်"

"အင်း .... ဒါကြောင့် ခင်ဗျားဒီလောက် ခေါင်းမာတာပဲကိုး၊ အနည်းအကျဉ်းသိသူတွေဟာ အင်မတန်ကြောက်စရာကောင်းတယ်ဗျ"

"ဒါတော့ ငါ လက်ခံပါတယ် .... "

"များများသိသွားရင်လည်း မယုံကြည်တတ်တော့ပြန်ဘူး"

"ဒါလည်း ဖြစ်ထိုက်တာပါပဲ၊ သူက သိပ်သိသွားပြီကိုး"

ကျွန်ုပ်မှုရှယ်နှင့် ရှန့်ရှောင်ဖုန်းတို့သည် အလွန်လေပေးဖြောင့်နေကြ၏။ သူတို့သည် စကားတပြောပြောဖြင့် လမ်းလျှောက်နေကြလေ၏။

"သခင်လေး စုကျွန်တော်တို့ ဘာလုပ်ကြမလဲ .... "

"အခုလား၊ ငွေရှာရမယ်"

"ဟင် ငွေမရှာဘဲနဲ့ ကျွန်တော်တို့ ဘာမှလုပ်လို့မရဘူးလား"

"ဟား .... ဟား .... ဟား .... သိုင်းလောကမှာ သိုင်းပညာအရေးအကြီးဆုံးဟာကိုမှတ်၊ လူ့လောကမှာ ငွေဟာ အရေးအကြီးဆုံးဆိုတာကိုမှတ်၊ မင်းကိုဒါပြောရတာ ရှက်ဖို့ကောင်းလှသကွာ၊ဒါလောက်တော့ မင်းသိဖို့ကောင်းပါတယ် .... "

"ကျွန်တော်ဟာ ဆေးပညာအကြောင်းပဲ သိတယ်ဗျ"



"ငွေမရှိဘဲ ဘာများလုပ်လို့ရမှာလဲ ညီလေးရယ်"

"ပါရဂူကြီး ဖြစ်နေတာတောင် ငွေလိုနေတာပဲလားဗျာ"

ရှန့်ရှောင်ဖုန်းက တဟားဟားရယ်ရင်း ....

"အဲဒီလို ပါရဂူကြီးဖြစ်အောင် ငွေများကြီး အကုန်ကျခံခဲ့ရတာကွ"

ရှန့်ရှောင်ဖုန်းက ဆက်ပြော၏။

"အခု မင်းက ပါရဂူကြီးနဲ့လိုက်လာတော့ ပိုပြီး ငွေကုန်မှာပေါ့ကွာ"

"အံ့သြစရာပဲ၊ ဘာကြောင့် ဒီလောက်ငွေကုန်ခံရတာလဲ"

"အကောင်းဆုံး ခံစားစံစားချင်ရင် သူများထက် ငွေကုန်တာပေါ့ကွာ၊ တန်ရာတန်ကြေးဆိုတာ ရှိတယ်ကွ၊ နည်းနည်းပဲ အကုန်ခံပြီး ကောင်းကောင်းခံစားချင်လို့ မရဘူး"

"ဒါတော့ ကျွန်တော် လက်ခံပါတယ်"

"လက်ခံရမှာပေါ့၊ ဒါက အမှန်တရားကိုးကွ၊ မင်း သီးပင်တစ်ပင် စိုက်တယ်ဆိုပါတော့၊ အသီးထွားထွားလိုချင်တယ်၊ အောင်မြင်သန်စွမ်းစေချင်တယ်ဆိုရင် ရေလောင်း ပေါင်းသင် ပိုးသတ် မြေဆွေးချတာတွေကို အပင်ပန်းခံပြီး လုပ်ရမှာပေါ့၊ ဒါမှတစ်ဘက်က ခံစားရမှာ၊ တန်ရာတန်ကြေးဆိုတာဟာ ဒါပါပဲ"

တကယ်တော့ ရှန့်ရှောင်ဖုန်းက၊ သဘာဝကျသော သင်ခန်းစာများကို ပို့ချနေခြင်း ဖြစ်ပါသည်။ ကျွန်ုပ်မှုရှယ်သည် ပညာရှိသော လူငယ်ဖြစ်၍ ရှန့်ရှောင်ဖုန်း၏စကားများသည် တန်ဖိုးရှိကြောင်း နားလည်ပါသည်။

"လောကမှာ ငွေဟာ အင်မတန် အရေးကြီးတယ်၊ ငွေဟာ

အရာရာကို ဖုံးလွှမ်းနိုင်တယ်၊ ငွေဟာ တံစိုးလက်ဆောင်ဘဝနဲ့အုပ်ချုပ်ရေးအရာရှိတွေကို မြူဆွယ်နိုင်တယ်၊ နိမ့်ကျမှုကို မြှင့်တင်နိုင်တယ်၊ ဒါတွေကိုတော့ မင်း သဘောပေါက်မှာပါ ....."

"ဟုတ်ကဲ့ ....."

သူတို့သည် ပြောရင်းဆိုရင်း စုတ်ချာလှသော ဆိုင်ကလေး တစ်ဆိုင်ရှေ့သို့ ရောက်ရှိလာကြလေ၏။

ရှန့်ရှောင်ဖုန်းက ထိုဆိုင်ကလေးထဲသို့ ဝင်မည်ဟု အချက်ပြ၏။

"ဒီဆိုင်ထဲဝင်ပြီး ဘာလုပ်မလို့လဲဗျာ၊ ဒီလောက် စုတ်ချာလှတဲ့ဆိုင်မှာ ဘာမှရနိုင်မှာ မဟုတ်ပါဘူး"

"ငွေယူရမှာကွ ..... "

"ဗျာ ..... ဒီဆိုင်မှာ ငွေယူမယ်"

"အေးလေ ဘာဖြစ်လို့လဲ"

"ဒီဆိုင်ဟာ တစ်နေ့နေ့လို ငါးလျှံဖိုးရောင်းရမယ်လို့ မထင်ပါဘူးဗျာ၊ မြင်ရုံနဲ့သိနိုင်ပါတယ်"

ရှန့်ရှောင်ဖုန်းသည် ကျန်ချွမ်ရှယ်ကို တုံ့ပြန်ပြောမနေတော့ဘဲ ဆိုင်ကလေးထဲသို့ ဝင်သွား၏။ ကျန်ချွမ်ရှယ်လည်း လိုက်ပါသွားရတော့သည်။

ဆိုင်ထဲတွင် အဘိုးအိုတစ်ယောက် ထိုင်နေ၏။ အဘိုးအိုမှာ မျက်စိသိပ်မကောင်းပါ။ နားလည်း သိပ်ကောင်းပုံမရပါ။အဘယ်ကြောင့်ဆိုသော် ရှန့်ရှောင်ဖုန်းက အဘိုးအို၏အနီးသို့ကပ်ပြီး ပြောနေရသည်ကို ကျန်ချွမ်ရှယ် တွေ့မြင်နေရသောကြောင့်တည်း။

အဘိုးအို၏ ပုံသဏ္ဌာန်ကိုကြည့်ရုံဖြင့် မည်သို့မျှ ငွေကြေးချမ်း



သာသူ မဟုတ်နိုင်ကြောင်း သိနိုင်သည်။

အဘိုးအို၏မျက်နှာသည် တဖြည်းဖြည်းတုန်လှုပ်ချောက်ချားလာသည်။ သူသည် ရှန့်ရှောင်ဖုန်းကိုမတော့ ကလန်ကဆန် လုပ်ရဲပုံမရချေ။ ထို့နောက် ခေါင်းတဆတ်ဆတ်ညိတ်ပြီး ရှန့်ရှောင်ဖုန်းအား ခန်းဆီးအဟောင်းမြင်းတစ်ထည်ကာရံထားသော အခန်းထဲသို့ ခေါ်ဆောင်သွား၏။ အခန်းအပြင်တွင် ကျန်ချွမ်ရှယ်တစ်ယောက်တည်းသာ ကျန်ရစ်ခဲ့သည်။

မကြာမီ ရှန့်ရှောင်ဖုန်း ပြန်ထွက်လာ၏။ သူ့လက်ထဲတွင် အထုပ်တစ်ထုပ် ပါလာ၏။

ကျန်ချွမ်ရှယ်က စူးစမ်းသောမျက်လုံးများဖြင့် စောင့်ကြည့်နေသည်။ ရှန့်ရှောင်ဖုန်းက အထုပ်ကိုမြှောက်ပြရင်း .....

"လျှံငွေသုံးသောင်းဆိုရင် ငါတို့သုံးဖို့ လုံလောက်ပါပြီကွာ"

"ဗျာ ..... "

ကျန်ချွမ်ရှယ်မှာ ပါးစပ်အဟောင်းသား ဖြစ်နေ၏။

ဤမျှ စုတ်ချာသောဆိုင်၌ လျှံငွေသုံးရာပင် ရှိမည်မဟုတ်ဟု ကျန်ချွမ်ရှယ် ထင်မှတ်ခဲ့၏။ ယခု ရှန့်ရှောင်ဖုန်းက ပြောသောအခါ သူ့နားကိုပင် မယုံအောင် ဖြစ်နေမိသည်။ သို့သော် မျက်စိကိုတော့ မယုံ၍ မရချေ။ ရှန့်ရှောင်ဖုန်းလက်ထဲ၌ အထုပ်ကြီးတစ်ထုပ် ရှိနေလေပြီ။

ကျန်ချွမ်ရှယ်၏ စိတ်ထဲ၌ အလွန်တရာပင် ထူးဆန်းနေသည်။

"ပါရဂူကြီးခင်ဗျား ..... ဒီဆိုင်ဟာ ဘယ်လိုဆိုင်အမျိုးအစားပါလဲခင်ဗျာ ..... မျက်လှည့်ဆရာကြီးရဲ့ဆိုင်တော့ ဟုတ်ဟန်မတူပါဘူး

နော် .... "

"ဟား .... ဟား .... ဟား .... မင်းဟာ အင်မတန် ရယ်စရာကောင်းတယ်၊ ဒီနေရာဟာ ဘူမိနက်သန် အောင်မြေပေါ့ကွ .... "

"ဒီလိုနေရာမျိုးက လျှို့ငွေ့သုံးသောင်းမပြောနဲ့၊ လျှို့ငွေသုံးရာတောင် ရမှာမဟုတ်ဘူးလို့ ကျွန်တော်ထင်နေဟာ .... "

"ဟား ဟား ဟား ဝက်သားပေါက်စီထဲက ဥာပနာအသားဟာ အပြင်မှာ ရှိတာလား၊ အတွင်းမှာ ရှိတာလား၊ လူတစ်ယောက်ငွေကြေးချမ်းသာ မသာဆိုတာကို အပေါ်ယံကြောကလေးနဲ့ ဆုံးဖြတ်လို့ မရပါဘူး"

"ဒါဖြင့် ဒီအဘိုးကြီးဟာ အတော်ချမ်းသာတာပေါ့နော်"

"မင်းက သူ့ကို လူဆင်းရဲကြီးလို့ ထင်နေတာပေါ့ ဟုတ်လား"

"သူ့ပုံစံလည်း ကြည့်ပါဦးဗျာ"

"သူက မိုင်ရှစ်ရာလောက် အတောအဲတွင်းမှာ အချမ်းသာဆုံး လူတစ်ယောက်ကွ"

"သူဟာ ဘာကြောင့် ဆင်းရဲသားပုံစံကြီးနဲ့ နေရတာလဲဗျာ"

"ဒီလိုနေလို့လည်း ဒီလိုချမ်းသာတာပေါ့"

"မစားရက် မသုံးရက်နဲ့ စုဆောင်းထားကဲ့ငွေတွေကို ခင်ဗျားကျတော့ ဘာကြောင့်ပေးတာလဲ .... "

"ဒါကတော့ ဒီလိုပဲပေါ့ကွာ"

"ခင်ဗျား ခြိမ်းခြောက်အနိုင်ကျင့်ယူတာလား"

"ပြောရက်ပါ့ကွာ၊ ငါဟာ ရှန့်မိသားဟုဝင်ပါကွ၊ သိုင်းလောကရဲ့ ဓားဘုရင်ကြီးပါ၊ ငါ မတရားယူချင်ရင် ဒီပြင့်နေရာတွေမှာ အများကြီး ရယူနိုင်ပါတယ် .... "



"ဒါပေမယ့် ဒီအဘိုးကြီးဟာ ခေတ်မြုပ်နေတဲ့ ဓားပြကြီးဖြစ်ချင်ဖြစ်နေမှာပေါ့၊ ဒါဆိုရင် ခင်ဗျား လိပ်ပြာသန့်သန့်နဲ့ သူ့ဆီက ငွေသုံးသောင်း တောင်းယူမှာ သေချာပါတယ် .... "

"မင်းဟာ ဆေးဆရာလုပ်ဖို့ မကောင်းဘူး၊ နေပြည်တော်ကရာဇဝတ်မှုစစ်ဆေးစုံစမ်းတဲ့ တပ်ဖွဲ့မှာ သွားအမှုထမ်းဖို့ကောင်းတယ်၊ မင်း သိထားဖို့တစ်ချက် ငါပြောလိုက်မယ်၊ ငါဟာ ရှန့်ရှောင်ဖုန်းပါ၊ ငါ့ကို ငွေဒီလောက်ပေးပါ၊ ဒီငွေကို ရှန့်ကျန်ဂေဟာမှာ သွားတောင်းပါလို့ တစ်ချက်ပြောလိုက်တာနဲ့ နေရာအတော်များများက ငါလိုချင်တဲ့ငွေကိုရနိုင်ပါတယ်၊ ဒါတွေကို အသာထားလိုက်စမ်းပါ၊ မင်း ငါ့ကို မေးသင့်တာက ဒီငွေကိစ္စမဟုတ်ဘူးကွ၊ ကျွန်တော်တို့ ပျော်ဖို့ပါးဖို့ ဘယ်နေရာသွားကြမလဲလို့ မေးဖို့ကောင်းတာ .... "

"ကောင်းပါပြီဗျာ၊ အခု ကျွန်တော်တို့ ဘယ်နေရာမှာ ဒီငွေတွေကို သွားပြီး ဖြုန်းတီးကြမှာလဲဗျာ"

ရှန့်ရှောင်ဖုန်း အဖြေမပေးနိုင်မီ အဘိုးအိုသည် သူတို့အနီးသို့ ရုတ်တရက် ရောက်လာပြီး ....

"မင်း ဖြုန်းတီးရမယ့်နေရာဟာ အခု မင်းရောက်နေတဲ့နေရာပဲပေါ့ ဘူ့ငယ်လေးရယ် .... "

ကျန်ချွမ်ရှယ်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့၏။ ဤအဘိုးကြီးသည် သူတို့ ပထမပြောနေသောစကားများကိုလည်း ကြားမည်မှာ သေချာလှတော့သည်။

ကျန်ချွမ်ရှယ်သည် အဘိုးကြီးပြောသည့် စကားကို လုံးဝမယုံပါချေ။ စုတ်ချာလှသော ဤဆိုင်ကလေးမှာ ကုန်မျိုးစုံရောင်းချသော ကုန်စုံဆိုင်ကလေး ဖြစ်သည်။

ယေဘုယျအားဖြင့် ကုန်စုံဆိုင်ဟုပြောရသော်လည်း တကယ်တမ်းတော့ ပစ္စည်းစုံစုံလင်လင် မရှိချေ။

ဆိုင်ထဲ၌ ရှိရှိသမျှသော ပစ္စည်းအားလုံးကို စုပုံရောင်းချလျှင်ပင် လျှံငွေသုံးရာ ရနိုင်မည် မဟုတ်ချေ။ ဤတစ်ဆိုင်လုံးကို ဝယ်လျှင်ပင် လျှံငွေငါးရာ ကုန်မည် မဟုတ်ချေ။

ငွေသုံးသောင်းကို အဘယ်သို့သောနည်းဖြင့် ဤဆိုင်ထဲ၌ ဖြုန်းရပါမည်နည်း။

ကျန်ချွမ်ရှယ်က အဘိုးအိုအား ဂရုတစိုက်မေး၏။

"ဦးကြီး ခင်ဗျားစောစောက ဘာများပြောလိုက်ပါသလဲ"

"ဩော် .... မင်း ငွေဖြုန်းတီးရမယ့်နေရာဟာ ဒီနေရာပဲလို့ ပြောလိုက်တာပါ .... "

"ဦးကြီး စိတ်ကောင်းပါတယ်နော်"

"မင်း ဘာစကားတွေပြောနေတာလဲ .... "

"ကျွန်တော်က ဆေးဆရာပါ၊ ကျွန်တော် ဆေးဆရာဖြစ်တယ်ဆိုတာကို ဟောဒီက တတိယသခင်လေး ရှန့်ရှောင်ဖုန်း သိပါတယ်၊ ကျွန်တော်ဟာ ဒဏ်ရာစိမ်းတွေနဲ့ပတ်သက်တဲ့ သမားကော်ဖြစ်ပေမယ့် စိတ်နဲ့ပတ်သက်ရင်လည်း အနည်းအကျဉ်း ကုသနိုင်ပါတယ်"

ထိုအခါ ရှန့်ရှောင်ဖုန်းက တဟားဟား အော်ဟစ်ရယ်လေတော့၏။

"အဘိုးကြီး ခင်ဗျားအသာနေပါ။ သူက ဆေးပညာပဲသိတာ၊ လူတွေငွေဖြုန်းတဲ့လောကကို သိတာမဟုတ်ဘူးဗျ"

ရှန့်ရှောင်ဖုန်းသည် ကျန်ချွမ်ရှယ်ဘက်သို့ လှည့်လိုက်ပြီ ....

"မင်း .... ငါ့လက်ထဲက ငွေထုပ်ကိုကြည့်စမ်း .... "



"ဟုဝင်ကဲ့ ကြည့်ပါပြီ၊ ဘာဖြစ်သလဲဗျာ .... "

"ဒီဟာ ငွေသုံးသောင်းအပြည့်ရှိတယ်ကွ၊ ဒီနေရာဟာ ငွေဖြုန်းတဲ့ နေရာမဟုတ်ရင် ဒီငွေသုံးသောင်းကို ငါ ဘယ်မှာလွယ်လွယ်နဲ့ ရနိုင်ပါ့မလဲကွာ၊ အဲဒါလည်း မင်း ဆက်စပ်စဉ်းစားစမ်းပါဦး"

အဘိုးအိုသည် ဘာမျှပြောတော့ဘဲ ခန်းဆီးကိုမကာ နောက်ဘက်မှ အခန်းလေးထဲသို့ ဝင်သွားလေတော့၏။

ကျန်ချွမ်ရှယ်မှာ ရှန့်ရှောင်ဖုန်းပြောသည့်စကားကို အဓိပ္ပာယ်တော့ပေါက်သည်။ သို့သော် မယုံပေ။ သူသည် ဆိုင်ကလေးကို လှည့်ပတ်ကြည့်ရှုလိုက်၏။

"ဒီနေရာမှာ မိန်းမချောချောလှလှတွေ ရှိရဲ့လားဗျာ"

"ရှိသမှသိပ်ရှိ၊ ဟောဒီက မိုင်တစ်ရာအတွင်းမှာ အချောဆုံး အလှဆုံးဆိုတဲ့မိန်းမတွေ ဒီမှာရှိသပေါ့ ငါ့ညီရာ"

"ဒီနေရာမှာ အရက်ရှိသလား"

"ရှိသမှ သိပ်ရှိ၊ ဟောဒီနေရာက မိုင်နှစ်ရာအတွင်းမှာရှိတဲ့ အကောင်းဆုံးအရက်တွေ ဒီမှာရှိပါတယ် .... "

"အစားအသောက်ကော ရရဲ့လား"

"တရုတ်ပြည်တစ်ပြည်လုံးမှာ ရနိုင်တဲ့ အကောင်းဆုံးအစားအသောက်ဆိုတာလည်း ဒီမှာ ရနိုင်ပါတယ်ကွာ .... "

"ခင်ဗျားပြောတာနဲ့ ဒီဆိုင်ရဲ့အခြေအနေကတော့ .... လုံးဝမကိုက်ညီဘူး၊ ဒါတွေရနိုင်တယ်ဆိုတာ ခင်ဗျားက ဘယ်လိုလုပ်သိတာလဲ .... "

"ဟ .... ငါက ပါရဂူပဲကွ၊ ဒါတွေကို ငါမှမသိရင် ဘယ်သူသိနိုင်မှာလဲ"

ကျန်ချွမ်ရှယ် ပါးစပ်ပိတ်သွားလေတော့၏။

"တော်တော်တော့ ခက်တာပဲဗျာ .... "

"ဟား .... ဟား .... ဟား .... လွယ်ပါတယ်ကွ၊ အရာရာကို လွယ်အောင်လုပ်နိုင်တဲ့ လိုတရဆေးတောင့်တွေ ပါပါတယ်ကွ"

"ဘာ .... ဘာလဲဗျ ခင်ဗျား ဘာကိုဆိုလိုတာလဲ"

ရှန့်ရှောင်ဖုန်းက ငွေထုပ်ကြီးကို မြှောက်ပြလိုက်၏။

ကျန်ချွမ်ရှယ်သည် မယုံနိုင်သော မျက်လုံးများဖြင့် ဆိုင်၏ နောက်ဘက်မှ ခန်းဆီးအဟောင်းကလေး ကာရံထားသည့် အခန်းဆီသို့ လှမ်းကြည့်သည်။ တံခါးပေါက်မှာ ခပ်ကျဉ်းကျဉ်း၊ ကာရံထားသည့် ခန်းဆီးက အဟောင်း၊ ဘာသံမှ မကြားရ၊ မည်သူ့မျှလည်း မတွေ့ရ။

ထို့ကြောင့် သူသည် ရှန့်ရှောင်ဖုန်းအား မယုံသင်္ကာလှည့် ကြည့်လေ၏။ ရှန့်ရှောင်ဖုန်း ပြုံးနေသည်။

"ဘာလဲ .... မင်းက ငါ့ကိုတောင် မယုံသင်္ကာဖြစ်နေပြန်ပြီ လား .... "

"ခင်ဗျားကို မယုံတာမဟုတ်ပါဘူးဗျာ၊ ဒီဆိုင်ကလေးကို မယုံ တာပါ .... "

"မင်း ယုံဖို့ကောင်းပါတယ်ကွာ၊ ယုံနိုင်စရာသက်သေတစ် ချက်တောင် မင်းတွေ့ပြီးပြီပဲ"

"ဘာသက်သေလဲ"

"မင်းပဲပြောခဲ့တယ်မဟုတ်လား၊ ဒီဆိုင်က လျှံငွေသုံးရာ တောင် ရနိုင်မှာမဟုတ်ဘူးလို့၊ ဒါပေမယ့် သုံးသောင်း ငါရနေပြီလေ၊ ဒီဆိုင်မှာ မဖြစ်နိုင်ဘူးဆိုတဲ့အရာဟာ ဖြစ်နေပြီ၊ ဒါဟာ သက်သေပဲပေါ့"

"အရက် .... မိန်းမ အစားအစာ"



ကျန်ချွမ်ရှယ်သည် တစ်စုံတစ်ခုကို သတိရပြီးမေးလိုက်၏။

"သြော် .... ကျွန်တော်မေ့နေတယ်ဗျ၊ ဒီမှာလောင်းကစား လို့ကော ရသလား .... "

"ရတယ် .... ဒါလည်း ရတယ်"

"အရက် မိန်းမ အစားအစာ လောင်းကစား"

အားလုံးရသည် ဆိုပါကလား။

ကျန်ချွမ်ရှယ်သည် ချွတ်နင်းပြီး အနောက်ဘက်အပေါက်ဆီ သို့ လျှောက်သွား၏။ သူလျှောက်ပုံမှာ သူခိုးများ ခြေဖော့လျှောက်ပုံ နှင့် တူလှရကား ရှန့်ရှောင်ဖုန်း နှစ်နှစ်ခြိုက်ခြိုက် ပြုံးနေမိတော့၏။

သူသည် ညစ်ပေနေသော ခန်းဆီးကိုအသာကိုင်ပြီး လှစ်ဟ ကြည့်ရန် ကြံရွယ်လိုက်သည်။ ထိုအချိန်မှာပင် စူးရှပြင်းထန်သော အမွှေးအကြိုင်ရနံ့တစ်ခု ထောင်းခနဲ လွင့်ပျံ့တက်လာပြီး သူ့အဆုတ် များဆီသို့ တိုးဝင်သွားလေတော့၏။

ထို့နောက် .... ထို့နောက်

သူလည်း သတိလစ်သွားလေတော့၏။

## အခန်း (၁၅)

## ရှန့်မီသားစု၏ ဩဇာအာဏာ

ကျန်ချမ်ရှယ် သတိရလာပြီး မျက်လုံးဖွင့်ကြည့်လိုက်သောအခါ အရက်သောက်နေသော ရှန့်ရှောင်ဖုန်းကို တွေ့လိုက်ရလေ၏။ သူ၏မျက်လုံးများ ပြူးကျယ်ဝိုင်းစက်သွားသည်။ အကြောင်းမှာအရက်သောက်နေသည့် ရှန့်ရှောင်ဖုန်း၏ ပတ်ပတ်လည်တွင် မိန်းမလှကလေးများ ဝိုင်းဝိုင်းလည်နေသောကြောင့်ပေတည်း။

မိန်းမလှကလေးများဆိုသည့်အတိုင်း အမှန်တကယ် လှပကြသည်။ လက်ဖျားခါရလောက်အောင် လှပကြပေ၏။ သူတို့အဖျော်ဖြေခ်များဘဝသို့ ရောက်နေသည်မှာ နမြောစရာကောင်းလှတော့သည်။

အစားအသောက် ကောင်း မကောင်း၊ အရက် ကောင်း မကောင်း အမှန်တကယ်မသိရသေးသော်လည်း မိန်းမချောကလေးများ ရှိနေကြောင်းကို ကိုယ်တွေ့မျက်မြင် သိခဲ့ကြရလေပြီ။ ကျန်ချမ်ရှယ် လူးလဲထလိုက်၏။ ပြန်လဲကျမလို ဒယိမ်းဒယိုင်ဖြစ်သွားရာ အနီးရှိ စားပွဲတစ်လုံးကို လှမ်းကိုင်ပြီး ခန္ဓာကိုယ်ကို ထိန်းသိမ်းထားလိုက်ရသည်။



"ဟော့ .... မင်းနိုးလာပြီလား၊ အဲဒီစားပွဲပေါ်မှာ အရက်အိုးရှိတယ်၊ သောက်လိုက်လေ .... "

ရှန့်ရှောင်ဖုန်းက လှမ်းပြောသဖြင့် ကျန်ချမ်ရှယ်သည် အရက်ကို ငှဲ့ပြီးမော့သောက်လိုက်မိသည်။

"အား .... ပါး .... ပါး"

အရက်သည်လည်း အလွန်ကောင်းသောအရက် ဖြစ်နေပြန်သတည်း။ မိန်းမလှကလေးများကမူ သူ့အား ပြုံးယောင်ပြုံးတုံ့ဖြင့် လှမ်းကြည့်နေကြလေ၏။ သူတို့အကြည့်များမှာ မအူမလည် တောမှတက်လာသည့် တောသားတစ်ယောက်ကို ကြည့်သည့်ပုံနှယ်တည်း။

ကျန်ချမ်ရှယ်သည်ရှန့်ရှောင်ဖုန်း၏စားပွဲဝိုင်းသို့လျှောက်လာပြီး

"ခင်ဗျားကော ရှုးရှူးရှရှ မွှေးရနံ့ကြီးကို မရှူရှိုက်မိဘူးလား"

"ဟင့်အင်း .... ငါလုံးဝ အနံ့မလိုက်ပါဘူး .... "

"ကျုပ်တော့ ရှူမိတယ်၊ ခင်ဗျားကတော့ မရှူမိဘူး၊ အဲဒါဘယ်လိုဖြစ်ရတာလဲ"

"ဘယ်လိုဖြစ်ရတာလဲဆိုတော့ .... ငါက နှာခေါင်းကိုလက်နဲ့ ပိတ်ထားငဲ့ ကကိုးကွ၊ ဟား ဟား ဟား"

"ခင်ဗျားက ကြိုတင်သိထားတာပေါ့လေ၊ အဲဒါ ဘာနံ့လဲဗျ၊ မေ့ဆေးအနံ့လား၊ ကျွန်တော်လည်း ဆေးဆရာပဲဗျာ၊ ဒါပေမယ့် ဒီမွှေးရနံ့ကတော့ ထူးခြားတယ်ဗျ .... "

"မေ့ဆေးသဘောပါပဲကွာ သတိလစ်စေတဲ့ အနံ့တစ်မျိုးပေါ့"

"ဘာဖြစ်လို့ ကျွန်တော့်ကို သတိလစ်အောင် လုပ်ရတာလဲ"

"လျှို့ဝှက်ဆန်းကြယ်ဖြစ်အောင်လို့ပေါ့၊ လျှို့ဝှက်ဆန်းကြယ်တာကို လူတွေက စိတ်ဝင်စားတတ်ကြတယ်မဟုတ်လား ... "

ကျန်ချွမ်ရှယ်သည် ရှန့်ရှောင်ဖုန်းကိုတစ်လှည့်၊ မိန်းမလှကလေးများကိုတစ်လှည့် ကြည့်ပြီး မှတ်ချက်ချသည်။

"အင်း....ခင်ဗျားဟာ တကယ့်ပါရဂူမှ ပါရဂူအစစ်ကြီးပါပဲဗျာ"

"ငါကလည်း ထိန်ချန်မထားခဲ့ပါဘူး။ ငါဟာ ပါရဂူပါလို့ ဝန်ခံခဲ့တာပဲ မဟုတ်လား"

"လောင်းကစားဝိုင်းတော့ ဒီမှာမတွေ့ရဘူးနော်"

"မင်းကိုငါ ဘယ်တုန်းက လိမ်ပြောခဲ့ဖူးလို့လဲကွာ"

"ကျွန်တော်ကတော့ တစ်ခါမှ ကြီးကြီးကျယ်ကျယ် မကစားခဲ့ဖူးဘူးဗျာ ...."

"အမှန်အတိုင်း ဝန်ခံရရင်တော့ မကစားတာ အကောင်းဆုံးပကွ ...."

"ဘာကြောင့်လဲဗျာ ...."

"ဘာကြောင့်လဲဆိုတော့ လောင်းကစားခြင်းဟာ ကြောက်စရာအကောင်းဆုံးဖြစ်နေလို့ပေါ့။ မင်း ဘယ်လောက်ပဲ အရက်သောက်သောက်၊ ဘယ်လောက် မိန်းမပွေပွေ၊ ဟောဒီငွေသုံးသောင်းဟာ တစ်ရက်တည်းနဲ့ မကုန်နိုင်ဘူးကွာ၊ မင်း တစ်လလောက်တော့ ကောင်းကောင်းသုံးနိုင်ပါတယ်၊ တစ်လဆိုတာ ဒီကိစ္စနှစ်ခုအတွက် အတော့်ကို ပစ္စလက္ခတ်သုံးမှ တစ်လတည်းနဲ့ ငွေကုန်မှာ၊ မင်းမှာနည်းနည်းလောက် ချွေတာစိတ်ကလေးရှိနေရင် တစ်လတည်းနဲ့ ဒီငွေမကုန်နိုင်တော့ဘူး"

ကျန်ချွမ်ရှယ် ခေါင်းညိတ်ညိတ်ဖြစ်လာ၏။

ရှန့်ရှောင်ဖုန်းက ဆက်ပြော၏။

"ကကယ်လို့ မင်း ဒီငွေနဲ့ လောင်းကစားမှုပြုလိုက်ရင် ဒီငွေသုံးသောင်းဟာ တစ်ထိုင်တည်း ပြုတ်သွားနိုင်တယ်၊ သုံးသောင်းမဟုတ်ဘူး၊ သုံးသိန်းလည်း ပြုတ်သွားနိုင်တယ်၊ ဒါကြောင့် လောင်းကစားမှုဟာ ကြောက်စရာအကောင်းဆုံးပါ ငါ့ညီ၊ ဒီတစ်ခါ ကစားပြီးရင် နောင်ဝေးဝေးက ရှောင်ပေတော့ ...."

"ဟုတ်တယ်ဗျနော် ...."

"သိပ်ဟုတ်ပါတယ်၊ ငါက ပါရဂူပဲ သိတာပေါ့၊ လောင်းကစားခွဲတာဟာ ဘိန်းစွဲတာလိုပဲ ဖြတ်ရအင်မတန် ခက်ပါတယ် ...."

"ကျွန်တော်စွဲသွားရင်တော့ ခင်ဗျားအပြစ်ဖြစ်သွားနိုင်တယ်"

"ငါ နားလည်ပါတယ်၊ မစွဲအောင်တော့ မင်းကိုယ်မင်း ထိန်းပေါ့ကွာ"

"ဒါတော့ စိတ်ချပါ၊ ကျွန်တော်တို့ ဘယ်သွားပြီး လောင်းကစားကြမလဲ ...."

ရှန့်ရှောင်ဖုန်း ပါးစပ်ပြင်လိုက်စဉ်မှာပင် အဘိုးအိုသည် သူတို့အနီးသို့ ခပ်သုတ်သုတ်လျှောက်လာပြီး ....

"မင်း လောင်းကစားရှိမယ့်နေရာဟာလည်း ဒီနေရာပဲပေါ့သူငယ်ရာ ...."

ကျန်ချွမ်ရှယ်သည် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုလိုက်၏။ သူမြင်ကွင်း၌ ကုန်စုံဆိုင်မဟုတ်တော့ပေ။ အခန်းနံရံများသည် သန့်ရှင်းသပ်ရပ်သော သစ်သားနံရံများဖြစ်နေပေပြီ။ စားပွဲခုံများသည် သစ်လွင်နိုင်မာသော စားပွဲခုံများဖြစ်နေပြီ။ စားပွဲခင်းများကလည်း လှပသည်။ တံခါးပေါက်ခန်းဆီးများသည်လည်း သစ်သစ်လွင်လွင် လှလှပပ ဖြစ်နေလေပြီ။ အထက်တန်း စားသောက်ဆိုင်ကြီးတစ်ဆိုင်၏ အဆင်အပြင်များကို ကျန်ချွမ်ရှယ် အံ့ဩစွာတွေ့လိုက်ရလေရာ သူသည် အဘိုးအိုကိုပင် ဘာစကားမျှ မပြောနိုင်ဘဲ ရှိနေလေ၏။

"ဒါ မျက်လှည့်ပဲ"

ကျန်ချွမ်ရှယ်က တီးတိုးရေရွတ်နေလေ၏။

ရှန့်ရှောင်ဖုန်းက ရယ်ပြီးပြော၏။

"ငွေသုံးသောင်းရတာဟာလည်း မျက်လှည့်ပဲလားကွာ"

ကုန်စုံဆိုင်ကလေးမှ စားသောက်ဆိုင်ကြီးအဖြစ်သို့ တစ်မုဟုတ်ချင်း ပြောင်းလဲနေပြီ၊ အရက်၊ မိန်းမ၊ လောင်းကစား အားလုံးရှိနေခြင်းမှာ တကယ်တော့ အိပ်မက်ထဲ၌တွေ့ရသော အဖြစ်မျိုး ဖြစ်နေပါသည်။ ကျန်ချွမ်ရှယ်က ....

"စထက်ထိတော့ လောင်းကစားရမယ့်သူကို မမြင်သေးဘူး၊ ဒီမိန်းကလေးတွေဟာလည်း ကျုပ်တို့နဲ့ လောင်းကစားဖို့လာတဲ့ မိန်းကလေးတွေတော့ ဟုတ်ဟန်မတူပါဘူး .... "

ရှန့်ရှောင်ဖုန်းက ရယ်ရင်း ....

"သူတို့က မင်းဆီက ပိုက်ဆံပဲယူမှာပါ၊ သူတို့ရဲ့ပိုက်ဆံကိုတော့ မပေးပါဘူးကွ၊ ဒါတော့ စိတ်ချပါ"

"ဒါဖြင့် ခင်ဗျားနဲ့ ကျွန်တော်ပဲ ကစားကြရမယ်ဆိုပါတော့"

"မိတ်ဆွေချင်းကစားမှတော့ ဘယ်မှာအရသာရှိမှာလဲကွာ၊ တစ်ခါတစ်ရံ မိတ်ဆွေချင်းကစားရင်း ရန်သူဖြစ်သွားတတ်တာတွေလည်း ရှိတော့ မိတ်ဆွေချင်း မကစားတာ အကောင်းဆုံးပဲကွ"

အရင်းအနှီးထုတ်ပေးသော မိတ်ဆွေနှင့် ပြန်လည်လောင်းကစားခြင်းမှာလည်း မဖွယ်ရာသော အလုပ်ပင်ဖြစ်ပါသည်။

ရှန့်ရှောင်ဖုန်းက ကျန်ချွမ်ရှယ်အား နှစ်သိမ့်လိုက်၏။

"မင်း စိတ်အေးအေးထားစမ်းပါ၊ ကစားသမားတွေ လာပါလိမ့်မယ်၊ မကစားရမှာ မပူပါနဲ့ကွာ"



"ဒီလူတွေက ဘယ်တော့လာမှာတုန်း"

"လာမှာပါ မကြာခင် လာမှာပါ"

"သူတို့ကကော လူကောင်းပေါ့ ဟုတ်ရဲ့လား"

"လူကောင်း မကောင်းတော့ မသိဘူး။ ကစားသမားကောင်းဖြစ်တာတော့ သေချာပါတယ်"

"လူလိမ်တွေ ဖြစ်နေရင်ကော"

"ဟိုအဘိုးကြီးခေါ်ပေးမှာပါကွာ လူလိမ်တွေ မဖြစ်နိုင်ပါဘူး"

"သူတို့ကစားတဲ့နေရာမှာတော့ သိပ်ကျွမ်းကျင်မှာပေါ့"

"တကယ့်ကို ကျွမ်းကျင်တဲ့လူတွေပေါ့"

"ဒီလိုဆိုရင် ကျုပ်တို့တော့ ရှုံးတော့မှာပဲ၊ ကျုပ်တို့က ကျွမ်းမှမကျွမ်းကျင်ဘဲ .... "

"ဘယ်သူပြောသလဲ .... ကံကိုက်လောင်းကစားတဲ့အခါမကျွမ်းကျင်တဲ့လူက နိုင်ချင်ရင်လည်း နိုင်တတ်ပါတယ်ကွ .... "

မှန်ပါသည်။ ရှန့်ရှောင်ဖုန်းသည် အတွေ့အကြုံများစွာရှိသူဖြစ်ပါသည်။ ကံသမားက ဉာဏ်သမားကို ကျော်လွှားအောင်မြင်သွားသည်။ ကြံတောင်ကြံ့ခဲ လောင်းကစားပွဲမျိုးကို တိုက်တိုက်ဆိုင်ဆိုင်ကြုံကြိုက်ခဲ့သူလည်း ဖြစ်ပါသည်။

ကျန်ချွမ်ရှယ်သည် အဘိုးအိုဘက်သို့လှည့်ပြီး ....

"ဦးကြီး .... ခင်ဗျားခေါ်လာတဲ့ ကစားသမားတွေဟာ .... ကံတိုက်သမားတွေနော် .... "

အဘိုးအိုက ရယ်၏။

"ကံသမားတွေပါ၊ သူတို့က ကစားရတာကိုပဲ ကျေနပ်တဲ့လူတွေပါ၊ သူငယ်တို့ကို သူတို့ မတရားမလုပ်ပါဘူး။ သူငယ်တို့ ကစား

ကြည့်ရင် သိလာမှာပါ"

ကျန်ချွမ်ရှယ်က ....

"ကျွန်တော်တို့ ဘာကစားနည်းနဲ့ ကစားကြရမှာလဲ .... "

"ဒါတော့ သူငယ်တို့အားလုံး ကြိုက်နှစ်သက်ကြတဲ့ ကစားနည်းတစ်ခုကို ကစားပေါ့။ ငါ အံ့ဩတာရှိတယ်၊ သူငယ်ဟာ သူလို ပုဂ္ဂိုလ်မျိုးနဲ့ လာကစားပြီးမှ ဘာဖြစ်လို့ အသေးအဖွဲကိစ္စတွေကို စိုးရိမ်နေရသလဲဆိုတာပါပဲ .... "

အဘိုးအိုက ရှန့်ရှောင်ဖုန်းကို စောင်းငဲ့ကြည့်ပြီးပြောလိုက်လေ၏။ ရှန့်ရှောင်ဖုန်းက ဘာမျှဝင်မစွက်ဘဲ ရယ်ရုံသာ ရယ်နေသည်။

ကျန်ချွမ်ရှယ်က ....

"ဒါဖြင့် သူဟာ လောင်းကစားတဲ့နေရာမှာ ညဏ်သမားတစ်ယောက်လိုပဲ ကျွမ်းကျင်တယ်လို့ ဦးကြီးက ဆိုလိုတာလား .... "

အဘိုးအိုက ဖြည်းညင်းစွာ ပြော၏။

"ဆိုလိုတာ မဟုတ်ပါဘူး၊ သိနေတာပါ၊ သူဟာ အင်မတန်ညဏ်ကောင်းတဲ့လူပါ၊ သာမန် ကောင်းကျိုးကောင်းမှုအလုပ်တွေမှာတောင် ညဏ်ကောင်းနေရင် မကောင်းမှုကိစ္စမျိုးမှာ ဘာပြောစရာရှိတော့မှာလဲ၊ သူငယ်သာ မကျွမ်းကျင်ရင် ရှုံးရမယ်၊ သူကတော့ ကစားနည်းမျိုးစုံကို ကျွမ်းကျင်တဲ့လူပါ .... "

"ဩော် .... ကျွန်တော် သဘောပေါက်ပြီ၊ ဒါကြောင့်မို့ ဦးကြီးက လျှံသုံးသောင်းကို လွယ်လွယ်ထုတ်ပေးလိုက်တာကိုး"

"မဆိုင်ပါဘူး .... "

အဘိုးကြီးသည် ဒေါသမထွက်စဖူး ဒေါသထွက်လာပြီး အော်ဟစ်လိုက်၏။



"လျှံငွေသုံးသောင်းဆိုတာ နည်းတဲ့ငွေလားဗျာ .... သူက ခင်ဗျားကို စာရွက်ပေါ်မှာလက်မှတ်ထိုးပြီး ဒီငွေကိုယူတာလား"

ကျန်ချွမ်ရှယ်သည် ရှန့်ရှောင်ဖုန်း ငွေသုံးသောင်းရသည့်ကိစ္စကို လုံးဝဘဝင်မကျဘဲရှိလေရာ ယခုအတိအလင်း မေးလိုက်ခြင်းဖြစ်သည်။ အဘိုးကြီးက ကျန်ချွမ်ရှယ်အား မျက်မှောင်ကြုတ်ကြည့်ရင်း....

"သူငယ့်ကို ငါမေးစမ်းပါရစေ၊ အဲဒီငွေသုံးသောင်းဟာ မောင်ရင့်အိတ်ထဲက နိုက်ထုတ်ပြီး ပေးရတဲ့ငွေမို့လို့ ငါ့ကို လာစစ်ဆေးနေတာလား .... "

ကျန်ချွမ်ရှယ် ရယ်လိုက်၏။

"ဒါတော့ ဒါပေါ့ဗျာ .... စိတ်မရှိပါနဲ့၊ သူက ကျွန်တော့်ကို အမှန်မပြောဘူးလို့ထင်နေလို့ စပ်စုမိတာပါဗျာ .... "

"သူငယ်ဟာ သိုင်းလောကသားမဟုတ်တာတော့ တကယ့်ကို သေချာတာပါပဲ .... "

"နီးတော့နီးစပ်ပါတယ်ဗျာ .... ကျွန်တော်ဟာ ထိခိုက်ရှနာတဲ့ဒဏ်ရာတွေနဲ့ပတ်သက်လာရင်တော့ ပါရဂူတစ်ဆူပါပဲဗျာ .... "

"အေး .... နီးစပ်လျက်သားနဲ့ ရှန့်ကျန်ဂေဟာနဲ့ ရှန့်မိသားစုတွေအကြောင်း မင်း လုံးဝမသိတာကတော့ အောက်တန်းကျလွန်းလှပါသကွာ .... "

ကျန်ချွမ်ရှယ်မှာ ဘာစကားမှမပြောနိုင်တော့ဘဲ လုံးဝ ပါးစပ်ပိတ်သွားလေတော့၏။ ရှန့်မိသားစု၏ ဩဇာအာဏာမှာ ဤမျှအထိ ကြီးမားကျယ် ပြန့်လှပါ၏။

❖

## အခန်း (၁၆)
## ခုနစ်ဂိုဏ်း ခုနစ်ယောက်

သင်သည် သိုင်းလောကနှင့်ပတ်သက်၍ မည်မျှ ဗဟုသုတရှိပါသနည်း။ သိုင်းလောကတွင် ဓားသိုင်းပညာဖြင့် ကျော်ကြားသည့်ဂိုဏ်းကြီး ဘယ်နှစ်ဂိုဏ်းရှိပါသနည်း။

သိုင်းလောကအကြောင်း စိတ်ဝင်စားလျှင် သိုင်းလောက၌ ကျော်ကြားသော ဂိုဏ်းကြီးများအကြောင်း သိထားသင့်ပါသည်။

ဟွာတန်ဂိုဏ်း၊ တင်ချန်ဂိုဏ်း၊ ဂါဆန်းဂိုဏ်း၊ ခွန်းလွန်ဂိုဏ်း၊ ဟိုင်နန်ဂိုဏ်း၊ ဝါမေဂိုဏ်းနှင့် မုံးတုံဂိုဏ်းတို့သည် သိုင်းလောက၌ ဓားသိုင်းပညာနှင့်ကျော်ကြားသော ပုဏ်းကြီးများ ဖြစ်ကြပေသည်။ စုစုပေါင်း ခုနစ်ဂိုဏ်းရှိ၏။

ဤဂိုဏ်းကြီးများတွင် ရှောင်လင်ဂိုဏ်းကို ထည့်သွင်းမထားကြောင်း သင်တွေ့ရှိ သတိပြုမိပေလိမ့်မည်။ တကယ်တော့ ရှောင်လင်ကျောင်းတော်သည် တရုတ်ပြည် သိုင်းလောက၏ စီးရှူးတန်ဆောင်



ဂိုဏ်းကြီး ဖြစ်ပါသည်။ ရှောင်လင်ကျောင်းထွက်များသည် ဓားလက်နက် ကိုင်ဆောင်လေ့မရှိခြင်းကြောင့် ပထမ ဓားသိုင်းဂိုဏ်းကြီးများစာရင်း၌ ထည့်မထားခြင်းသာ ဖြစ်ပါသည်။

အံ့ဩဖွယ်ရာ ထူးခြားပြောင်မြောက်လှသော အဓိကရ သိုင်းဆရာကြီး ကျုန်းဆန်းဖုန်းသည် အတွင်းအားပညာနှင့်ယှဉ်၍သုံးရသော ထိုကကျိုဓားသိုင်းဟူသော စွမ်းပကားကြီးမားလှသည်။ ဓားသိုင်းပညာတစ်ရပ်ကို တီထွင်ပြီးနောက် ဟွာတန်ဟူသော သိုင်းဂိုဏ်းကြီးတစ်ခုကို ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

ဟွာတန်တောင်၌ အခြေစိုက်တည်ထောင်ခြင်းကြောင့် ဤအမည်စွဲသွားခြင်း ဖြစ်ပါသည်။ ထိုစဉ်က သိုင်းလောက၌ ရှိရှိသမျှသော သိုင်းဂိုဏ်းကြီးများသည် ဟွာတန်ဂိုဏ်းကြီးကို လွန်စွာ အလေးအမြတ်ပြုကြပေသည်။

သိုင်းလောကတွင် ဟွာတန်ဂိုဏ်း နှစ်ကာလရှည်ကြာစွာ ထိပ်တန်း၌ ရပ်တည်ခဲ့၏။ ဤသို့ ရပ်တည်နိုင်ခဲ့ခြင်းမှာ စည်းကမ်းကောင်းခြင်း၊ လက်ရည်ကောင်း သိုင်းသမားများ စဉ်ဆက်မပြတ် ထွက်ပေါ်ခဲ့ခြင်းတို့ကြောင့် ဖြစ်ပေသည်။

ယခုအချိန်ဆိုလျှင် ဟွာတန်ဂိုဏ်းသည် ပို၍ပင် နာမည်ကောင်းရနေပေ၏။ ထူးချွန်သော ဓားသမားများစာရင်းတွင် ဟွာတန်ဂိုဏ်းမှ ဓားသမားခြောက်ယောက် စာရင်းပေါက်နေသဖြင့် သိုင်းလောကတွင် အင်အားအကောင်းဆုံး ဖြစ်နေသည်။ ထိုဓားသိုင်းပညာရှင်ခြောက်ယောက်ကို သိုင်းလောက,က 'ဆဲ့လိန်ခွမ်းယိ'ဟု တင်စားခေါ်ဝေါ်ကြပေသည်။

'ဆဲ့လိန်'ဟူသော သိုင်းသမားလေးယောက်အနက်မှ နံပါတ်

တစ် သိုင်းသမား၏အမည်မှာ အုံးရန်ယွင်ဟို ဖြစ်လေ၏။ သူသည် သိုင်းလောကအတွင်း စတင်ဝင်ရောက်ချိန်မှစ၍ ယခုအချိန်အထိ တိုက်ပွဲပေါင်း သုံးဆယ့်ခြောက်ပွဲ ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ရာ သုံးဆယ့်ငါးပွဲနိုင်ပြီး တစ်ပွဲရှုံးနိမ့်ခဲ့သည်။

ထိုတစ်ပွဲကား မည်သို့သောတစ်ပွဲနည်း။ သူ့အား ထိုတစ်ပွဲဖြင့် အနိုင်ယူသွားသူကား ဝါဆန်းတောင်မှ 'ရသေ့ကြီးကု'ပင် ဖြစ်သည်။ ရသေ့ကြီးသည် ယခုအခါ သိုင်းလောကထဲ၌ မရှိတော့ပေ။ သိုင်းလောကမှ အနားယူသွားပေပြီ။

အုံးရန်ယွင်ဟိုသည် ရုပ်ရည်ချောမောသော သိုင်းသမားဖြစ်သည်။ ဥပမိရုပ်အတော်ကောင်းသည်။ အရပ်လည်းမြင့်သည်။ ဓားပညာတွင်လည်း အတော်ထက်ထက်မြက်မြက်ရှိသဖြင့် ဂိုဏ်းတူ ညီအစ်ကိုအားလုံး၏ ချစ်ခင်လေးစားခြင်းကို ခံရသည်။ သူသည် မာန်မာနလည်း မကြီးသဖြင့် သိုင်းလောကမှ သိုင်းသမားများကလည်း ချစ်ခင်လေးစားပြီး ချစ်ချစ်ခင်ခင်ရှိသည်။

• ရသေ့ကြီးကု၏ ဓားကွက်အောက်၌ ရှုံးနိမ့်ခဲ့သော်လည်း သိုင်းလောကသားများသည် အုံးရန်ယွင်ဟိုကို အထင်ကြီးမြဲ အထင်ကြီးကြသည်။ ချစ်ခင်မြဲ ချစ်ခင်ကြသည်။ လေးစားမြဲ လေးစားကြသည်။ ထို့ကြောင့် ရသေ့ကြီးကုအား သူရှုံးနိမ့်ခဲ့ရသော်လည်း ထိုရှုံးနိမ့်မှုက သူ့အားဂုဏ်ပျက်စေခြင်း မဖြစ်ခဲ့ပါချေ။

သူ့အတွက် အရေးအကြီးဆုံးအချက်မှာ ဟူတန်ဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးနေရာကို ဆက်ခံရမည့်သူ ဖြစ်နေခြင်းတည်း။ သူ့ပညာ သူ့ဥပမိရုပ်ရည်အားဖြင့် နောက်ဆက်ခံမည့် ဟူတန်ဂိုဏ်းချုပ်သည် သူမှတစ်ပါး အခြားသူအား လုံးဝစဉ်းစား၍ မရပေ။ ဟူတန်ဂိုဏ်းများမှ



သူ့အား ကန့်ကွက်မည့်သူလည်း ကင်းယောက်မျှ မရှိပါချေ။

အုံးရန်ယွင်ဟို၏ ချီးကျူးစရာကောင်းသော အရည်အချင်းတစ်ရပ်မှာ သူသည် ဟူတန်ဂိုဏ်းကြီး၏ ဂုဏ်သိက္ခာကိုလည်းကောင်း၊ သူ့ဂုဏ်သိက္ခာကိုလည်းကောင်း ထိန်းသိမ်းဆောင်ရွက်ခြင်းပင် ဖြစ်သည်။ ထိုအချက်ကို ဟူတန်ဂိုဏ်းချုပ်ကြီးက လွန်စွာသဘောကျနှစ်သက်ပေ၏။

အဘိုးကြီး၏ မျက်လှည့်ပမာပြောင်းလဲသွားသည့်စားသောက်ဆိုင်ကြီး၏ ကစားခန်းကြီးထဲသို့ ကစားရန် ပထမဦးဆုံး ရောက်ရှိလာသူကား ထိုအုံးရန်ယွင်ဟိုပင် ဖြစ်ပါလေသည်။

ထိုအုံးရန်ယွင်ဟိုကဲ့သို့သော ပုဂ္ဂိုလ်မျိုး ဆိုက်ရောက်လာခဲ့ခြင်းကြောင့် ယခု ကစားမည့်သူများ၌ လူလိမ်လူညာ မပါပါဟူသည့် အဘိုးကြီး၏ စကားသည် အမှန်ပင်ဖြစ်ကြောင်း သက်သေပြလိုက်သကဲ့သို့ ရှိသွားလေ၏။

နံ့တုံ့ဂိုဏ်းသည် ဟူတန်ဂိုဏ်းမှ ခွဲထွက်သွားသည့်ဂိုဏ်း ဖြစ်ကြောင်း သိုင်းလောကသားများ သိရှိကြသည်။ သို့သော် ဂိုဏ်းနှစ်ခု၏ ဓားသိုင်းပညာရပ်များနှင့် အနေအထားများမှာ များစွာ ကွဲပြားခြားနားမှု ရှိပါသည်။

နံ့တုံ့ဂိုဏ်းသားများသည် တစ်ဘက်ရန်သူအား မည်သည့်အခါမျှ တည့်တည့်ရင်မဆိုင်ပေ။ ကိုယ်တစ်ခြမ်းစောင်းပြီး တစ်စောင်းအနေအထားဖြင့်သာ ရင်ဆိုင်လေ့ရှိသည်။ ထို့ပြင် ဓားကိုင်ရာတွင်လည်း ဓားသွားကို အပေါ်မှာထားပြီး ဓားကိုလှန်ကိုင်လေ့ရှိသည်။ ဆန်းကြယ်သော ဓားကိုင်ပုံမျိုးကြောင့် အချို့ဓားသမားများသည် မမျှော်လင့်ဘဲ ရှုံးသွားလေ့ရှိကြလေ၏။

ထိုသို့ ဓားကိုလှန်၍ကိုင်ခြင်းသည် အလွန်ထိရောက်၏။ တစ်ဘက်ရန်သူကို ရက်ရက်စက်စက် ထိခိုက်နာကျင်စေနိုင်၏။ တစ်ခါတစ်ရံ ညှာတာချင်သည့်တိုင် ညှာတာ၍မရသော တိုက်ကွက်များ အလိုအလျောက် ထုတ်သွားတတ်သည်။

ဓားသမားများသည်မိမိတို့ကိုင်ဆောင်သည့်ဓားအနေအထားနှင့် သိုင်းကွက်အခြေအနေကိုလိုက်၍ စိတ်ထားပြောင်းလဲတတ်သည်ဟု ခုံးတံ့ဓားသမားများ၏အခြေအနေသည် ထိုအဆိုအတွက်အကောင်းဆုံး သက်သေသာဓကများ ဖြစ်သွားကြလေတော့၏။

ခုံးတံ့ဂိုဏ်းမှပေါ်ထွန်းလာသည့် ကျော်ကြားသော ဓားသမားဖြစ်စေ၊ မကျော်ကြားသောဓားသမားဖြစ်စေ၊ သွေးအေးအေးနှင့် ရက်စက်သူချည်း ဖြစ်နေတတ်သည်။ သူတို့၏ ရက်စက်ကြမ်းကြုတ်မှုကြောင့် ခုံးတံ့ဂိုဏ်းသားများသည် သိုင်းလောက၌ မိတ်ဆွေအပေါင်းအသင်း လွန်စွာနည်းပါးကြသည်။

ခုံးတံ့ဂိုဏ်းတွင် အတွင်းအားပညာကို ဓားသိုင်းနှင့်ရောနှော အသုံးချရာတွင် ဟူတန်ဂိုဏ်းကဲ့သို့ပင် အသုံးချသည်။ ဟူတန်မှ ခွဲထွက်လာသော ဂိုဏ်းဖြစ်၍ ထိုအချက်မှာ ထူးခြားသည်ဟု မဆိုနိုင်ပါ။ ထိုအချက်ကို သိုင်းလောကသားများက ချီးကျူးခြင်းလည်း မပြုကြပါ။ ဟူတန်ဂိုဏ်း၏ဓားသိုင်းကို ပုံတူကူးချသည်ဟူသော သဘောထားမျိုးဖြင့် ချီးကျူးခြင်း ဖြစ်ပါသည်။

ထို့အတွက် သိုင်းလောကသားများသည် ခုံးတံ့ဂိုဏ်းသားများကို အထင်သေးနေကြပါသလား။ အထင်မသေးပါ။ အထင်မသေးရဲကြပါ။ ရက်စက်ကြမ်းကြုတ်သော သိုင်းဂိုဏ်းဟူသည်ကပင် မည်သူကမျှ အထင်မသေးရဲအောင် ခြိမ်းခြောက်နေသလို ရှိပါသည်။



ပိုဆိုးရွားသည့်အချက်မှာ ခုံးတံ့ဂိုဏ်းသည် အလွန်အလွန် အစွမ်းထက်သော ဓားသိုင်းပညာရပ်တစ်ခုကိုတီထွင်ထားသည့်သတင်း တစ်ခု သိုင်းလောက၌ ပျံ့နှံ့နေခြင်းကြောင့်ပင် ဖြစ်သည်။ ဓားသိုင်းပညာရပ်တစ်ခု တီထွင်သည်ဆိုသည်မှာ လွယ်ကူသောကိစ္စရပ် မဟုတ်ပါ။ အထူးသဖြင့် သိုင်းလောကမှ လေးစားကြောက်ရွံ့စေမည့် သိုင်းပညာတစ်ခုကို တီထွင်ခြင်းက ပို၍ ခက်ခဲပါသည်။ ယခု ထိုအသစ်တီထွင်ထားသော သိုင်းပညာရပ်ကို သိုင်းလောကသားများ မမြင်ဘူးသေးသော်လည်း စဉ်းစားဆင်ခြင်ခြင်းဖြင့် ထိုဓားသိုင်းသည် အမှန်တကယ် ကြောက်မက်ဖွယ်ရာဖြစ်မည်ဟု အားလုံးက လက်ခံနားလည်ထားကြပါသည်။

ထိုဓားသိုင်းပညာသည် သိုင်းကွက်များများမပါဝင်ဟုသတင်းကြားထားရလေရာ ထိုအချက်ကြောင့်ပင် သိုင်းလောကသားများ ပို၍ လန့်နေကြရခြင်း ဖြစ်သည်။ သိုင်းကွက်မများလျှင် ထိုဓားသိုင်းသည် အလွန်ထိရောက်ရလိမ့်မည်။ အရေအတွက်မဟုတ် အရည်အချင်းဓားကွက်ဖြစ်၍ အလွန်တရာ ရက်စက်သော သိုင်းကွက်များသာ ဖြစ်ရမည်ဟု သိုင်းလောကသားများက တွက်ချက်ခန့်မှန်းကြလေ၏။

ထို့ပြင် ဓားသိုင်းကွက်နည်းနည်းနှင့် ကျဲကျဲပိုင်းသော ဓားကွက်ဖြစ်၍ အဝင်အထွက် လွန်စွာခက်ကြောင်းများကိုလည်း ကြားသိထားကြရလေ၏။

သူတို့ ရရှိထားသောသတင်းအရ ထိုသိုင်းကွက်သစ်ကို တတ်မြောက်သူဆို၍ သူတို့ခုံးတံ့ဂိုဏ်းထဲ၌ပင် လက်တစ်ဆုပ်စာ မရှိဟုဆိုပေသည်။

ဝါစဉ်ကြီး ခုံးတံ့ဂိုဏ်းသားလေးယောက်နှင့် အလွန်တစ်ရာ

ဉာဏ်ထက်သော တပည့်တစ်ယောက်သာ ထိုသိုင်းကွက်သစ်ကို တတ်မြောက်သည်ဟု ကြားသိထားရ၏။

ထိုတပည့်၏အမည်ကိုတော့ သူတို့သိကြသည်။ ထိုသူ၏ အမည်မှာ ချင်တုရှုဟူ၍ ဖြစ်ပါသည်။ ထိုချင်တုရှုသည် လွန်စွာဉာဏ်ကောင်းသဖြင့် သိုင်းပညာကျွင် ကျော်စောထင်ရှားသော တက်သစ်စ လူငယ်သိုင်းသမားတစ်ဦးပင် ဖြစ်ပေသည်။

ချင်တုရှုသည် ဉာဏ်ကောင်းသူ ထက်မြက်သူဖြစ်၍ နံ့တုံဂိုဏ်းက သူတို့ဂိုဏ်း၏ အနာဂတ်သူရဲကောင်းအဖြစ် မျှော်လင့်ထားသည်။ နံ့တုံဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးကလည်း ချင်တုရှုအပေါ် မျှော်လင့်ချက် ထားသည်။

ထို့ကြောင့် ချင်တုရှုသည် လက်ငင်းအားဖြင့် နာမည်ကျော်ကြား ထင်ရှားနေသော သိုင်းသမားမဟုတ်သော်လည်း သာမန်အညတရ သိုင်းသမားတော့ မဟုတ်ပါ။ ထိုသို့သော ချင်တုရှုသည် အုံးရန်ယွင်ဟိုနှင့်မရှေးမနှောင်းပင် စားသောက်ဆိုင်သို့ ရောက်ရှိလာပါသည်။

ချင်တုရှုက စကြင်၍ ဂါရဝပြုနှုတ်ဆက်သဖြင့် အုံးရန်ယွင်ဟိုကလည်း ပြန်လည် ဂါရဝပြုနှုတ်ဆက်နေသည်။

"နောင်ကြီး ကျန်းမာပါရဲ့လား ခင်ဗျာ"

အုံးရန်ယွင်ဟိုကလည်း ....

"ညီလေးကော သိုင်းပညာလေ့ကျင့်ချိန်များများ ရပါရဲ့လား"

"ရရှိပါတယ် နောင်ကြီး .... "

တကယ်တော့ ချင်တုရှုသည် နံ့တုံဂိုဏ်းသားပီပီ အခြားသော ဂိုဏ်းသားများနှင့် သင့်မြတ်လှသည် မဟုတ်ချေ။

သို့သော် အုံးရန်ယွင်ဟို၏ မြင့်မားသော ဂိုဏ်သိက္ခာ၊ တည်



ကြည်သော စိတ်ဓာတ်တို့ကြောင့် သူက အုံးရန်ယွင်ဟိုကို နှုတ်ဆက်ခဲ့ခြင်း ဖြစ်ပါသည်။

လောင်းကစားသမားနှစ်ဦးကား ရောက်ရှိလာခဲ့ချေပြီ။

သိုင်းလောက၌ အခြားထိပ်တန်းဂိုဏ်းကြီးတစ်ခုကား ဝါဆန် ဂိုဏ်းဖြစ်သည်။

သိုင်းလောကမှ ဂိုဏ်းကြီးအတော်များများသည် တောင်တန်းကြီးများကို အခြေစိုက်ပြီး ပေါ်ထွက်းခဲ့ကြရာ ဝါဆန်ဂိုဏ်းသည်လည်း ဝါဆန်တောင်ကို အခြေပြုပြီး ပေါ်ထွက်းလာခဲ့ပေသည်။

ဝါဆန်တောင်သည် အခြားတောင်တန်းများထက် ပိုမိုခက်ခဲ ကြမ်းတမ်းသော သဘောရှိသည်။ လျှိုမြောင်၊ ချိုင့်ဝှမ်း သစ်ရိပ်သစ်တောရှိသည်။ ကျောက်စွန်း ကျောက်ကမ်းပါးရှိသည်။

တောင်ထိပ်သို့တက်ရန် လမ်းရှိသော်လည်း ချောချောမွေ့မွေ့လမ်းမဟုတ်ပေ။ ခက်ခဲကြမ်းတမ်းသောလမ်း ဖြစ်ပေသည်။

ထို့နည်းတူ ဝါဆန်ဂိုဏ်း ဓားသိုင်းသည်လည်း ဝါဆန်တောင်ကြီးကဲ့သို့ပင် သင်ယူရန် ခက်ခဲလှသည်။

နာမည်ကျော်ဓားသိုင်းပညာမှန်သမျှ လွယ်ကူသည် မရှိငြားသော်လည်း ဝါဆန်ဟောင်၏ ဓားသိုင်းပညာက ပိုမိုရှုပ်ထွေးပေ၏။

ဝါဆန်ဂိုဏ်းတွင် ဂိုဏ်းသားအရေအတွက် နည်းပါးလှသည်။ ထိုသို့ဖြစ်ရသည့်အကြောင်းရင်းနှစ်ချက်ရှိ၏။

ပထမအချက်မှာ ဝါဆန်ဓားသိုင်းခက်ခဲရှုပ်ထွေးသည့်အတွက် သင်ယူရန် ပင်ပန်းဆင်းရဲခြင်း ဖြစ်သည်။ ဒုတိယအချက်မှာ ဝါဆန်ဂိုဏ်းသို့ဝင်ရန် မလွယ်ကူခြင်းကြောင့် ဖြစ်သည်။

ဝါဆန်ဂိုဏ်းသည် ဝင်လိုသူတိုင်း လက်မခံပေ။ အခက်အခဲ

အကျပ်အတည်းဒုက္ခများကို ကြံ့ကြံ့ခိုင် ကျော်လွှားနိုင်မည်ဟု ယုံကြည်မှသာ ထိုသူကို ဂိုဏ်းသားအဖြစ် လက်ခံပေသည်။

ဤသို့ဖြစ်ရခြင်းမှာ ဝါဆန်ဂိုဏ်းချုပ်ကြီးကြောင့် ဖြစ်မည်။ ဂိုဏ်းချုပ်ကြီးသည်သာ သာမန်ကိစ္စကလေးများကိုပင် ပေါ့ပေါ့ဆဆ ရှုမြင်လေ့မရှိပေ။

သူသည် တစ်ယူသန်စိတ်ရှိပြီး အတ္တကြီးမားသူဖြစ်ရာ အချို့ကိစ္စများ၌ သူသည် အစွန်းရောက်သွားလေ့ရှိ၏။

ထို့ပြင် သူသည် သူ့ဝါဆန်ဂိုဏ်းကိုအခြားပြိုင်ဘက်ဂိုဏ်းများက ဖိန့်ဖိန့်တုန် ကြောက်ရွံ့စေလိုသည်။ ဂုဏ်သတင်းကြီးမားစေလိုသည်။

ဝါဆန်ဂိုဏ်းကြီး၌ သိုင်းသမားရာထောင်ရှိသည်ဆိုသည့် သတင်းထက် ဝါဆန်သိုင်းသမား ဆယ်ယောက်သည် အခြားသိုင်းသမားရာထောင်ထက် ကြောက်စရာကောင်းသည်ဟူသော ကျော်ကြားမှုမျိုးကို ပိုမို၍ပင် နှစ်ခြိုက်သည်။

ထိုစိတ်သဘောထားမျိုးရှိသဖြင့် တပည့်သစ်များကို လက်ခံသည့်အခါ တင်းကျပ်သည့် စည်းကမ်းများဖြင့် ရွေးချယ်လက်ခံလေတော့၏။

ထိုအခါ ဝါဆန်ဂိုဏ်းသည် ဂိုဏ်းသားဦးရေတွင် အခြားသောဂိုဏ်းများထက် လျော့နည်းလာတော့၏။

ဝါဆန်ဂိုဏ်းချုပ်ကြီးသည် ထိုအချက်ကို ဂရုမစိုက်ပါ။ သူက ပျားတစ်ထောင်ထက် အဆိပ်ပြင်းသော မြွေတစ်ကောင်ကိုသာ အလိုရှိသူဖြစ်၍ သူ့ဂိုဏ်းတွင် အင်အားလျော့နည်းလာသည်ကို လုံးဝလျစ်လျူရှုထားပေသည်။



နောက်ထူးခြားသည့်တစ်ချက်ကား ဝါဆန်ဂိုဏ်းချုပ်ကြီးသည် သူ့တပည့်များကို သိုင်းလောကတွင်းသို့ စေလွှတ်လေ့မရှိခြင်းပင်တည်း။

သို့သော် ခြွင်းချက်တစ်ခုတော့ ရှိနေသည်။ ဝါဆန်ဂိုဏ်းမှ မင်ချန်ဟွာဆိုသည့် သိုင်းသမားတစ်ယောက်ကိုတော့ သိုင်းလောကထဲ လွှတ်လပ်စွာ သွားလာခွင့်ကို ဂိုဏ်းချုပ်ကြီးက ခွင့်ပြုထားခဲ့ပေသည်။

ယိုအချက်ကိုကြည့်ခြင်းအားဖြင့် မင်ချန်ဟွာ၏ သိုင်းပညာကို ဝါဆန်ဂိုဏ်းချုပ်ကြီး မည်မျှယုံကြည်မှုရှိကြောင်း ဖော်ပြနေခြင်း ဖြစ်သည်။

ယခု မင်ချန်ဟွာဆိုသော ဝါဆန်သိုင်းသမားသည် ရှန့်ရှောင်နန်းနှင့် ကျန်ချွမ်ရှယ်တို့ရှိနေသည့် စားသောက်ဆိုင်သို့ ရောက်ရှိလာခဲ့ပြီ ဖြစ်ပါ၏။

စွန်းလွန်တောင် ....

စွန်းလွန်တောင်သည် အတော်ကလေး မြင့်မြင့်မားမားရှိသည့်တောင် ဖြစ်သည်။ နှင်းမြူများ မြူငွေ့များ ယှက်သန်းနေသဖြင့် ဘယ်ခါတစ်ခါ တောင်ထိပ်ကိုပင်မမြင်နိုင်ပေ။ နှင်းမြူများ ပါးသွားသောအခါ စွန်းလွန်တောင်တန်းကြီးကို နဂါးကြီးတစ်ကောင် ဝပ်စင်းနေသည့်အလား တွေ့ရှိရတတ်သည်။

စွန်းလွန်တောင်တွင် စွန်းလွန်ဂိုဏ်းတည်ရှိပြီး ဓားသိုင်းပညာ၌ မည်သူကမျှ မလေးမစားမပြုရဲသောဂိုဏ်းဖြစ်သည်။ စွန်းလွန်ဂိုဏ်း၏ နာမည်ကျော် ဓားသိုင်းပညာမှာ 'နဂါးကိုးကောင်' ဓားသိုင်းပညာဖြစ်သည်။

စွန်းလွန်ဂိုဏ်းတွင်လည်း ခုံးတုံ့ချင်တုရွှကဲ့သို့ အလားအလာကောင်းသည့် ဓားသမားတစ်ယောက်ရှိနေသည်။ ထိုသူကို စွန်းလွန်

ဂိုဏ်းက အတော်ကြီးမျှော်လင့်အားထားပေသည်။ သူ့အမည်ကား 'တယ်ကြိုင်လုံ'ဖြစ်ပေ၏။ သူ့ကို 'စွန်းလွန်နဂါးကလေး'ဟု အားလုံးက ပင် ခေါ်ဝေါ်ကြသည်။

စွန်းလွန်နဂါးကလေးသည် အသက်ငယ်ရွယ်သကဲ့သို့ စိတ်လည်းထက်သည်။ ဉာဏ်လည်းသွက်သည်။ သူ့တိုက်ခိုက်မှုများများမှာ ဖြင့် ပြင်းထန်လှသဖြင့် နဂါးတစ်ကောင်ကဲ့သို့ ကြောက်ဖွယ်ရာကောင်းသည်ဟု ပြိုင်ဘက်အတော်များများက သတ်မှတ်ကြသည်။ ထို့ကြောင့် တယ်ကြိုင်လုံမှာ သာမန်အဆင့် သိုင်းသမားမဟုတ်ပါ။ အညတရ သိုင်းသမားမဟုတ်ပါ။

ထိုသိုင်းသမားများသည်လည်း အုံးရန်ယွင်ဟို၊ ချင်တုရှု၊ မင်ချန်ဟွာတို့ရှိရာသို့ ရောက်ရှိလာပါသည်။ ထို့ကြောင့် အဘိုးအို၏ ထူးဆန်းသော စားသောက်ဆိုင်သို့ ဟွာတန်ဂိုဏ်း၊ ခုံးတုံဂိုဏ်း၊ ဝါဆန်ဂိုဏ်းနှင့် စွန်းလွန်ဂိုဏ်းတို့မှ ထိပ်သီးသိုင်းသမားများ ရောက်ရှိလာပါပြီ။ ဤဆုံဆည်းမှုသည် ရိုးရိုးသားသား တွေ့ဆုံမှုပေလော၊ ဤသည်ကို မည်သူမျှ မပြောနိုင်ပါ။

ဤလူများကို စုစည်းပေးသူမှာ သူကိုယ်တိုင်က စုတ်စုတ်ပြတ်ပြတ်ဖြစ်နေသော်လည်း ငွေကြေးလွန်စွာချမ်းသာသည်ဟု ရှန်ရှောင်ဖုန်းက ပြောသည့်အဘိုးအို ဖြစ်ပါသည်။

နောက်ထပ်ဤဆိုင်သို့ ရောက်လာသူမှာ တင်ချန်ဂိုဏ်းသား တစ်ဦးဖြစ်ပါသည်။ ထိုတင်ချန်ဂိုဏ်းသည် မည်သို့သောဂိုဏ်းနည်း။

ဤဂိုဏ်းသည်လည်း အခြားသိုင်းဂိုဏ်းကြီးများကဲ့သို့ တင်ချန်တောင်တန်းကြီး၌ အခြေစိုက်ထွန်းကားခဲ့သော ဂိုဏ်းကြီးဖြစ်ပါသည်။ မှိုင်းပြာရီမှောင်နေသော တင်ချန်တောင်တန်းကြီးသည် လွမ်းမောဖွယ်



ရာ တောင်တန်းကြီးတစ်ခု ဖြစ်ပါ၏။ တောင်တန်းပြာကြီးသည် အလွန်တရာ သာယာလှပသဖြင့် မြင်ရုံနှင့်ကြည်နူးစရာကောင်းလှပါသည်။

စိမ့်စမ်းရေတံခွန်များ၊ သစ်ပင်ပန်းမန်များ၊ အဆင်းအတက်ကောင်းလှသော တောလမ်းများကြောင့် တင်ချန်တောင်သည် ဝန်ဆန်တောင်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည့် တောင်ကြီးဖြစ်နေတော့၏။

ဝါဆန်တောင်ကို ကုမ္ပာန်ယက္ခနှင့်နှိုင်းလျှင် ဘင်ချန်တောင်ကို နတ်မိမယ်ကလေးတစ်ပါးနှင့် နှိုင်းခိုင်းရမည်ဖြစ်သည်။ ဝါဆန်တောင်၏ ကြမ်းတမ်းခက်ထရော်မှုနှင့် တင်ချန်တောင်၏ နူးညံ့သိမ်မွေ့မှုမှာ ဆီနှင့်ရေကဲ့သို့ ကွာခြားလှသည်ကား အမှန်ပင်ဖြစ်ပေတော့၏။

ထိုတောင် အနီတောင်တွင် သိုင်းလောက၏ နာမည်ကျော်ဂိုဏ်းတစ်ဂိုဏ်းဖြစ်သည့် တင်ချန်ဂိုဏ်းအဘိုးကြီးသည် ရှိနေခဲ့ပါသည်။ သဘာဝရေမြေ အနေအထားကိုလိုက်ပြီး တင်ချန်သိုင်းသမားသည်လည်း အရောင်ပြောင်းနေကြ၏။

တင်ချန်တောင်သည် ဆယ့်နှစ်ရာသီပတ်လုံးလိုလို ဆွတ်ပျံ့ကြည်နူးဖွယ်ရာတို့ဖြင့်သာ ပြည့်လျှမ်းနေသဖြင့် တင်ချန်သိုင်းသမားတို့သည်လည်း စိတ်ထားအေးချမ်းကြည်လင်ကြပေသည်။ သူတို့သည် ထိုပတ်ဝန်းကျင်၌သာ သိုင်းပညာလေ့ကျင့်သင်ကြားရသဖြင့် အလွန်တရာ ပျော်ကျော်ပါးပါးရှိကြသည်။ အေးအေးချမ်းချမ်းရှိကြသည်။

သူတို့သည် သိုင်းလောကသား တော်တော်များများနှင့် ကွဲပြားခြားနားကြသည်။ သိုင်းသမားဖြစ်နေကြသော်လည်း သိုင်းသမားစိတ်ဓာတ် နည်းပါးသည်ဟု ဆိုရမည်။

သူတို့သည် ပျော့ပျော့ပါးပါးနေလိုသည်။ အေးအေးချမ်းချမ်းနေလိုသည်။ ဝဋ်ပကာသနကို မက်မောကြသည်။ ကျော်ကြားမှုကို လိုချင်ကြသည်။ သူတစ်ပါးကိုလည်း ကူညီလိုကြသည်။ စိတ်ထားဖြူစင်သော သိုင်းသမားများပင် ဖြစ်ပါသည်။

အဖြူရောင်သိုင်းသမားဆိုသည်မှာ သူတို့လို သိုင်းသမားများပင် ဖြစ်ပါသည်။

သိုင်းလောကတွင် 'သိုင်းကျမ်းတစ်ဆူ'ပေါ်လာပြီဆိုလျှင်၊ 'ရတနာသိုက်'တစ်ခုပေါ်လာပြီဆိုလျှင် သိုင်းလောကမှ အထက်လမ်း အောက်လမ်း သိုင်းလောကသားပေါင်းစုံသည် ထန်းလျက် တစ်ခဲကို ပုရွက်ဆိတ်အုံသကဲ့သို့ ကြောက်မက်ဖွယ်ရာ ဝိုင်းလိုက်တတ်ကြပါသည်။ တစ်ဦးနှင့်တစ်ဦး အညှာအတာရှိ၊ သတ်ဟယ်၊ ဖြတ်ဟယ်လုပ်တတ်ကြပါသည်။ များသောအားဖြင့် ထိုအုပ်စုများထဲတွင် ထင်ချန်ဂိုဏ်းသားများ မပါဝင်တတ်ကြပေ။ သူတို့သည် အေးအေးချမ်းချမ်း သိုင်းပညာလေ့ကျင့်လိုသူများဖြစ်၍ ဆူဆူပူပူကိစ္စများကို များသောအားဖြင့် ရှောင်ကြဉ်လေ့ရှိ၏။ တစ်ခါတစ်ရံထင်ချန်ဂိုဏ်းသား တစ်ဦးတလေ ပါဝင်ပတ်သက်နေမှုများရှိသော်လည်း ထိုသူများမှာ ခြွင်းချက်ဖြစ်ပေသည်။ သူတို့၏တစ်ကိုယ်ရည်ဆန္ဒကြောင့်သာ ပါဝင်ပတ်သက်နေကြခြင်းဖြစ်၏။

ခက်ထန်သောစိတ်ဓာတ်မရှိသဖြင့် တင်ချန်ဂိုဏ်းတွင် ထက်မြက်သော ဓားသိုင်းလည်းမရှိပါ။

တင်ချန်ဂိုဏ်း၏ ဓားသိုင်းပညာဆိုသည်မှာ မြူနှိုးကဲ့သို့ပေါ့ပါးသော ဓားသိုင်းသာရှိသည်။ အင်အားသုံးတိုက်ခိုက်မှုနည်းပါးပါသည်။ သူတို့ဂိုဏ်း၌ သုံးသောဓားများဆိုလျှင်လည်း အားလုံးပေါ့ပါးသော ဓား



ချည်းသာရှိပါ၏။

သို့သော် သိုင်းလောကသားများသည် အထက်ပါအကြောင်း အရာအားလုံးကို သိရှိသော်လည်း ထင်ချန်ဂိုဏ်းကို မည်သူမျှ မထီမဲ့မြင် မပြုရဲကြပါ၊ မစော်ကားရဲကြပါ။ အကြောင်းမှာ တင်ချန်ဂိုဏ်း၌ တစ်ခု ကောင်း ဓားသိုင်းရှိနေသောကြောင့်ပါတည်း။

ထိုဓားသိုင်းမှာ 'တင်ချန်ဓားခုနစ်လက်'ဟူသော ပူးပေါင်း တိုက်ကွက်ပေတည်း။

အခြားသိုင်းများသည် တစ်ဦးကောင်း သိုင်းသမားများပေါ် ထွန်းခဲ့ကြသဖြင့် တစ်ဦးကောင်း ထွက်ပေါ်ရေးကိုသာ လေ့ကျင့်ကြ၏။ တင်ချန်ဂိုဏ်းကတော့ တစ်ဦးကောင်းထွက်ပေါ်ခြင်း နည်းပါးသဖြင့် ပူးပေါင်းတိုက်ကွက်ကို တီထွင်ထားရပေသည်။ တင်ချန်ဓားခုနစ်လက်ဆိုသည်မှာ တင်ချန်ဂိုဏ်း၏ အရေးကြီးသော ဓားသိုင်းပင် ဖြစ်ပါသည်။

'တင်ချန် ဓားခုနစ်လက်'ကို ဓားသမားခုနစ်ယောက်ပါဝင် တိုက်ခိုက်ရန် တီထွင်ထားသော်လည်း အခြေအနေအရ ခြောက်ယောက် သို့မဟုတ် ရှစ်ယောက်ဖြင့်လည်း တိုက်ခိုက်နိုင်ပေသည်။ ယေဘုယျအားဖြင့် တင်ချန်ဂိုဏ်းမှ လက်ရွေးစင်အကောင်းဆုံး ဓားသမား ခုနစ်ယောက်ကို ရွေးထုတ်ပြီး ထိုပူးပေါင်းတိုက်ကွက်ကို လေ့ကျင့် သင်ကြားပေးသည်။

သိုင်းလောကသားများသည် တင်ချန်ဂိုဏ်း၏လက်ရွေးစင် ခုနစ်ယောက်ကို အထင်မသေးဝံ့ကြပေ။ ထိုသူတို့၏ ဓားသိုင်းပညာမှာ ထင်သလောက် မညံ့ကြောင်း၊ အထင်သေးပြီး တိုက်ခိုက်သူများမှာ လည်း မကြာခဏ ဒုက္ခိတာဖြစ်သွားကြကြောင်းကို ကြားသိနေကြပေ

သည်။ ထိုခုနစ်ယောက်ပူးပေါင်းတိုက်ခိုက်လျှင်မူ ပြေးစရာမရှိတော့ပေ။ ထို့ကြောင့် အခြားသိုင်းလောကသားများသည် တင်ချန်ဂိုဏ်းနှင့် ပြေပြေလည်လည်ပင် ဆက်ဆံကြရသည်။

တင်ချန်ဂိုဏ်း၏လက်ရွေးစင် ခုနစ်ယောက်အနက် အထူးချွန်ဆုံး ဓားသမားကား 'ခူရှိ' အမည်ရှိသော လူငယ်တစ်ယောက်ပင် ဖြစ်သည်။ သူ့ကို တင်ချန်ဂိုဏ်း၌ နံပါတ်တစ်ဓားသမားဟု သတ်မှတ်ထားကြ၏။ ထိုဓားသမားသည်လည်း ထူးဆန်းသော အဘိုးကြီး၏ စားသောက်ဆိုင်သို့ ရောက်ရှိလာခဲ့ပါလေပြီ။

နောက်ထပ် ရောက်လာသူတစ်ဦးကား ဟိုင်နန်ဂိုဏ်းမှ ဖြစ်ပေ၏။ အများပြည်သူများသည် ဟိုင်နန်သိုင်းဂိုဏ်းဆိုလျှင်ပင် သိပ်မသိကြပေ။ 'တောင်ပင်လယ်ဂိုဏ်း'ဆိုမှ သိကြသည်။

ဟိုင်နန်ဂိုဏ်းခေါ် တောင်ပင်လယ်သိုင်းဂိုဏ်းသည် တရုတ်ပြည်မကြီး၏ တောင်ဘက်တောင်ပင်လယ်အတွင်းရှိ ဟိုင်နန်ကျွန်းပေါ်တွင် တည်ရှိပေသည်။

တရုတ်ပြည်မမှ ဓားသိုင်းဂိုဏ်းကြီးများသည် တောင်တန်းကြီးများအပေါ် အများဆုံးအခြေစိုက်ကြရာ ဟိုင်နန်ဂိုဏ်းနှင့်ကား ဆန့်ကျင်ဘက်ကြီး ဖြစ်နေတော့၏။ ထိုဂိုဏ်းမှ ပင်လယ်ထဲရှိ ကျွန်းတစ်ကျွန်းပေါ် အခြေစိုက်သဖြင့် ပြည်မမှ အရပ်သူအရပ်သားများအဖို့ ဟိုင်နန်ဂိုဏ်းသည် အတော်ကြီးစိမ်းနေပေသည်။

ပြည်မသိုင်းလောကနှင့် အလှမ်းဝေးကွာသော အရပ်၌ရှိနေသည့် ဟိုင်နန်ဂိုဏ်း သို့မဟုတ် တောင်ပင်လယ်ဂိုဏ်းသားတို့သည် တော်ရုံတန်ရုံ အစွမ်းသတ္တိသိုင်းပညာဖြင့် ပြည်မကြီးသို့ ကူးမလာနိုင်ကြပေ။ ကူးလာရဲမည် မဟုတ်ချေ။



ပြည်မသိုင်းလောကသည် တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း ယှက်သွယ်ပူးလိမ်နေကြပေသည်။ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း လျှို့ဝှက်ဆက်ဆံမှုများရှိသကဲ့သို့ လျှို့ဝှက်လုပ်ကြံမှုများလည်း ရှိကြသည်။ တောင်ပင်လယ်ဂိုဏ်းကား ထိုအချက်များနှင့် လုံးဝကင်းလွတ်နေ၏။

သို့သော် တောင်ပင်လယ်ဂိုဏ်းကို လုံးဝအထင်သေးရန်ကား မဖြစ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် နဂါးအလား ကျားအလား ရဲစွမ်းသတ္တိရှိသော ဓားသမားတစ်ယောက်သည် ပြည်မသိုင်းလောကသို့ ကူးလာပြီး ကျင်လည်ကျက်စားခဲ့သောကြောင့်ပေတည်း။

ယခင်ကဆိုလျှင် တောင်ပင်လယ်ဂိုဏ်းမှ ပြည်မသို့ ကူးလာသော သိုင်းသမားဟူ၍ မရှိသလောက်ပင်၊ ပြည်မသိုင်းလောကသားများက တောင်ပင်လယ်ဂိုဏ်းကို မေ့သလောက်ရှိနေသောအခါကျမှ 'လီဖိန်'သည် ရုတ်တရက် ပေါ်ပေါက်လာပြီး တောင်ပင်လယ်ဂိုဏ်းသည် မပျက်သေးကြောင်း၊ တောင်တရုတ်ပင်လယ်တွင် တည်ရှိနေသေးကြောင်းကို အကောင်အထည် ပြလာလေတော့၏။

တကယ်တော့ တောင်ပင်လယ်ဂိုဏ်းသား လီဖိန်၏အဖြစ်သည် ဒဏ္ဍာရီဆန်လှသည်။

တောင်တရုတ်ပင်လယ်ရှိ သိုင်းသမားများ ပြုန်းတီးသွားပြီဟု ယူဆနေကြစဉ် ပြည်မကို လှုပ်နှိုးလာသည့် လီဖိန်မှာ လက်တစ်ဖက်မရှိသော သိုင်းသမားဖြစ်နေလေ၏။ ရုပ်ကလည်း ဆိုးလှသည်။ အသက်ကတော့ သုံးဆယ်ခန့်သာရှိသေးသဖြင့် လူငယ်ပိုင်းဟုပင် ခေါ်နိုင်သေးသည်။

ဖျင်ကြမ်းအင်္ကျီကိုဝတ်ပြီး ခေါင်းငိုက်စိုက် လမ်းလျှောက်တတ်သည်။ လက်တစ်ဖ[illegible]ပြတ် လီဖိန်ကို အချို့က သူတောင်းစားဟု

ထင်ပြီး ပိုက်ဆံစွန့်ကြဲသောငွေကို ပြန်ပေးလေ့ရှိ၏။

အချို့ကမူ နောက်ကျောခွ၌ သိုင်းလွယ်ထားသော ဓားကိုမြင်ကြသဖြင့် သိုင်းသမားတစ်ယောက်ဖြစ်ကြောင်း ရိပ်မိကာ ဝေးဝေးကပင် ရှောင်ကြသည်။ မရှောင်ဘဲ ရန်စမိသူသည် ဇီဝိန်ကြွေသွားမည်မှာ သေချာ၏။

လီဖိန်သည် လူကသာ ခုက္ခိတဖြစ်နေသော်လည်း ဓားကိုင်၍ ဇွေ့ယမ်းလိုက်သောအခါ 'ဤလောက၌ ဓားကိုကြက်မွေးကြက်တောင်ပမာ ကျွမ်းကျင်နိုင်နင်းသူမှာ ငါပင်ဖြစ်သည်'ဟု စာတမ်းရေးပြရမလောက် ဓားကျွမ်းကျင်သူ အံ့ဖွယ်ပညာရှင်ဖြစ်နေကြောင်း တွေ့ကြရတော့သည်၊ သူ့လက်ထဲ ဓားရောက်သွားလျှင် ဓားမကြီးပင် ဖြစ်စေဦးတော့ ဖက်ရွက်ကလေးပမာ အစွမ်းပြ ကစားပြနိုင်သည်။ ရှန့်ရှောင်ဖုန်းက ဝိုးကြီးနက်တစ်ချောင်းကို ဓားပမာကစားပြသလိုပင် သူက ဓားကိုဝိုးကြီးကလေးတစ်ချောင်းပမာ ကစားပြနိုင်ပေသည်။

လူနှင့်မလိုက်အောင် ဓားစွမ်းထက်လှသဖြင့် လီဖိန်ကို မသိသူမျှ အထင်မသေးဝံ့ကြတော့ပါ။ ယခု တောင်ပင်လယ်ဓား ပမား လီဖိန်ရောက်လာခဲ့ပါပြီ။

လီဖိန်၏ ဓားသိုင်းပညာမှာ အလွန့်အလွန် လျှင်မြန်လှသဖြင့် ပြည်မ သိုင်းလောကသားများအဖို့ တောင်ပင်လယ်ဂိုဏ်းကို လုံးဝအထင်မသေးရဲတော့ချေ။ တောင်ပင်လယ်ဂိုဏ်း၌ ဤသို့သော ဓားသမားများ အဆက်မပြတ် ထွက်ပေါ်လာလျှင် ဓားသိုင်း၏ အသည်းနှလုံးဂိုဏ်းကြီးများသည် ပြည်မတောင်တန်းပေါ်၌ မတည်ရှိတော့ဘဲ ပင်လယ်ထဲသို့ ရောက်ရှိသွားမည်မှာ သေချာလှသည်။

ယခုအခါ ဓားသမားခြောက်ယောက်တို့သည် အဘိုးကြီး၏



စားသောက်ဆိုင်ထဲ၌ စုစည်းမိကြလေပြီ။

သူတို့သည် ဂိုဏ်းအသီးသီး၏ လက်ရွေးစင်များ ဖြစ်ကြ၏။ ဂိုဏ်းအသီးသီးရှိ ဂိုဏ်းချုပ်ကြီးများက အားထားသူများဖြစ်ကြ၏။ ဤသူများသည် လောင်းကစားမှုပြုရန်ဟူသော အကြောင်းပြချက်ဖြင့် စားသောက်ဆိုင်သို့ ရောက်လာခဲ့ကြပေပြီ။

အံ့ဖွယ်ရာလူခြောက်ယောက် လာရောက်စုစည်းပြီး မကြာမီ ထိုသူများထက် အံ့ဩဖွယ်ရာကောင်းသော သိုင်းသမားတစ်ယောက်သည် ထိုသူကား 'လိကျန်းကျန့်'ဟူ၍ ခေါ်သည့် အမျိုးသမီးငယ်တစ်ယောက်တည်း။

မိန်းမသားသိုင်းသမားဖြစ်၍ သူမ မည်သည့်ဂိုဏ်းကဖြစ်သည်ကို ယေဘုယျအားဖြင့်တော့ ခန့်မှန်းနိုင်ကြပေသည်။

ဝါမေဂိုဏ်း ....

ဝါမေဂိုဏ်းသည် မည်သည့်ယောကျ်ားသားကိုမျှ ဂိုဏ်းသားအဖြစ် လက်မခံပေ။ ဝါမေဂိုဏ်းသည် ဂိုဏ်းသူများဖြင့် စုစည်းဖွဲ့စည်းထားသော သိုင်းဂိုဏ်းဖြစ်သော်လည်း သီလရှင်များကဲ့သို့ စည်းကမ်းကြီးသော ဂိုဏ်းဖြစ်ပေသည်။ ထို့ကြောင့်လည်း ဝါမေဂိုဏ်းသည် နှစ်ပေါင်းများစွာ နိုင်မာတည်တံ့ခဲ့ခြင်းဖြစ်ပေသည်။

ဝါမေဂိုဏ်းသည်လည်း အခြားသောပြည်မသိုင်းဂိုဏ်းကြီးများကဲ့သို့ပင် ဝါမေတောင်တန်းအပေါ်တွင် အခြေစိုက်လေ၏။

ဝါမေတောင်တန်းသည်လည်း အခြားသောတောင်တန်းများကဲ့သို့ပင် မြင့်မားသော တောင်တန်းကြီးဖြစ်ပါသည်။ တောင်ခိုးဝေဝေ မြူခြည်ဆိုင်းဆိုင်း ဝိုးတဝါးဖြစ်နေသော ဝါမေတောင်တန်းကြီးမှာ လူသူမရောက်သယောင် ထင်မှတ်ရသော်လည်း တကယ့်ဖြစ်ရပ်တွင်

မိန်းမသားချည်းသာ စုစည်းထားသော သိုင်းဂိုဏ်းကြီးတစ်ခုသည် ထို တောင်ပေါ်တွင်ရှိနေခဲ့လေသည်။

ဝါမေတောင်တန်း၏ မြူနှင်းနှင့် တိမ်လိပ်များ ဝန်းရံနေသော အလှကို တရုတ်ပြည်မှ စာသမားကဗျာသမားများက အမျိုးမျိုး သိကုံး ရေးဖွဲ့ခဲ့ကြသည်။ ဝါမေတောင်ကို တိမ်ဓာပဝါခြုံထားသော နတ်သမီး ဟူ၍လည်းကောင်း၊ တိမ့်နန်းတော် နောက်ကွယ်၌ ပုန်းလျှိုးနေသော ကေရိဟူ၍လည်းကောင်း အမျိုးမျိုးရေးသားသီဖွဲ့ခဲ့ကြသည်။

တရုတ်ပြည်မှ စာပေသမားများ ရေးဖွဲ့မှုသည် လွန်စွာဆီ လျော်၏။ အမျိုးသမီးများချည်း စုစည်းထားသော ဝါမေဂိုဏ်းသည် လည်း ထိုမြင့်မားဝေသီသော တောင်ပေါ်၌ ထူးထူးခြားခြားတည်ရှိနိုင် ခဲ့သည် မဟုတ်ပါလား။

ဝါမေဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးမှာ 'မြောက်ရင်း' သီလရှင်ကြီး ဖြစ်၏။ သူတို့ဂိုဏ်းသည် အလွန်တရာစည်းကမ်းတင်းကျပ်သော ဂိုဏ်း ဖြစ်လေရာ သူတို့ဂိုဏ်း၌ ဂိုဏ်းချုပ်ကြီးဖြစ်လာသူမှာ ဖြစ်သင့်ဖြစ်ထိုက် သူသာ ဖြစ်ပေသည်။

✲

ဝါမေဂိုဏ်းရှိ ဂိုဏ်းသူများမှာ အားလုံးသီလရှင်များချည်း ဖြစ် ကြသည်။ ဝါမေဂိုဏ်းသို့ ဝင်လိုသူသည် သီလရှင်ဖြစ်ပြီးမှသာ ဂိုဏ်းသူ ဖြစ်ခွင့်ရသည်။

သို့ရာတွင် 'လီကျန်းကျန့်'ဟူသော မိန်းကလေးတစ်ယောက် မှာမူ အံ့ဩဖွယ်ရာ အခွင့်ထူးကို ရရှိခဲ့လေသည်။ သူမသည် ပိတုန်း ရောင် ဆံကေသာများကို ရိတ်ဖြတ်ပယ်ရှင်းရန်မလို၊ သီလရှင်ဘဝ ခံယူ ရန် မလိုသော သာမန်အရပ် သူ ချောမောလှပသော မိန်းကလေးတစ် ယောက်အဖြစ်ဖြင့် ဝါမေဂိုဏ်းသူ ဖြစ်ခွင့်ရခဲ့လေ၏။



ဤသို့သော ထူးခြားသည့် အခြေအနေများသည် တစ်ခါတစ် ရံ ခြွင်းချက်အနေဖြင့် ဖြစ်ပေါ်တတ်ပါသည်။ ရှောင်လင်ကျောင်းတော် သည် သက်တမ်းရှည်ကြာလှသည့် သိုင်းရှေ့ဆောင်ကျောင်းတော်ကြီး ဖြစ်၏။ စည်းကမ်းလည်း တင်းကျပ်သည်။ ဘုန်းကြီးမဝတ်ဘဲ ကျောင်း မှ စည်းကမ်းများကို မလိုက်နာနိုင်ဘဲနှင့် ရှောင်လင်ကျောင်းမှ သိုင်း ပညာများကို သင်ကြားခွင့်မရပါ။ သို့သော် တစ်ခါတစ်ရံ ဘုန်းကြီးမဝတ် သော အရပ်သားတစ်ဦးတလေသည် ခြွင်းချက်ဖြင့် ရှားရှားပါးပါး ပညာ သင်ခွင့်ရတတ်ခဲ့သည်။

လီကျန်းကျန့်မှာလည်း ထိုခြွင်းချက်သဘောဖြင့် ဝါမေဂိုဏ်း ၌ ပညာသင်ကြားခွင့်ရသူဖြစ်သည်။ သူမအား သိုင်းလောကသားများ က 'ယက္ခဒေဝီ'ဟု အမည်ပေးသမုတ်ထားကြလေ၏။

ယခုလက်ရှိ သိုင်းဂိုဏ်းကြီးခုနစ်ဂိုဏ်း၊ (ရှောင်လင်ကျောင်း တော်မပါ)ကို အုပ်ချုပ်နေကြသော ဂိုဏ်းချုပ်ကြီးများအနက် ဝါမေ ဂိုဏ်း၏ဂိုဏ်းချုပ်ကြီး 'မြောက်ရင်း' သီလရှင်ကြီးသာ အသက်အကြီး ဆုံး ဝါစဉ်အကြီးဆုံး ဂိုဏ်းချုပ်ကြီးဖြစ်၏။ သူ ဝါမေဂိုဏ်သို့ဝင်ပြီး သီလရှင်အဖြစ်ခံယူစဉ်က အသက်သုံးဆယ်တင်းတင်းပြည့်သည့်အချိန် နှင့် အချိန်ကိုက်ပင်။ ထိုစဉ်က သူမသည် အသက်အရွယ်အတော် အတန် ရနေပြီဖြစ်သော်လည်း သိုင်းပညာနှင့်ပတ်သက်၍ ထူးထူးခြား ခြား ထင်ပေါ်ကျော်ကြားခြင်း လုံးဝမရှိသေးပေ။

သူမ မည်သည့်ဘဝမှလာသည်။ မည်သည့်အတန်းအစားမှ လာသည်။ သူမ၏မိဘ၊ ဆွေမျိုးအသိုင်းအဝိုင်း စသည်တို့ကို မည်သူမျှ မသိရှိကြပေ။ သူမသည် ဝါမေဂိုဏ်းထဲတွင် စံနမူနာပြလောက်သည့် စည်းကမ်းရှိသေသူ ကျောင်းသူဖြစ်ခဲ့၏။ သိုင်းပညာလေ့ကျင့်ရာတွင်

လည်း သူမကို မည်သူမျှ မမီချေ။ သူမ အသက်သုံးဆယ့်ခြောက်နှစ်အရောက်တွင် ဝါမေဂိုဏ်းချုပ်ကြီးအဖြစ် ဟင်မြောက်ခံခဲ့ရ၏။

သာမန်ဂိုဏ်းသူတစ်ယောက်၏ နောက်ကြောင်းသမိုင်းကိုယ်ရေးရာဇဝင်မှာ အကြောင်းမဟုတ်သော်လည်း ဂိုဏ်းချုပ်ကြီးတစ်ဦး၏ ကိုယ်ရေးရာဇဝင်မှာမူ အကြောင်းဟုတ်လာသည်။

သိုင်းလောကသားတို့သည်မြောက်ရင်းသီလရှင်ကြီး၏နောက်ကြောင်းသမိုင်းကိုအမျိုးမျိုး ကောလာဟလ ပြောကြတော့သည်။ သိုင်းလောကသည် သကင်းထူး သတင်းဆန်းများနှင့် ကောလာဟလသတင်းများ မကြာခဏထွက်ပေါ်တတ်ပြီး မကြာခဏပင် ပြီးပြီးပျောက်ပျောက် ပျောက်ကွယ်သွားတော့သည်။

မြောက်ရင်းသီလရှင်ကြီး၏ ထူးခြားချက်တစ်ခုအား ဝါမေဂိုဏ်းတွင် လွန်စွာကျော်ကြား ထင်ရှားခဲ့၏။ သီလရှင်ကြီးသည် တစ်ကြိမ်တစ်ခါမျှ မပြုံးမရယ်ခြင်းပေတည်း။ သီလရှင်ကြီးသည် ထမင်းတစ်နပ်နှင့် ရေတစ်မှုတ်သာ အသက်ထက်ဆုံး စားသောက်ခဲ့ပေရာ ယခင်က ဆူဖြိုးနေသော သူမ၏ခန္ဓာကိုယ်သည် လုံး ပိန်ချုံးသွားလေတော့၏။ သို့သော် သီလရှင်ကြီး၏ ကြံ့ခိုင်မာကြောသော စိတ်ဓာတ်ကို သွားရောက် အကဲမစမ်းပါလေနှင့်။

သူ့လက်အောက်တွင် တပည့်အားလုံး စည်းကမ်းသေဝပ်ကြသည်။ မည်သူမျှလည်း စည်းကမ်းမဖောက်ခဲ့ကြပေ။ စံနမူနာကောင်းသော ဆရာသမားနောက်သို့ တပည့်များကလည်း ဖြောင့်ဖြောင့်မတ်မတ် လိုက်ခဲ့ကြပေသည်။ ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားသော် နောက်နွားတစ်သိုက် ဖြောင့်ဖြောင့်လိုက်သည်ဟူသော စကားအတိုင်းပင်တည်း။



ယောကျ်ားများဦးဆောင်သော သိုင်းဂိုဏ်းကြီးများသည် အများစုအဖြစ် တည်ရှိနေကြသော်လည်း ထိုဂိုဏ်းချုပ်ကြီးများက အတုယူရန် လက်ညှိုးညွှန်ပြခံရသည့်ဂိုဏ်းမှာမူ ဝါမေဂိုဏ်းသား ဖြစ်ပေသည်။

ဝါမေဂိုဏ်းချုပ်ကြီးနှင့် သူ့တပည့်များသည် နေနှင့်လရွှေနှင့်မြသို့ လွန်စွာ လိုက်ဘက်တင့်တယ်ပေ၏။

ထိုအထဲမှ လီကျန်းကျန်သည် လွန်စွာကံထူးသူတစ်ယောက်ဖြစ်လေ၏။ သူမသည် ဝါမေဂိုဏ်းထဲ၌ သီလရှင်အဖြစ် ခံယူခြင်းမပြုရသည့်အပြင် အခြားသော အခွင့်အရေးများလည်း ရရှိပေသည်။ ထိုအခွင့်အရေးမှာ သူမ ကြိုက်သလို နေထိုင်သွားလာ စားသောက်ခွင့်ရရှိခြင်းပေတည်း။ သူမသည် အစားအသောက်ကို စိတ်ကြိုက်စားသောက်ခွင့်ရသော်လည်း အလှအပမ်တ်ကြိုက်ခြယ်မှုန်းခွင့်ရရှိသော်လည်း သူမသည် တစ်ကြိမ်တစ်ခါမျှ အမှားကျူးလွန်ခြင်း မရှိခဲ့ပေ။ ဝါမေဂိုဏ်းသည် သူမ တစ်ယောက်တည်းအား လွတ်လပ်ခွင့် ပေးထားသော်လည်း သူမသည် ထိုအခွင့်အရေးကို အလွဲသုံးစား မလုပ်ချေ။ စည်းကမ်းတကျနေသည်။ စည်းကမ်းတကျစားသည်။ သွားသည်။ ဝါမေဂိုဏ်းချုပ်ကြီးသည် သူမကြောင့် တစ်ကြိမ်တစ်ခါမျှ စိတ်အနှောင့်အယှက်မဖြစ်ဘူးချေ။

သိုင်းလောကကို အစဉ်သဖြင့် ယောကျ်ားများကသာ ဦးစီးချုပ်ကိုင်ခဲ့ကြသည်။ ဤသည်မှာလည်း အကြောင်းမဲ့ဖြစ်လာခြင်းတော့မဟုတ်ပေ။ ယောကျ်ားများသည် မိန်းမများထက် ခွန်အားဗလကြီးမားသည်။ မိန်းမများထက် ပို၍ရက်စက်ကြမ်းကြုတ်သည် မဟုတ်ပါလော။

သို့သော် မြောက်ရင်း သီလရှင်ကြီးကဲ့သို့သော မိန်းမမျိုးနှင့်

လီကျွန်းကျွန်ကဲ့သို့သော မိန်းမမျိုးကိုတော့ ခြွင်းချက်ထားရပါမည်။ အဘယ်ကြောင့်ဆိုသော် ထိုမိန်းမများသည် ယောက်ျားသားများနှင့် ရင်ဘောင်တန်း ယှဉ်ပြိုင်နိုင်သော မိန်းမများ ဖြစ်နေသောကြောင့်တည်း။

လီကျွန်းကျွန်သည် သိုင်းလောက၌ လှည့်လည်သွားလာရင်း ဝါမေဂိုဏ်း၏ ဂုဏ်သိန်သရေကို မြှင့်တင်ပေးနိုင်ခဲ့ပါသည်။ သူမ၏ သိုင်းပညာစွမ်းပကားကို သိုင်းလောကသားများစွာကပင် အသိအမှတ် ပြုခဲ့ကြရပါသည်။ လီကျွန်းကျွန်သည်လည်း ဝါမေဂိုဏ်းသားများထဲတွင် နံပါတ်တစ် သိုင်းပညာရှင် ဖြစ်ပါ၏။

ယခုအခါ ထူးခြားလှပသော လီကျွန်းကျွန် ခေါက်လား ဖြင့် ဂိုဏ်းကြီးခုနစ်ဂိုဏ်းမှ ထိပ်သီးသိုင်းသမားခုနစ်ယောက် စုံလင်သွားခဲ့ရလေပြီ။ သူတို့သည် မည်သို့သော လောင်းကစားနည်းမျိုးကို ကစားကြလေမည်နည်း။

စာစဥ် (၆) ပြီး၏။

စာစဥ် (၇) ကို ဆက်လက်ဖတ်ရှုပါရန်။

**တက္ကသိုလ်နေလင်းအောင်**